www.burmeseclassic.com

# ချစ်စရာ

# စင်တင်ဟာသပြဇာတ်များ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၃၄၂/ ၂၀၀၄ (၄)
မျက်နှာဖုံးခွင့်ပြုအမှတ် – ၅၂၁/ ၂၀၀၄ (၅)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ ဩဂုတ်လ
စောင်ရေ – ၁၀၀၀
မျက်နှာဖုံးပန်းချီ
ကံချွန်
ကွန်ပျူတာစာစီ
ဘဲကလေး
စာအုပ်ချုပ်
ကိုမြင့်
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ရာပြည့်ပုံနှိပ်တိုက် (၀၅၉၀၁)
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ
ဦးမြင့်အောင်
ယနေ့မန္တလေးစာအုပ်တိုက် (၀၃၇၆၁)
အမှတ် ๔/၈၊ ၅၇ မြို့သစ်၊ ၄ ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
တန်ဖိုး ၉၀၀ ကျပ်

www.burmeseclassic.com

# ရွှေမျက်နှာလုံးနဲ့

# ပြုံးတဲ့သခင်

ချစ်စရာ

လူဟာ . . .

ကိုယ်စွမ်းဉာဏ် အားမထုတ်ချင်တဲ့အခါ
ဖြတ်လမ်းလိုက်ပြီး ငွေလွယ်လွယ်လိုချင်တဲ့အခါ
မမြင်ရတဲ့ တန်ခိုးရှင်တွေကို
နားပူတိုက်လေ့ရှိတယ် . .

အဲဒီ အခါ

မထင်မှတ်တဲ့ကသိကအောက်ဖြစ်ရပ်တွေပေါ်လာရော
အဲသလိုဖြစ်ရပ်တွေထဲက သရော်စရာတစ်ခု
အဖြစ် တင်ပြလိုက်ရပါတယ် . . .

ချစ်စရာ

# ရွှေမျက်နှာလုံးနဲ့ပြုံးတဲ့သခင်

ပါဝင်သောဇာတ်ကောင်များ

ကိုဖိုးကျန်
မသိန်းတန်
ချစ်စိန်
စံကွန့်
မိုင်းရှူး
အဘိုးကြီးတစ်ယောက် နှင့်
လူငယ်တစ်ယောက်

တိုက်အတွင်းခန်း ကန်တော့ပွဲများ
ကားဖွင့်လျှင် နတ်ဆိုင်းတီးပေးပါ

(ဦးဖိုးကျန် လက်ဖက်ပန်းကန်ကိုမြှောက်ရင်း)

ကိုဖိုးကျန် ရွှေမျက်လုံးနဲ့ပြုံးတဲ့သခင် မြမျက်လုံးနဲ့ ပြုံးတဲ့သခင် အမေလေး မွေးသမိခင်ကျေးဇူးရှင်ပါဘုရား . . . လက်ဖက်ဦးနဲ့ဖူးလို့လက်ဖက်ပွဲနဲ့နွှဲပါတယ်ဘုရား အတွင်း (၃၇) မင်း၊ ခေါက်ထီးဆောင်း (၃၇) မင်း . . . ဟ ဟ ငှဲညစ္စာ နတ်တွေများကုန်ဘီ . . . ရှိတာမှ (၁၀၁) ပါးရယ် ငှါဟာက (၁၄၈) ပါးရှိနေဘီ . . . အို နတ်တွေများတော့နားပူများများတိုက်ရတာ ပေါ့၏၏၏သားကြီးကိုမ,စတော်မူပါ၊ စောင့်ရှောက်တော်မူပါဘုရား၏၏၏ ကြံသွားတဲ့ပွဲငှားတွေကို အမြန်ဆုံးကုတ်ဆွဲလို့ အိမ်ထဲ ရောက်အောင် ခေါ်တော်မူပါဘုရား . . .

(ရွတ်နေစဉ် ဇာတ်ဆရာကတော် ဒေါ်သိန်းတန် ဝင်လာမည်၊တစ်ဖက်မှပန်းကန်ကိုကောက်၍ မြှောက်ရင်း )

မသိန်းတန် ခေါ်ပေးပါဘုရား . . . ခေါ်ပါ့ဘုရား . . . ရုံးပြည်နယ်က ပွဲငှားတွေက ကိုးမြို့ရှင် အဖေကြီးတာဝန်ယူပါ ဘုရာ့ . . . ဂန့်ဂေါပုလဲ ယောနယ်ထဲကပွဲငှားတွေကို အမေရေယဉ် ယခုပင် ခေါ်ပေးတော်မူပါ . . .

မြေလတ်တခွင် ပြပြစင် မြင်းဖြူရှင် အဖေကြီး တာဝန်ပါဘုရား[ခဏရပ်၍စဉ်းစားဟန်နှင့်] ဘယ်နှယ်ကျန်နေပါလိမ့် အဲ . . . အဲ . . . ရေစကြို ပခန်းတလွှား၏၏၏ ပွဲငှားမှန်သမျှ အဖေကျော်က ခေါ်တော်မူပါ၊ လက်ဖက်တစ်ပွဲနဲ့ ပူဆာရတာ အားနာလှပါတယ်ဘုရား . . . ပွဲမငှားတဲ့ ပွဲငှား တွေကို အရှင်နှစ်ပါး စီးတော်ကျားနဲ့တိုက်တော် မူပါ . . . ပွဲရက်မေးရုံမေးပြီး ပြန်ပြေးတဲ့ ပွဲငှားကို အဖေကြီး မြင်း,ခွါနဲ့ နင်းတော်မူပါ . . . ဆိုင်းဘုတ် မော့ကြည့်ပြန်သွားသည့် ပွဲငှားကို အမေဂျမ်း နာနာကပ်တော်မူပါ . . .

(ဖိုးကျန် မျက်လုံးပြူး၍ လန့်သွားဟန်ပြုရင်း)

ကိုဖိုးကျန် ဘယ်ဉစ္စာတုန်းကွ . . .

မသိန်းတန် ခုံဖိနပ်တော်ရှေ့ . . . အမေဂျမ်းခုံဖိနပ် . . . ပွဲငှားပြီး မှစရန်အဆုံးခံတဲ့ပွဲငှားကိုတလိုင်းအဖေကြီး ဆင်မင်း နဲ့ ပြားနေအောင် နင်းပေးတော်မူပါဘုရား . . .

(ကြက်သီးထ)

ကိုဖိုးကျန် ဘုရား . . . ဘုရား၊ မင်းဉစ္စာ နတ်တွေကိုပင့်ပြီး လူမိုက်ငှားနေတာပါလား မသိန်းတန် . . .

(မသိန်းတန် ခါးထောက်ရပ်လိုက်ပြီး)

မသိန်းတန် ဒီမယ် ကိုဖိုးကျန် . . . တော် ဒီလုပ်ငန်းမှာ ကျုပ်

လောက်မကျွမ်းကျင်ပါဘူး . . . နတ်ကြီးများဟာ တစ်ခါ ပူဇော်ပြီး ဆယ်ခါလောက်ပူဆာနိုင်မှ တစ်ခါလောက် စောင့်ရှောက်တတ်တာတော့ . . . ပူဇော်တတ်သလို ပူဆာတတ်ရတာ သိရဲ့လား . . .

ကိုဖိုးကျန် အံမယ် . . . နတ်ကြောကို သိနေတာပါလား . . . မင့်သဘောပါဗျာ . . . မမြင်ရတဲ့လူချင်းအတူတူ အတွေ့အကြုံနဲ့ ဗိုလ်ကျခံရတာနာသကွာ . . .

မသိန်းတန် ဘာပြောပြော အခိက,က ကျဆင်းနေတဲ့ ကျုပ်တို့ စီးပွားရေး အညွန့်လူလာဖို့မဟုတ်လား . . . ကိုဖိုးကျန်. . . ကိုယ့်ဇာတ်အဖွဲ့နာမည်ပြန်ရလာဖို့ လိုတယ် . . .

ကိုဖိုးကျန် အင်း . . . ငါလည်း အဲဒါကိုစဉ်းစားလို့မရတာဘဲ . . . ငါ့မိန်းမရေ . . .

(စကားပြောအပြီး ခေါင်းကိုကုပ်လိုက်)

မသိန်းတန် ဘာများစဉ်းစားမရတာလဲတော့ . . .

ကိုဖိုးကျန် ပစ္စည်းမတိုးခဲ့၊ လုပ်ငန်းလည်းကောင်းအောင် မကြိုးစား၊ဇာတ်သမားခပ်ညံ့ညံ့တွေနဲ့ဖွဲ့စည်းထား တဲ့ ငါတို့ဇာတ်ဟာ တီးလုံးမတိုက်ဘဲ ပွဲကတဲ့အချိန် လူတွေမကြိုက်ကြတာ ဘာများချို့ယွင်းနေသလဲ ဆိုတာပေါ့ကွာ . . .

မသိန်းတန် ငွေကုန်ခံဖို့မလိုပါဘူးတော် . . . မြန်မာပြည် အကျယ် ကြီး

. . . တစ်နေရာမကြိုက် တစ်နေရာကြိုက် လိမ့်မယ်၊ သူ့ချည်းစားမရတဲ့ ငရုတ်သီးတောင် ဈေးကောင်းရနေသေးတာ . . . ဒီမယ်ကိုဖိုးကျန်. . .နတ်နာလို့မှ ဂြိုဟ်မတာတော့ . . . ကျွန်မရဲ့ နတ်ဆရာ အမေစိန်က တနင်္လာနေ့မနက်မှာ တနင်္လာသားက တနင်္လာနံအထုပ်နဲ့အထည်နဲ့ စွန့်သွားလိမ့်မယ်လို့ ဟောထားတာသိရဲ့လား . . .

ကိုဖိုးကျန် ဟာ ဒီနေ့ တနင်္လာနေ့ပဲ . . . အခုမနက်ပဲကွာ. . . ကိုင်းဘယ်မှာလဲ တနင်္လာသား . . .

(ခုံဖိနပ်တစ်ရံကိုင်၍)

မသိန်းတန် အမေဂျမ်း အမေကြီး . . . တနင်္လာနေ့မနက် ရောက်နေပါပြီဘုရား . . . တနင်္လာနံ ငွေကို အထုပ်လိုက် စွန့်သွားမဲ့တနင်္လာသားကိုဆွဲခေါ်ပေးတော်မူပါ အမေကြီး . . .

(ခုံဖိနပ်နှစ်ဖက်ကို တခွပ်ခွပ်ရိုက်နေစဉ် လွယ်အိတ်နှင့်လူဝင်လာ)

ကိုချစ်စိန်

အရေးပေါ်လာလို့ပါခင်ဗျာ. . . အရေးပေါ်ပါခင်ဗျ. . . (ဦးဖိုးကျန်အံ့သြစွာကြည့်၊ ဒေါ်သိန်းတန် ကြွားဝင့်စွာနှင့်)

မသိန်းတန် ရှင့်နာမည်က . . .

ကိုချစ်စိန် မောင်ချစ်စိန်ပါခင်ဗျ . . .

မသိန်းတန် ချစ်စိန်ဆိုတော့ တနင်္လာသားပေါ့ . . .

ကိုချစ်စိန် ဟုတ်လိုက်လေခင်ဗျာ . . . တနင်္လာမှ နေတက်မွေးပါခင်ဗျ . . . အရေးပေါ်လာလို့ . . .

မသိန်းတန် အရေးပေါ်ဆိုတော့ ကပ်ပွဲနဲ့တူတယ် . . . ရှင့်ဇာတ်သမားတွေ ခေါ်လို့လွယ်ရဲ့လား . . .

(တီးတိုးပြောနေကြမည်)

ကိုဖိုးကျွန် ဟာ ပြဇာတ်မင်းသားက ဆိုက္ကားနင်းနေတဲ့ ဥစ္စာ၊ သူ့ကိုတ်ကို ခေါ်ရင်ရတာပေါ့ဟ . . . ဟဲ ဟဲ ဟဲ ကိုင်း လာရင်း ကိစ္စတော့ ဖြည်းဖြည်းမှပြောကြတာပေါ့ . . . ဟဲ့ မိနီရေ လက်ဖက်ရည်နဲ့ စီးကရက်ယူလာခဲ့ ပါဟေ့ . . .

ကိုချစ်စိန် အရေးပေါ်ဆိုတော့ ကျွန်တော့် ကိစ္စလေး အရင် တင်ပြပါရစေခင်ဗျာ . . .

မသိန်းတန် ဖြည်းဖြည်းပေါ့ တနင်္လာသား ကိုချစ်စိန်ရဲ့ ဟဲ ဟဲ ဟဲ သုံးဆောင်ပါဦး ဟဲ ဟဲ ဟဲ . . .

(လက်ဖက်ရည်နှင့် မုန့်များချပေး)

ကိုချစ်စိန် သိပ်ကိုအရေးကြီးနေလို့ပါ ခင်ဗျာ . . .

ကိုဖိုးကျန် မြန်မာပြည် ဖိုးကျန်တည်ထောင်သော ချင်း မင်းသားလေး လရှီးဖိုင်ဇာတ်ပွဲ၊ ပြဇာတ်တာဝန်ခံ ကချင်မြေ လဗျာဂန်ဗျာ နောက်ပိုင်းမင်းသမီးက ပဒိုမ ခင်ကြည်၊ ဘာလိုသေးလဲ ဟဲ ဟဲ ဟဲ . . . ဖြည်းဖြည်းပေါ့ . . . အခုလို စွတ်ကနဲ မြတ်မြတ်နိုးနိုး ဝင်လာတာကို ကျေးဇူးတင်လှပါပြီ ဟဲ ဟဲ ဟဲ တနလ်ာသား ကိုချစ်စိန်ရဲ့ ဟဲ ဟဲ ဟဲ . . .

(ချစ်စိန်စားသောက်ပြီးလျှင်)

ကိုချစ်စိန် စကားမစပ်ခင်ဗျာ . . . ကျွန်တော် . . . ကန်တော့ ကန်တော့ . . . ဝိတ်ကလေးများလျှော့ချင်လို့ . . .

မသိန်းတန် ဟောဒီအတိုင်းတည့်တည့်သွားပါရှင် . . . သော့ ခတ်မထားပါဘူး ဟဲ ဟဲ ဟဲ . . .

(ချစ်စိန်ဝင်သွား)

ကိုဖိုးကျန် နှစ်ညဆိုတော့ နှစ်သိန်းခွဲတောင်းမယ်ကွာ . . . အဖွဲ့ ကို ရှင်းရမှာက တစ်သောင်းနှစ်ထောင်ဆိုတော့ . . .

မသိန်းတန် ဘာ တစ်သောင်းနှစ်ထောင်တုန်း၊ ရှစ်ထောင် ရှင့်၊ ဟိုယိမ်းသမနဲ့ ဆိုင်းဆရာနဲ့ကိစ္စက လျော်ကြေး နှုတ်ရမှာလေ . . .

ကိုဖိုးကျန် အင်း . . . အင်း . . . ထားပါတော့ကွာ . . . အဲအဲ ထားပါတော့ . . . ဘာပဲဖြစ်ဖြစ် . . . ချစ်စိန်ရဲ့ပွဲကို နင့် နေအောင်တောင်းရမယ် . . . နင့်နတ်ဆရာက အထုပ်အထည်နဲ့ ပေးမယ်ပြောတယ်မို့လား . . .

မသိန်းတန် ဟီး ဟီး ဟီး . . . တော့်ထက်တောင် ကျုပ်က လာဘ်မြင်သေး . . . ရှူး (တိုးတိုးပြောရန်ပြ) ဟော ကိုချစ်စိန် ဟဲ ဟဲ ဟဲ . . .

(ကိုချစ်စိန် ပြုံးရွှင်စွာဝင်လာမည်)

ကိုချစ်စိန် အခုမှပဲ ပေ့ါသွားတော့တယ်ခင်ဗျာ ဟဲ ဟဲ . . .

ကိုဖိုးကျန် အင်းပေ့ါလေ . . . ရပ်မှုရွာမှုဆိုတာ ဒီလိုပါဘဲ . . .

မသိန်းတန် အလေးထားပြီး အားကိုးတတ်ကြတာ ထုံးစံပါပဲ လေ . . . တာဝန်တစ်ခုအောင်မြင်ပြီဆိုတော့ ပေ့ါပါး သွားတာပေ့ါရှင် ဟဲ ဟဲ ဟဲ . . .

ကိုချစ်စိန် ကိုင်း သွားဦးမယ်ခင်ဗျ . . .

(ပြိုင်တူ)

ကိုဖိုးကျန် ခင်ဗျာ . . .

မသိန်းတန် ရှင် . . .

ကိုချစ်စိန် သွားရင်းလာရင်း ဗိုက်နာလာလို့ခင်ဗျ . . . ဝမ်းသွား ချင်တာ ဘယ်အိမ်မှ ပြောလို့မရဘူး . . . အကိုကြီးနဲ့

အမကြီးတို့ကျမှ လိုလိုလားလား ဝမ်းမြောက် ဝမ်းသာနဲ့ ညှော်ခံကျွေးမွေးပြီး အိမ်သာတက်ခွင့် ပြုတာ ကျေးဇူးတင်လို့မဆုံးပါဘူးခင်ဗျာ . . . အခုလို ကျွန်တော့်အရေးပေါ်ကိစ္စကို ကူညီတာ ဝမ်းသာ ပါတယ် ဟဲ ဟဲ ဟဲ သွားဦးမယ်နော် . . .

(ချစ်စိန်ဝင်သွားမည်)

လင်မယားနှစ်ယောက်ငေးကြည့်နေရင်း

ကိုဖိုးကျန် မှန်လိုက်တဲ့နတ်ကွာ . . . တနင်္လာနေ့ တနင်္လာ သားက တနင်္လာနံ့စွန့်သွားမယ်ဆိုတာ . . . အခုတော့ ချစ်စိန် ချီးဝင်ယိုသွားပါပေါ့လား . . .

မသိန်းတန် အကောင်းလာဖို့ အဆိုးရှေ့ကခံဆိုသလိုပေါ့ စောင့် ကြည့်ပါဦး . . .

ကိုဖိုးကျန် ဒီတခါ ဗုဒ္ဓဟူးသားက ဗုဒ္ဓဟူးနံများ ထုတ်ပေး ဦးမှာလားကွာ . . .

လူရွှင်တော်စံကွန့်ပြေးဝင်လာ

စံကွန့် ဇာတ်ဆရာ

မသိန်းတန် ဟဲ့ စံကွန့် . . . ဘာတုန်း ပိုက်ဆံတော့ မတောင်း နဲ့ မရှိဘူး . . .

စံကွန့် တောင်းမလို့မဟုတ်ဘူး . . . ပွဲသွား . . . ပွဲသွား . . . ဟိုဘက်ကွမ်းယာဆိုင်ကနေ ကျုပ်တို့ပိုစတာကို လှမ်းကြည့်နေတာ . . . နယ်ကနဲ့တူပါရဲ့ . . . အဲညါ . . . မိုင်းရှူးကို သွားခေါ်ခိုင်းထားတယ် . . .

မသိန်းတန် (ခုံဖိနပ်ကိုထပ်၍တီး) အမေကြီး နင်းထား . . . နင်းထားနော် . . .

စံကွန့် ဟာ ဆရာကတော်ကလည်းဗျာ . . . ခြေမှုန်တွေ ဝင်တယ်ဗျ . . . ဟိုမှာ လာနေကြပြီ . . . ကြွပါခင်ဗျ . . .

(မိုင်းရှူးနှင့် အဖိုးကြီး ဝင်လာ၊ အဖိုးကြီး လွယ်အိတ်လွယ်လျက်)

ကိုဖိုးကျန် ထိုင်ပါခင်ဗျ . . . ဟဲ ဟဲ ဟဲ . . . ပွဲက ဘယ်နေ့ပါလိမ့် . . .

အဘိုးကြီး အရေးပေါ်ပါ . . .

ကိုဖိုးကျန် (မျက်နှာရှုံ့မဲ့သွား) အရေးပေါ်ဆိုပါလား . . . ဘုရား ဘုရား . . . ဟုတ်ကဲ့ . . . ဟဲ ဟဲ . . . ဝမ်းနှုတ်ဆေးတွေတော့ စားမလာပါဘူးနော် . . . ဟဲ ဟဲ ဟဲ ဉပဓိရုပ်ကတော့ ဂေါပကရုပ်ပဲ . . . ဘုရားထီးတင်ပွဲနဲ့ တူတယ်ခင်ဗျ . . .

အဘိုးကြီး မင်္ဂလာဆောင်အောင်ပွဲ က,ရမှာ . . .

မသိန်းတန် မင်္ဂလာရှိလိုက်တာရှင် . . . အင်း . . . မိဘဝတ္တရား ဆိုတော့လည်း . . . ဆောင်ရွက်ပေးကြရတာပေါ့ . . . သတို့သားလေးက ဘယ်အရွယ်ပါလိမ့် . . . ထိုင်ရင်း ပြောပါ့ . .

(ဆက်တီခုံမှာ ဝင်ထိုင်)

အဘိုးကြီး သတို့သားက ကျုပ်ပဲ . . .

(စံကွန့်နှင့်မိုးရှုး နောက်နားရပ်နေရာမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်)

ကိုဖိုးကျန် ခင်ဗျာ . . . အော် . . . ဟဲ ဟဲ ဟဲ . . . လူပျိုကြီး ဘဝကနေ ကံထလာတယ် ဆိုရမှာပဲနော် . . .

အဘိုးကြီး ကျုပ်က မုဆိုးဖိုပါ . . .

စံကွန့် ပြောလေ လွဲလေဖြစ်နေပြီ ဇာတ်ဆရာရေ . . . လိုရင်းသာ ရောက်အောင်လုပ်ဗျ . . .

(စံကွန့် ကိုဖိုးကျန်နားကပ်ပြော)

မသိန်းတန် မုဆိုးဖိုဆိုတော့ အဟီး ဟီးဟီး . . . အပျိုကြီးကို အမိဖမ်းလိုက်ပုံရတယ် . . .

အဘိုးကြီး ကျုပ်အရင် လင်သုံးယောက်ကွာပြီးသား . . .

ကိုဖိုးကျန် ဪ ငယ်ချစ်ဦးတွေဖြစ်ရမယ် . . . ဖူးစာဆိုတော့ အဆန်းသား . . . ရေစက် . . . ရေစက် . . .

အဘိုးကြီး အရင်လ မြစ်ကြီးနားသွားတုန်းက စာပို့ရထား ပေါ်တွေ့လာခဲ့တာ၊ဘာငယ်ချစ်မှမဟုတ်ဖူး . . . ကိုင်း ပွဲကြေးမဆစ်ဖူး . . . ကောင်းအောင်သာက . . .

ကိုဖိုးကျန် ဟော့ကောင်တွေ ရော့ . . . မုန့်ဖိုး . . . တစ်ထောင် စီယူကြ . . . ဟဲ ဟဲ . . . ကျွန်တော်က အလုပ်သမား လေးတွေဆို အဲလို ချစ်တာခင်ဗျ . . .

(လူရွှင်တော်နှစ်ယောက်ဝင်သွားမည်)

အဘိုးကြီး ဇော်ဝင်းထွဋ်များများ ဆိုပေးပါ . . . သဲနုဆီးစပ် ဟာ . . .

စံကွန့် သဲနုဆည်းဆာပါ ဘကြီးရာ . . .

ကိုဖိုးကျန် ဟဲ ဟဲ ဟဲ စာချုပ်ကလေး ဟဲ ဟဲ . . .

အဘိုးကြီး စတိတ်ရှိုးမှာ ကပွဲပါရမယ်နော် . . . ဟောညီလိုတွဲ ပြီး ကတာတွေ (မသိန်းတန်ကို လက်ဆွဲ၍) တုံ တတုံတုံ တုံတတုံတုံ တတုံတတုံတုံ (လှည့်ပတ်က)

(ကိုဖိုးကျန် ထဆွဲရင်း)

ကိုဖိုးကျန် ပါရပါစေမယ်ခင်ဗျ . . . စာချုပ်ကလေးသာ ဟဲ ဟဲ . . .

အဘိုးကြီး ပြဇာတ်ထဲမှာ သရုပ်ပီကြပစေ . . . ဥပမာ ဟော သလို . . . ဟောသလို (ဒေါ်သိန်းတန်ကို ဖက်လိုက်

ပွဲလိုက် ရင်ခွင်ထဲထည့်လိုက်လုပ်) ဖက်ရမယ်နော် . . .

ကိုဖိုးကျန် ကျွန်တော်တောင် ဦးလေးလောက်မဖက်ပါဘူး ခင်ဗျာ . . . ဖက်ပြီးရင်လည်း စာချုပ် . . .

အဘိုးကြီး စာချုပ် . . . ဘာလုပ်ရမှာလဲ . . . ငါ့အုပ်လိုက်ရ . . .

ကိုဖိုးကျန် စ . . . စ . . . စရန်ပေးဖို့ . . .

အဘိုးကြီး စရန်ပေး . . . စံအေး . . . ကန်နဘေး . . . လှန်ပြေး . . . အမြန်ကွေး . . .

မသိန်းတန် ကိုဖိုးကျန် . . . ဘာတွေဖြစ်ကုန်တာလဲ . . . (ဖိနပ် ကိုင်) အမေဂျမ်း . . . အမေဂျမ်း . . .

အဘိုးကြီး အမေဂျမ်းဆိုတော့ . . . အဖေနမ်းကွ . . .

(လိုက်၍ဆွဲ မသိန်းတန်ပတ်၍ပြေး)

ကိုဖိုးကျန် လာကြပါဦးဗျို့ . . . အရပ်ကတို့ရဲ့ . . .

(ထိုစဉ် လူငယ်တစ်ဦးဝင်လာပြီး အဘိုးကြီးကို ဆွဲရင်း . . .)

လူငယ် ဘကြီး . . . ဘကြီး . . . ရှာလိုက်ရတာဗျာ . . . ဆူညံဆူညံကြားလို့သာတွေ့ရတယ် . . . ခင်ဗျားတို့ ကျုပ်ဘကြီးကို ဘာဝိုင်းလုပ်နေကြတာလဲ . . .

ကိုဖိုးကျန် မင်္ဂလာဆောင် အောင်ပွဲဌားနေလို့ပါ . . . ကိုင်း စာချုပ် . . .

လူငယ် ဟာ . . . ကျုပ်ဘကြီးက ရှူးနေတာဗျ . . .

နှစ်ဦးလုံး ဗျာ . . . ရှူး . . . နေတာ . . .

လူငယ် မြို့ကိုလာဆေးကုရင်း . . . ကွမ်းယာဝယ်နေတုန်း ပျောက်သွားလို့ လိုက်ရှာတာ . . . လာ ဘကြီး ဟိုမှာ ဆရာတော်စောင့်နေပြီ . . .

အဘိုးကြီး သတို့သမီး နန္ဒာလှိုင် အဖိုးကြီး အပြန်၂ခါကိုင် သူခိုးကြီးအကြံဖှာပိုင် . . . လူမင်းနဲ့ခွေး . . . အလှူ ထမင်းထည့်ကျွေး . . . မဂွက်ထော်ဘက်အော် . . .

(လူငယ်ဆွဲ၍ခေါ်သွား)

(လင်မယားနှစ်ယောက် စိတ်ကုန်လက်ကုန်ထိုင်နေ ဦးဖိုးကျန် မျက်လုံးများလယ်၍ရှူးစပြုလာဟန်)

မသိန်းတန် ကြားထဲက လူပြက်နှစ်ကောင် တစ်ထောင်စီပါ သွားပြီ . . . ပွဲဌား . . . ပွဲဌား . . .

ကိုဖိုးကျန် ပွဲဌား . . . ဝဲစား . . . အသဲကြား . . . မဲတပြား . . .

မသိန်းတန် တော်က ဘာဖြစ်ရတာတုန်း . . . ရောဂါကူးသွား တာလား . . . ဘာဖြစ်ရတာတုန်း . . .

ကိုဖိုးကျွန် — ဘာဖြစ်ရတာတုန်း . . . ရွာသစ်က မအုန်း . . . ငါချစ်ရတာ မမုန်း . . .

မသိန်းတန် — ဟင် . . . ကိုဖိုးကျွန် . . . သတိထားဦးလေ . . . ကိုဖိုးကျွန်

ကိုဖိုးကျွန် — ဖိုးကျွန် အမျိုးမှန် . . . တန်ခိုးလျှံ . . . အိုး ပုဂံ . . . ထိုးရန် . . .

မသိန်းတန် — (ခုံဖိနပ်တီးရင်း) အမေကြီး အမေကြီး ထိန်းပေးတော်မူပါအမေကြီး . . .

ကိုဖိုးကျွန် — အမေကြီး . . . အသေတီးမယ် . . . အသေတီးမယ် . . . ဟေ့ . . . အရှည်ကြီးကွ . . . အမေကြီးကို အသေတီးမယ် . . .

(ကိုးဖိုးကျွန်လိုက်၍ဆွဲ မသိန်းတန် ပတ်၍ပြေးရင်း မှောက်ရက်လဲ၊ ဦးဖိုးကျွန် ပရိသတ်ကို မျက်စိမှိတ်ပြရင်း ဒိုင်ဗင်ထိုးမည့်ဟန် ရုပ်သေနှင့်)

# ကားချ

ဤအရာကို

အချစ်ဟု ခေါ်သည်၊

**ချစ်စရာ**

# ဤအရာကို အချစ်ဟုခေါ်သည်

ပါဝင်သောဇာတ်ကောင်များ

ဦးဘောဂ
လူ
အင်ဂျင်နီယာ
ဒေါ်ဝေဟောင်
သူဇာ
မိုးမြင့်
ဒေးဗစ်
နွယ်နီ
စိမ်း
ဒေါ်အေးဘုံ
ကျော်စွာ

## ခန်းစဉ် (၁)

ဆောက်လုပ်ဆဲတိုက်တစ်လုံးမြင်ကွင်း . . .
ရှေ့တွင် အလုပ်သမားများ သယ်ယူ လှုပ်ရှားနေကြမည်၊
ခဏအကြာ အတွင်းမှ အား . . . ဟု အော်သံပေး . . . ဦးဘောဂဝင်လာ လူတစ်ယောက် ဦးဘောဂ အနီးသို့လာပြီး . . .

လူ — ဘော့(စ်) ပန်းရန်ဆရာတစ်ယောက် ငြမ်းပေါ်က လိမ့်ကျလို့ . . . ခင်ဗျာ . . .

ဦးဘောဂ — ကားခေါ်ပြီး ဆေးရုံပို့လိုက်ကွာ . . . လိုတဲ့ငွေကို မန်နေဂျာဆီက ယူသွား . . . ဪ ဟော့ တာဝန်ခံ အင်ဂျင်နီယာကို ငါ့ဆီလွှတ်လိုက် . . .

လူ — ဟုတ်ကဲ့ . . . (ဝင်သွားမည်)

(ခဏအကြာ အင်ဂျင်နီယာ ဝင်လာ)

ဦးဘောဂ — ကျနော့်ဟိုတယ်နဲ့အပန်းဖြေစခန်းကို တာဝန် ယူပြီး ဆောက်ပေးဖို့ ခင်ဗျားကိုငှားခဲ့တာနော် . . .

အင်ဂျင်နီယာ — ဟုတ်ပါတယ်အန်ကယ်

ဦးဘောဂ — အခုဖြစ်သွားတဲ့ကိစ္စမှာ ဘယ်သူ့ပေါ့ဆမှုနဲ့

တာဝန်မဲ့မှုလဲ . . .

အင်ဂျင်နီယာ ငြိမ်းမခိုင်တာရယ် . . . သူ့ပေါ့ဆမှုရယ် . . .

ဦးဘောဂ (ခေါင်းရမ်း) အဓိကတာဝန်ရှိတာဘယ်သူလဲ . . .

အင်ဂျင်နီယာ ဟို . . . ဟို

ဦးဘောဂ ခင်ဗျားပဲ၊ တိုက်တစ်လုံး မပြောနဲ့ ငြိမ်းစင်တစ်ခု ကိုတောင်ခိုင်အောင်မလုပ်နိုင်ဘူးဆိုတာ ထင်ရှား မနေဘူးလား . . . ကျုပ်ကသိန်းပေါင်းများစွာရင်း နှီးထားရတာဗျ. . . ညီလိုသာ တစ်နေ့တစ်ယောက် နှုန်းနဲ့ပြုတ်ကျနေရင် . . .

အင်ဂျင်နီယာ ကျနော် . . . နောက်ထပ်မဖြစ်အောင် . . .

ဦးဘောဂ (လက်ကာပြ) မလိုအပ်တော့ပါဘူး . . . ခင်ဗျားကို ကျနော့်လုပ်ငန်းမှာ ဆက်မသုံးတော့ဘူး . . . အခုဘဲ ညီ ဆိုက်ထဲက ခင်ဗျား ထွက်သွားပါ. . .

အင်ဂျင်နီယာ ဗျာ . . .

(မီးမှောင်)

# ခန်းစဉ် (၂)

တိုက်ခန်း
ဒေါ်ဝေဟင် နှင့် သား မိုးမြင့်၊ သမီး သူဇာတို့ရှိနေ

ဒေါ်ဝေဟင် — (ဖုန်းဆက်နေဟန်) ဘာ . . . အင်ဂျင်နီယာကို ထုတ်ပြစ်လိုက်ပြီ ၏၏၏ဂွတ်(ဒ်) ကိုကိုဘဲရီးဂွတ်(ဒ်) . . . ဝေဟင်လည်း သူ့ညီဖိုင်းတွေ မကြိုက်ပါဘူး . . . ပုံနှိုက်ကြီးတွေ . . . ကိုကို့ကို မပြောရဲလို့သာ၊ လိမ့် ကျတဲ့သူရော . . . ဘာ ခြေကိုးသွားတယ် . . . ဖြစ်မှာဘဲကိုကို . . . မြန်မာလူမျိုးတွေက သိပ်ပေ့ါ လွန်းတယ်၊ ဒါဆို ဘယ်သူ့ကို ဆက်ငှားမလဲ . . . ပြီးမှစဉ်းစားမယ် အိုကေ . . . အိုကေ . . .

သူဇာ — ဖေဖေကလည်း စိတ်မြန် ကိုယ်မြန်ရှိလိုက်တာ သတိပေးအပြစ်ပေးရုံဆို တော်ရောပေ့ါ . . .

ဒေါ်ဝေဟင် — ပိုက်ဆံပေးထားရတာသမီး . . . ငွေနဲ့ပေ့ါဆမှုနဲ့ လဲမပစ်နိုင်ဘူး . . .

မိုးမြင့် — ဒါဆို ဒီလုပ်ငန်းကို . . .

ဒေါ်ဝေဟင် — ရပ်ထားရဦးမှာပေ့ါ . . မာမီပြောသားပဲ နိုင်ငံခြားက အင်ဂျင်နီယာတွေကို သုံးပါ။ ငွေဘယ်လောက် ပိုကုန်မှာလဲ . . . မနှမြောပါနဲ့ . . . မြန်မာက အပြော သိပ်ကောင်းတယ် . . . အလုပ်ကျတော့

ပေါ့ချင်တယ် အခုကြည့်လေ . . . ဒါကိုမရဘူး၊

မိုးမြင့် ဖေါ်ရိန်နာတွေက စည်းကမ်းတော့စိတ်ချရတယ် . . . ဒါဆို ဒါပဲ . . .

သူဇာ နည်းနည်းတော့စဉ်းစားစေချင်သေးတယ်မေမေ၊

ဒေါ်ဝေဟင် မာမီလို့ခေါ်စမ်းပါသမီးရယ် . . . မေမေဆိုတာကြီး နားဝင်မသာလွန်းလို့ . . . မာမီတို့လူကြီးတွေပါ . . . စဉ်းစားပြီးမှ ဆုံးဖြတ်ကြတာပါ . . . ညည်း ဒက်ဒီက သူ့ဟာသူ စီစဉ်ပါလိမ့်မယ်ကွယ်. . .

ဦးဘောဂ နှင့် ဒေးဗစ်ဝင်လာမည်

ဦးဘောဂ ယူအာဆိုးလိတ် . . . သိပ်နောက်ကျသွားပြီ ဟန်နီ ကိုကိုအားလုံး စီစဉ်ခဲ့ပြီ၊ ဟောဒီမှာ ဒေးဗစ် . . . ဆယ့်သုံးနိုင်ငံပြန် . . . ဗိသုကာပညာသီးသန့် လေ့လာသင်ကြားခဲ့တဲ့ ဗိသုကာ . . . စကော်ပူက ပြန်ရောက်တာ ငါးရက်ပဲရှိသေးတယ်. . .

ဒေးဗစ် အန်ကယ်အတင်းခေါ်လို့ ကျွန်တော်ဝင်ပြီးကူညီ ရမှာ . . . ဖိလစ်ပိုင်မှာ ကျွန်တော့်ကွန်စထရပ်ရှင်း တွေကမပြတ်သေးဘူး . . . မလေးရှားမှာ ဟိုတယ် သုံးလုံး . . . ဟောင်ကောင်မှာ မိုတယ်ငါးခု . . . ဆောက်လက်စတွေ . . .

သူဇာ ရန်ကုန်ကျတော့ရော . . .

ဒေးဗစ် ဟဲ ဟဲ . . . ဟဲ ဟဲ . . . ရေကျော်မှာ အိမ်ငှားနေတယ်လေ . . . ခဏနေတာဆိုတော့ အငှားပဲ နေရတာပေါ့ . . . ဟဲ ဟဲ . . .

ဒေါ်ဝေဟင် ကိုကို့ဆောက်လုပ်ရေးအတွက်ကျတော့ ဒေးဗစ် ဘယ်လိုတာဝန်ယူထားသလဲ . . .

ဒေးဗစ် အီတာလီယန် တိုက်(ပ်) နဲ့ စပန်းနစ်(ရှ်) ညီဇိုင်းရောပြီး လုပ်ပေးမယ်လေ . . .

မိုးမြင့် ဟာ . . . ရင့်လှချည်လား . . .

ဒေးဗစ် ရင့်ဆို့ . . . အမေရိကန်က လေဘာတီရုပ်ထုပြင်သစ်က အီဖယ်မျှော်စင် ဆောက်ခဲ့တဲ့ အင်ဂျင်နီယာနဲ့ဗိသုကာတွေဟာ ကျွန်တော့် ဆရာရဲ့ အဘေးတွေပေါ့ . . .

သူဇာ ပေတသောင်းအောက်ကို လျှော့မပုံ့ပါလား . . . သူဇာကတော့ အရှေ့တိုင်း ဗိသုကာလက်ရာကို ပဲ သဘောကျတယ် . . . ဂျပန်အိမ်လေးတွေဆို သိပ်လှတာ . . .

ဒေးဗစ် အိုး ဂေါ့(ဒ်) တဲတစ်လုံးကို ဝါးလုံးများများနဲ့ ဆောက်ပြီး . . . မြက်ဖျာခင်းပေးရင် ပြီးသွားတဲ့ ဒီဇိုင်းကိုများကွယ် . . . စောင့်ကြည့်ပါဦးလေ . . . ပြီးမှ ကိုယ့်လက်ရာကို ယူ သိပ်ပြီး . . . အံ့ဩသွား

စေမှာပါ . . . အဲ အိပ်စက်ကျစ် အန်ကယ် မြိုးလိုညိုမှာ ဂျာမနီက သူငယ်ချင်းတစ်ယောက်နဲ့ချိန်းထားတာလေး ရှိနေသေးလို့ . . .

ဒေါ်ဝေဟင် အိုကေ . . . အိုကေ

ဦးဘောဂ အိုကေ . . . အိုကေ

(ဒေးဗစ်ဝင်သွားမည်)

ဒေါ်ဝေဟင် နိုင်ငံခြားပြန်များ တယ်ပြီးစနစ်ဇယား ကြီးတာပဲ နော် ကိုကို . . .

ဦးဘောဂ အချိန်ကိုစည်းကမ်းနဲ့ကွပ်ကဲပြီး အသုံးချတာကိုး ကွ . . . သူ့ဆရာ အင်္ဂလိပ်ကြီးဆို ထမင်းစားချိန် . . . လက်ဖက်ရည်သောက်ချိန် . . . အိပ်ချိန်တွေမှာ ဗိုက်နာတာတောင် အိမ်သာတက်ချိန်မဟုတ်လို့ ဝမ်းမသွားဘဲအောင့်ထားရာက . . . ဆီးချုပ် ဝမ်းချုပ်ဖြစ်ပြီး သေတဲ့အထိ စည်းကမ်းကြီးရှာသတဲ့ ကွယ် . . .

(မှောင်)

**ခန်းစဉ်(၃)**

စိန်စိန်ဦး စာအုပ်တိုက်

ဆောက်လုပ်ရေးလုပ်ငန်းခွင် (မှန်ချပ်)
သီချင်းသုံးမည် . . .
ဒေးဗစ် ဦးဆောင်၍အလုပ်သမားများကို
ညွှန်ကြားဟန်များ
ဦးဘောဂ၊ သူဇာ၊ ဒေါ်ဝေဟင် . . .
မိုးမြင့်တိုကြည့်ရှုဟန်များ . . .
ဦးဘောဂ နှင့် ဒေါ်ဝေဟင် ကြည်နူးဝမ်းသာနေ
မည်. . . ဒေါ်ဝေဟင် ဒေးဗစ်နှင့်သူဇာကို
မသိမသာအောင်သွယ်ပေးဟန်ဒေးဗစ်နှင့်သူဇာလျှောက်
လည်ဟန်များ . . .
မိုးမြင့်အလုပ်သမားများကို ဦးဆောင်ဟန်များ
သီချင်းဆုံးလျှင်
သီချင်းအတွက် ရှုခင်းများပြောင်းသွားမည်၊ ကားချမည်။

ခန်းစဉ် (၄)

တိုက်တစ်ခြမ်း
နွယ်နီ . . . စိမ်း . . . ဒေါ်အေးဘုံ စကားပြော
နေကြမည်၊

ဒေါ်အေးဘုံ စပ်မိစပ်ရာ ကောင်မတို့ရယ် အတင်းပြောတာ
မဟုတ်ပါဘူး . . .

နွယ်နီ ကဲ ဒေါ်အေးဘုံကြီးကလည်း ကောင်းခန်းရောက်မှ

ကြော်ငြာဝင်နေပြန်ပြီ . . .

စိမ်း ဟုတ်ပါရဲ့ ဆက်စမ်းပါဦး အဲလိုနဲ့ ချစ်သွားကြလေသတည်းဆိုပါတော့ . . .

ဒေါ်အေးဘုံ သူဇာက သိပ်စိတ်မပါပါဘူး . . . မဝေဟာင်က ကဲနေတာ၊ ဟိုအကောင်ကလည်းလက်စွမ်းပြသလား မမေးနဲ့ဟော့ . . . ရက် (၂) ပတ်အတွင်း တိုက် (၃) ထပ် ပြီးနေပြီ . . .

နွယ်နီ သားမက်ကောင်းတို့အင်္ဂါရပ်ကို ပြတာနေမှာသိလား . . .

စိမ်း နဂိုကတည်းက ကိုယ့်လူမျိုးကို သိပ်အထင်မကြီးတတ်တော့ . . . အခုလို အဆင်ချောနေတော့ ဦးဘောဂ ဘဝင်တွေကျပြီးရင်း ကျနေမှာပဲနော် . . .

နွယ်နီ ဘာလဲ နင်ကပါ အားကျနေတာပေါ့ ဟုတ်လား၊

ဒေါ်အေးဘုံ အားကျမနေနဲ့ကောက်မ၏၏၏သူ့ကိုမရခင်သူသွားတဲ့ ဒင်နာပါတီတွေ လိုက်နေရတာနဲ့ ညည်းခြေတိုသွားမယ်၏၏၏

နွယ်နီ ဟယ် သူဇာက အဲလိုထိ လိုက်နေရပြီလား . . . တိကျရဲ့လား ဒေါ်အေးဘုံရယ် . . .

ဒေါ်အေးဘုံ အရေးကြုံလို့အေးဘုံပြောတာအေရဲ့ . . . ညည်း

တို့နားစွင့်နေ . . . မကြာခင် ကလေးပုံ (ဗိုက်ကြီး ဟန်ပြရင်း) ပေါ်မလာတော့ ပြောချင်တိုင်းပြော . . .

နွယ်နီ ဘာပြောတယ် ဒေါ်အေးဘုံ . . .

စိမ်း ဟုတ်ပါရဲ့ မရှင်း မရှင်းကြီး . . .

ဒေါ်အေးဘုံ ညီထက်ရှင်းချင်ရင် . . . အဲညီပါတီတွေက မူးမူးပြီး အပြန် လေညှင်းခံတဲ့ကန်တော်ကြီးစောင်းက မြက်ပင်တွေသာ မေးကြပေတော့ဟေ့ . . .

(မှောင်)

**ခန်းစဉ် (၅)**

တိုက်ခန်း
ဒေါ်ဝေဟင် . . . သူဇာ . . . ဦးဘောဂ
သူဇာ ငိုနေမည် . . .

ဒေါ်ဝေဟင် မာမီသိပ်ဂလက်ဒ်ဖြစ်တယ် . . . ဝမ်းသာတယ် သမီး မငိုနဲ့ . . .

ဦးဘောဂ ဒါ ငိုစရာမဟုတ်ဘူး ပျော်စရာသမီးရဲ့ . . . ဝက်ဒင်ကို ဒက်ဒီတို့ စီစဉ်ပေးမှာပေါ့ . . . သူလည်း မိကောင်းဖခင်ရင်သွေးပါ . . .

ဒေါ်ဝေဟင် မြန်မာလူမျိုး မောင်ဒေးဗစ် နဲ့ မြန်မာလူမျိုး

မသူဇာတို့က မွေးဖွားလာမယ့် . . .

ဦးဘောဂ — မင်းကလည်း အရင်လိုလိုက်တာ . . . မင်္ဂလာခမ်းအနားပဲ အရင်စီစဉ်ပါဦး . . .

သူဇာ — လုပ်ငန်းခွင်အပေါ်စိတ်ဝင်စားအောင်လိုက်လိုက်လျှောလျှောနေပါဆိုတဲ့ဖေဖေ့စကားကြောင့် . . .

ဦးဘောဂ — ဒါ သမီးအလိမ္မာခေါ်တယ် သမီး . . . ကျုန်တာ ဒက်ဒီတို့ တာဝန်ယူမယ် မဝေဟင် စိန်ပွဲစား ဒေါ်အေးဘုံ လာသေးလား . . .

ဒေါ်ဝေဟင် — ဒီနေ့တော့ မလာသေးဘူး . . .

ဦးဘောဂ — လာရင် စိန်ဘယက်တစ်ကုံး သမီးအတွက် ဝယ်ပေးလိုက် . . .

ဒေါ်ဝေဟင် — အို . . . ရွှေလက်စွပ် နဲ့ ရွှေဆွဲကြိုးပါ ဝယ်ပေးရမယ် ကိုကိုရဲ့ . . . ဒါနဲ့ ဒေးဗစ်ကရော . . .

ဦးဘောဂ — ငါးထပ်တိုက်က ပြီးပြီလေ . . . ဟိုတယ်ပေါ်မှာ တင်ဖို့ . . . သစ်ခွပင်တွေ စက်ာပူကို သွားယူဦး မယ်တဲ့ . . . လက်ရှိအလုပ်တွေကို သားနဲ့လွှဲခဲ့မယ် တဲ့ လှလိုက်တာကိုကိုရယ်လို့ မင်းပြောသွား အောင်စီစဉ်ထားတာပါကွဲ့ . . .

ဒေါ်ဝေဟင် — မိဘသဘောတူပြီးသားပါ သမီးရယ် . . . ရှက်စရာ

မဟုတ်တဲ့ကိစ္စကို ရှက်နေဖို့ မလိုပါဘူး . . . ပွင့်ပွင့်
လင်းလင်းပြောရရင် ဒီလိုဖြစ်အောင်ကိုမာမီ စီစဉ်
လိုက်ရှာဘယ်ါ်ါ်ါ ညါမ ဟိုတယ်မြန်မြန်ပြီးမှာလေ၊

သူဇာ ရှင် ဒါဆို မေမေတို့ စီးပွားရေးအတွက် ကျွန်မ
ဘဝကို အသုံးချတာပေါ့ . . .

ဦးဘောဂ အဲဒါဟာ မိဘမေတ္တာလို့ ခေါ်ပါတယ်သမီးရယ်၊

(မီးမှောင်)

## ခန်းစဉ် (၆)

လမ်းရှုခင်း၊ မီးပြန်လင်း
ဒေါ်အေးဘုံ ထီးဆောင်းလျက် နွယ်နီ နှင့် စိမ်း
ရပ်လျက်

ဒေါ်အေးဘုံ သမိုင်းတွင်လောက်တဲ့ မိဘမေတ္တာပါ ကောင်မ
တို့ရယ် . . .

စိမ်း သူဇာလေးက သက်သက် ဓားစာခံရရှာတာပေါ့၊

အေးဘုံ အဲဒီ ဓားစာခံရတာကို မဝေဟောင်က ဂုဏ်ယူနေ
တာအေ့ . . . ဖြစ်နိုင်ရင် အဲဒီဓားစာကို သူက
ခံချင်နေတာ . . .

နွယ်နီ အဲဒီတော့ . . .
ဒေါ်အေးဘုံ သူဇာကျေနပ်အောင် စိန်တွေ ရွှေတွေဝယ်ပေးပြီး

ချော့ထားတာပေါ့ . . .

စိမ်း — မိန်းမဘာဝဆိုတာစိန်ရွှေခြံလို့ လုံရိုးထုံးစံမှမရှိဘဲ

ဒေါ်အေးဘုံ — ဟဲ့ စီးပွားရေးတစ်ခုတည်း ငန်းငန်းတက်နေတဲ့ သူတို့ဘဝမှာ အိမ်ထွေဆိုတာ အပိုပစ္စည်း . . .

(လူတစ်ယောက်ဝင်လာ) . . .

လူ — အမကြီးတို့ လမ်းလယ်ခေါင်ကြီးမှာ ခင်ဗျားတို့ စကားပြောနေတာအတော်ကြာပြီ၊ ဟိုလမ်းဘေး သွားပြောကြပါလားဗျ၊ ကားတိုက်မှာစိုးလို့ ပြောတာပါ . . .

ဒေါ်အေးဘုံ — ဒါ မင့်အပူ မဟုတ်ပါဘူး . . . ပြောချင်တဲ့စကား မကုန်ခင် ဝင်တိုက်လို့ကတော့ အခုပဲ သေသေ . . . အသက်အသေခံမယ် အတင်းကို အထိခိုက် မခံဘူးဟေ့ . . .

လူ — အံ့ဘွယ် အတင်းပြော အာဇာနည်တွေပါလား . . . (ထွက်သွား)

စိမ်း — သူ့အကောင်ကရော . . .

နွယ်နီ — ဟုတ်တယ် ဒေါ်အေးဘုံ မမြင်တာကြာပြီ . . .

ဒေါ်အေးဘုံ — ဟဲ့ . . . မမြင်ဆို . . . လှိုင်နန်းကိစ္စ အကြောင်းပြပြီး ပြည်ပကို ပြန်ထွက်သွားတာ တစ်လခွဲ နှစ်လနီး

ပါးရှိပြီ . . .

စိမ်း ဒါဆို ဇာတ်က . . . ဇာတ်အေးကြီး ဖြစ်သွားပြီပေ့ါ . . .

အေးဘုံ အေးပါလိမ့်မယ်အားကြီး. . . အေးဘုံတွေးကြည့်ရင် ပြေးကြည့်တာထက် မှန်ရစေမယ် . . . ဒီဇာတ်လမ်းမှာငါသာဒါရိုက်တာဆိုရင် ဟောသလို အလန့်တကြား ဇာတ်ရှိန်ကို မြှင့်ပစ်လိုက်မှာ . . .

(မီးမှောင်)

## ခန်းစဉ် (၇)

တိုက်ခန်း
ဒေါ်ဝေဟင် . . . တယ်လီဖုန်းဆက်

ဒေါ်ဝေဟင် ရှင် . . . ဒေးဗစ် . . . ဒေးဗစ် ကွယ်လွန်သွားပြီ ဟုတ်လား . . . ဘာ အဲဒီမှာ သူ . . . ဆေးလာကုတာ . . . ရှင် **AIDS** . . . အို. . . ဘုရား . . . ဘုရား ဟုတ် . . . ဟုတ်ကဲ့ရှင့် . . . ဟုတ်ကဲ့ . . .

ဦးဘောဂ ဘာတဲ့တုန်း . . . မဝေဟင် . . . ဘာတဲ့တုန်း . . .

ဒေါ်ဝေဟင် ဒေးဗစ် သေသွားပြီ **AIDS** ရောဂါနဲ့တဲ့ . . .

ဦးဘောဂ ဒါ . . . ဒါဆိုငှဲ့သမီး . . . ငှဲ့သမီးလေး . . . ဘယ်လိုလုပ်ကြမလဲဟင် . . . ပြဿနာပါပဲကွာ . . .

ဒီကောင်ကလည်း . . . သေစရာရောဂါရှားလို့ . . . ဒီရောဂါနဲ့မှ . . .

သူဇာ (ဝင်လာမည်) မိဘမေတ္တာရဲ့အကျိုးအာနိသင်ကို အမွေခံရတယ်လို့အောက်မေ့ပါတယ် . . . နိုင်ငံခြား ပြန်ကိုမှ အထင်ကြီးတတ်တဲ့ မေမေတို့ နားလည် တတ်သွားရင် သမီးဘဝ ကန်တော့ရကျိုး နပ်ပါ ပြီ . . .

ဒေါ်ဝေဟင် သမီး . . . သမီးလေးရယ် . . . (ဖက်၍ငိုမည်)

သူဇာ မာမီ . . .

ဒေါ်ဝေဟင် မခေါ်နဲ့ . . . မေမေလို့ခေါ် . . . အဲဒီ အတုအပတွေ အထင်ကြီးမိလို့ ငါ့သမီး ဒီလိုဖြစ်ရတာ . . . အခု ဘယ်လိုလုပ်ကြမလဲ . . .

သူဇာ (ပြုံးပြီး) ဖြစ်လာမှတော့ ရင်ဆိုင်ရမှာပေ့ါ . . . သွေး စစ်မယ် . . . ကုသမယ် . . . ဒါပဲပေ့ါ . . .

ဦးဘောဂ ငါ့သမီး . . . မတုန်လှုပ်ဘူးနော် . . .

သူဇာ တုန်လှုပ်နေရင် တစ်ဝက်အရှုံးပေးပြီးသား ဖြစ်နေ မှာပေ့ါ . . . သမီး ရင်ဆိုင်ရဲပါတယ် . . .

ဒေါ်ဝေဟင် သမီးမို့သာပေ့ါကွယ် . . . ဒီပြင် မိန်းကလေးသာဆို ထိုင်တောင်ကန်တော့ဖို့ ကောင်းပါရဲ့ . . .

သူဇာ ညေးဇစ်ရဲ့စရိုက်က ခပ်ပွေပွေဆိုတာ သမီးနဂို

ကတည်းက အကဲခတ်မိပါတယ် . . .

ဒေါ်ဝေဟင် လောကဓံတရား ရိုက်ပုတ်ချက် တစ်ခုလို့ သတ်မှတ်ရတော့မှာပေါ့ကွယ် . . .

(လူတစ်ယောက်ပြေးဝင်လာ)

လူ ဆရာ . . . ဆရာ . . . ပြီးသွားတဲ့ငါးထပ်ဟိုတယ် . . . ပြိုကျသွားပြီ . . . ဆရာလေး ကိုမိုးမြင့်နဲ့ သူ့လူတွေလည်း စစ်ဆေးဆဲဆိုတော့ အကုန်ပါသွားပြီ . . .

ဦးဘောဂ အံမယ်လေး ပြီးပါပြီဗျ . . . မဝေဟင်ရေ . . . ငါတို့ မိသားစု ကုလားဇာတ်ကောင်တွေဖြစ်ကုန်ပြီကွ . . .

(ကားချ)

## ခန်းစဉ် (၈)

သုသာန် ပရိယတ်များ တဖြည်းဖြည်းစဲ၍သွား . . . မိုးမြင့်အုတ်ဂူ . . . ဒေါ်ဝေဟင်၊ ဦးဘောဂ၊ သူဇာ ပန်းခြင်းချ . . . တစ်ဖက်မှ ဒေါ်အေးဘုံ၊ နွယ်နီ၊ စိမ်း တို့ဝင်လာ . . . ဦးဘောဂလန့်၍မိသားစုအား ခေါ်ကာ ဝင်သွားမည်၊

နွယ်နီ ကဲ ဒါရိုက်တာကြီး . . . ဘာဇာတ်လမ်းများ

ဆက်ဦးမှာလဲ . . . သေတဲ့လူလူလူလား တစ်လပြည့် သွားပြီဆိုတော့ . . .

စိမ်း အကြားသတင်းလေးများ ပြောစမ်းပါဦး . . .

ဒေါ်ဝေဟင် ဟိုတယ်မြေကွက်နဲ့ . . . နေရာကို ရောင်းပစ်လိုက်ပြီ . . .

စိမ်း အဲညီငွေတွေက . . .

ဒေါ်အေးဘုံ သူဇာ့ကို စိတ်တိုင်းကျသုံးဖို့ ပေးလိုက်တာ . . . သူ့အဖေကိုပြန်ပေးသတဲ့ . . .

နွယ်နီ ပြီးတော့ . . .

ဒေါ်အေးဘုံ သူဇာက သူ့လိုဘဝတူဝေဒနာရှင်တွေကို ကူညီပေးဖို့သုံးပေးပါလို့ပြောသတဲ့ . . .

စိမ်း စီးပွားရေးလောဘဇောတိုက်နေတဲ့ ဒေါ်ဝေဟင်နဲ့ ဦးဘောဂမှာ စာနာစိတ်မှမရှိတဲ့ညစ္စာ . . .

ဒေါ်အေးဘုံ အင်တာနက် . . . ခေတ်မှာ အရာရာပြောင်းလဲသွားပြီကောင်မ . . .

နွယ်နီ ကြီးကျယ်လှချည့်လား . . .

ဒေါ်အေးဘုံ တစ်ရပ်ကွက်လုံးကို လူမထင်ခဲ့တဲ့ ဦးဘောဂဟာ ကျောချမှ သောကမှန်း သိချိန်မှာ စေတနာစုဗူး

ကြီးဖောက်ပြီး သူကိုယ်တိုင် ဦးဆောင်တဲ့ အမျိုးသားကြီးတွေစုစည်းပြီး **AIDS** ပညာပေး . . . ဟောပြော . . . နှိမ့်သိမ့်မှုဆိုတဲ့ဝန်ဆောင်မှု လုပ်ငန်းတွေ လုပ်နေသတဲ့ တော်ရေ . . .

(မီးမှောင်)

**ခန်းစဉ် (၉)**

သီးချင်းနှင့် **HIV / AIDS** နှစ်သိမ့်ဆွေးနွေးပညာ ပေးလုပ်ငန်းများကို ဦးဘောဂ၊ သူဇာနှင့်လူကြီး များ ဆောက်ရွက်နေကြဟန် သီးချင်းဆုံးလျှင်

(ကားချ)

**ခန်းစဉ် (၁၀)**

တိုက်
ဦးဘောဂ၊ သူဇာ ၊ ဒေါ်ဝေဟင်

ဦးဘောဂ ကိုင်း ငါ့သမီး . . . ဖေဖေတို့မှားခဲ့တဲ့အမှားကို ကြွေး ဆပ်တဲ့အနေနဲ့ရော . . . တာဝန်ဆောင်ရွက်တဲ့ အနေနဲ့ရော တုန့်ပြန်ပေးပြီးပြီ . . . ဖေဖေတို့ ဘာ ဆက်လုပ်ပေးရမလဲ . . .

သူဇာ သမီးကုသိုလ်ကောင်းမှုပြုချင်တယ် . . . ဖေဖေ . . .

ဒေါ်ဝေဟင် အဲဒါကောင်းတယ် . . . ဒီမှာဆိုရင် ပတ်ဝန်းကျင်

ကလည်း ထိုင်းဝန်းနှစ်သိမ့်ကြပါရဲ့ . . . ဒါပေမယ့် . . . စိန့်ပွဲစား မအေးဘုံရဲ့ ပါးစပ်သေနတ်ဒဏ်ကို မခံနိုင်ဘူး . . .

ဦးဘောဂ ဟုတ်တယ်သမီး . . . သူ့မှာ တခြားပြောစရာတွေကို ချိတ်ပိတ်ပြီး တို့အကြောင်းပဲ သီးသန့်ပြောနေ တာ အပ်ချုပ်စက်ထဲထည့်ပေါက်နေသလို ဖြစ်နေ ပြီ . . .

သူဇာ (ရယ်နေရင်း) ဘဝပေးဝဋ်လို့အောက်မေ့ပါဖေဖေ ရယ် . . . သမီးတို့ အညာကို ဘုရားဖူးသွားမယ် . . . ကြုံတဲ့နေရာမှာ လူမှုလုပ်ငန်းမှန်သမျှဆောင် ရွက်ကြမယ် . . .

ဦးဘောဂ နောက်ငါးရက်လောက်နေရင် သွားကြမယ်လေ . . . ကားစီစဉ်လိုက်တာပေ့ါ . . .

(ဒေါ်အေးဘုံ ဝင်လာမည်)

ဒေါ်အေးဘုံ ဘာတွေစီစဉ်နေတာလဲ အကိုကြီးရဲ့ . . . ဟဲ ဟဲ . . .

ဦးဘောဂ (အလန့်တကြား) ခုချက်ခြင်း လေယာဉ်နဲ့သွား မယ်ဟေ့ . . .

(မှောင်)

**ခန်းစဉ် (၁၁)**

တီးလုံးတစ်ခုနှင့် လေယာဉ်ပျံ (မှန်ချပ်)

(မီးမှောင်)

## ခန်းစဉ် (၁၂)

နောက်ခံ ပုဂံရှုခင်း
အာနန္ဒာဘုရား . . . မုခ်ပေါက် . . .
မောင်ကျော်စွာ . . . သူဇာ . . . ဦးဘောဂ

ဦးဘောဂ ဖေဖေမှန်တာကို ဝန်ခံရရင် စီးပွားရေးနယ်ထဲမှာ ဘဝနစ်နေခဲ့တာ . . . ပုဂံကို ဒီလောက်မနှံ့စပ်ခဲ့ဘူး . . . အာနန္ဒာဘုရား တည်ထားတဲ့ ဗိသုကာ ညာရပ်ဟာ သိပ်လေးစားဖို့ကောင်းတယ်နော် . . .

ကျော်စွာ လျှပ်စစ်မီးမပေါ်ခင်က အလင်းရောင်ကို လှိုဏ်အတွင်းရောက်အောင် ဖန်တီးခဲ့တဲ့ မြန်မာ ဗိသုကာကြီးတွေရဲ့ ပညာပါ ဦး . . .

ဦးဘောဂ နှစ်ပေါင်းရာကျော် တည်တန့်ခိုင်မြဲအောင် တည်ဆောက်ခဲ့ကြတာကိုး . . .

ကျော်စွာ ကိုယ့်ရေမြေ အနေအထားကို ကိုယ့်လူမျိုးမှသိနိုင်တာဦးလေးရဲ့ . . . ကျောက်စရစ်ကုန်းမှာ ထင်ရှူးပင်စိုက်ချင်လို့ ဘယ်ရှင်သန်ပါ့မလဲ . . . နောက်ပြီး စေတနာနဲ့ အသိစိတ်ဓါတ်ကလည်း . . . အတတ်

ပညာကို ပိုပြီးထက်မြက်စေပါတယ် . . .

ဒေါ်ဝေဟင် ငါ့တူက . . . မျက်စိမမြင်ရဘူးနော် . . .

ကျော်စွာ ကျွန်တော့်ရေမြေနဲ့လူမျိုးရဲ့အလှအပကိုတော့ မြင်နေရပါတယ်ခင်ဗျ . . . ဟိုဘက်မှာဆို ပုဗ္ဗရုံ ကျောင်းတော်ကြီးကို နည်းယူထားတဲ့ သဗ္ဗညု ဘုရား . . . အုတ်ချပ်နှစ်လွှာကြားမှာ အပ်တစ် ထောက်စာတောင်ဝင်လို့မရအောင် ထုထည်ခိုင် ခန့်တဲ့ ဓမ္မရံကြီးဘုရားတွေဟာ ကျွန်တော်တို့ ဘိုး ဘွား ဗိသုကာပညာရှင်တွေရဲ့ အရည်အသွေးပါ။

သူဇာ မောင်ကျော်စွာက . . . ဆယ်တန်းအောင်ပြီးမှ မျက်လုံးကွယ်ခဲ့ရှာတာလေ . . . အခုလက်ရှိလည်း . . . သူက ညသခံလူမှုရေးလုပ်ငန်းတွေကို ကိုယ် ကျိုးစွန့်ဆောင်ရွက်နေခဲ့တာ . . .

ကျော်စွာ လက်ရှိတော့ ဦးလေးတို့ဆောင်ရွက်ချင်တဲ့ **HIV / AIDS** ကာကွယ်ရေးပညာပေးလုပ်ငန်းတွေကို လူငယ်တွေစုပြီး ကျွန်တော်လုပ်နေတာပါ . . .

ဒေါ်ဝေဟင် သာဓုပါခေါ်ပါတယ်ကွယ်. . . သာဓု. . . သာဓု

ဦးဘောဂ အဲ့ညီ **HIV** ပိုးကူးစက်ဝင်ရောင်နိုင်တဲ့ လမ်းကြောင်း မှန်သမျှ သိရှိအောင် ဦးနှောက်နဲ့နှလုံးသား

အတွင်း အသိဉာဏ်အလင်းရောက်နိုင်အောင် ကြိုးပမ်းရမယ်လို့ အာနန္ဒာဘုရားတည်ဆောက် ပူဇော်ခဲ့တဲ့ ပိသုကာကြီးများက ပြောနေသလို ပိုး တစ်ကောင် **AIDS** ရောဂါတစ်စ တိုးမရဘဲ နှစ် ပေါင်းများစွာ အသိကိုယ်စီနဲ့ ကျစ်လစ်စွာ စုစည်း ကြံ့ခိုင်နိုင်ရမယ် . . . ခုခံစွမ်းအား မြင့်မားနေရမယ် လို့ . . . ဓမ္မရုံကြီးပုထိုးတော်ရဲ့ ပိသုကာအဖိုးများ က မိန့်မှာနေသလိုပါပဲလား . . . ဦးလေး ရင်တုန် အောင် ပီတိဖြစ်ရပါတယ်ကွာ . . .

သူဇာ မောင်ကျော်စွာဟာ သမီးတို့ ပုဂံမှာနေတဲ့ရက် တွေကို တန်ဖိုးရှိတဲ့ ဗဟုသုတတွေ . . . လုပ်ငန်းတွေ နဲ့ ကျေးဇူးကိုဆပ်ရအောင် . . .

ညော်ဝေဟင် ဟုတ်တယ် . . . မင်းလက်ခံမယ်ဆိုရင် . . . အညော် တို့နဲ့ ရန်ကုန်ကိုလိုက်ခဲ့ပါ . . . မင်းမျက်လုံးကို စမ်း သပ်ပြီး ကုပေးပါရစေ . . .

ကျော်စွာ ကျွန်တော် . . . ကျွန်တော်

ဦးဘောဂ မငြင်းပါနဲ့တော့ကွာ . . . မင်းဟာ မျက်စိကွယ်ပေ မယ့် ဦးလေးထက်ပိုပြီး မြင်တတ်ပါတယ် . . . အဲဒီ အမြင်ကိုလည်း ဦးလေးကို ဖြန့်ဝေပေးခဲ့ပါတယ် . . . မင်းကို တုန့်ပြန်ကူညီနိုင်တဲ့ ကူညီမှုကို လက်ခံ ပါ . . . သားရယ် . . .

ဒေါ်ဝေဟင် ဟုတ်ပါတယ် . . . သားရယ်

ကျော်စွာ၊ သူဇာတို့ ခေါင်းငုံ့သွားကြ . . .

(ကားချ)

**ခန်းစဉ် (၁၃)**

စပေါ့ကွက်နှင့် ဒေါ်အေးဘုံကိုပြမည်. . .

ဒေါ်အေးဘုံ အေးဘုံက အရေးကြုံလို့ ပြောတာပါရှင့် . . . ဟုံက အပြန် မောင်ကျော်စွာကိုခေါ်လာပြီး မျက်စိခွဲကုပြီး . . . သူဇာနဲ့အိမ်ထောင်ပြုပေးလိုက်ပါသတဲ့ရှင် . . . မတော်တဆငြမ်းပြိုကျလို့ မြန်မာပီသုကာကို ပယ်ပြီး နိုင်ငံခြားပြန်ကိုမှ ဖက်တွယ်ခဲ့တဲ့ ဦးဘောဂ ဟာ ငြမ်းတင်မက ဟိုတယ်တစ်ခုလုံးနဲ့ မိသားစု ဘဝတစ်ခုလုံးပြိုကျခြင်းခံလိုက်ရတဲ့အတွက် . . . အရှက်ရပြီး ဒုက္ခတွေ့ရပါသတဲ့ရှင် . . . လူမျိုးပါ ပြိုအောင်လုပ်မယ့် **AIDS** ရောဂါကို သူကိုယ်တိုင် ဦးဆောင်ကာကွယ်ပြုစုကူညီမှုပြုခဲ့ပါတယ် . . . ခဏလေးနော် . . . မောလို့ . . .

(ရေသောက်ပြီးမှဆက်ပြော)

သူဇာလား . . . သွေးစစ်ကြည့်တော့ ရောဂါမရှိပါဘူး . . . ဟိုကောင်ကို လူပွေမှန်းသိလို့ အကျုံး

လွန်မခံခဲ့ပါဘူးတဲ့ရှင် . . . အဖေနဲ့အမေကို အမျိုးနဲ့မြေအပေါ် ချစ်တတ်စေချင်လို့ဖွင့်မပြောဘဲနေခဲ့တာပါ . . . သူတို့မင်္ဂလာပွဲကို မြန်မာလို ဆွမ်းကျွေး ကျင်းပပြီး . . . ကုန်ကျမယ့်စရိတ်တွေကို လူမှုဝန်ထမ်းလုပ်ငန်းတွေကို လှူမယ်လို့ ကျွန်မ အေးဘုံရဲ့ ရှာဖွေလေတွေ့ရှိလေ သတင်းရပ်ကွက် ရဲ့ နောက်ဆုံး မင်္ဂလာသတင်းအဖြစ် ထုတ်လွှင့် လိုက်ရကြောင်းပါရှင့် . . .

# ကားတဖြည်းဖြည်းပိတ်

# ဖြစ်ချင်ဦးဟဲ့

## အေအိုင်ဒီအ ကိစ်

ချစ်စရာ

## ဖြစ်ချင်ဦးဟဲ့ အေအိုင်ဒီအက်စ်

ပါဝင်သောဇာတ်ကောင်များ

ကိုပီတိ
မပူစူး
ဒေါ်မျက်ပြူး
မဝက်မ
ဒေါ်ဇီဇာ
ကိုဘကျန်
ကိုအာယု

*လေးစားအပ်တဲ့အနုပညာချစ်သူများခင်ဗျား . . .*

စင်တင်ဖြေဖျော်မယ့် ငါးခန်းရပ် ပညာပေးဟာသဇာတ်ကလေးကို . . . "ဖြစ်ချင်အုံးဟဲ့ အေအိုင်ဒီအက်စ်"လို့အမည်ပေးထားပါတယ်၊

**AIDS** ရောဂါဆိုးကြီးကို . . . ဝိုင်းဝန်းကူညီနှစ်သိမ့်ဆွေးနွေးရင်း ကာကွယ်တိုက်ဖျက်နေကြတဲ့ ကာလမှာ၊ **AIDS** ရောဂါကို ဖိတ်ခေါ်ကြိုဆိုလိုက်တဲ့ လူသားတစ်ဦးအကြောင်းပဲ ဆိုကြပါစို့ . . .

ညီဟာသပြဇာတ်ကလေးရဲ့ ကာလနောက်ခံကို သဘင်ရာသီတစ်နှစ်ကုန်လို့ တစ်နှစ်ကူးစကာလ . . .

ပွဲလမ်းများပါးရှားသွားတဲ့အချိန် . . . သဘင်ပညာကလွဲရင် တခြား ဘာလုပ်ငန်းမှ မကျွမ်းကျင် မလုပ်ကိုင်တတ်တဲ့ လူရွှင်တော်တစ်ဦးရဲ့အိမ်ကစပြီး . . . ဖွင့်လှစ်လိုက်ပါရစေခင်ဗျား . . .

ခန်းစဉ် (၁)

ကိုပီတိ ၊ မပုစုး
တီးလုံး၊ သစ်ခြောက်ပင်အောက် ပန်းကောက်သူ
သီချင်းဖြူးပေးပါ . . .

မပုစုး (စာရွက်ကိုဖြန့်လျက်) . . . ဒေါ်မျက်ပြူး နေ့ပြန်က . . . ငါးထောင် . . . မဝက်မဆီက (၁၀)ရက်ဆိုင်းနဲ့ ချေးထားတာ ကိုးထောင် . . . နေပါဦး . . . အဲ . . . ဒေါ်ဇီဇာက . . . သုံးရက်ပေးနှစ်ထောင် . . . ဆိုတော့ . . . သောင်းခြောက်ထောင် . . . ကိုးဘကျန် ရဲ့ လတိုးက . . . ထောင့်ငါးရာ . . . သောင်းခြောက် ထောင့်ငါးရာ . . .

မပုစုးတွက်ရင်းကြည့် ကိုပီတိ အိပ်ပျော်နေ

မပုစုး ကိုပီတိ . . . (အော်လိုက်မည်)

ကိုပီတိ ဟင် . . . ဘာ . . . ဘာတုန်း . . . အိမ်မီးလောင်လို့ လား . . .

မပုစုး ခေါင်းကို မီးလောင်တာတော်ရေ့ . . . ခေါင်းကိုမီး လောင်တာ . . . အဲဒီကြွေးတွေ ဘယ်လိုဆပ်မလဲ . . . ဒါ့အပြင် အိမ်ခန်းငှားခ စပေါ်တင်ရမယ့် နှစ်သောင်း . . . နောက်ပြီး . . .
ကိုပီတိ မပုစုးပြောနေစဉ် ပြန်အိပ်ပျော်သွား . . .

မပုစုး ကို ပီ . . .

ကိုပီတိ — နိုးတယ် . . . နိုးတယ် . . . ငါ ခဏပြန်နှပ်နေလို့ . . . ပြော . . . ဘယ်သူ့ဆီ ဘာကြွေးကျန်သေးသလဲ . . .

မပူစူး — တော့် ကြည့်ရတာ အေးတိအေးစက်နဲ့ ဘာမှ အပူအပင်မရှိဘူး . . .

ကိုပီတိ — ပူနေလို့ ညီအကြွေးတွေကျေမယ်ဆိုရင် ငါ မီးဖိုထဲ ဆင်းထိုင်နေပေ့ါမယ်ကွာ . . . ဘယ်ပုံတယ်နည်းဆပ်ရမယ်ဆိုတာ စဉ်းစားစမ်းပါ . . .

မပူစူး — ဘယ်လိုလုပ်စဉ်းစားရမှာလဲ . . . တော့်မှာ ပွဲလမ်းသဘင်မရှိ . . . လူရှင်တော် ပွဲမရှိမှတော့ ငွေဝင်လမ်းကလည်း ပိတ်နေပြီ . . . အစကတည်း ကျုပ်ပြောသလိုရသရွေ့ကို ဖွဲ့ဖွဲ့ဆပ်နေရင် ကြေရမယ့် ငွေ . . . အခုတော့ . . . ကြည့်နေ တော်ကြာ . . . ကြွေးရှင်တွေလာကြတော့မယ် . . .

ကိုပီတိ — မင်းဟာလေ . . . မပူစူးလို့ခေါ်မယ့်အစား . . . မပူဆူလို့ပြောင်းခေါ်ဖို့ကောင်းတယ် . . . မရှိတော့တာယူ . . . ရှိတော့ တဆူဆူ . . . အင်း . . . သေမှပဲ အေးချမ်းတော့မယ် ထင်ပါရဲ့ . . . လူပဲကွာ ကံရှိမှာပေ့ါ . . . ဟော့ . . . ခရုမှာအဆံနဲ့ လူမှာအကံနဲ့ကွာ . . . ခရုမှာအရစ်နဲ့ လူမှာလဲ . . . အဲ . . . အဲ . . . အကံနဲ့ပါကွ . . . လာစမ်းပါစေ . . . မင်းအကြွေး

ရှင်တွေ . . . ငှါနည်း ငှါဟန်နဲ့ ဖြေရှင်းပြမယ်ကွ . . .
မျောက်ပြူးဝင်လာမည် . . .

ဒေါ်မျက်ပြူး — ဟေ့ ပီတိ ၊ ဟေ့ပီတိ. . . ဟဲ့အကောင်ပီတိ. . . (အော်ခေါ်မည်)

ကိုပီတိ — ဗျာ . . . ဟဲ ဟဲ ကျုပ်ကိုခေါ်တာလား . . . ဘယ်လိုမှ မအောက်မေ့နဲ့ဗျာ . . . ကိုယ့်နာမည်ကို ပြန်မခေါ်တာကြာတော့ . . . ဟဲဟဲ . . . မေ့နေပြီဗျ . . .

ဒေါ်မျက်ပြူး — ဘယ်မလဲ ငှါအကြွေး . . .

ကိုပီတိ — အဲညါလည်းမေ့နေပြီဗျ. . . ဘယ်လောက်ပါလိမ့် . .

ဒေါ်မျက်ပြူး — ရှူးသလို ပေါ်သလိုလုပ်မနေနဲ့ . . . အတိုးအရင်း ပေါင်း ကိုးထောင် . . .

ကိုပီတိ — တစ်ထောင်ထပ်ပေးပြီး တစ်သောင်းမှတ်လိုက်ပါဗျာ . . . ခင်ဗျားလည်း မှတ်ရလွယ်သွားတာပေါ့ . . .

ဒေါ်မျက်ပြူး — ထွီ . . . ပေးချင်စရာပဲ . . . ညါကြောင့် သဘင်သည်တွေနဲ့ မဆက်ဆံချင်တာ . . . လိုချင်ရင် ချိုမြနေတာပဲ . . . ပေးချိန်လည်းရောက်ရော ဗိုပြပြီ . . . ဘာကောင်းသေးလဲ . . . ဘာမှမကောင်းဘူး . . .

ကိုပီတိ — တစ်ကိုယ်တော်အမေးအဖြေပါလား . . . ဒီမှာ . . .

ဒေါ်မျက်ပြူး . . . ခံဗျားငွေ ဆုံးမသွားစေရပါဘူး . . . အခိုက်အတန့်လေးတော့ သည်းခံပါဦးဗျာ . . . ပွဲလေးငါးည ကပြီးရင် ပေးပ့ါမယ် . . .

ဒေါ်မျက်ပြူး ယောက်ျားစကား တည်ပေစေ . . . ညီတစ်ခါ မပေးနိုင်ရင်. . . ငါ့အဆိုးမဖြစ်စေနဲ့. . . ထွီ. . . (ဒေါ်မျက်ပြူးဝင်သွားမည်)

ကိုသီတိ အိုကေ . . . လေဒီပြူး . . . အိုကေ . . . ဂွည်တိုင်း. . . ဒါပဲ မပူစူး . . . မင်းမြင်ပြီမဟုတ်လား . . . အရှုပ်ဆိုတာ ရှင်းတတ်ရင်လွယ်လွယ်လေးပါ . . . ဟဲ ဟဲ ဟဲ . . .

(မဝက်မနှင့်ဒေါ်ဇီဇာဝင်လာ)

မဝက်မ (ငိုရင်းဝင်လာ) ဟီး ဟီး ဟီး . . . ပူစူးရေ . . . ဟီး ဟီး . . .

မပူစူး မမဝက် . . . မမဝက် . . . ဘာပြုလို့ငိုလာတာလဲ. . .

မဝက်မ ဟီး. . . ဟီး. . . ဟီး. . . ပူစူးရေ . . . ဟီး . . . ဟီး

မပူစူး မမဝက်. . . မမဝက်. . . လာပြုလို့ငိုလာတာလဲ. . .

မဝက်မ ဟီး . . . ဟီး . . . ငါ့ကုသိုလ်ကံကိုက ဆိုးပါတယ်အေ . . . ငါ ဒီလထဲမှာ တော်တော်ကံနိမ့်နေတာ ကောင်မရဲ့ . . . ဟီး . . . ဟီး . . . ဒါကြောင့် ပေဒင်

ဆရာလှက . . . ဝက်မဆိုတဲ့ ငါ့နာမည်ကို ကက်ကင်းရိုက်ပြီး မရွှေမုန့်ဆယ်ခုလှူဘို့ ယတြာ ခြေဦးတာ . . . ဟီး . . . ဟီး . . . ငါမလုပ်မိလို့ ဒီလိုဖြစ်တာအေရဲ့ . . . လက္ခဏာဆရာ ဦးဘညင်ကလည်း . . . နှစ်လုံးလမ်းကြောင်းပေါ်မှာ စတုဂံတွေပေါ်နေတယ် . . . အောင်မြင်ခြင်းလမ်း ကြောင်းပေါ်မှာလည်း မျဉ်းတွေဖြတ်နေတယ် . . . စကားအရှုပ်အရှင်းရှိတယ်တဲ့ . . . ခုတော့မှန်နေပြီ ဦးဘညင်ရဲ့ . . . ဟီး . . . ဟီး . . .

ကိုပီတိ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းဖတ်နေရသလိုပါလား . . . ကဲ ခင်ဗျားရဲ့ ဗေဒင်လက္ခဏာအတွေ့အကြုံ ကို ခဏထားပြီး ငိုရင်းကိစ္စ အဲ အဲ လာရင်းကိစ္စ သိပါရစေခင်ဗျာ . . .

မဝက်မ ကျုပ်က . . . ကျုပ်ကြောင့် တစ်ဖက်သားစိတ်ဆင်း ရဲမှာ အလွန်ပူတတ်တဲ့ကောင်မပါတော် . . . ခုတော့ . . . ဟီး. . . ဟီး. . . မပြောလို့ကလည်း မဖြစ် . . . ဘယ်သူမပြု ဝက်မအမှုတဲ့ . . . သဘော ကောင်းတဲ့ ဝက်မ . . . သူများကို ကူညီချင်တဲ့ ဝက်မ . . . ဟီး . . . ဟီး . . .

ကိုပီတိ ဖိုလှချည်လား . . . မဝက်မ . . . ဝက်ညီလို ငိုပုံထူးရင် တရုတ်နှစ်သစ်ကူးနီးပြီနဲ့တူတယ် . . .

မဝက်မ ကျုပ်ကိစ္စကိုပြောမယ်နော်. . . ပြီးမှ. . . ငိုသင့်ရင်

ဆက်ငိုမယ် . . . တော်တို့ဆီမှာချေးထားတဲ့ . . ထွေးထောင်လေ . . . အဲဒီ . . . စုကြေးထည့်ရမယ့် သူများငွေကို တော်တို့ အဆင်ပြေအောင် ခဏခွဲ ပြီး လည့်ပေးထားတာ . . . နောက်လေးထောင်က . . . ရုပ်ကွက် . . . ဘုရားပွဲကြေးတွေလေ . . . အဲဒီ အခု အတင်းကြီးလာတောင်းနေလို့ . . . ကျုပ်က . . . ရက်မပြည့်သေးဘူးဆိုတော့ . . . တောင်းပန်ပေမယ့်မရဘူးတဲ့ . . မပေးရင် . . ရဲတိုင်ပြီးဖမ်းမယ် ဆိုတာနဲ့ . . .

ကိုပိတိ ဟီး . . . ဟီး . . . ဟီး . . . ဟီး အို မဝက်မရဲ့ . . . ဖြစ်မှဖြစ်ရလေဗျ . . . ကျုပ်စိတ်မကောင်းလိုက်တာနော် . . . ဟီး . . . ဟီး . . . တစ်ရာကိုနှစ်ဆယ် တိုးလိုချင်လို့ သူများငွေတွေ အလွဲသုံးစားလုပ်ပြီး ချေးငှားမိတဲ့ခင်ဗျားစေတနာကို ကျုပ်ဂုဏ်ပြုလို့ မဆုံးပါဘူး မဝက်မရဲ့ ဟီး . . . ဟီး . . .

မဝက်မ ဒါလျှောင်စရာလား . . .

ကိုပိတိ ဝက်မို့လို့လျှောင်မိတာပါခင်ဗျ . . . ဟီး ဟီး . . . ကျုပ်တို့ကလည်းရက်မစေ့ရင် ငွေမဆပ်နိုင်ဘူးဗျ . . . တစ်လနေမှ ပေးရမယ့်အတိုးကို ဆယ်ရက်နဲ့ လည်း ပေးရသေး . . . ရှစ်ရက်လောက်နဲ့လည်း လိုချင်သေး . . . ခင်ဗျားတို့ လောဘကိုလည်း ပြန်ကြည့်ပါဦး ပေးနိုင်သေးဘူးဗျ . . . ပေးဘူး . . .

. . . ပေးဘူး . . . ဟီး ဟီး . . .

မဝက်မ ဒါဆိုလည်း ပြီးတာပဲ . . . ရက်စွေလို့မှမပေးရင် . . . ဝက်မဟာကျားမဖြစ်သွားတတ်တယ်ဆိုတာ သိထား . . .

(မဝက်မ ဒေါသတကြီးဝင်သွား . . . ဒေါ်ဇီဇာနှင့် တိုက်မိမလိုဖြစ် . . . )

ဒေါ်ဇီဇာ ဟောဒီကောင်မဟာ ပိုက်ဆံနဲ့ပတ်သက်လာရင် အိန္ဒြေကိုပျက်တယ် . . . လူ့ရေးမရှိ . . . စာနာမှုမရှိနဲ့ . . .

(ပြောရင်း ကိုပီတိအနီးဝင်ထိုင်မည်၊)

ဒေါ်ဇီဇာ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . .

ကိုပီတိ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . .

ဒေါ်ဇီဇာ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . .

ကိုပီတိ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . . ကိုင်းဒေါ်ဇီဇာ ကျွန်တော်တို့နှစ်ယောက် မျက်နှာချိုသွေးနေကြတာနဲ့ မိုးလင်းသွားလိမ့်မယ်ခင်ဗျ . . . ဘာကိစ္စနဲ့များ . . .

ဒေါ်ဇီဇာ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . .

ကိုပီတိ ဩော် . . . ရယ်ဖို့သက်သက်လာတာလား . . .

ဒါဆိုလည်း အားရပါးရသာ ရယ်ပေတော့ဗျာ . . .
ကျွန်တော် အိမ်သာသွားလိုက်ဦးမယ် . . .

ဒေါ်ဇီဇာ　　အားနာတယ်ဆိုတာ ဆုံးရှုံးခြင်းတစ်မျိုးဆိုတဲ့ စကား သိပ်မှန်ပါလား မောင်ပီတိ . . .

ကိုပီတိ　　အံမယ် . . . ခင်ဗျားက . . . ဗျူဟာတစ်မျိုးပါလား . . . ပုံနဲ့ ပတ်နဲ့ချီလာတာကိုး . . .

ဒေါ်ဇီဇာ　　မမသမီးလေးဆွဲကြိုး ခဏဖြုတ်ပေါင်ထားတာ လေ . . . ဟဲ ဟဲ . . . အဲဒီကာ ဖိုးဖွဲ့ထွေကိုမင်း အခက် အခဲဖြေရှင်းပေးထားတာကွဲ့ . . . မင်းတို့ ခုတလော ရုပ်ရှင်သွား . . . အအေးဆိုင်ထိုင်နဲ့ . . . မြင်နေတာ တွေ့ရလို့ . . . ဟဲ ဟဲ . . .

ကိုပီတိ　　သူများ ညကာခံတာ လိုက်စားသောက်နေတာပါ ဗျာ . . .

ဒေါ်ဇီဇာ　　အေးပါလေ . . . ဘာပဲဖြစ်ဖြစ်ပေါ့ . . ပြေလည် လောက်ကလေး . . . ဟဲ ဟဲ . . . အဒေါ်ကတိတိ ကျကျကြီး မဟုတ်ပါဘူးကွဲ့ . . .

(ထိုစဉ် ဘကျန်အမောတကော ဝင်လာမည်၊)

ကိုဘကျန်　　အာစရိ . . . အာစရိ လုပ်လုပ် ခင်ဗျားအတိုးက . . . ဒီနေ့စေ့နေပြီ . . .

ဒေါ်ဇီဇာ　　ဟဲ့ဟဲ့ . . . နေပါဦး . . . ငါ့ကိုစွပြီးပြတ်ပါစေဦးဟဲ့

. . .

ကိုဘကျန် — ဟာ . . . ဘယ်ဖြစ်မလဲ . . . ကျုပ်ကလည်း တပြားမှ အမြတ်မစားရဘဲ သူ့ကို ကူညီထားတာ . . . လုပ် လုပ် . . . အာစရိ . . . ပေးစရာရှိတာ ပေးတော့ . . .

ဒေါ်ဇီဇာ — ဘယ်ရမလဲ . . . ဟော့ . . . မောင်ဃီတိ . . . ငါ့ကိုအရင် ပေး . . . နင်လူပါးမဝနဲ့ နင့်ငွေတွေအကုန်ဆုံးချင်သလား . . .

ကိုဘကျန် — အောင်မာ ဆုံးချင်းဆုံးရင် ခင်ဗျားငွေသာဆုံးမှာ ခင်ဗျားက ဝန်ထမ်း . . . ဝန်ထမ်းငွေတိုးချေးရင် ဘာဖြစ်မယ်ထင်လဲ . . .

ဒေါ်ဇီဇာ — ဟော့ . . . ငါလည်းလိုလို့ငါလုပ်တာ နင့်အယူပါသလား . . . နင်လည်း ခမျှာရုံရုံပုံငွေတွေနဲ့ လှည့်ပြီး အကြံအဖန်လုပ်နေတာ . . . ပြောလိုက်ရင် ညီအရပ်ထဲက တောင် လွှင့်သွားမယ် . . . ဟင်း . . . ဟိုနေ့ညက ကင်းစောင့်တယ်ဆိုပြီး နင်တို့ ကင်းတဲပေါ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ . . . ဟဲ ဟဲ ဟဲ ဟဲ . . . ဇီဇာကို . . . ပလီပလာမလုပ်နဲ့ . . . မရဘူးနော် . . .

ကိုဘကျန် — ကင်းတဲပေါ်မှာ ဖြစ်နေတာ သိမှာပေါ့ . . . ခင်ဗျား ကလည်း ကင်းတဲနားက အိမ်ပေါ်ကို တိတ်တိတ်

ရောက်နေတာကိုးဗျ . . . ညောင်မြစ်ကိုမထိနဲ့ ပုတ်သင်ဥကွဲသွားမယ်နော် . . . မုဆိုးဖိုနဲ့အပျိုကြီး မမ ရင်ခုန်ဝေညနာကို ကြေညာလိုက်ရမလား . . . ဟင်း ဟင်း ဟင်း . . . ဖားတုလို့ခရုခုန် အိုင်ပျက် ရုံပဲ ရှိတော့မှာပေါ့ ဒေါ်ဇီဇာ . . .

ဒေါ်ဇီဇာ လူပါးဝလို့ အဲဒါ အိုင်ပျက်အုံး . . . အိုင်မပျက်ခင် ယူ ပျက်ပြီမှတ်
(ဆံပင်ဆွဲ၍ ဘကျန်အား ပါးပိတ်ရိုက်)

ကိုဘကျန် ဘကျန်ကို စမ်းတာပေါ့ . . . ဟော့ ဘကျန်က ယောကျ်ားပေမယ့် မိန်းမထက်အောက်တန်းကျ တဲ့ စိတ်ဓါတ်ရှိပြီးသား . . . အဲဒါ ယူပျက် . . .
ဘကျန် ဒေါ်ဇီဇာကို ဝင်၍နပမ်းလုံး . . . နှစ်ဦးသား တွဲသတ်ရင်း ကိုဘကျန် လုံချည်ကျွတ်ကြ ကိုယ်ထိန်မပူး မျက်နှာကိုလက်ဝါးနှင့်အုပ်ရင်း

(ကားချ)

ခန်းစဉ် (၂)

လမ်းရှုခင်းတစ်ခု

မျက်နှာချင်းဆိုင်ဘက်မှ ထွက်လာသော ကိုအာယုနှင့်ကိုပီတိ အလယ်မှာဆုံ

ကိုအာယု အင်း . . . လူရွှင်တော်နဲ့အကြွေးဆိုတာ အပ်နဲ့အပ် ချည်ပါကွာ . . . ဘယ်လိုမှ ကင်းကွာနေလို့ မတင့် တယ်ပါဘူး . . . သစ်ပင်မှန်ရင် အခွံနဲ့ သဘင် သည်မှန်ရင်အကြွေးနဲ့တဲ့ . . . အကြွေးတင်လို့များ တော့ အားမငယ်လိုက်ပါနဲ့ မြတ်စွာဘုရားတောင် ဝဋ်ကြွေးတင်တော်မူခဲ့သေးတာပဲ၊ တို့က ပုထုဇဉ် ရှိသေးတဲ့ညစ်စွာ . . .

ကိုပီတိ အဲဒါတွေ ငါတွေးပူမနေပါဘူးကွာ . . .

ကိုအာယု ဘယ်ပူပါ့မလဲ . . . ပြန်ဆပ်ဖို့အစီအစဉ်မရှိတဲ့ညစ်စွာ . . .

ကိုပီတိ ဆပ်တာကတော့ဆပ်မှာပေါ့ . . . လောလောဆယ် ဆပ်စရာ ငွေမရှိသေးတော့ ဆပ်ပါ့မယ်ဆိုတဲ့ ဝန်ခံ ချက်ကို ဘယ်သူယုံမှာလဲကွာ . . . ငါ အိပ်ယာထ လို့ မျက်စိနှစ်လုံးပွင့်တာနဲ့ ပထမဦးဆုံးမြင်ကွင်း ဟာ ကြွေးရှင်တွေရဲ့ မျက်နှာဆိုးကြီးတွေပဲ . . . နေ့စဉ်နဲ့အမျှမြင်နေရတော့ . . . မင်္ဂလာရှိနိုင်ပါဦး မလား . . . မင်း စဉ်းစားလေ . . .

ကိုအာယု ညီတော့ မင်းနားမှာ သူတို့မရှိစေချင်တဲ့သဘော လား . . .

ကိုပီတိ ငွေရှာလို့မရမချင်း . . . နားအေးပါးအေး နေချင် . . . ရှာဖွေချင်တာပေါ့ကွာ . . .

ကိုအာယု (မေးစေ့ကိုပွတ်စဉ်းစားရင်း) ဖြန်းကနဲ လေဖြတ် ပစ်လိုက်ကွာ . . .

ကိုပီတိ ညီလောက် သန်သန်မာမာကြီး ဘယ်သူယုံမှာလဲ ဟ. . . လေဖြတ်ဟန်ဆောင်ကတည်းကငါလည်း ဘယ်သွားပြီး ငွေရှာလို့ရတော့မှာလဲ . . .

ကိုအာယု အရေပြားရောဂါကျတော့လည်း တဖြည်းဖြည်းမှ လက္ခဏာပေါ်တာ. . . မင်းကြွေးရှင်တွေကအရေ ပြားရောဂါသည်လည်း နပမ်းလုံးပြီးတောင်းမယ့် သဘော. . . ရူးချင်ဟန်ဆောင်တော့လည်း သဘင်သည်ဆိုတာ နဂိုကတည်းက သရုပ်ဆောင် စားတဲ့လူတွေဆိုတော့ သိနေပြန် . . . တီဘီရောဂါက ကူးစက်တာတော့မှန်တယ်. . . ချောင်းခွ ခွ ဆိုးပြနေရတာနဲ့ အဟုတ် တီဘီဖြစ်သွားနိုင် တယ် . . . အင်း ဝမ်းရောဂါ ဆိုရင်တော့ . . .

ကိုပီတိ တော်ပါတော့ကွာ . . . ကျက်သရေမရှိ မင်္ဂလာမရှိ . . .

ထိုစဉ် အဝေးမှဟောပြောသံများ ပေါ်လာမည်၊

နှစ်ဦးသားနားစွင့် . . .

(ပဟောပြောသံ)

“အခုလို ကျွန်တော်တို့ရဲ့ နှစ်သိမ့်ဆွေးနွေးပညာပေးအစီအစဉ်ကို ရပ်ကွက်နေ မိဘပြည်သူများ လိုလားစွာ တက်ရောက်ကြတဲ့အတွက် ကျေးဇူးတင်ပါတယ် . . . တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အေအိုင်ဒီအက်(စ်) ခေါ် ခုခံအားကျဆင်းတဲ့ရောဂါဟာ . . .

အသံခဲ့စက်မှ . . အသံမျိုးစုံပေါ်၍ပျောက်သွားဟန် ၊

ကိုအာယု (စဉ်းစားရင်း ပြုံး) ဟုတ်ပြီ . . . ဟုတ်ပြီ . . . ပီတိမင်းမှာ ဖြစ်ပေါ်နေတဲ့ ကြွေးတိုး ကြွေးကင်ဆာ အကြွေးဝက်ပါကြီးကို ဖြူခွင်းပေးမယ့် နည်းလမ်းရှာလို့ရပြီကွ . . . ညီမှာ သေချာနားထောင် . . . နားနားကပ်၍တိုးတိုးပြော . . . ကိုပီတိခေါင်းညိတ် . . . ပြုံးပြီး

ကိုပီတိ အေး . . . ကောင်းတယ် . . . အဲ့ညီအတွက် မင်းကိုငါ လက်ဖက်ရည်တိုက်မယ် ဆိုင်ကိုလိုက်ခဲ့ပေ တော့ . . .

(ဝမ်းသာစွာဝင်ပြေး)

ကိုအာယု ညံ့လိုက်တဲ့ကောင် ညီလောက်ကလေးမှ ဦးနှောက်

မသုံးချင်ဘူး (ခဏစဉ်းစားပြီးမှ) ဟောဗျာ ငါ ဘာတွေပြောလိုက်မိပါလိမ့် လိုက်မေးဦးမှ . . .

(ဝင်လိုက်သွား)

(ကားချ)

ခန်းစဉ် (၃)

ကိုပီတိ၏အိမ်
ကိုပီတိ၊ ကိုအာယု ငိုင်နေ . . . မပူစူးအော်၍ငို

မပူစူး ရှက်တယ်တော့. . . ရှက်တယ်. . . တော့်ကိုကျုပ် မပေါင်းဘူး၏၏၏အမယ်လေးအရပ်က တို့ရဲ့. . . (အာယုဘက်လှည့်ပြီး)ပြီးတော့ဘာဆက်ပြောရ မှာတုန်း . . .

ကိုအာယု နင်ကလည်း မင်းသမီးလူထွက်မဟုတ်တဲ့အတိုင်း ပဲ. . . ရှည်ရှည်ငိုလေငိုချင်းရှည်မှလူတွေထွက်လာ တော့မှာပေါ့ဟ . . .

(တီးဝိုင်းမှ ငိုချင်းရှည်တီးပေးပါ)

မပူစူး အော်. . . ဆရာဘုရာ့. . . မရဏကြွရှာပေါ့ . . . ဒကာ ဒကာမ ပူဇော် . . .

ကိုအာယု ယော့ . . . ယော့ . . . ဘုန်းကြီးပုံငိုချင်းရှည်မဟုတ်ဘူး . . . ရော့ အဲဒါကိုဖွဲ့နွဲ့ ငိုရမှာ . . .

(စာရွက်လှမ်းပေး မပုစူး စာရွက်ကိုကြည့်ရင်း)

မပုစူး — အိပ်ချစ်အိုင်ဗွီ. . . ဖိုးရယ်တဲ့မှ. . . ဝင်တယ်. . .

ကိုအာယု — အသံမထည့်နဲ့လေ . . . အဲညီပိုးနဲ့ အကြောင်းအရာကိုပြောရမှာ . . .

မပုစူး — တော်ပဲ ငိုချင်းရှည်ဆို . . .

ကိုအာယု — အဲညီ ငိုချင်းရှည်မဟုတ်ဘူးဟ. . . အကြောင်းအရာကို ရှည်ရှည်ဆွဲထိုလို့ပြောတာ . . . အသံကိုလည်း မြှင့် . . . ညါမှ တစ်ရပ်ကွက်လုံး ဆူပူသွားမှာ . . . ငိုသံကြားလို့ လာလည်းမေးရော . . . ပီတိမှာ ညီရောဂါရှိတဲ့အကြောင်းပြောပြ . . . အဲညီမှာ မင်းဖြစ်ချင်တဲ့ နားအေးပါးအေး လူမှုဆက်ဆံရေးကို ရရောမဟုတ်လား . . . ကိုင်း ငါသွားမယ် . . . မင်းစီမံကိန်းအောင်မြင်ပါစေကွာ . . . ကိုင်း . . . အစီအစဉ်ပြန်စမယ် . . . ဝမ်း တူးသရီးဖိုး. . . အဲ အဲ ဖိုး သရီး တူး ဝမ်း . . . ငို . . .

မပုစူး — အမလေး . . . လူရှုပ် လူပွေ သိပ်လည်တဲ့လူလည် . . . ပန်ကာ့ထိပ်သီး ငမွတ်ကြီး အခုတော့ လည်လွန်းတဲ့ဘီး မစင်ရော ဘိနပ်စုတ်ရော ရွှံ့ဗွက်ပုတ်ရော သင့်ပြီမဟုတ်လား . . . (ကိုပီတိဖက်လှည့်၍ လေသံဖြင့်) ကျုပ်ကို စိတ်မဆိုးနဲ့နော်၊ ကျုပ်က

သရုပ်တူအောင်လို့ ညါမှ သူတို့ကြောက်လန့်ပြီး မလာရဲတော့မှာ) (ပြန်အော်) တော်အိမ်ကထွက် အခုကို တော့မျက်နှာမကြည့်ချင်ဘူး. . . ဟီးဟီး . . . ရှက်တယ် . . .

ဒေါ်မျက်ပြူး မဝက်မ ဝင်လာမည် . . .

ဒေါ်မျက်ပြူး ဟဲ့ မပူစူး . . . တငိုငိုနဲ့ ဘာဖြစ်နေတာလဲ. . .

မပူစူး (ငိုဟန်ဆောင်ရင်း) သူ့မှာ သူ့မှာ အဟင့်ဟင့် . . . ဟိုရောဂါဖြစ်နေပြီတဲ့ . . . အဟင့် ခဏ ခဏ ဖျားပြီး ဝမ်းတွေသွားနေလို့ သွေးသွားစစ်ခိုင်းတာ . . . သွေးထဲမှာ အိပ်(ချ်)အိုင်ဗွီပိုး(ကြက်သီးထ) ရှိနေသတဲ့ . . . ပွဲကသွားရင်း . . . ချောင်ရင်ချောင် သလို ကြိတ်လာတာနေမှာ . . . အမလေး ကျုပ်ကို ကူးနေပြီလားတောင်မသိဘူး . . .

ဒေါ်မျက်ပြူး မင်းက . . . ဟို ဥစ္စာလေးတွေ မသုံးဘူးလားကွဲ့ . . .

မဝက်မ အို တော်ကလည်း . . . တော်မေးစရာလား . . . ညီမယ် မပူစူးရဲ့ ဒီရောဂါဟာ အဲလို ဖိုမကိစ္စရှုပ်မှ မဟုတ်ဘူး . . . ဒီပြင်နည်းတွေနဲ့လည်း ကူးစက် တတ်တယ်တဲ့ . . . နောက်ပြီး ဝေဒနာရှင်ကို နှစ်သိမ့်ပေးရမယ် . . . ဝိုင်းဝန်းကူညီရမယ်တဲ့ . . . ဟုတ်တယ်နော် . . . ဒေါ်မျက်ပြူး . . .

ဒေါ်မျက်ပြူး　　ဟုတ်ပတော် . . . သူလည်း လူပဲဥစ္စာ. . . ညီမယ် မပူစူး . . . ဆေးထိုးအပ်မသန့်ရှင်းတာတွေ လက်မှာအရုပ်ထိုးတဲ့စက်တွေကလည်း ဒီ . . . ဒီ. . . နေပါဦးအေ . . . (စာအုပ်လှန်ကြည့်) အိပ်ချ်အိုင်ဗွီ ဖိုးဟာ ကူးသတဲ့ . . . ညီး ကိုယ့်လင်ကိုယ် ဘာ အပြစ်မှမတင်နဲ့ . . . အိမ်ဦးနတ် အရှင်သခင် နားလည်လား . . . မောင်ပီတိ ဘ ာ မ ှ အ ာ း င ယ ် စရာ မလိုဘူး . . . အဒေါ်တို့ရှိတယ် . . . အားရှိအောင်နေ . . . ရောဂါဖြစ်ရင် မြန်မြန်ကု . . . ဘာ စိတ်ညစ်စရာမှမတွေးနဲ့ . . .

(ဘကျန်ဝင်လာမည်)

ကိုဘကျန်　　ဟုတ်တယ် အာစရိ . . . ကျုပ်တို့လည်း ရှိတယ် . . . ဒါဟာ အားလုံးမှာ တာဝန်ရှိတဲ့ကိစ္စ လိုတာကိုပြော ဟိုနေ့က ရပ်ကွက်ထဲမှာ လာပြီးပြော ပြောတာကို ကျုပ်နားထောင်ပြီးသား တစ်မျိုး သားလုံးအပေါ် ပေကျန်သွားမယ့်အစွန်း အကွက် ဘကျန်တို့အကြံယူပြီး ကြံစည်ကြိုးပမ်းရမယ်. . .

ဒေါ်ဇီဇာ　　နင့်ဥစ္စာ "ကျန်" တွေများလှချည့်လား . . . မောင်ပီတိ . . . မင်းဟာတို့ရပ်ကွက်ကလေးမှာ ငါတို့ဝိုင်းဝန်းပြုစုကူညီသင့်လို့ ညီရောဂါရလာတဲ့ မဟာကံထူးရှင်ပါကွယ် . . . မင်းကို ဘယ်လို

သေခြင်းတရားကမှ မနိုင်စက်မလွှမ်းမိုးစေရဘူး . . . တို့ကြွေးတွေမကျေမချင်းပေါ့ကွယ် . . . အဲလေ . . . ယောင်လို့. . . ဟော့. . . ဘကျန် . . . နင်က . . . သူကိုယ်လက်ကျန်းမာရေးအတွက် အားကစား လှုပ်ရှားမှုကို တာဝန်ယူ . . .

ကိုဘကျန် စိတ်ချပါဗျာ . . . ကျုပ်က မနက်တိုင်း လမ်းလျှောက်နေကျပါ . . . အပမ်းမကြီးပါဘူး . . . တစ်နေ့နှစ်ကြိမ်လောက် ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ရင်ရပါပြီ . . .

ဒေါ်ဇီဇာ ဝက်မ . . . ညည်းက အားရင်အားသလို မျက်ပြူးနဲ့အလှည့်ကျ မောင်ပီတိကို စောင့်ကြည့်. . . ထူးခြားတာတွေ့ရင် ငါ့ကိုပြော . . . ဆရာဝန်ဆီပြဖို့ အားဆေးဝယ်ဖို့ ငါတာဝန်ယူမယ် . . .

ဒေါ်မျက်ပြူး ရတယ် . . . မမဇီဇာကလည်း အားရင်အားသလို လာလာကြည့်ပြီး အားပေးပေါ့ . . .

ကိုဘကျန် ဟုတ်ပြီ . . . ညီအချိန်ကစပြီး ကိုပီတိရဲ့ အနာဂတ် ရှည်ရှည်နေရေး၊ ကျန်းမာရေးတို့ကို ဒေါ်ဇီဇာ ဦးဆောင်သော ဒေါ်မျက်ပြူး၊ မဝက်မနှင့် ဘကျန် တို့လေးဦးပြုစုနှစ်သိမ့်ဆွေးနွေးရေးအဖွဲ့ငယ်က တာဝန်ယူလိုက်ကြောင်း . . . အေအိုင်ဒီအက်(စ်) ရောဂါနှင့်အိတ်ချ်အိုင်ဗွီပိုးတို့ အချိန်မီ နောက်

ဆုတ်နိုင်ရန် အသိပေးလိုက်သည် . . .

လေးဦးသား လက်တွဲ၍ ကိုပီတိအား ဝိုင်းဖွဲ့ပြုစု ဟန် ရုပ်သေ

ကိုပီတိ မျက်နှာရှုံ့မဲ့၍ရပ်နေ

(ကားချ)

ခန်းစဉ် (၄)

လမ်းရှုခင်း
နောက်ခံစကားပြောမည်. . .
ကြွေးရှင်တွေကို စိတ်ညစ်လို့ . . . ကြွေးရှင်တွေ အနားမကပ်ဝံ့အောင် ဥပါယ်တမျဉ်နဲ့ ခြောက်လှန့်လိုက်တဲ့ ကိုပီတိခမျာ . . . ကိုယ်ရှူးကိုယ်ပတ် ကိုယ့်အပ်ကိုယ်စူး ဖြစ်ခဲ့ရပါပြီ . . .
ပြေးခွာရှောင်ကျဉ်အောင် ကြံစည်မိကာမှ ပိုပြီး တိုးဝင်ချဉ်းကပ်လာရုံမကဘဲ လူမှုအသိကိုယ်စီနဲ့ စေတနာတော် ထက်သန်နေကြပုံကို ဒီလို ဆက်လက်ခံစားကြည့်ကြပါဦးခင်ဗျာ . . .
**AIDS** သီချင်းဝင်လာမည် . . . သီချင်းအတွင်း ကိုဘကျန်နှင့်ကိုပီတိ အားကစားလှုပ်ရှားမှုများ . . .
ဒေါ်မျက်ပြူးနှင့်မဝက်မ ဝိုင်းဝန်းအားပေးဟန်၊ စမ်းသပ်ဟန်၊ အားဆေးများတိုက်ဟန် . . .

ဒေါ်ဇီဇာ ဆရာဝန်ခေါ်၍ အဖျားတိုင်း၊ သွေးချိန်၊ ကျန်းမာရေးစစ်ဆေးဟန်များ. . . ကိုပီတိတစ်စ ထက်တစ်စစိတ်ညစ်လာဟန်. . .

ဤပြုစုဟန်များကို (၂)ကြိမ်မီ သရုပ်ဆောင်မည်။ သီချင်းဆုံးလျှင်

(ကားချ)

ခန်းစဉ် (၅)

ကိုပီတိအိမ်

ကိုပီတိ တုန်လှုပ်နေမည် . . . ကျီးကြည့်ကြောင်ကြည့် လျှောက်၍ကြည့်. . . မပူစူးဝင်လာ . . .

မပူစူး ဒါက. . . ဘာဖြစ်နေတာလဲ. . . တုန်တုန်ရီရီနဲ့ . . . တော့်ကြည့်ရတာကို . . . ကျပ်ဖြင့် . . . ရူးချင်သလိုလို ဖြစ်နေပြီ . . .

ကိုပီတိ မင်းက ရူးချင်တဲ့အဆင့်ရှိသေးတာ . . . ငါက သေကိုသေချင်နေပြီ . . . ငှဲ့ဟာငါ ကြွေးရှင်တွေကို တောင်းပန်နေရင်ပြီးတဲ့ဥစ္စာ မတော်တရော် အကြံတွေပေးလို့ငါခုလိုဒုက္ခရောက်နေတာ. . .

မပူစူး တော်ပဲ နားအေးချင်လှဆို . . .

ကိုပီတိ နင်မြင်တဲ့အတိုင်းပဲ အချိန်ရှိသရွေ့ ဖျားသလား မောသလား၊ ဘယ်နှယ့်နေသလဲ၊ ဆေးမှန်မှန်

သောက်ရဲ့လား၊ ကိုယ်အလေးချိန်တိုးသလား အဲဒီ "လား" ပေါင်းများစွာကို သုံးဦးအလှည့်ကျ မေးသမျှ ငါတစ်ယောက်တည်း ဒိုင်ခံပြီး ဖြေနေရ တာ . . . ငါ့ကိုယ်ထဲမှာ တကယ်အိပ်(ချ်)အိုင်ဗွီပိုး တွေရှိနေရင်တောင် သူတို့မေးခွန်းတွေကို နား ညည်းတာနဲ့ထွက်သွားလောက်ပြီ . . . ဘာမှမဖြစ် ဘဲ သောက်လိုက်ရတဲ့ဆေး . . . လုပ်လိုက်ရတဲ့ လေ့ကျင့်ခန်းတွေ . . . ဝေဒနာရှင်နဲ့တူအောင် မျက်နှာကြီးက တစ်ချိန်လုံးရှုံ့မဲ့ထားရ . . . ကြာရင် မျက်နှာသေကြီးဖြစ်ပြီး လူ့ရှင်တော်ခေါ်မယ့်အဖွဲ့ ရှိမှာမဟုတ်တော့ဘူး . . . နဝကဒုက္ခတွေမခံရတော့ ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ . . . တကယ် ဝေဒနာရှင်ဆိုရင် . . . သူတို့ပြုစုတာ နှစ်သိမ့်အား ပေးတာတွေဟာ ထိရောက်ထက်မြက်ပါတယ် . . . ညါပေမယ့် ငါက လူကောင်းက ဟန်လုပ်နေရတဲ့လူ ဆိုတော့ သူတို့ကို ဒုက္ခပေးသလိုဖြစ်နေတော့ အားနာစရာကြီး . . .

ဒေါ်ဇီဇာ (ပြောရင်းဝင်လာမည်) အားနာစရာ မလိုပါဘူး မောင်ပီတိ၊ အစကတည်းက မင်းအကြံအဖန် လုပ် . . . အကွက်ဆင်မှန်း ငါတို့သိပြီးသား . . .

ကိုပီတိ ဗျာ . . .

ဒေါ်မျက်ပြူး လူ့ရှင်တော်လည်တာလောက်တော့ ငွေတိုးပေး

စားတဲ့အကြွေးရှင်က ရယ်တာပေါ့ ပီတိရယ် . . . ပူဦးမ အော်ထိုလိုက်ကတည်းက ဇာတ်လမ်းစပြီဆို တာ တွက်လိုက်ပြီးသား . . .

မဝက်မ အကြောင်းပြချက်တစ်ခုနဲ့ လစ်ပြေးသွားမှာစိုးလို့ ကျုပ်တို့ တိုင်ပင်ပြီး အနီးကပ်စောင့်ကြည့်နေကြ တာလေ . . .

ကိုပီတိ တကယ်ကို တော်ကြတာပါလားဗျာ . . .

ကိုဘကျန် တော်တာပေါ့ . . . ကျုပ်တို့က နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းတက်ထားကြတာကိုးဗျ . . . ကိုင်း . . . ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ် တုန်းက ပြတ်သွားတဲ့ဖိနပ်ဘိုး၊ စုတ်သွားတဲ့ ဘောင်းဘီဘိုး၊ ထောင့်နှစ်ရာ ခင်ဗျားလျော်တော့ . . .

ဒေါ်မျက်ပြူး မင်းဆီလာမေးပြီး ပြုစုတုန်းက လစ်ဟင်းလို့ဆုံးရှုံး သွားတဲ့ ငါ့အရောင်းအဝယ်ငွေသုံးရက်စာ လေး ထောင့်ငါးရာ (လက်ဝါးဖြန့်ရင်း) တကယ်ရောဂါ သည်ဆိုရင် တို့ကတောင် ပေးဦးမှာပါ . . . အခု ဟာက ကလိန်ကကျစ်ကိစ္စဆိုတော့ ဟဲ . . . ဟဲ . . .

မဝက်မ ကျုပ်ကတော့ ဓါတ်စာ အသီးအနှံဖိုးနဲ့ စိတ်ဓါတ် တက်ကြွအောင်ဝယ်ပေးထားရတဲ့ စာအုပ်ဖိုး တစ်ထောင် . . .

ဒေါ်ဇီဇာ — ဟဲ ဟဲ ဟဲ ဟဲ . . . ငါကတော့ အားဆေးဖိုးနဲ့ သီးနှံခါတ်စာဖိုးသာပြန်ယူပဲ့မယ်ကွယ် . . . ဟဲ ဟဲ ဟဲ . . .

ကိုပီတိ — နေ . . . နေ ကြပါဦးဗျာ . . . ခင်ဗျားတို့ အားလုံး ကျွန်တော် ညီလို လုပ်မယ်ဆိုတာ ဘယ်လို သုံးသပ် ဝေဖန်ချက်နဲ့များ သဲလွန်စရသွားကြတာလဲ . . .

ဒေါ်ဇီဇာ — အိုင်ဆေး ကိုနှင်းမောင် တရားခံကိုယ်တိုင်က ချီးမွမ်းအံ့သြယူရတဲ့ အထိ ကောက်ချက်ဆွဲ အကွက်မြင်တတ်တဲ့ မိတ်ဆွေကြီးရဲ့ အမှုလိုက်ပုံ လေး ပြောလိုက်စမ်းပါဦး . . .

ကိုဘကျန် — ပြောစရာမလိုပါဘူးဗျာ . . . ညီစာလေးပြလိုက်ရုံနဲ့ အမှုမှန်ပေါ်သွားပြီဆိုတာ. . . သူသိမှာပါ. . . ရော့ . . ဖတ်ကြည့်ပါဦး. . . ကိုပီတိ . . .
ဘကျန် စာကိုထုတ်ပေး၊ ကိုပီတိ ဖတ်ကြည့်. . .

သူငယ်ချင်း ပီတိ

ဟိုနေ့က မင်းဆီကအပြန် ဒေါ်ဇီဇာနဲ့တွေ့ တော့ သူတို့ အေအိုင်ညီအကစ်(စ်)ရောဂါရှင်ကို နှစ်သိမ့်မှုပြုစုတဲ့သင်တန်းတက်နေတာတဲ့ . . . အဲဒီ ပို့ချဟောပြောချက်တွေကို လက်တွေ့ကွင်းဆင်း အကောင်အထည်ဖော်ချင်တယ်တဲ့ . . . ငါ့ကို

အဲလိုပြောတာနဲ့ မင်းမှာ ဒီလိုအစီအစဉ်ရှိ ကြောင်း သရုပ်ပြလူနာအထူးရှာဖို့ မလိုဘဲ လေ့ကျင့်ပြုစုနိုင်ကြောင်း ဖွင့်ပြောပြီး ငွေ သုံးထောင် ဆန့်ဖိုး ချေးသွားလိုက်တယ်ကွာ . . .

**ဘဝတူလူရှင်တော်ချင်း မင်း စာနာနိုင်ပါစေ**

**အာယု**

ကိုပီတိ "ဟိုက်"

အော်ရင်း ပက်လက်လန်၍ လဲသွား . . . အားလုံး အံ့အားသင့်စွာဖြင့် ရုပ်သေဖြစ်လျက်

သီးချင်းဝင် **(AIDS)** . . .

သီးချင်းဆုံးလျှင်

# ကားချမည်။။

# ဘိုးမင်းခေါင်
# ခင်ဗျား - - -

ချစ်စရာ

# ဘိုမင်းခေါင်

ပါဝင်သောဇာတ်ကောင်များ

ဘအောင်
ဦးရိုး
မောင်မြ
စာတိုက်မှူး
စာတိုက်ဝန်ထမ်းများ (၃ ယောက်)

ခန်းစဉ် (၁)

တဲတစ်ခြမ်း

ငိုင်နေသောလူကြီးတစ်ဦးနှင့် အတွင်းမှစကား ပြောသံပေး

-အတွင်း-

ဆင်းရဲလိုက်တဲ့ဘဝနှယ်ကွာ လုပ်စား တော့မိုးခေါင် . . . ခိုးစားတော့ရဲနဲ့မိ ဆိုတာလို . . . ဘယ်နေရာမှအဆင်မပြေနိုင်ပါလား. . . ဒီကြား ထဲ ဘဝထွက်ပေါက်ရမလားလို့ ရှိတာလေးပုံပြီး ခဲ့ထိုးမိပါတယ် . . . ညှိုင်ပြေးတဲ့အပတ်နဲ့ ကြုံပြီးချွတ် ခြုံကိုကျသွားတာပဲ . . . အိမ်ပတ်လည်မှာလည်း အကြွေးပတ်လည်နဲ့ . . . မနက်လင်းလို့ မျက်စိ နှစ်လုံးပွင့်တာနဲ့ စမြင်လိုက်ရတာ ကြွေးရှင်ရဲ့ မျက်နှာ . . . အိုကွာ သေတာပဲ ကောင်းပါတယ် . . .

ကိုဘမောင် — ဦးလေးရှို . . . ဦးလေးရှို . . . ဘယ်နှယ့်ဗျာ . . . ညီ အသက်အရွယ်ကျမှ ဘာပြုလို့ မိုက်ချင်ရတာလဲ . . .

ဦးရှို — လွှတ်စမ်းပါ ဘမောင်ရာ . . . ငါသေချင်လွန်းလို့ပါ ကွ . . . ငါသေပါရစေ . . .

ကိုဘမောင် — ခင်ဗျားအသက်လည်း မငယ်တော့ပါဘူးဗျာ . . .

ညီအတိုင်းနေသွားရင်လည်း သေဖို့ရာ အချိန်ကပ် နေပါပြီ . . . သေရမယ့်အတူတူ အမှုထပ်မရှုပ်ချင်ပါ နဲ့တော့ . . .

ဦးရိုး လွှတ်ပါ ဘမောင် . . . ငါသေကိုသေမှ ဖြစ်မယ်ကွ . . . လွှတ်စမ်း . . .

ကိုဘမောင် ညီလောက်သေချင်လည်း သေဗျာ
(ဘမောင် လွှတ်ပေးလိုက်သည်၊)
ဦးရိုး ဓါးကိုင်၍ငိုင်နေ

ကိုဘမောင် သေလေဗျာ . . . ကိုင်းသေလိုက် . . .

ဦးရိုး အဲလို ခွင့်ပြုပြန်တော့လည်း မသေချင်ပြန်ဘူးကွ . . . မင်းကွာ ခုနတုန်းကဆိုရင် ငါ့အရှိန်နဲ့ငါ သေလို့ရသေးတယ် . . .

ကိုဘမောင် နေစမ်းပါဦး . . . ခင်ဗျားက ဘာပြုလို့ ညီလောက် အရေးပေါ် သေချင်နေရတာလဲ . . .

ဦးရိုး အကြွေးတွေကြောင့်ပေါ့ ဘမောင်ရယ် . . . ဟိုလူ့ စကားယုံ . . . ညီလူ့စကားယုံနဲ့ အခုရှိတာတွေကုန် . . . ပြရနာပုံတဲ့အထိ ဘယ်လိုမှ ရှင်းမရတော့လို့. . .

ကိုဘမောင်ခ အတွက် အသက်ပေးတော့မယ်ဆိုပါတော့ . . . ခင်ဗျားဥစ္စာ ဦးရိုးဆိုတဲ့နာမည်နဲ့လိုက်အောင် ရိုး

နေတာက ကိုး . . . ဦးရှိုကနေ ဦးအလှိုထပ်ပြောင်း လိုက်တော့ . . .

ဦးရှိုး ပြောရင်လည်း ခံရတော့မှာပဲ ဘမောင် . . . ငါတော့ ထူပူပြီး ဘာလုပ်လို့ လုပ်ရမှန်းကို မသိ တော့ပါဘူး . . .

ကိုဘမောင် အဝင်ရှိရင် အထွက်ရှိရမှာပေါ့ဗျ . . . အဆင်းရှိရင် အတက်ရှိရမှာပေါ့ . . . ဒုက္ခပေးသူရှိရင် ဒုက္ခက ကယ်သူလည်း ရှိနေပြီးသားပါ . . .

ဦးရှိုး ဟော . . . လုပ်စမ်းပါဦးကွာ . . . ငါ့ကို အဲညီ ကယ်တင် ရှင်နဲ့တွေ့ပေးစမ်းပါ . . .

ကိုဘမောင် ကျုပ် ဟိုတလောက အကြွေးတွေပတ်လည်ဝိုင်း နေတာလေ . . . ထောင်ကျမလိုဖြစ်နေတာ . . . အဲဒါ အဘ ကယ်လိုက်လို့ အကုန်ကင်းရှင်းသွားတာဗျ . . .

ဦးရှိုး ရွာမှာနေတဲ့ မင့်အဘလား . . .

ကိုဘမောင် အို . . . တုံးပွဲဗျာ အဘဘိုးမင်းခေါင် . . . ထွက်ရပ် ပေါက်ပုဂ္ဂိုလ်ဘိုးမင်းခေါင်ကယ်လိုက်တာ . . .

ဦးရှိုး အေး ငါသူ့ဆီသွားချင်သကွာ . . . ငါဘာလုပ်ပေးရ ပေးရ ဒုက္ခကလွတ်ရင်ပြီးတာပဲကွာ . . . လာ ငါ့ကိုလိုက်ပို့ . . .

**ကိုဘမောင်** (ရယ်နေရင်း) ညီလိုသွားလို့ မရဘူးဗျ . . . ဘိုးမင်းခေါင်က လူ့ပြည်မှာ မရှိတော့ဘူး . . .

**ဦးရှိုး** မင်းဥစ္စာ ခွေးဝမ်းသာအောင် လေလည်ပြနေပြန်ပြီ . . . မရှိတဲ့ပုဂ္ဂိုလ်ဆီ ဘယ်လိုလုပ်သွားရမှာလဲ . . .

**ကိုဘမောင်** ပူဇော်ရ ကန်တော့ရ ရည်မှန်းပြီး ဆုတောင်းရ တာဗျို့ . . . ရေနွေးကြမ်းတစ်ခွက် လက်ဖက်တစ်ပန်းကန်နဲ့ အဘကို အာရုံပြုပြီး ပူဇော် လိုရာဆုတောင်း အဘက သတ္တဝါတွေ ကယ်နေတာဗျ ခင်ဗျားလုပ်ကြည့်ကျုပ်တော့ လက်တွေ့ ကယ်လိုက်တာပဲ . . . ကဲ သွားမယ် ဦးလေးရှိုး . . .

ဘမောင်ဝင်သွားမည် ဦးရှိုး ဘမောင်အသံကြားရောင်နေသည်။

**ဦးရှိုး** ဘိုးမင်းခေါင် . . . တဲ့ အဘရာ ကျုပ်မလည်း မွဲလွန်းတေလွန်းလို့တစ်ပြားတစ်ချပ်မှ မကပ်တော့ပါဘူး ခင်ဗျားကိုကပ်ဖို့ လက်ဖက်ခြောက်ဖိုး လက်ဖက်ဖိုးတောင် မရှိတော့ဘဝပါအဘရာ . . . အဘ သတ္တဝါတွေကို သနားတတ်တယ် ဒုက္ခသည်တွေကို ကယ်တတ်တယ်ဆိုလို့ ကျုပ်အားကိုးမိတာတော့ အမှန်ပါပဲဗျာ . . . ဒါပေမယ့် ဘယ်လို ဘယ်နည်း နဲ့ အဘကို ကျုပ်ဆက်သွယ်ရမလဲဆိုတာ ကျုပ်

စဉ်းစားလို့မရပါဘူးဗျာ . . .

ပို့(စ်)မင်း မောင်မြဝင်လာ . . .

မောင်မြ ဦးလေးရှို စက်ဘီးဖါချင်လို့ဗျို့ . . . စာလိုက်ဝေရင်း ဘီးပေါက်သွားလို့ဗျ။

ဦးရှို မောင်မြရေ ပစ္စည်းတွေ အကုန်ရောင်းပြီး ခဲ့ထိုး လိုက်လို့ လမ်းထိပ်ကဆိုင်သာ သွားတော့ကွာ . . . ဟ ဟ ခဏနေဦး ခဏ မောင်မြ . . . ခဏလေး ကွာ . . . တဲအတွင်းဝင်သွား . . . ခဏအကြာ စာအိတ်ကိုင်ရင်းဝင်လာ . . .

မောင်မြ စာတွေ ဘာတွေရေးလို့ ဘယ်များပို့မလို့တုန်း . . .

ဦးရှိုး အဲညီအတိုင်းသာ ပို့ပေးပါကွာ သူ့ဟာသူ တစ်ခုခု တော့ဖြစ်သွားမှာပါ . . .
ဦးရှိုဝင်သွား . . .

မောင်မြ (စာအိတ်ကိုကြည့်ရင်း) ဟောဗျာ လိပ်စာလည်း မပါဘူး . . . ဘာတဲ့ ဘိုမင်းခေါင်ဆီပို့ပေးပါ . . . တဲ့

(မီးမှောင်)
ခန်းစဉ် (၂)

စာတိုက်

စာတိုက်မှူး နှင့် ဝန်ထမ်းများ . . . မောင်မြရှိမည်

စာတိုက်မှူး ဘိုးမင်းခေါင်ဆီ ပို့ပေးပါတဲ့ ဟား ဟား ဟား . . . ခပ်ကြောင်ကြောင်ပါလား မောင်မြရ (စာကို ထုတ်ဖတ်)

ဦးရှိုး (အတွင်းမှဖတ်) သို့ . . . ဘိုးမင်းခေါင် အဘခင်ဗျား . . . ကျွန်တော့်မှာ အသက်အရွယ်ခြောက်ဆယ်ကျော်မှ . . . ကြွေးပေါင်ထုံးစာထိုးပြီး ဒုက္ခကြီးကြုံနေ ရပါတယ် . . . အဲဒါ အဘက သတ္တဝါတွေကို ကယ်တယ်ဆိုလို့ . . . ကျုပ် ကျပ်ကိုငွေ သုံးထောင်လောက်ချေးပါခင်ဗျာ . . . ကျုပ်စက်ဘီး ပြင်ဆိုင်ပြန်ဖွင့်ပြီးရင် ပြန်ဆပ်ပါ့မယ် . . . အဘမှ ပိုက်ဆံသုံးထောင်မချေးရင် ကျုပ် ဘဝ ဖြစ်ချင်တာဖြစ် လုပ်ပစ်လိုက်ပါတော့မယ်ခင်ဗျား . . . သုံးထောင်တိတိကိုတော့ အဘကြံဖန်ပြီး ချေးပါခင်ဗျား . . .

မောင်ရှိုး

စာတိုက်မှူး (ရယ်ရင်း) အင်း . . . သနားစရာတော်တော်ကောင်းတဲ့ လူကြီးပဲကွ . . . ဒါ သူကြံမိကြံရာ လုပ်လိုက်ရှာပုံရတယ် . . .

မောင်မြ ရှိုးလည်း ရှိုးသားရှာတယ်ဆရာ . . . တစ်ကိုယ်ရေ တစ်ကာယသမားကြီးဆိုတော့ ဟိုလူ ညီလူ ပြောတိုင်းယုံနေတာနဲ့ ဒုက္ခရောက်ရရှာတာနဲ့ တူပါတယ်

. . .

စာတိုက်မှူး ဒါ လူမှုဝန်ထမ်းအလုပ်ပဲ ဒုက္ခရောက်နေသူကို ငါတို့ ကူညီရမယ်ကွ . . .

မောင်မြ လူသာစုခေါ် နတ်သာစုခေါ် အလုပ်ပေါ့ ဆရာ ရယ်. . .

စာတိုက်မှူး အဲဒီတော့ ဒီနေ့ လစာထုတ်တဲ့နေ့ပဲ ညီစာလေးကို ပြပြီး ရနိုင်သူ အလှူခံကွာ . . . အားလုံး လူမှု ကုသိုလ်ယူရအောင်ဟေ့ . . .
(မောင်မြ စာယူပြရင်း အလှူခံမည်၊ အားလုံး လှူကြ)
-ငါ့ခါဆီက ငါးရာယူ- -သုံးရာကွ- -ကဲ ကဲ ငါက တစ်ထောင်-

မောင်မြ ဆရာရေ . . . ကျွန်တော်တို့ စာတိုက်အဖွဲ့ ကုသိုလ်ပါဝင် ငွေနှစ်ထောင့်ငါးရာ ရတယ်ခင်ဗျ . . .

စာတိုက်မှူး နည်းများမဆိုပေါ့ကွာ စေတနာကုသိုလ်ဆိုတာ ဘယ်တန်ဖိုးဖြတ်လို့ရမှာလည်း . . . သုံးထောင် လိုချင်ရှာတာ နှစ်ထောင့်ငါးရာဆိုလည်း မနည်း ပါဘူးကွ၊ ဟေ့ မောင်မြ အဲညီငွေကို စာအိတ်ထဲ ထည့်ကွာ. . . သူ့ခမျာလည်း ဝမ်းသာသွားအောင် စာအိတ်ပေါ်မှာ အဘဘိုးမင်းခေါင်မှဦးရှိုသို့လို့ ရေးပြီး အမြန်ဆုံး မင်းကိုယ်တိုင်သွားပြီး ပို့ လိုက် . . .

မောင်မြ ဟုတ်ကဲ့ဆရာ . . . ဟုတ်ကဲ့
(မောင်မြဝင်သွားမည်)

စာတိုက်မှူး ညီနေ့ဟာ မင်းတို့ငါတို့အတွက် မင်္ဂလာရှိတဲ့နေ့ဖြစ်သွားပြီ . . . လူမှုဝန်ထမ်းအလုပ်ဆိုတာ . . . သေသေချာချာရှုပြီး လုပ်နေမှမဟုတ်ဘူး တနိုင်တပိုင်ဆောင်ရွက်လိုတဲ့ စေတနာနဲ့စိတ်ဓါတ်ပဲ အရေးကြီးတာကွ . . .

လူတစ်ဦး ဟုတ်ပါတယ်ဆရာ . . . ကျွန်တော်တို့လည်း သူ့စာလေးဖတ်ကြည့်ပြီး သနားလည်းသနားကြတော့ တတ်အားသူ ဝိုင်းကူညီလိုက်ကြတဲ့ သဘောပါ . . .

စာတိုက်မှူး ဘယ်လောက်မရိုးတယ် ရိုးတယ် . . . မရှိတဲ့ပုဂ္ဂိုလ်ဆီကိုစာရေးပြီး ငွေချေးရှာတာသာကြည့်တော့ . . .
(မောင်မြဝင်လာမည်)

စာတိုက်မှူး ဘယ့်နှယ့်လဲဟေ့ မောင်မြ ငွေ ၂၅၀ဝိ ရတော့ ဝမ်းသာမသွားရှာဘူးလား . . . ဘိုးမင်းခေါင် မပြီလို့ထင်မသွားဘူးလားကွ ဟဲ ဟဲ ဟဲ . . .

မောင်မြ စာပြန်ပြီးရေးပေးလိုက်တယ်ဆရာ . . .

စာတိုက်မှူး ကျေးဇူးတင်ကြောင်း ဝမ်းသာကြောင်းတွေ သာဓုခေါ်သံတွေပါမှာပေါ့ကွာ ကဲ စေတနာရှင်အားလုံး

ပီတိဖြစ်ရအောင် ဖတ်ပြလိုက်စမ်းကွာ . . .

(ဦးရိုးအသံအတွင်းမှ) သို့

ဘိုးမင်းခေါင် ခင်ဗျား နောက်တစ်ခါငွေပို့ရင် အဘကိုယ်တိုင်ပို့ပေးပါ . . . အခု အဘပို့တဲ့ငွေ ၃၀၀၀ကို စာတိုက်က ခွေးမသားတွေက ငါးရာ ဖြတ်အုပ်ထားပါတယ်ခင်ဗျား)

စာတိုက်မှူး — ဟိုက်

အားလုံးအံ့သြစွာ ရုပ်သေဖြစ်ရင်း . . .

## ကားချမည်။။

ဘိုးဘွား

# အမွေစစ်

ချစ်စရာ

ဘိုးဘွားအမွေစစ်

ပါဝင်သောဇာတ်ကောင်များ

ဦးရန်ဝေး
ထိပ်တင်ကြွေး
ထိပ်တင်မွှေး
ဦးသာဖြိုး

ကားဖွင့်လျှင် ဖွင့်ခြင်း . . . ညရှုခင်းပြမည် . . .
ခြောက်ခြားကြောက်ရွံ့ဖွယ် တီးလုံးတီးပေးပါ . .
ခွေးအူသံများပေးထားမည် . . .
တစ်ချက်တစ်ချက် မိုးခြိမ်းသံပေး . . .
လူသုံးဦးတူရှင်းပေါက်ပြားတို့ဖြင့် ကြောက်ရွံ့စွာ ဝင်လာမည် . . .
၄င်းသုံးဦးမှာ ရှေ့နေဦးရန်ဝေးနှင့် ထိပ်တင်ကွေး ထိပ်တင်မွေးတို့ဖြစ်မည် . . . ရှေ့ရောက်သည်နှင့်

ဦးရန်ဝေး — ထိပ်တင်ကွေး နဲ့ ထိပ်တင်မွေး ပစ္စည်းအစုံပါ တယ်နော် . . .

ထိပ်တင်ကွေး — ပါ ပါတယ် ရှေ့နေကြီး . . . တူးစရာ . . . ဖော်စရာ ရှိတာသာ စကြပါစို့ . . .

ထိပ်တင်မွေး — ဟုတ်တယ်ရှေ့နေကြီး . . . မိုးရွာလာရင် အကုန် ကြာကုန်လိမ့်မယ် . . .

ဦးရန်ဝေး — တူးမှာပါ စိတ်ချပါ . . . ဒါထက်မောင်ရင်တို့အဖေ မကွယ်လွန်ခင်က ဘာတွေမှာသွားသေးတုန်း . .

ထိပ်တင်ကွေး — ဖခမည်းတော်ထိပ်တင်မောက် အသည်းအသန် ဖြစ်တော်မူတုန်းက ဂယောင်ဂတန်းနဲ့ အမွေ တော်များကိုပေးပ့ါမယ့် . . . ပေးလိုက်ပ့ါမယ်နဲ့ အော်တာကိုကြားရတာပဲ . . . ညီဘွားကရော . . .

ထိပ်တင်မွေး ညီဘွားကတော့ ထိုက်သူတွေရတော့မယ် . . . ထိုက်သူတွေရတော့မယ်လို့ထအော်ရင်း . . . ဟောညီ ဘိုးတော်ရဲ့အုတ်ဂူတော်ရှိရာ လက်ညှိုး ထိုးပြတာ ကြုံဖူးတယ် . . .

ဦးရန်ဝေး ကျုပ်က မောင်ရင်တို့အဖေ ညောင်ဦးမင်းသား ထိပ်တင်မောင်မောင်မောက်လို့ခေါ်တဲ့ ဦးမောက် ရဲ့လူယုံရှေ့နေဆိုတော့ သူကွယ်လွန်ပြီး ဟောညီ သူ့ဖခင် မြရည်နန္ဒာမြို့တော်ဝန် မင်းတလဲစား ဦးသာဖြိုးရဲ့အုတ်ဂူတော်ကိုဖွင့်ပေးဖို့ မှာခဲ့တယ် . . .

မိုးခြိမ်းသံပေါ်လာ . . . လျှပ်ရောင်တစ်ချက်ပေး. . .

ဦးရန်ဝေး (ကြက်သီးထသွားရင်း) သူ့ဖခင် ဦးသာဖြိုးဆိုတာ . . . ရတနာပုံခေတ်က အင်မတန်ကျော်ကြားခဲ့တဲ့ မြို့တော်ဝန်ဦးသာအိုးရဲ့သားပေါ့ . . .

ထိပ်တင်ကွေး အော် စလေ ဦးပုညကို သုတ်သင်တဲ့ဦးသာအိုး လား . . .

ထိပ်တင်မွေး ဒါပေါ့ . . . မိန်းမကိစ္စနဲ့ပတ်သက်ပြီး ပြရနာတက် ခဲ့တာလေ . . .

ဦးရန်ဝေး မိန်းမတွေကို ငွေနဲ့စက်ပြီးဝယ်ခဲ့တာ မောင်တို့ ဘေးတော်ဦးသာအိုးပေါ့ . . .

ထိပ်တင်ကွေး ဟာ . . . တအားကို ချမ်းသာတာပဲနော် . . .

ထိပ်တင်မွေး မြို့တော်ဝန်ဦးသာအိုးဆိုတော့ တံစိုးလက်ဆောင်တွေလည်း တအားရမှာ ဒီကြားထဲ ရိုက်စားခွင်တွေလည်း ရှိချင်ရှိဦးမှာ ဟီ ဟီ . . .

ဦးရန်ဝေး ဦးသာအိုး ကွယ်လွန်တော့ သူ့အမွေကို တစ်ဦးတည်းသောသား ဦးသာဖြိုးက အကုန်လုံး ခံစားရတယ် . . . ဦးသာဖြိုးက မောင်ရင်တို့အဖေ ထိပ်တင်မောက်မွေးပြီး ပုခက်တွင်းမှာ ကွယ်လွန်သွားသတဲ့ . . . သူမသေခင်မှာ ယွန်းသေတ္တာ တစ်ခုလုပ်ပြီး . . . ညတိုင်းတကုပ်ကုပ်နဲ့ ပစ္စည်းတွေထည့်သတဲ့ . . . ပြီးတော့ ဖယောင်းသုတ် . . . ချိတ်ပိတ်ပြီး . . . သူကွယ်လွန်ရင် တစ်ပါတည်းမြှုပ်ပေးရမယ်လို့မှာသတဲ့ . . . မောင်တို့အဖွားကို ကျိန်စာအထပ်ထပ်တိုက်. . . သစ္စာရေ အကြိမ်ကြိမ်တိုက်ပြီး . . . လုံးဝဖွင့်မကြည့်ဖို့မှာသတဲ့ . . . သူ့ ဆန္ဒက . . . သားယောကျ်ားနှစ်ဦးမွေးတဲ့ ဖခင် လက်ထက်ကျမှ ဖွင့်ယူရမယ်တဲ့ မောင်တို့ အဖေ ထိပ်တင်မောက်က တစ်ဦးတည်းသောသားကိုး . . .

ထိပ်တင်မွေး ခမည်းတော်က ဖွင့်ယူဖို့ မကြိုးစားဘူးလား . . .

ဦးရန်ဝေး ကြိုးစားဖို့မပြောနဲ့ ကြံစည်ရုံနဲ့တောင် အသံနက်

ကြီးနဲ့ မထိနဲ့နော် မထိုက်ဖူးနော်နဲ့အော်သံကြားရသတဲ့ဗျ . . .

ထိပ်တင်ကွေး (ကြက်သီးထ) ရှေးလူကြီးများ မထိုက်သူကို မပေးဘူးပေ့ါနော် . . .

ဦးရန်ဝေး တစ်ခါကလည်း ဘာဖြစ်ဖြစ်တူးမယ်ဆိုပြီး ဟောညီအုတ်ဂူနားလာလိုက်တာ မြွေဟောက်အနက်ကြီးက မျက်လုံးအနီကြီးနဲ့ကြည့်ပြီး ပါးပျဉ်းထောင်နေလို့ ပြန်ပြေးလာရသတဲ့ . . . အဲဒီညမှာ အိပ်မက်ထဲမှာ ဦးသားဖြိုးက နင်နဲ့မတန်ဘူးဟဲ့ . . . နင်မထိုက်ဖူးဟဲ့ဆိုပြီး လည်ပင်းတက်နင်းလို့ . . . မင်းတို့အဖေ သေတဲ့အထိ မျက်လုံးတွေ စွေသွားခဲ့ရှာတယ် . . . အခု ကံကောင်းချင်တော့ သူ့မှာ မောင်တို့သားနှစ်ယောက်မွေးခဲ့တယ် . . . မင်းတို့အဖိုးရဲ့ ဆန္ဒလည်း ပြည့်ပြီ . . . မင်းတို့လည်း အရွယ်ရောက်ပြီ . . .

ထိပ်တင်ကွေး ကိုင်း . . . တူးကြစို့ . . .

ထိပ်တင်မွေး ဟုတ်သားပဲ . . .

ဦးရန်ဝေး နေဦး . . . နေဦး . . . အမွေအနှစ်ဆိုတာ သွေးချင်းသားချင်းတွေကို စိတ်ဝမ်းကွဲစေတာမို့ ဟောညီစာချုပ်မှာ အရင်လက်မှတ်ထိုးကြ . . . နားထောင်နော် . . . ကျွန်ုပ်တို့သည် အဖိုး စွန့်ကြဲသည့် အမွေ

ကို ညီမျှစွာ ထက်ဝက်စီခံယူပါမည်ဟု သဘောတူ လက်မှတ်ရေးထိုးပါသည်တဲ့ . . .

ထိပ်တင်မွှေး ဒါများဖြင့်ဗျာ . . . ပေး . . . ပေး

နှစ်ဦးလက်မှတ်ထိုးအပြီး **(Ex)** တီးလုံးပေး . . . ခွေး အူပေး . . .

ဦးရန်ဝေး (နှာခေါင်းရှုံ့ရင်း တီးတိုးလေသံဖြင့်) အနံ့လာ တယ် . . . အပုပ်နံ့ . . . အပုပ်နံ့ . . .

ထိပ်တင်ကွေး ကျုပ်လည်း အနံ့ရတယ် . . . ဘုရား . . . ဘုရား

ထိပ်တင်မွှေး မလန့်ပါနဲ့ ကျုပ် အီးပေါက်လိုက်တာပါဗျ . . .

ထိပ်တင်ကွေး ဘာမှ ပြောပြောဆိုဆိုမလုပ်ဘူး . . . ကိုင်း . . . တူးကြစို့ . . .

တူးနေရင်း ခဏအကြာ မာသည့်ပစ္စည်းကို ထိခိုက်မိဟန် . . .

ဦးရန်ဝေး ဟိုး . . . ဟိုး . . . သေတ္တာနဲ့ထိတဲ့အသံ . . . မှန်း . . . မှန်စမ်း . . .

လက်နဲ့စမ်း၍ ဖေါ်ယူ ယွန်းသေတ္တာပါလာမည်၊

ထိပ်တင်ကွေး ပေး . . . ပေး . . . ကျုပ်ကိုပေး . . .

ထိပ်တင်မွှေး ကျုပ်ဘက်ကို လှမ်းလိုက်စမ်း . . . လှမ်းလိုက်စမ်း . . .

ဦးရန်ဝေး သတိထားကြဦးလေ . . . ဘယ်နှယ့် လောဘဇော တိုက်နေရတာလဲ . . . ဘယ်သူပဲရရ တစ်ဝက်ခွဲပေး ရမှာလေ . . .

ထိပ်တင်ကွေး ဟာ . . . ဟုတ်သားပဲ . . . ကျုပ်တို့သတိလစ်သွား တယ်ဗျာ . . .

ထိပ်တင်မွေး အမြန်ဖွင့်စမ်းပါဗျာ . . . ကျုပ်အဖိုးရဲ့ အမွေကို ကျုပ် ခံယူချင်လှဘီ . . .

ဦးရန်ဝေး စိတ်ချပါ . . . စိတ်ချပါ . . . (ဖွင့်အလွှာတစ်ခုကိုတွေ့) ဟော အလွှာတစ်ခု . . . ဒါဟာ ဦးသာဖြိုးရဲ့ လက်ရေးနဲ့တူရဲ့ . . .

ထိပ်တင်မွေး ဖတ်စမ်းပါ . . . ဘာတွေများ အဖိုးကမှာထားတုန်း . . .

ဦးသာဖြိုး အလွှာဖြန့်လိုက်စဉ်နောက်မှဦးသားဖြိုး ဝန်အကျႌ အဖြူ နှစ်စထောင်နှင့် ပေါ်လာ၍ အလွှာကို ကိုယ်တိုင်ဖတ်

နမောတရ ဘဂဝတော အရဟတော သမ္မာ

သမ္ဗုဒ္ဓဿ

ရတနာပူရမြို့ဝန် ဇေယျပျံချီ ဦးသားအိုး ၏သားဖြစ်သူ ကျွန်ုပ်မြရည်နန္ဒာစား ဦးသားဖြိုး သည် နောင်လာနောက်သား မြေးမြစ်များ

အတွက်ဂမှာတမ်းကို ရေးသားမှတ်ကြားခဲ့ရ
တော့ပေအံ့ . . .

ကျွန်ုပ်သည် မွေခံထိုက်စေဟူသည့် ထုံး
ဟောင်းစဉ်လာကို လက်ခံသူဖြစ်လေရကား . . .
ဖခင်ဦးသာအိုး၏အမွေကို ခံစားခဲ့သည့်နည်းတူ
ကျွန်ုပ်၏ ပေးအပ်သည့်အမွေကိုလည်း သဒ္ဒါစိတ်
အပြည့်ဖြင့် ပေးအပ်ရတော့မည် . . . ထိုက်သူရစေ
. . . ပမာချွေသော် ရွှေခွက်၏ဂုဏ်ရည်သည်ခြင်္သေ့
ဆီ တည်သကဲ့သို့တည်း . . .

(မွှေးနှင့်ကွေးတစ်ဦးကိုတစ်ဦးကြည့်ရင်း
ပြုံး၍ခေါင်းညိတ်)

သို့တစေ အမွေ၏တန်ဘိုးမှာ များလှသဖြင့် သား
တဦးတည်းခံယူရန်မသင့် . . . သားယောက်ျားနှစ်
ဦးမှသာ မျှတညီညာသည်ဟု ကျွန်ုပ်အထင်ရှိ
သည် ယခုခံယူရမည့်အမွေခံသားနှစ်ဦးတို့သည်
အမွေမခံယူမီညသစ္စာနှင့် ကျိန်စာကိုလိုက်၍
ဆိုရမည်၊

(ရှေ့မှ ဦးသာဖြိုးတိုင်ပေး နောက်မှ ကွေး နှင့်
မွှေးတို့လိုက်၍ဆိုကြ)

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာငါးဖြာ
အနန္တ ဦးပန်သ၍

(လိုက်ဆိုကြမည်၊)

လောကပါလ နတ်မင်း၊ သိကြား၊ ဗြဟ္မာ၊ ဒေဝါ၊ ရုက္ခစိုး၊ ဘုမ္မစိုးမကျန်

(လိုက်ဆိုကြ)

အရံအတားသက်သေထား၍ ဤသစ္စာစကား ဆိုပါအံ့

(လိုက်ဆိုကြ)

ကျွန်ုပ်တို့နှစ်ဦးသည် ဘိုးဘွားအမွေအနှစ်ကို သစ္စာရှိစွာ ခံယူပါမည် . . .

(လိုက်ဆိုကြ)

အဖိုးအမွေခံရသောကြောင့် အဖိုး၏ ဩဝါဒကို လိုက်နာဆောင်ရွက်ပါမည် . . .

(လိုက်ဆိုကြ)

မလိုက်နာ မဆောင်ရွက် ပျက်ကွက်ခဲ့ပါမူ ရေသွားရေဘေး . . . ကုန်သွား ကုန်ဘေး . . . ပေးသမျှ မီးကျိုးခဲ . . . စားသမျှ အပင်းအမဲဖြစ်၍ ဝမ်းထဲ သံတွေသံခဲဖြစ်ကာ (၉၆)ပါးဝေဒနာ သည် တရံမလပ် နှိပ်စက်၍ သွေးပျက်ရူးနှမ်း . . . အကန်း . . . ဆွံ့အ . . . ဒုက္ခိတ လေဖြတ် . . .

ထုံနှာ ကျင်နှာ ငယ်ပါကမ်း၍ . . . သေရွာသို့မြန်းပါစေ သား . . .

မလိုက်နှာ မဆောင်ရွက် ပျက်ကွက်ခဲ့ပါမူ သေပြီးသည့်နောက် မဟာအဝီစိရဲ့ အနှစ်တစ် သောင်း . . . ထောင်းလမောင်းညက်ကြေ ခံစားစေ၍ . . . ခွေးလေခွေးလွင့် နှစ်ဘဝ . . . ခွေးသူတောင်း စား သုံးဘဝ . . . ဖွတ် ငါးဘဝ တိုင်တိုင်ခံစားရပါစေ သား . . . ဤသစ္စာတည်ပါက ပထဝီ မြေပြင် သက်သေတင်၍ တုန်လှုပ်ပြပါစေသား . . .

(ငလျင်လှုပ်သွားဟန်)

အဖိုး၏အမွေကို လွှဲပြောင်းမျှဝေခံစားစေ သူများအဖြစ် အသိအမှတ်ပြုပါက ပထဝီမြေ တုန်လှုပ်ပါစေသား . . .

(ထပ်၍လှုပ်)

ဦးရန်ဝေး မောင်ရင်တို့ ကျိန်စာတွေရော၊ သစ္စာတွေရောဆို ပြီးပြီနော် မဆောင်ရွက်လို့ မရတော့ဘူး . . .

ထိပ်တင်မွေး ဆိုပြီးပြီဥစ္စာ ကဲ ဆက်ဖတ်ပါတော့ဗျ ကျုပ်တို့က လိုချင်လှပြီ . . .

ဦးသားဖြိုး သာဓု . . . သာဓု . . . သာဓု ကျွန်ုပ်၏ မျိုးဆက်များ ကိုအမွေလွှဲအပ်ရကျိုးနပ်လေစွတကား . . . ကျွန်ုပ်

လည်း တာဝန်တစ်ခုပေ့ပါးလေပြီတကား . . . မြေး မြစ်များတို့ . . . သင်တို့၏ အဖိုးကျွန်ုပ်သည် မြို့ဝန် ဦးသာအိုး၏သားဖြစ်၍ သေရည်သောက်စားခြင်း လောင်းကစားခြင်း၊ မိန်းမမူရှုပ်ခြင်းတို့၌ဖခင်၏ ခြေရာကို တစ်ထပ်တည်းနင်းနိုင်သူဖြစ်လေရာ မိမိ ပိုင်ငွေကြေးအသပြာကုန်ခမ်း၍ တစ်ပါးသူတို့ထံမှ ဆင့်ကမ်း ချေးငှားအကြွေးများလည်း ထူပြောလှ ၏၊ အောက်စာရင်းကိုကြည့်လော့ . . .

တောင်ဥယျာဉ်တော်ကြက်ပွဲရှုံး၍ ပိုးကုန် သည်ကြီး မာမွတ်စူလတန်ထံမှ ချေးယူအသပြာ တစ်သောင်းကျပ်၊

ညောင်ကွဲရွာလှည်းပြိုင်ပွဲရှုံး၍ လှေသင်းမှူး မောင်ဖြိုးထံမှ ချေးငွေ အသပြာ ငါးထောင်၊ ထပ်ယူ ငါးထောင် ပေါင်းတစ်သောင်း၊

မြောက်နန်းအပျိုတော် မိမိတ်ကြီးကို လက်ဆော့မိ၍လျော်ကြေးပေးရန် ရနောင်မောင် မောင်တုတ် ထံမှချေးငွေ အသပြာ တစ်သောင်း ငါးထောင်၊

တောင်သမန်အင်း လှေပြိုင်ပွဲတွင် လောင်း ရန် တံခါးဗိုလ်ထိပ်တင်နီထံမှ ချေးငွေတစ်သိန်း၊ ရှုံး၍ထပ်ယူ အသပြာငါးထောင်၊

သေရည်မှူးရမ်းကားမိသဖြင့် ခေါင်းကွဲ သွားသည့်အရှေ့ပြင်ရပ်မှ ခွေးကိုလျော်ရန်

အထည်သည် မိနက်ကြီးထံမှ ချေးငွေ အသပြာ ငါးထောင်၊

တရုတ်ပိုးထည်ကုန်သည်များနှင့် ဖဲပုခေါ်သည့် လောင်းကစားရုံး၍ကင်းဝန်မင်းကြီးထံမှ ချေးငွေ အသပြာငါးထောင်၊ ဒုတိယအရစ် သုံးသောင်း၊ တတိယအရစ် သုံးသောင်း၊ စုစုပေါင်း တစ်သိန်းတစ်သောင်း၊

ဝန်ကတော်ကြီးထံမှ တိတ်တိတ်ချေးငွေ အသပြာငါးသောင်း၊

ငှင်းအသပြာ စုစုပေါင်း သုံးသိန်းငါးသောင်းသည် ကျွန်ုပ်လက်ထက်မကျေခဲ့ပါက သားစဉ်မြေးဆက် ဆပ်ပါမည်ဟု ကျိန်စာကတိဆိုခဲ့ရာ ယခု သင်တို့လက်ဝယ် စာရင်းရောက်ချိန်တွင် အတိုးအရင်းပေါင်း သိန်းခြောက်ဆယ်ထက် နည်းတော့မည်မဟုတ်ချေ၊ သည့်အတွက်ကြောင့်လည်း မျှတစေရန် သားနှစ်ယောက်မွေးချိန်ထိ ကျွန်ုပ်စောင့်ခဲ့ခြင်းဖြစ်ပေသတည်း။

အမျိုးကောင်းသားပီသသည့် ငါ့မြေးတို့ သင်တို့ကား ဘိုးဘွားအမွေအနှစ်ကို သစ္စာဆို၍ ကြပြီးဖြစ်လေရာ သက်ဆိုင်သည့် ကြွေးရှင်များ၏ သားမြေးများကိုစုံစမ်း၍ ကျေအောင်ဆပ်ကြကုန်လော့ . . .

မဆပ်ပါက ကျိန်စာအတိုင်း မဟာအဝီစိငရဲ့အနှစ်တစ်သောင်းခံကြကုန်လော့ . . . ကျွန်ုပ်ကား ဝဋ်မှကျွတ်သွားချေပြီတည်း . . .

သာဓု . . . သာဓု . . . သာဓု . . . ဟား ဟား ဟား ဟား . . .

သာဖြိုး
မြရည်နန္ဒာမြို့စားကြီး

နောက်မှ ဦးသားဖြိုး ရယ်နေရင်း . . .

ထိပ်တင်ကွေးနှင့်ထိပ်တင်မွှေး ကြည့်ရင်းငိုင်နေကြမည် . . .

ဦးရန်ဝေး ရယ်ရင်း ရုပ်သေဖြစ် . . .

## ကားချမည်။။

ပွဲစတစ်လည်း

ချစ်မှာပဲ

**ချစ်စရာ**

# ပေါ့စတစ်လည်း ချစ်မှာပဲ

ပါဝင်သောဇာတ်ကောင်များ

ဒေါ်ရွှေရင်
ဦးကြွက်
ကျော်ကျော်
ခင်မာဝေ
မိကြိုင်
ဖိုးလုံး
လူစီ

ခန်းစဉ် (၁)

လက်ထပ်ပွဲတစ်ခု
ညှော်သည်များ သွားလာနှုတ်ဆက်ဟန်များ
ခင်မာဝေနှင့်ကျော်ကျော် . . . သတို့သား သတို့
သမီးဝတ်စုံနှင့် ညှော်ခံ . . . နောက်မှ မင်္ဂလာမောင်
မယ်တီးလုံးတီးပေး . . . ခဏအကြာတွင်နောက်မှ

အတွင်း မခင်မာဝေနှင့် ကျော်ကျော်တို့ မင်္ဂလာညှော်ခံပွဲ အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြတဲ့ မိတ်သင်္ဂဟ နှစ်ဖက်ဆွေမျိုးအပေါင်း ကျေးဇူးတင်ဂုဏ်ပြုစကားဆိုရင်း မင်္ဂလာအချိန်စေ့ပြီဖြစ်ပါ၍ အခမ်းအနားပြီးဆုံးကြောင်း ကြေငြာအပ်ပါတယ် ခင်ဗျား . . .

ဒေါ်ရွှေရင် ဟူး . . . အခုမှ စိတ်ရောလူရော အပန်းပြေသွားတော့တယ် . . . သားရေးသမီးရေးများ တယ်ပြီးဝန်လေးရပါလား . . . ဦးဖိုးကြွက်ရေ . . . ဟဲ ဟဲ ဟဲ . . .

ဦးကြွက် မှန်တာပေါ့ မရွှေရင် . . . လူပျို အပျိုဘဝကျတော့လည်း အပေါင်းအသင်းမှားမှာ စိုးရိမ်ရ . . . အိမ်ထောင်ဘက်ရွေးပြန်တော့လည်း အရွေးမှား မှာပူပင်ရ . . . အခု မိကောင်းဖခင်သားလေးနဲ့ဆိုတော့ . . . ကျုပ်သမီး အနာဂတ်ကောင်းသွားပြီ

ဗျာ . . . ဟဲ ဟဲ ဟဲ . . .

ဒေါ်ရွှေရင် ဟဲ့ မောင်သိန်းရေ လက်ဖွဲ့စာရင်းနဲ့ဖလားယူလာခဲ့ပါဟေ့ . . .

မောင်သိန်း အားလုံးပစ္စည်းအလွတ် ငွေးသားချည်း နှစ်သိန်းတိတိရပါတယ် . . .

ဦးကြွက် ဟာ . . . တယ်ဟုတ်ပါလားကွ . . . ဝမ်းသာသကွာ . . . ကလေးတွေရှေ့ရေးစိတ်အေးရပြီမရွှေရင် . . .

ဒေါ်ရွှေရင် ဟုတ်ပ့ါတော် ဟုတ်ပ့ါ . . . ဪ မောင်သိန်း အဲဒီလက်ဖွဲ့ငွေတည်းက သတို့သားနဲ့သတို့သမီး ဝတ်စုံဖိုး သုံးသောင်းနှုတ်လိုက်နော် . . . အန်တီစိုက်ထားရတာ . . .

မောင်သိန်း ဟုတ် . . . ဟုတ်ကဲ့ အန်တီ (စာရင်းစာအုပ်ထဲ၌ရေးမည်)

ဦးကြွက် အပဟဲဟဲ . . . ငါထုတ်ပေးထားတဲ့ ဗွီဒီယို နဲ့ ဓါတ်ပုံဆရာငှားခ နှစ်သောင်းခွဲလည်း နှုတ်ကွာ . . .

မောင်သိန်း ဟုတ်ကဲ့ခင်ဗျ . . . (စာအုပ်ထဲ၌ရေး)

ဒေါ်ရွှေရင် ဗေဒင်ဆရာဆီသွားတဲ့ စရိတ်နှစ်ထောင်နဲ့ ဗေညင်မေးခ သုံးထောင်လည်း နှုတ်ကွယ် . . .

ဦးကြွက် သမီးအလှပြင်ခနဲ့ လက်ဝတ်လက်စားငှားခ သောင်းငါးထောင်နှုတ်ဟော့ . . .

ဒေါ်ရွှေရင် မင်္ဂလာဆွေးကျွေးတုန်းက သုံးသောင်းနှုတ်လိုက်စမ်း . . .

ဦးကြွက် တီးဝိုင်းငှားခ လေးသောင်းခွဲ အခုနှုတ်ပေးကွ . . .

ဒေါ်ရွှေရင် ခပ်တင်းတင်းနှင့် . . . ထို့ နတ်မေးတုန်းက ကန်တော့ပွဲဖိုး၊ နတ်ဆက်ခ ခုနစ်ထောင် ချက်ချင်းပေး . . .

ဦးကြွက် ဟ . . . မရွှေရင် ညီလောက်မတရားနှုတ်နေမှတော့ ကလေးတွေ ဘာကျန်တော့မှာလဲ . . . ဆင်ဆင်ခြင်ခြင်လည်း လုပ်ပါဦး . . .

ဒေါ်ရွှေရင် အို . . . တော်က ဘာပြုလို့နှုတ်တုန်း . . . ကျုပ်လည်း ကျုပ်စိုက်ထားရတာ လိုချင်တာပေါ့ . . . ဟော့ သစ်ခွပန်းဖိုး သုံးထောင်ထပ်နှုတ်ဦး . . .

ဦးကြွက် လက်စသတ်တော့ နင်က သားတစ်ယောက်ရင်းပြီး စီးပွားရှာစားနေတာကိုး . . .

ဒေါ်ရွှေရင် ဟဲ့ သမီးဘန်းပြပြီး လူရောင်းစားတာထက်စာရင် တော်သေးသဟဲ့ . . .

ဦးကြွက် ကြွက် နာမည်တူမရှိဘူး တစ်ယောက်ထဲရှိတဲ့ ကြွက် . . .

ညေါ်ရွှေရင် ဟဲ့ တစ်ကောင်ကြွက်မှန်းသိပြီးသား . . . နင်လို ယောကျ်ားညွှန့် ယောကျ်ားစီးသမီးနဲ့ ငါ့သား လုံးဝမပေးစားဘူးဟေ့ . . . လာ လူလေး . . .

(ဆွဲခေါ်သွားမည်)

ဦးကြွက် နင်လို မိန်းမလည်း လူပွဲစားသားနဲ့ ငါ့သမီးလည်း လုံးဝမပေးစားဘူး . . . လာ သမီး ညီလိုအဆင့်မျိုး တွေ အထက်ဆင်နဲ့ချီခေါ်တောင် ရတယ် . . .

(တစ်ဖက်စီဆွဲ၍ဝင်. . . မောင်သိန်းကြောင်၍ကျန်)

အတွင်းမှ -မိဘဝတ္တရား ချီးမြှင့်အပ်သောအရွယ်ပေ- ဖွင့်

ကားချ

ခန်းစဉ် (၂)

တိုက်ခန်း ဦးကြွက်၊ ခင်မာဝေ၊ ဖိုးလုံး

ဦးကြွက် (သမီးကိုဆွဲဝင်လာရင်း) ဖေဖေ တောင်းပန်ပါ တယ်သမီးရယ် . . . ဖေဖေတို့အုပ်ထိမ်းသူတွေရဲ့ အဆင့်အတန်း နိမ့်ကျတဲ့အပြုအမူကြောင့် ညီလို ဖြစ်ရတာ ခွင့်လွှတ်ပါနော် . . .

ခင်မာဝေ သမီးရှက်တာကလွဲရင် ကျန်တာ ဘာမှမပြော တတ်တော့ဘူးဖေဖေ . . . ညီလိုမင်္ဂလာပွဲမျိုး နောက် မကြုံပါရစေနဲ့လို့ သမီး ဆုတောင်းပါတယ် . . .

ဦးကြွက် လူ့ဘဝရဲ့အရှက်ဆုံးသုံးပါးမှာ ဟုတ်ပေါင် . . . အပျော်ဆုံးသုံးပါးမှ မင်္ဂလာဆောင်တဲ့နေ့လည်း ပါတယ်ဆိုတာ သိပါတယ်ကွယ် . . . ဟောဒီ ကြွက်ကြောင့် အရှက်ရတယ်ဆိုတာလည်း ထပ်ပြီးသိပါတယ် . . . သူက မတရား စီးပိုးတယ်ထင်လို့ ဖေဖေ အရွဲ့တိုက်မိတာပါ . . . နောက်ကို ဆင်ခြင်မယ်လို့ ဖေဖေကတိပြုပါတယ် . . .

ခင်မာဝေ ဖေဖေ ကတိပြုတဲ့အချိန်မှာ သမီးအိမ်ထောင်ပျက်နေပြီ . . . ဟင်း . . . (သက်ပြင်းချ) . . . ကံပေါ့လေ . . . သမီးအတွက် ဘာမှ စိတ်မဆင်းရဲနဲ့နော် (ပြုံးပြီး) ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်ပေါ့ ဖေဖေရယ် . . .

(ဝင်သွားမည်)

ဦးကြွက် ဖြစ်ချိန်နဲ့ပျက်ချိန် တစ်ထပ်တည်းကျသွားလို့ ဖေဖေကြေကွဲရပါတယ် သမီးရယ် . . . ဟို တစ်ဖက်က သူငယ်ကိုလည်း ဖေဖေ ကိုယ်ချင်း စာပါတယ် . . . သူ့ခမျာ စားကာနီးမှ ထမင်းပွဲလိုက်ကြီး ပျောက်ကွယ်သွားရသလိုနေရှာမှာ . . . သူ့အကြောင်းစဉ်းစားရင်း ဆာတောင်လာပြီ . . . ဟေ့ ဖိုးလုံး . . . ဖိုးလုံး . . .

ဖိုးလုံး လာပါပြီ ဘာဘကြီး . . .

ဦးကြွက် မင်းကလည်း ဖိုးလုံးဆိုတဲ့အတိုင်း လိမ့်ချင်ရာလိမ့်နေတော့တာပဲ . . . ထမင်းဆူး ငါစားမယ် . . . ပြီးရင် မင့်မမလေးအတွက် အအေးဖျော်ပြီး အထဲကိုပို့ပေးလိုက် . . . ညီရက်ပိုင်းမှာ သမီးစိတ်ဆင်းရဲစရာဘာမှ မလုပ်နဲ့ . . . အဖြစ်အပျက်တွေ မင်းသိပြီးသားမဟုတ်လား . . .

ဖိုးလုံး ရှက် . . . စိတ်မကောင်း . . . ဝမ်းနည်း . . . မျက်နှာ ပူစရာပါဘဘကြီး . . . ဘဘကြီး ဦးဆောင်လိုက်တဲ့ အတွက် ညီလိုဖြစ်ကုန်တာပါ . . .

ဦးကြွက် ဟမ် . . . ဘာပြောတယ်ကွ . . . ဘာကြောင့်တုန်း ဆိုတာရှင်းပါဦး . . .

ဖိုးလုံး ဘဘကြီးနာမည်ကိုက ဦးကြွက်လေ . . . ကြွက်ဆိုတာအကျီ၊ လုံချည်အဟောင်းတောင်ရစရာမရှိအောင် ကိုက်သေးတာ . . . အဲဒီထက် တန်ဘိုးကြီးတဲ့ လူ့ဘဝဆိုတော့ စုတ်ပြတ်ကွဲပြဲကုန်အောင် ကိုက်တော့တာပေါ့ ဟီး ဟီး . . .

ဦးကြွက် ခွေးမသား . . .

(လိုက်ရိုက်-ဖိုးလုံးဝင်ပြေး . . . )

ကားချ

ခန်းစဉ် (၃)

ဒေါ်ရွှေရင်၏တိုက်
ကျော်ကျော်ထိုင်၍မှိုင်နေမည်

| | |
|---|---|
| ဒေါ်ရွှေရင် | ထင်တယ် . . . ထင်တယ် . . . ထင်လို့ကို ဗေဒင်သွားမေးတော့ ကြွက်က တနင်္လာ . . . မေမေက သောကြာဆိုတော့ ဓမ္မာ သောက အင်းဝ ရာဇာဖြစ်နေသတဲ့ . . . |
| ကျော်ကျော် | ဟာ . . . အဲညါ လင်မယားမှ ဟောရတဲ့ကိန်း မေမေရ . . . |
| ဒေါ်ရွှေရင် | မင်းတို့လင်မယားအတွက် တို့လင်မယား ဟုတ်ပေါင် . . . |
| ကျော်ကျော် | တော်ပါတော့ မေမေရာ . . . ပြောလေ ဆိုးလေ ဖြစ်ကုန်ပြီဗျ . . . |
| ဒေါ်ရွှေရင် | အမေအကုန်သိတယ် ငါ့သား . . . ညင်းသမီးကို တင်တောင်းတဲ့ငွေတွေကို အတိုးနဲ့လှည့်ချေးထားတာ . . . အမေသိတယ် . . . ထို့ . . . အဲလိုအသိုင်းအဝိုင်း ထဲမျှား ငါ့သားလေးရောက်သွားရင် ဘုရား . . . ဘုရား . . . အချိန်မီလို့ ကံသိလို့ပါလား . . . |
| ကျော်ကျော် | ကျွန်တော့်သူငယ်ချင်းတွေကို မျက်နှာမပြရဲတာ တစ်ခုပါပဲ . . . နောက်ပြီး မာဝေ့ကိုသနားတယ် |

. . . သူသိပ်ရှက်နေမှာ . . .

ဒေါ်ရွှေရင် — အနာဆိုတာ ကြာရင်ကျက်သွားမှာပါ သားရယ် . . . မေမေလည်း မိန်းမပါ နားလည်တတ်ပါတယ် . . . ပျော်ပျော်နေပေါ့သားရယ် . . . စိန်ပွဲစား ဒေါ်ရွှေ ဆိုတဲ့ နာမည်တစ်လုံးနဲ့နေလာတာ . . . လူ တစ်ယောက်လောက်ကတော့ ဟောသလို လက်ဖျောက်တီးရုံနဲ့ ရောက်ရစေ့မယ် . . .

(လက်ဖျောက်တီး လူစီဝင်လာ . . .)

လူစီ — အန်တီ . . . အန်တီ . . .

ဒေါ်ရွှေရင် — ဟယ် . . . လူစီ . . . တူမအချစ်လေး . . . ဘယ်က နေဘယ်လို . . .

လူစီ — တောင်ကြီးနဲ့ကျိုင်းတုံ ကုန်ကူးနေတာလေ . . . ကျော့ ဝက်ညင်ကို နောက်ကျလို့ . . . ဆောရီး ကျော် . . . ငါ့ကိုခွင့်လွှတ်ဟာ . . .

ဒေါ်ရွှေရင် — နောက်မကျပါဘူး စောတောင်နေပါသေးတယ်ရှင် ဝက်ညင်ပျက်သွားတယ် တူမရဲ့ . . .

လူစီ — ဟယ် . . . ဝမ်းနည်းစရာ . . . ဘယ်လိုဖြစ်တာ လည်း သူငယ်ချင်းရယ် . . .

ဒေါ်ရွှေရင် — ခဏ္ဏနော် လူစီ (အတွင်းသို့လှမ်း၍) မိကြိုင် . . . မိကြိုင် . . .

မိကြိုင် (ဝင်လာ) လာပါပြီ မေမေကြီး . . .

ဒေါ်ရွှေရင် လူစီ့အတွက် ခရက်ရှာယူခဲ့ . . .

မိကြိုင် ဟုတ်ကဲ့ရှင့် . . .

ဒေါ်ရွှေရင် ရောက်တုန်းပျော်သလောက်နေဦးပေါ့ . . . မကြာ မကြာ လာလည်နော် . . . မင့်သူငယ်ချင်း ရင်ထဲက သောကတွေကို ကူညီကုသပေးခဲ့ပါဦး . . .

လူစီ ဟင်း ဟင်း ဟင်း ရပါတယ် အန်တီ . . .

ကျော်ကျော် လူစီ . . . နင် မေမေနဲ့ စကားပြောဦး ငါ အကျီ လုံချည်လဲလိုက်ဦးမယ် . . .

(ဝင်သွား)

ဒေါ်ရွှေရင် အဲလိုရှိုးလွန်းလို့ ဟိုတစ်ဖက်က အတင်းသားမက် ဖမ်းခံရရှာတာ . . .

(မိကြိုင်ဝင်လာ၊ အအေးပုလင်းချ)

ဒေါ်ရွှေရင် ဖန်ခွက်ကို ပြောင်အောင်ဆေးရဲ့လား မိကြိုင် . . .

မိကြိုင် ဆေးပါတယ် မေမေကြီးရဲ့ . . .

ဒေါ်ရွှေရင် အချက်အပြုတ်တော့တော်ပါရဲ့ . . . လူကညစ်ပတ် ချင်တယ် လူစီရဲ့ . . . မနက်က ငါစားတဲ့ မှိုဟင်း တော်တော်ကောင်းတယ် . . . မှိုတွေကိုရော

ပြောင်အောင်ဆေးရဲ့လား . . .

မိကြိုင် မမေကြီး အသန့်ကြိုက်မှန်းသိလို့ ရေနဲ့နှစ်ခါဆေးပြီး . . . သန့်သထက်သန့်အောင် ဓါတ်ဆီနဲ့နှစ်ခါစိမ်ရုံမက ပိုးမွှားတွေသေအောင် ပိုးသတ်ဆေးနဲ့ နယ်ပြီးမှ ချက်ထားတဲ့ အသန့်ရှင်းဆုံးမှိုဟင်းပါရှင် . . .

(ဒေါ်ရွှေရင်မျက်လုံးပြူး၍အန်နေစဉ်)

ကားချ

ခန်းစဉ် (၄)

လမ်းရှုခင်း၊ မိကြိုင်နှင့်ဖိုးလုံး ဆွဲခြင်းကိုယ်စီနှင့်ကျော်ကျော်ထိုင်၍မှိုင်နေမည်

ဖိုးလုံး မပြောပလောက်တဲ့ ပြောဆိုမှုတွေကြောင့် ပြောလို့မဆုံးအောင်အပြောခံနေရတဲ့ ပြောစရာအဖြစ် ကြီးဖြစ်သွားရတာ ငါရင်နာတယ် . . .

မိကြိုင် အေးပေ့ါ . . . ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျ မဟုတ်တဲ့အဖြစ်ဆိုတော့ ဖြစ်မှဖြစ်ရလေတယ်လို့ တဖြစ်ဖြစ်သနားနေသူတွေလည်းရှိတာပေ့ါ . . .

ဖိုးလုံး မမလေးကတော့ လူစင်စစ်က လိပ်ဖြစ်သွားရှာပြီ . . .

မိကြိုင် ဟဲ့ . . . သောင်ပြင်မှာသွားပြီး ဥတွေ ဥနေလို့လား . . .

ဖိုးလုံး အခန်းထဲက မထွက်တော့တာကို ပြောတာ . . .

မိကြိုင် မိန်းကလေးကိုးဟဲ့ . . . ညီလိုလူသိရှင်ကြားမပြောနဲ့ ငါတောင် နင် ရည်းစားစာပေးတုန်းက သုံးရက် လောက်အိမ်ပြင်မှ မထွက်ရဲတဲ့ဥစ္စာ . . . သူ့အဖေ က ဘာမှအားမပေးဘူးလား . . .

ဖိုးလုံး အလကား ကြွက်စုတ်ကြီး . . . သူ့စီးပွားရေးကလွဲ ရင် ဘာမှငဲ့တဲ့လူမဟုတ်ဘူး . . .

မိကြိုင် ညော်ရှေ့ရင်လည်း ဘာထူးလဲ . . . လေကို အရင်း အနှီးပြုပြီး သူများရပိုင်ခွင့်တွေကို လှီးစားဖြတ်စား လုပ်နေတာပဲ ဥစ္စာ . . .

ဖိုးလုံး အဓိက အောင်သွယ်တော်တွေဖြစ်တဲ့ နင်နဲ့ငါ သိက္ခာကျတာပေ့ါဟာ . . .

မိကြိုင် ဟယ် နင်ပြောမှ ငါသတိရတယ် . . . ရော့ . . . ကိုကိုလေးက ပေးခိုင်းတဲ့စာ . . . မမလေးကို ပေးဖြစ်အောင်ပေးလိုက်နော် . . .

ဖိုးလုံး အခုမှ ကိုယ့်မယားကိုပြန်ပြီး လူပျိုလှည့်ရတယ် ဆိုတဲ့စကားအတိုင်းဖြစ်သွားတော့တာ . . . နေတော့ ရပ်ကွက်တစ်ခုတည်း . . . ချစ်လည်း

ချစ်တဲ့ချစ်သူတွေ . . . သဘောတူမင်္ဂလာဆောင်ကာမှ ကွဲရတယ်လို့ကွာ . . . ဖူးစာရေးနတ်နှယ်မျက်နှာရှုးလိုက်တာ . . .

မိကြိုင် ကြွက်ကြီးနဲ့လည်း မိနေဦးမယ်နော် . . .

ဖိုးလုံး ပလိပ်ရောဂါကိုနိုင်တဲ့ဆေးပေါ်ပြီးကတည်းက ကြွက်ကြီး ခေတ်မီသွားပါပြီဟ . . . မနက်ပိုင်းကုန်စည်ဒိုင်ကိုသွား . . . နေ့လည်ထမင်းပြန်စားတယ် . . .

မိကြိုင် ဒါဖြင့် နေ့လည်ခင်းကို မပေးနဲ့ပေါ့ . . .

ဖိုးလုံး ရတယ် . . . နေ့ခင်းလည်း ဒင်းအိမ်မကပ်နိုင်ဘူး . . . မနေ့က ဖိတ်စာလာလို့ အိမ်ထောင်ဦးစီးများခုခံအားကျဆင်းရောဂါ ကာကွယ်ရေးပညာပေးသင်တန်းသွားရမှာဟ . . .

သီချင်းဝင်

မီးမှောင်

ခန်းစဉ် (၅)

သီချင်းနှင့် ပြကွက်များ
ဦးကြွက်နှင့်လူကြီးတစ်ချို့ ဒေါ်ရွှေရင်နှင့် မိန်းမကြီးတချို့ **AIDS** ပညာပေးသင်တန်း တက်နေဟန်

ဟောပြောဟန် . . .

မီးမှောင်

ကျော်ကျော်နှင့်လူစီလျှောက်၍လည်းဟန်

မီးမှောင်

ရုပ်ပုံကားချပ်များနှင့် စာစောင်များဝေငှ၍ ပညာပေးဟန်

မီးမှောင်

ဖိုးလုံးနှင့်မိကြိုင်စာပေးစာယူလုပ်ဟန်

မီးမှောင်

ကျော်ကျော်၊ လူစီ စကားပြောဟန် ကျီစယ်ဟန်နှင့် သီချင်းဆုံးလျှင် မီးမှောင်မည် . . .

ခန်းစဉ် (၆)

ပညာပေးသင်တန်းခန်းမ ပြန်ပေါ်လာမည် . . .

ဆရာ — အိမ်ထောင်ဦးစီးများဖြစ်ကြတဲ့ ရပ်မိရပ်ဖများ အခုလို အင်တိုက်အားတိုက် စိတ်ဝင်တစားတက်ရောက်ကြတဲ့အတွက် ကျေးဇူးတင်ပါတယ် . . . ကျွန်တော်တို့ သတ်မှတ်ထားတဲ့ သင်တန်းကာလလည်းပြီးဆုံးသွားပြီ . . . ဒီဆွေးနွေးပွဲချုပ်

| | |
|---|---|
| | များကို ပြန်လည်ပြီး တဆင့် အသိပေးကြရာ အမှားအယွင်းမရှိအောင် ပြုပြင်တည့်မတ်ပေးချင်တဲ့အတွက် ကျွန်တော်တို့ရှိနေခိုက်မှာ မှတ်သားမိသမျှ ထပြီး ပြောကြည့်ပေးပါခင်ဗျာ . . . |
| ဒေါ်ရွှေရင် | (ထပြီး) ကျွန်မ ဒေါ်ရွှေရင်ပါ . . . လုပ်ငန်းက အထွေထွေအကျိုးဆောင်လုပ်ငန်းပါရှင် . . . |
| ဦးကြွက် | ပွဲစားလို့ ရှင်းရှင်းပြောပါ . . . |
| | (ဒေါ်ရွှေရင် မျက်စောင်းလှမ်း၍ထိုး . . .) |
| ဒေါ်ရွှေရင် | ကမ္ဘာကို ခြိမ်းခြောက်နေတဲ့ ဒီအေအိုင်ညီအက်စ်ရောဂါဟာ အိပ်(ချ်)အိုင်ဗွီပိုးကြောင့် ဖြစ်ပေါ်လာရတာပါ . . . အိပ်(ချ်)အိုင်ဗွီပိုးဟာ လူ့ခန္ဓာကိုယ်ထဲက ရောဂါမှန်သမျှ ခုခံကာကွယ်နိုင်တဲ့ သွေးဖြူဥတွေကို ဖျက်ဆီးပါသရှင့် . . . ကြာတော့ လူမှာ ခုခံစွမ်းအားတွေကျဆင်းပြီး . . . အသက်ကိုပါ ဒုက္ခပေးသွားပါသရှင့် . . . |
| ဆရာ | ဟုတ်ကဲ့ခင်ဗျာ . . . ဒီရောဂါဟာ လူတစ်ဦးကနေ တစ်ဦးကို ဘယ်လိုနည်းနဲ့ ကူးစက်နိုင်ပါသလဲ . . . |
| ဒေါ်ရွှေရင် | မူးယစ်ဆေးဝါးသုံးစွဲတဲ့အပ်တွေ၊ မသန့်ရှင်းတဲ့ ဆေးထိုးအပ်တွေ၊ အရုပ်ထိုးတဲ့အပ်တွေက ကူးပါတယ် . . . အလွယ်ဆုံးကတော့ အဆင်ခြင်မရှိတဲ့ လိင်ဆက်ဆံမှုက အကူးစက်လွယ်ဆုံးပါပဲ . . . |

ဆရာ — တော်လိုက်တာခင်ဗျာ . . . ဆက်ပြောပါဦး . . .

ဒေါ်ရွှေရင် — ဝေဒနာသည်နဲ့အတူနေရုံနဲ့ မကူးပါဘူး . . . အဝတ်အစား၊ ခွဲးစက်တွေကမကူးပါဘူး . . . ဒါကြောင့် ဝေဒနာသည်ကို အနီးကပ်ပြုစု နှစ်သိမ့်ကူညီပေးကြရပါမယ် . . . အထူးသဖြင့် လူငယ်တွေ မူးယစ်ဆေးဝါးရှောင်ကြပါ . . . စိတ်အလိုလိုက်ပြီး လိင်မှုကိစ္စဆင်ခြင်ကြပါ . . . ထင်ရာစွတ်မလုပ်ကြပါနဲ့ . . . စွတ်လုပ်ရင် ရောဂါရပါလိမ့်မယ် . . .

ဦးကြွက် — ဟဲ ဟဲ ဒေါ်ရွှေရင် စွပ်လုပ်ရင်ရောဂါမရနိုင်ပါဘူး . . . စွပ်မလုပ်ရင်သာ ရောဂါရနိုင်တာဗျ . . .

ဒေါ်ရွှေရင် — လူကြီးမင်းများရှင့် . . . ဒီလိုနှောင့်ယှက်နေမယ်ဆိုရင် ကျွန်မဆက်မပြောပါရစေနဲ့ . . .

ဆရာ — ဦးလေးကလည်း ကိုယ့်အလှည့်ကျမှ ကိုယ်ပြောစေချင်ပါတယ် . . . ကဲ ဒေါ်ရွှေရင်ဆက်ပါဦးခင်ဗျ . . .

ဒေါ်ရွှေရင် — အဓိက ကတော့ ဝေဒနာရှင်ရဲ့ စိတ်ဓါတ်ကို မြှင့်တင်ပေးဖို့ပါ . . . အိမ်ထောင်ရှင်များ ကိုယ့်ခင်ပွန်းတွေအပေါ်မှာ သစ္စာရှိကြပါ . . . ကိုယ်တင်မက ကျန်ရစ်တဲ့ ရင်သွေးငယ်တွေရဲ့ အနာဂတ်ကိုပါ အကျည်းတန်စေမယ့် အေအိုင်ဒီအက်(စ်) ဝေဒနာကို အချဉ်းကပ်မခံပါနဲ့ . . . ဒါမှမဟုတ်လို့ ဆန္ဒကို

ဦးစားပေးပြီး သစ္စာမဲ့ချင်တယ်ဆိုရင် တဖက်သားကို ငဲ့ညှာတဲ့အနေနဲ့ ဟတ္တလေး အဲ . . . ဟတ္တလေးနဲ့ ကာကွယ်ကြပါ . . .

ဦးကြွက် အဲဒီ ဟတ္တာကို ရှင်းပြပါဦးခင်ဗျ . . .

ဒေါ်ရွှေရင်ခေါင်းကုတ် စဉ်းစားပြီး မိကြိုင်ကို လှမ်းကြည့် . . . မိကြိုင် -ကွန်- ပစ်ဟန်ပြပြီး -ဒိုးယိမ်းကပြ . . .

ဒေါ်ရွှေရင် (ဂုဏ်ယူစွာပြုံးရင်း) ဟဲ ဟဲ ဟဲ . . . ငါးဖမ်းရင်း ကရင်လိုကပြီး အေအိုင်ညီအက်(စ်) ရောဂါကို ကာကွယ်ကြပါစို့ရှင် . . .

အားလုံးကြောင်တက်တက်နှင့်ဝိုင်းကြည့်နေရင်း

-ဒိုးယိမ်းည- တီးလုံးနှင့် ချိန်းမည့် . . .

ကားချ

ခန်းစဉ် (၇)

တိုက်ခန်း
ခင်မာဝေစာဖတ်နေမည်
ကျော်ကျော်အသံနှင့် ဖတ်ပေးမည်

ဘဝဆိုတာ ဘယ်အခါမှ ပုံသေကားချ တွက်ဆလို့မရနိုင်တာမျိုးမဟုတ်ဘူး မာဝေ . . . မလာခင်

ကြို့ မပြောခင်ညှိုတတ်တာမျိုးလေ . . . ကိုယ် မာဝေကို အမြဲသတိရနေပါတယ် . . . ညညဆို အိပ်မက် တောင်မဖက်ဘူး . . . ညားတိုင်းပေါင်းခွင့် မရတဲ့အဖြစ်က ရယ်စရာလိုလို . . . ရင်နာစရာ လိုလို ကိုယ်တို့ ဖူးစာကံအကြောင်းက မရှူးတာ ကံကောင်းလို့ ပြောရမှာပဲ . . . ဘယ်လောက် ထုထည်ကြီးတဲ့အမှောင်ဖြစ်ပါစေ အလင်းရောင် လေးတစ်စက်ဟာ ဘယ်တုန်းကမှ နောက်ဆုတ် ပေးရိုး ထုံးစံမရှိပါဘူး မာဝေ . . . အချစ်အလင်းနဲ့ အတ္တအမှောင်ကိုခွင်းရအောင် . . . အခိုက်အတန့် တော့ သည်းခံဦးနော် . . .

ကျော်

ခင်မာဝေ အဲဒီ အခိုက်အတန့်ဆိုတာ ဘယ်လောက်ထိခိုက် ပြီး ဘယ်လောက်တန့်နေဦးမှာလည်း ကိုရယ် . . . မာဝေ ခိုက်လည်းမခိုက်ချင်ဘူး . . . တန့်လည်း မတန့်ချင်တော့ဘူး . . . မခိုက်ပါရစေနဲ့တော့ ကို ရယ် . . . မခိုက်ပါရစေနဲ့တော့ . . .

မီးမှောင်

ခန်းစဉ် (၈)

လူစီ၏အိမ်အတွင်းခန်း . . . မီးပြန်လင်းလာ . . . လူစီဝိုနေမည် . . . ဒေါ်ရွှေရင် . . . မိကြိုင်နံဘေးမှ

ရှိနေမည် . . .

လူစီ (ငိုရင်း) မိုက်တာပါ အန်တီရယ် . . . ဟောဒီ လူစီ မိုက်တာပါ . . . (ချောင်းဆိုး) ငွေတစ်ခုတည်းကို ကြည် ငွေသံကြားရာ ကောက်ကောက်ပါအောင် လိုက်မိတဲ့ရလဒ်လေ (ချောင်းဆိုး) နယ်စပ်ဒေသ တွေထိ စွန့်စားဖို့အတွက် ဘဝပါစွန့်လိုက်ရပါ တယ် . . . (မောနေ) ငွေချမ်းသာပေမယ့် လူမကျန်း မာခဲ့ဘူး အန်တီ . . . လူစီရှက်လွန်းလို့ မပြောခဲ့တာ ပေါ့ . . .

ဒေါ်ရွှေရင် ဒါတွေမပြောပါနဲ့ သမီးရယ် . . . အန်တီနားလည်ပါ တယ် . . . စိတ်ကိုချမ်းသာအောင်နေနော် . . . လိုအပ်တဲ့အကူအညီအန်တီတို့ပေးမှာပေါ့ . . .

လူစီ ဟောဒီ မိလူစီ လောဘဇောတိုက်ခဲ့တာ . . . ငွေ ငတ်ခဲ့တာ . . . သမီး အဟင့်ဟင့် . . . ကိုယ့်ကိုယ် ကို ရိပ်မိလို့ လွန်ခဲ့တဲ့သုံးလကတည်းက အဟင့် ဟင့် သွေးစစ်ခဲ့တာ . . . အဟင့်ဟင့် အခုတော့ ထင်တဲ့အတိုင်းဖြစ်နေပြီ . . . အန်တီရဲ့ . . .

မိကြိုင် မမရယ် . . . ဒါတွေလျှောက်တွေးနေရင် ကိုယ်ပဲ ညှက်ခြောက်မှာပေါ့ . . . အဖြစ်ဆိုတာ ပျက်ဖို့ပဲ မဟုတ်လား . . . စိတ်ကိုလျှော့ရင် လူ ဒုက္ခပို ရောက်သွားလိမ့်မယ် . . .

ဒေါ်ရွှေရင် ပျော်ပျော်နေ အားရှိအောင်စား . . . သမီးကို အန်တီတို့ အနီးကပ်စောင့်ရှောက်မယ် . . . အားငယ်ဖို့ မလိုပါဘူးကွယ် . . .

လူစီ ကျော့်ကို သမီး . . . သမီး သနားတယ် အန်တီ . . . ကျော့်မှာ (ချောင်းဆိုး) အပြစ်မရှိပါဘူး . . . အခုတော့ သမီး . . . သမီးကြောင့် (ဒေါ်ရွှေရင်အား ဖက်၍ငိုမည်)

ဒေါ်ရွှေရင် (မျက်လုံးပြူးသွား) သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့ လူစီရယ် . . . အပြစ်လို့ အန်တီမသတ်မှတ်ပါဘူး . . . ကဲ ဆရာဝန်ဆီသွားမယ် . . . အဝတ်အစားလဲ . . . ဝေဒနာရှိရင် ဆေးလည်းရှိပြီးသား . . . ထ . . . ထ . . .

(မိကြိုင် လူစီအားတွဲ၍ဝင်သွား ဒေါ်ရွှေရင် လူစီ၏ စကားသံများကို ပြန်ကြားနေမည် . . .)

ဟောဒီ မိလူစီ လောဘဇောတိုက်ခဲ့တာ . . . . . . အခုတော့ ထင်တဲ့အတိုင်း ဖြစ်နေပြီ . . . ကျော့်ကို သမီးသနားတယ် . . . သမီးကြောင့် . . .

ဒေါ်ရွှေရင် ဘုရား . . . ဘုရား . . . ဘုရား . . . သားလေးတော့ ဒုက္ခလှလှနဲ့ တွေ့ပြီ . . . တကယ့်ဒုက္ခလှလှ . . . ဗိုလ်ဆန်အောင်ကိုလှနေတဲ့ဒုက္ခပါလား . . . ကားချ

ခန်းစဉ် (၉)

ဒေါ်ရွှေရင်၏တိုက်ခန်း
ကျော်ကျော် . . . မိကြိုင်ဆေးနှင့်ရေခွက်ကိုင်ထား . . .

ကျော်ကျော် (ဖျားနေမည်) မသောက်ဘူး . . . လုံးဝ ဒီဆေးကိုငါမသောက်ဘူး . . . သောက်လည်း ပျောက်မှာမှမဟုတ်တာ . . .

မိကြိုင် အဲဒီလိုလည်း မဟုတ်သေးဘူးလေ . . . ရောဂါပျောက်အောင်တော့ . . .

ကျော်ကျော် ဒီရောဂါ ပျောက်တော့လည်း နောက်တစ်ရောဂါလာဦးမှာပဲ သေချင်တယ် . . . သေပစေတော့ဟာ . . .

ဒေါ်ရွှေရင် (ဝင်လာရင်း) ပေကပ်ကပ်မလုပ်ပါနဲ့သားရယ် . . . မေမေ့မှာ ချစ်ရမယ့်သူဆိုလို့ သားတစ်ယောက်ပဲရှိတာပါ . . .

ကျော်ကျော် ချစ်ရမယ့်သားတစ်ယောက်မဟုတ်ပါဘူးမေမေ . . . ထင်သလိုအနိုင်ကျင့်လို့ရတဲ့သားတစ်ယောက်ပါ . . . စိတ်တိုင်းကျကြိုးဆွဲလို့ရတဲ့ အရုပ်တစ်ရုပ်လို မေမေတို့ရဲ့အတ္တကစားကွက်ပေါ်မှာ အရှက်တွေ သိက္ခာတွေကို စတေးပြီး တက်ဆုပ်လှုပ်ရှားနေရ

တဲ့ ကျားကောင်တစ်ကောင်ပါ . . . နောက်ဆုံး မမေအတွက်လိုအပ်ရင် ဘဝကိုပါစတေး . . .

ဒေါ်ရွှေရင် — တော်ပါတော့သားရယ် . . . မမေ့ကို စကားနာထိုးမနေပါနဲ့ . . . ငါ့သားဘာဖြစ်ချင်သလဲ . . . ဘာလိုချင်သလဲပြော မမေရအောင်ကြိုးပမ်းပေးမယ် . . .

ကျော်ကျော် — (ခေါင်းရမ်း) အားလုံးနှောင်းသွားပြီမမေ. . . သိပ်နောက်ကျသွားပြီ ဘာပဲဖြစ်ဖြစ်လေ မမေ ပညာပေးသင်တန်းပို့ချချက်တွေကို လက်တွေ့အကောင်အထည်ဖေါ် စမ်းသပ်ပြုစုခံရတဲ့အတွက် ကျွန်တော်ဂုဏ်ယူနေမှာပါ (ချောင်းဆိုးပြီးဝင်သွား)

ဒေါ်ရွှေရင် — မိကြိုင်

မိကြိုင် — ရှင် မမေကြီး . . .

ဒေါ်ရွှေရင် — ငါ မှားများသွားသလား . . .

မိကြိုင် — လူနှစ်ယောက်စိတ်ညှက္ခရောက်ပြီး ရောဂါဖလှယ်မိကြတာကလွဲရင် ဘာမှ မမှားပါဘူးရှင့် . . .

ဒေါ်ရွှေရင် — သူတို့ ဝေဒနာကူးသည်အထိ ဟိုဒင်း . . . ဟို

မိကြိုင် — (ပြုံးပြီး) မမေကြီးကလည်း ငါးကြော်ပန်းကန်ကို

ကြောင်နာသွားချတဲ့ဥစ္စာ . . . ဟီးဟီး . . . ပန်းကန် ပါ ဝါးမပစ်ရင် ကံကောင်းပေ့ါ . . .

ဒေါ်ရွှေရင် ငါက စေတနာပါအေ . . .

မိကြိုင် လူကြီးတွေမှားပြီဆိုရင် ဒီဆင်ခြင်မျိုးကြားနေကြ ပါ မေမေကြီး . . .

ဒေါ်ရွှေရင် ငါ့ကို ဆန့်ကျင်တဲ့စကားထက်အကြံပေး ကူညီပါ လား မိကြိုင် . . .

မိကြိုင် ဒီမှာ မေမေကြီး ကိုကိုလေးဟာ ဒီလိုဖြစ်နေတာ ဘယ်သူမှမသိသေးပါဘူး . . . အကောင်းဆုံးက သူ့ ဝေဒနာနဲ့စိတ်ဓါတ်ကို သူတကယ်ချစ်တဲ့သူသာ မြှင့်တင်ကူညီပေးနိုင်မှာ. . . အဲညီတော့ မမခင်မာဝေ ကို ကိုကိုလေးဆီရောက်အောင် ဆောင်ကျဉ်းပေး ပေတော့ . . .

ဒေါ်ရွှေရင် တခြားနည်းနဲ့ ငါ့သားလေးစိတ်ချမ်းသာအောင် . . .

မိကြိုင် အဲဒီ အခြားနည်းကြောင့် ညီလိုဖြစ်သွားတာ မဟုတ်လား . . .

ဒေါ်ရွှေရင် ဟုတ်ပါတယ် . . . ဟုတ်ပါတယ် အရာရာကို ငါ ဖန်တီးနိုင်တယ် . . . ငါလုပ်သမျှ ဟုတ်ရမယ်ဆိုတဲ့ စိတ်ကြောင့် အပြစ်မရှိတဲ့ ကလေးတွေဒုက္ခတွေ့

ရတာ အဲညီအမှားကို ငါပြုပြင်မယ် . . . ဘယ်လို တောင်းပန် တောင်ပန်ရ ငါ့သားဇနီး ငါ့သမီးလေး ကို ငါအပါခေါ်မယ် အို အခုကို သွားခေါ်မယ် . . .

(ဝင်သွား)

မိကြိုင် အင်း . . . အသက်(၅၀)ကျော်မှ လူအစစ်ဖြစ်သွား ရှာပါပေ့ါ ဒေါ်ရွှေရင် . . .

ကားချ

ခန်းစဉ် (၁၀)

ဦးကြွက်၏တိုက်

ဖိုးလုံး ဦးကြွက်အား နှိပ်ပေးနေမည် . . . အနီးတွင် ခင်မာဝေ စာဖတ်နေ . . .

ဖိုးလုံး ခါတ်လေးပါးမမျှရင် ဒုက္ခရောက်တာပဲ ဘဘကြီး ရေ . . . အခုဘဘကြီး ခေါင်းခဲ ဇက်လေး မျက်ရိုး ကိုက်တယ်ဆိုတာ ပထဝီအားနည်းလို့ တေဇော များလို့ဖြစ်ရတာ . . . ဟောညီ အကြော ဟော ဟော . . .

ဦးကြွက် အား . . . ကျွတ် ကျွတ် . . . အေး . . . အေး ကောင်း လိုက်တာကွာ . . . အပူတွေကိုရှိန်း ရှိန်းရှိန်းနဲ့ ထွက်သဟ . . .

ဖိုးလုံး ဒါပဲပေါ့ ဘဘကြီးရယ် အကြောပြင်ပေးနှိပ်ပေးရင် အပူဟာ ဒီလိုထွက်တာပဲ . . . အပူဘယ်လိုဝင် သလဲဆိုတော့ . . .

(ဒေါ်ရွှေရင် ရှိုရှိုလေးဝင်လာ . . . )

ဦးကြွက် ဘယ်လိုဝင်လာတာလဲကွ . . .

ဖိုးလုံး ထမိဝတ်ပြီး ဝင်လာတာပေါ့ ဘဘကြီးရာ တကယ့် အပူလှိုင်းကြီးဗျ . . .

ဦးကြွက် ဒေါ်ရွှေရင်ကိုကြည့်ပြီး . . .

ဦးကြွက် ခင်ဗျား ဘယ်သူ့ခွင့်ပြုချက်နဲ့ ဝင်လာတာလဲ . . .

ဒေါ်ရွှေရင် ကျွန်မ . . . ကျွန်မ အပြစ်ကိုဝန်ခံဖို့ . . .

ဖိုးလုံး ဒါ ရဲစခန်းမဟုတ်ပါဘူး . . . အပြစ်ရှိရင် ရဲစခန်း သွားပါ . . .

ဒေါ်ရွှေရင် ကျွန်မကို သနားကြပါရှင် . . .

ဦးကြွက် သြော် . . . အလှူခံလာတာကိုး . . .

ဖိုးလုံး ထည့်လိုက်ပါ ဘဘကြီးရာ . . . လူကြီးချင်းထည့် တာ ကုသိုလ်ရပါတယ် . . .

ဒေါ်ရွှေရင် ကျွန်မ . . . ကျွန်မ သမီးကိုလာခေါ်တာပါ . . .

ဦးကြွက် ဘာပြောတယ် . . .

ဖိုးလုံး ထပ်မေးလည်း ဒီစကားပဲဖြေမှာပါ . . . ညီမယ် ကျုပ် မမလေးကို ထပ်ပြီးအရှက်ခွဲဘို့လာတာလား . . . ဒါမှမဟုတ် လက်ဖွဲ့ငွေလိုနေလို့ . . .

ဒေါ်ရွှေရင် မ မဟုတ်ပါဘူး . . . မထမကိစ္စတုန်းကလည်း အဲညီ ငွေတွေကိုစာရင်းဇယားနဲ့ကလေးတွေကို ပြန်ပေး ဖို့ပါ . . . ကိုကြီးကွက်က . . .

ဦးကွက် ဘာအခုမှ ကိုကြီးကွက်လည်း ခေါ်နဲ့ . . . ညီမယ် မရွှေရင် ကျုပ်လည်း ခင်ဗျားလိုစေတနာနဲ့ပါ . . . အင်းလေ ရေဆုံးရေဖျားမစဉ်းစားကြားဘဲထင်ရာ တွေစွတ်လုပ်ကုန်ကြတဲ့ ကျုပ်တို့နှစ်ယောက်ရဲ့ လေးဆယ်ကျော်အမှားပေ့ါလေ . . . ကိုင်း ဆိုပါဦး လာရင်း ကိစ္စ . . .

ဒေါ်ရွှေရင် သမီးကို ပြန်ခေါ်ပါရစေ . . . သား ကျန်းမာရေးချို့ ငဲ့နေလို့ . . .

ဖိုးလုံး ဟိုဟာလိုလို ဘာလိုလို ဖြစ်နေတယ်မဟုတ်လား ကျုပ်တို့ကို မလိမ်နဲ့နော် . . .

ဒေါ်ရွှေရင် (ခင်မာဝေနားထိုင်၍ဒူးထောက်) မေမေ တောင်း ပန်ပါတယ်သမီးရယ် . . . မေမေ့ကို သနားပါ . . . မင်းချစ်လင်ကိုသနားပါ . . . သူ သွေးလည်း စစ် ထားပါတယ် . . . သနားပါတယ်ကွယ် (ငိုမည်)

ဦးကြွက် ဟင်း (သက်ပြင်းချ) အဆုံးဖြတ်ရခက်တယ်ဗျာ သွေးစစ်လို့ရောဂါရှိပါတယ်ဆိုတဲ့ ပေ့ါစတစ်ဖြစ်နေရင်ရော . . .

ခင်မာဝေ ပေ့ါစတစ်လည်း ချစ်မှာပဲ ဖေဖေ . . .

ဦးကြွက် ဟင် . . . ဘယ့်နှာတုန်း . . .

ခင်မာဝေ သူဟာ သမီးရဲ့ချစ်လင်ပါဖေဖေ . . . သူ့ဝေဒနာဟာ သမီးဝေဒနာပါ . . . သမီး သူ့နားမှာနေပြီး ပြုစုခွင့်ပေးပါ . . . ဇနီးကောင်းဆိုတာ လင်သားအပေါ်တာဝန်ကျေတဲ့ မိန်းမကို ခေါ်တာပါ . . .

ဒေါ်ရွှေရင် တော်လိုက်တာသမီးရယ် . . . ချွေးမဖြစ်နေလို့ . . . တခြားမိန်းကလေးဆို မေမေ ထိုင်တောင်ကန်တော့ပါတယ် . . .

ဦးကြွက် သူ့အဖေကို ကန်တော့ရင်လည်းရပါတယ်ဗျာ . . .

ဒေါ်ရွှေရင် ကန်တော့ပါတယ်ရှင် ကန်တော့ပါတယ် . . . (ထိုင်ရာမှ ကန်တော့)

ဦးကြွက် ကဲ မရွှေရင် ကျုပ်တို့ လူကြီးတွေတက်ထားတဲ့ သင်တန်းထက်ပိုပြီး ထိထိရောက်ရောက်ကုနိုင်မယ့် သံယောဇဉ် နာ(စ်)ကို ပြီးရင် ကျုပ်ခေါ်လာခဲ့မယ် . . . အဲ ကျုပ်သမီးနဲ့ကျုပ် စိတ်တိုင်းမကျတဲ့ အချိန် ပြန်ထွက်လာမှာပဲနော် . . .

ဒေါ်ရွှေရင် စိတ်တိုင်းကျဖြစ်ရပါစေ့မယ်ရှင် . . . ကတိပေးပါတယ် . . . ကဲ ခွင့်ပြုပါဦးနော် . . .

ခေါင်းငုံ့၍ရှိုသေစွာ ထွက်သွား . . .

ဦးကြွက် အင်း အစွယ်ကျိုးပြီဆိုမှတော့ အဆိပ်လည်း မရှိနိုင်တော့ဘူးပေါ့ . . . ညီလိုဆိုတော့လည်း သနားစရာကြီးပါ သမီးရယ် . . . သမီးကရော မောင်ကျော်ကျော်ကို နားလည်စွာ ပြုစုခွင့်လွှတ်နိုင်ရဲ့လား . . .

ခင်မာဝေ ပြောခဲ့ပြီပဲ ဖေဖေ . . . ပေ့ါစတစ်ဆိုလည်း ချစ်မှာပဲလို့ . . . သမီးအားလုံး နားလည်နိုင်ပါတယ် ဖေဖေရယ် . . .

ခင်မာဝေ ဝင်သွား . . . ဖိုးလုံး စိုးရိမ်စွာကြည့်ရင်း သက်ပြင်းချ . . .

ဦးကြွက် ပူမနေစမ်းပါနဲ့ဖိုးလုံးရာ . . . ငါးဖမ်းရင်း . . . ကရင်လိုကပြီးကာကွယ်သွားမှာပါကွ . . . ဟဲဟဲဟဲ . . .

ကားချ

ခန်းစဉ် (၁၁)

လူငယ်များနှင့် အမျိုးသမီးကြီးတစ်ဦး

| | |
|---|---|
| အမျိုးသမီး | ကျေးဇူးတင်ပါတယ် သားတို့ သမီးတို့ရယ် ဒီအိမ်ခန်းဟာ လူစီငှားနေတဲ့အိမ်ခန်းပါ . . . |
| လူငယ် | အခု မမလူစီ မရှိဘူးလား ဒေါ်ဒေါ် . . . |
| အမျိုးသမီး | သူက လမ်းအများသားကွဲ့ . . . အိမ်ဆိုတာ အိပ်ချိန်မှ ပြန်လာတတ်တာ . . . တစ်ခါ တစ်ခါ ခရီးသွားပြီဆိုရင်လည်း နှစ်လ သုံးလ ကြာချင် ကြာနေပြန်ရော . . . အရောင်းအဝယ်သမားဆိုတော့ နယ်စုံသွားနေရတာကိုး . . . |
| လူငယ် | ဘယ်ကိုသွားမယ်ဆိုတာ ပြောလေ့ပြောထမရှိဘူးလား ဒေါ်ဒေါ် . . . |
| အမျိုးသမီး | သိပ်များ အရေးကြီးလို့လားကွယ် . . . |
| လူငယ် | ဟို မ . . . မကြီးပါဘူးခင်ဗျ . . . သူ့မှာ အကူအညီများလိုမလားလို့ လာစုံစမ်းတာပါ . . . |
| အမျိုးသမီး | အညော့်လည်း ဘာမှ ပြောမသွားဘူး . . . သော့တောင် ခပ်မသွားဘူး . . . အို ညတွင်းချင်းကို တိတ်တိတ်ထွက်သွားတာ ကလေးတို့ရဲ့ . . . ကြည့်ရတာ တန်ဖိုးထားတဲ့ အရာတစ်ခုကို စွန့်လွှတ်ဆုံးရှုံးသွားရရှာပုံပဲ . . . |

လူငယ် ခင်ဗျာ . . .

မီးမှောင်

သီချင်းဝင်မည် . . .
မွှေးသောပန်းနှင့် ဝေးခဲ့သည့်အကြောင်း . . .

ခန်းစဉ် (၁၂)

လူစီအိပ်ကိုဆွဲ၍ထွက်သွားဟန်
ခင်မာဝေ ကျော်ကျော်ကို ပြုစုဟန်နှင့် ဒေါ်ရွှေရင်
ကြည်နူးစွာကြည့်ဟန် . . . ဦးကြွက်ဝင်လာ၍
အကျီကိုချွတ်ပြီး အလျှော်ခိုင်း . . . တစ်ထည်ယူခဲ့
ရန်ပြောဟန် . . . ဒေါ်ရွှေရင် ရိုသေစွာ ခေါင်းညိတ်
အတွင်းဝင်၍ရိုသေစွာယူလာဝတ်ပေးဟန် . . .
ဖိုးလုံးနှင့် မိကြိုင်တွေ့၍ ဝမ်းသာဂုဏ်ယူဟန်
ကျော်ကျော် ခင်မာဝေ အာကစားလှုပ်ရှားဟန်
ဦးကြွက် ဒေါ်ရွှေရင်လိုက်၍ လှုပ်ရှားဟန်
ဒေါ်ရွှေရင် မောသွား . . . ဦးကြွက်တွဲ၍ဝင်သွား
မည် . . . လူစီစာရေးနေဟန် . . .
ဤပြကွက်အားလုံး ဟာသဆန်သော . . .
ပျော်ရွှင် ဖွယ်ပြကွက်များဖြစ်ရပါမည် . . .
သီချင်းဆုံးလျှင်

ကားချ

ခန်းစဉ် (၁၃)

ဒေါ်ရွှေရင်၏တိုက်
ခင်မာဝေ၊ဦးကြွက်၊ ကျော်ကျော်တို့ရှိနေမည် . . .
ဒေါ်ရွှေရင် စာချုပ်များ ခင်မာဝေကို ပေးရင်း . . .

ဒေါ်ရွှေရင် ရော့ သမီး. . . ဒီနေ့ကစပြီး ဟောဒီတိုက်၊ခြံနဲ့အမွေ အားလုံး ငါ့သမီးနာမည်နဲ့ အားလုံးလက်မှတ်ထိုး ပြီး လွှဲပြောင်းပေးလိုက်တဲ့ စာချုပ်တွေ . . . မေမေ့ သိက္ခာအရှိန်အဝါကို ဘဝနဲ့ရင်းပြီး ကူညီကယ် တင်ခဲ့တဲ့ ကျေးဇူးဟာ ညီပစ္စည်းတွေထက် အဆ များစွာ တန်ဘိုးရှိပါတယ် . . . သမီးတို့ မင်္ဂလာ ဆောင်တုန်းက မှားခဲ့တဲ့ အမှားကိုလည်း တောင်း ပန်ရင်းပေ့ါ . . . အညာက အမျိုးတွေဆီမှာ အကြာကြီးမနေနဲ့နော်မေမေဆက်သွယ်နေမှာ. . .

ဦးကြွက် ကျုပ်အကိုများက ဆွေပြမျိုးပြ လာပါဦးဆိုလို့ပါ ဗျာ. . . ရက်နှစ်ပတ်အလွန်ဆုံးပါ. . . မင်္ဂလာဆွမ်း လည်း ကျွေးရင်းပေ့ါ . . .

(ဖိုးလုံးနှင့် မိကြိုင်ထိုင်၍လက်အုပ်ချီရင်း)

ဖိုးလုံး ကျွန်တော်တို့လည်း ရွာပြန်ပြီး မင်္ဂလာဆွမ်းကပ် ပါရစေ . . .

ဒေါ်ရွှေရင် မင်္ဂလာပါပဲရှင် . . . ခွင့်ပြုပါတယ် . . . ရော့ မိကြိုင်

. . . မေမေကြီးက တစ်သောင်းလက်ဖွဲ့လိုက်မယ်
. . . မင်္ဂလာပြည့်ပါစေကွယ် . . .

(ဖိုးလုံးနှင့်မိကြိုင်ကန်တော့၍ ဝင်သွားကြ)

ဦးကြွက် — ကလေးတွေ ကိစ္စကတော့ ပြီးသွားပြီ . . . လူကြီးတွေကိစ္စတော့ ကျုပ်ပြန်မှ စီစဉ်ကြတာပေါ့ . . .

ဒေါ်ရွှေရင် — ဘာတုန်း . . .

ဦးကြွက် — ဩော် ရိပ်သာလေး ဘာလေးသွားဖို့လေ ဟဲ ဟဲ . . . ကဲ သင်္ဘောချိန်နီးပြီ . . .
မရွှေရင် ကျုပ်တို့ကို ခွင့်ပြုပါဦး . . .

ကျော်ကျော်၊ ခင်မာဝေထိုင်၍ကန်တော့ပြီးလျှင် ဝင်သွားကြမည် . . .

ဒေါ်ရွှေရင် — လိမ္မာလိုက် တော်လိုက်တဲ့သမီးလေးရယ် . . . ချစ်သူကောင်းတို့ရဲ့ နှလုံးသားနဲ့ပြည့်စုံပါပေ တယ် . . . ဘာတဲ့ ပေါ့စတစ်လည်း ချစ်မှာပဲတဲ့ . . . သာဓု . . . သာဓု . . .

အပြင်မှ — စာဖို့ ကိုကျော်ကျော်တဲ့

(လူငယ်ဝင်လာ)

ဒေါ်ရွှေရင် — ကျော်ကျော်ခရီးထွက်သွားတယ်ကွဲ့ . . . အဒေါ့်ကို ပေးခဲ့ပါ . . .

(စာပေးပြီးဝင်သွား)

ဒေါ်ရွှေရင် စာကိုဖောက်၍ဖတ် . . . လူစီ့အသံနှင့်

နောက်မှဖတ်ပေး . . .

ကျော်ကျော် သူငယ်ချင်း ငါ လူစီပါ . . . မိကြိုင် စာရေးလို့ နင်တို့အဆင်ပြေကြောင်းသိရတာ ဝမ်းသာပါတယ် . . . ငါ့မယ် သူငယ်ချင်းအဆင်ပြေပါစေတော့လို့ အပျိုလေးတန်မယ့် အေအိုင်ညီအက်(စ်) ရောဂါသည်အဖြစ် ဟန်ဆောင်ရကျိုးနပ်သွားတာပေါ့ . . . ငိုလိုက်ရှိုက်လိုက်နဲ့ နင့်အမေကြီးကိုလိမ်ရင်းနဲ့ ငါရယ်ချင်လိုက်တာလေ . . . နင့်အမေ ပေါ်တာမကြီးကလည်း အဟုတ်မှတ်ပြီး ပြူစုပါမယ့် တကဲကဲ . . . ဒါနဲ့ ငါ ညတွင်းချင်းလစ်ပြေးခဲ့ရတာပဲ့ . . . ဒီအစဉ်ကိုပြောပြတဲ့ ဒါရိုက်တာ မိကြိုင်လည်း တော်ပါတယ် . . . နင့်ယောက္ခမ ဦးကြွက်နဲ့ နင့်မယားကလည်း သရုပ်ဆောင် ပီရိတယ်ဆို၊ နင်တို့လင်မယား အိုအောင်မင်းအောင် ပေါင်းနိုင်ဖို့ ပေါ်လာရတဲ့ အေအိုင်ညီအက်(စ်) ရောဂါကိုလည်း ကျေးဇူးတင်လိုက်ပေါ့ဟယ် . . .

လူစီ

ဒေါ်ရွှေရင် ဟင် . . . အင်း . . . ဟင်း ဟင်း ခံလိုက်ရပြီ . . . ပေါင်းကြံကြတာ . . . အိမ်ကကောင်မက ဒါရိုက်တာကိုး . . . ငါမှာတော့ အပုတ်မှတ်လိုက်ရတာ . . . ဖိုဝိုင်းလိုက်ရတာ . . . ယူနှံလိုက်ရတာ . . . ကုန်ပြီ . . . ကုန်ပါပြီတော့ . . . အမွေတွေတောင်စာချုပ်နဲ့ လွှဲလိုက်ရသေးသတော့ . . . ဟိုကောင်မကလည်း ငါ့ကို ပေါတာမကြီးတဲ့ . . . ထွီ ကြွက်စုတ်ကြွက်ရူး ကြွက်ကြီးတန်မယ့် အဲ . . . လူကြီးတန်မယ့် ရောပြီးလိမ်တယ် . . . ငါမခံဘူး သင်္ဘောပေါ်ထိ လိုက်ပြီး ပွဲကြမ်းမယ် . . . ဟော့ရွှေရင်တဲ့ဝေဟင်က လိုက်မယ်ဟေ့ . . .

(ထမီမ၍လိုက်ပြေးဟန်)

ကားချ

ခန်းစဉ် (၁၄)

သင်္ဘောဆိပ် ၊ သီချင်းပါမည်

ခရီးသွားများ သင်္ဘောပေါ်တက်၊ ကျော်ကျော်၊ ခင်မာဝေတို့ တက်သွား . . . ဦးကြွက် နောက်သို့လှမ်းကြည့် . . . ဒေါ်ရွှေရင်ကိုမြင်သွားဟန် . . . လန့်၍ ကုန်းပေါင်ပေါ်တက်ပြေး . . . ကုန်ဘောင်တဖြည်းဖြည်း နှုတ်လိုက်သည်နှင့် ဒေါ်ရွှေရင် ဆံပင်ဖားလျားနှင့် ထမီစွန်တောင်ဆွဲ၍ပြေးဝင်

လာ . . . အဝေးမှန်ချပ်နှင့်သင်္ဘောထွက်သွားဟန်
. . . ဒေါ်ရွှေရင် သင်္ဘောကို လက်ညှိုးထိုး၍ရန်လုပ်
ဟန် . . . ခြေကိုဆောင့် . . . လက်သီးဆုတ်၍ပြ
. . . ဘိနပ်ကိုင်၍ထောင်ပြ . . . အရှူးသဖွယ်ဖြစ်နေစဉ်

## ကားချမည်။။

ရင်ခုန်သံ

ဂိမ်း (မ်)

ချစ်စရာ

## ရင်ခုန်သံ ဂိမ်း(မ်)

ပါဝင်သောဇာတ်ကောင်များ

ဆု
စောညိမ်း
အောင်စိုး
သူဇာ
နွယ်နွယ်
ဖိုးထောင်
ဝတ်ရည်
ဇော်မောင်

ခန်းစဥ် (၁)

မိန်းကလေးတစ်ဦးစာဖတ်နေမည် . . .
နောက်မှ ဖတ်ပေးမည် . . .

ချစ်လှစွာသော-ဆု- ခင်ဗျား

ဒီစာကို ဆု ဖတ်နေချိန်မှာ ကျွန်တော်ဟာ ဆုရဲ့ ဆန့်ကျင်ရာအရပ်ကို ခေါင်းမလှည့်စတမ်း ဆုံးဖြတ်ချက်နဲ့ ထွက်ခွာသွားပြီဆိုတာလည်း တပြိုင်တည်း သိလိုက်စေချင်ပါတယ်ခင်ဗျာ . . .

ဆုကို စွန့်လွှတ်ရခြင်း၊ ဆုကို ရှောင်တိမ်းရခြင်းအတွက် ကျွန်တော်ဘယ်လောက်ကြေကွဲဝမ်းနည်းခြင်းဖြစ်ရတယ်ဆိုတာ တစ်ချိန် ဆု စာနာနားလည်လာနိုင်လိမ့်မယ်လို့ ထင်ပါတယ် . . . အင်မတန်တိုးတက်နေတဲ့ သိပ္ပံခေတ်ကြီးထဲမှာ ပျော်စရာ ကစားနည်းတွေ သိပ္ပံပစ္စည်းအကူအညီနဲ့ တီထွင်ခဲ့ကြတာ ဒုနဲ့ဒေးပါ . . . အဲဒီကစားနည်း၊ ကစားပွဲတွေကို ဂိမ်း(မ်)လို့ ခေါ်တယ်နော် . . . တီဗွီဂိမ်းတွေ၊ ဗွီဒီယိုလေဆာဂိမ်းတွေ၊ ကွန်ပျူတာဂိမ်းတွေ အများကြီးပေါ့ဆိုရယ် . . . အများကြီးပေါ့ဗျာ . . . ဆုပြောသလိုပြောရရင် “ကျွန်မက သူများခြေရာပေါ် ကိုယ့်ဘိနပ်ထပ်မတင်ဘူး” ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ညီကစားနည်းအသစ်ကိုထွက်လိုက်တာလား . . . ပြန်လည်ပြင်

လို့မရနိုင်တော့တဲ့ လူတစ်ယောက်ဘဝ . . . အားနည်းချက်ကို ခလုပ်တစ်ခုလိုနှိပ်ပြီး မျက်ရည်နဲ့ ရှိုက်သံတွေကို လိုအပ်သလို ညှစ်ထုတ် နင်းခြေပြီး အပျင်းပြေစေတဲ့ ဆုရဲ့ ကိုယ်ပိုင် ရင်ခုန်သံဂိမ်းလေ . . . အဲဒီကစားပွဲမှာ အစမ်းသပ်ခံသားကောင်ဖြစ်ရတဲ့ ကျွန်တော် ဂုဏ်ယူစွာ အရှုံးပေးခဲ့ပါတယ် . . .

ဆု ရင်ခုန်သံ ဂိမ်းရဲ့ တီထွင်သူအဖြစ် အမြဲဂုဏ်ယူနိုင်ပါစေခင်ဗျား . . .

စောညိမ်း

(စာဆုံးလျှင် မီးမှောင်သွားမည် . . .)

ခန်းစဉ် (၂)

မီးပြန်လင်းလာ
စောညိမ်းနှင့်မိန်းကလေးတစ်ယောက်
စောညိမ်းလိုက်၍စကားပြောဟန်

မိန်းကလေး — စောညိမ်းနော် စောညိမ်း . . . နင့်ကို လိုက်မနှောင့်ယှက်ပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ . . .

စောညိမ်း — နင်ကလည်းဟာ . . . အခုတစ်ခါပဲ ရှိပါသေးတယ် . . . ပထမတစ်ခါတုန်းက မျက်လွှာလေးချပြီး လေပျော့ကလေးနဲ့ ငါ . . . ငါ ငယ်ပါသေးတယ်ဟာလို့

ပြောခဲ့တာ ငါမှတ်မိတယ် . . . အခုမှ မနှောင့်ယှက်ဖို့ တားတာ . . .

မိန်းကလေး အခုကစပြီး တစ်သက်လုံးတားလိုက်ပြီ . . .

စောညိမ်း ကရုဏာလေးလောက်တော့ သက်ဝင်ပါဟာ . . .

မိန်းကလေး မချစ်တဲ့နောက်တော့ ကရုဏာရှိဖို့ဆိုတာ ဝေလာဝေးပေါ့ . . .

စောညိမ်း ဦးစားပေးမဟုတ်တောင် အရံရည်းစားမယ့်စာရင်းထဲပါရင်တော်ပါပြီ . . .

မိန်းကလေး နို့ပဲ . . . နင့်လို ပေါတောတော အူကြောင်ကြောင်ကောင်ကို ရည်းစားထားရင် ငါပါ အပေါမ ဖြစ်သွားမှာပေါ့ . . .

စောညိမ်း ပျော်ပျော်နေတတ်တာပါဟာ . . . နင်တို့ထင်သလောက် ငါမပေါပါဘူး အကြင်နာလေးများ စွန့်ကြဲပါ . . .

မိန်းကလေး လူနာအမဲခြောက်တောင်းနေသလိုပါပဲလား . . . ကျောင်းချိန်နီးနေပြီ ငါသွားမယ် ငါ့ဆီကတော့ နင်လုံးဝမမျှော်လင့်နဲ့၊ နင့် ထုံးစံအတိုင်း နောက်တစ်ယောက်ကို ပြောင်းပြီးကြိုးစားကြည့်ဦးပေါ့ . . .

စောညိမ်း ဟင်း (သက်ပြင်းချ) အဲဒီလိုပဲ လုပ်ရတော့မှာပေါ့ဟာ . . . တစ်ချိန်ကျရင် ငါ့ဆီက အချစ်ကို မပိုင်ဆိုင်

ရလေခြင်းဆိုပြီး နင်တို့ ယူကျုံးမရဖြစ်နေမှာ ငါ သနားလို့ပါ . . .

မိန်းကလေး မျက်စောင်းထိုး၍ဝင်သွားမည်. . .

စောညိမ်း ပုခုံးနှစ်ဖက်တွန့်၍ကျန်နေ အောင်စိုး နှင့် ဖိုးထောင်ဝင်လာ . . .

အောင်စိုး ဘယ်နှယ့်တုန်း . . . ခါတိုင်းလိုပဲလား . . .

ဖိုးထောင် အခြေအနေကတော့ အရင်ဒီဗိုင်းအတိုင်းပါပဲ . . . စောညိမ်း . . . စောညိမ်း မင်းနှလုံးသားက အချစ် မီးတောက်တွေဟာ အစောကြီး ငြိမ်းနေပါပေ့ လားကွာ . . .

စောညိမ်း တက္ကသိုလ်ဆိုတာ မိန်းမလှပေါင်းများစွာ သွား လာဝင်ထွက်နေတဲ့ ရင်ခွင်ကြီးပါကွာ . . . ကမ္ဘာ ၏လူဦးရေစာရင်းအရ ယောကျ်ားတစ်ယောက်ဟာ မိန်းမငါးယောက်နဲ့ညီမျှနေတာပါ။

ဟား ဟား ဟား . . .

အောင်စိုး အင်း တည့်ဝင်တဲ့အချိန်သာ ဒိုင်မပြေးပါစေနဲ့လို့ ဆုတောင်းပေးပါတယ်ကွာ . . .

ကားချ

ခန်းစဉ် (၃)

တိုက်အတွင်းခန်း
ဆု နှင့်သူငယ်ချင်းများ

| | |
|---|---|
| နွယ်နွယ် | (ရယ်ရင်း) အဲဒါနဲ့ နင်လည်း စောညိမ်းပစ်မှတ်က အလွတ်ရုံးပြေးခဲ့ရတယ်ဆိုပါတော့ . . . |
| သူဇာ | အေးပေါ့ဟဲ့ . . . သူက တတွက်တွက်ဘေးက လိုက်ပြောနေတာ . . . ကြာတော့ ငါလည်း ရှက်လာတာပေါ့ . . . |
| မိုးမိုး | ငါ့တုန်းကလည်း အဲလိုပါပဲ . . . သူ့ကိုကြည့်ရတာ ရှိုရှိုသမျှ မိန်းကလေးတွေကို ရည်းစားစကားပြောရေး စီမံကိန်း ဆွဲနေသလိုပဲ . . . |
| ဆု | အဲလိုတော့ အရမ်းမစွပ်စွဲပါနဲ့ဟယ် . . . သူခမျာကြိုးစားတိုင်း မအောင်မြင်တော့ ပြောင်းရွှေ့ပြီးကြံစည်ရတာနေမှာပေါ့ . . . |
| သူဇာ | အံမယ် သူကများ စိုးရိမ်နေလိုက်တာ နင့်လူကိုဘယ်သူမှ စိတ်မဝင်စားဘူး . . . |
| ဆု | ငါကလည်း ဝင်စားတယ်လို့ မပြောမိပါလားဟယ် . . . |

နွယ်နွယ် — တကယ်စိတ်ဝင်စားတဲ့သူက ဘယ်ဖွင့်ပြောပါ့မလဲ . . . ရင်ထဲမှာပဲ မြိုသိပ်ခံစားတော့တာပေါ့ . . .

ဆု — သူဟာ အပြင်ဆောင်မှာနေပြီး ကျောင်းတက် တယ် . . . ပျော်တတ်တယ် . . . ဘာအပြစ်ရှိလဲ . . .

သူဇာ — အချစ်ဆိုတာ ခွင့်လွှတ်ခြင်းမှာ မြစ်ဖျားခံတယ်ဆို တာ ဒါပေါ့ . . .

ဆု — တော်ပြီ တော်ပြီ နင်တို့လို သာလိကာမတွေနဲ့ စကားပြိုင်မပြောတော့ဘူး . . .

(အပြင်မှ ကိုဇော်မောင် ဝင်လာ . . .)

ဇော်မောင် — ဆု

ဆု — ဪ . . . ကိုဇော်မောင် ဘယ်က လှည့်လာတာ လဲ . . .

ဇော်မောင် — ဒေါ်ဒေါ်တို့က အပြန် ဆုကို ဝင်ကြိုခဲ့ပါဆိုလို့ ကျောင်းဆင်းပြီမဟုတ်လား . . .

ဆု — သွားကြစို့လေ . . . ဟော့ကောင်တွေ ငါသွားတော့ မယ် . . . နင်တို့ဆက်ပြီး ဆွေးနွေးရစ်ကြတော့ . . . နှစ်ဦးဝင်၍ သွားမည် . . .

သူဇာ — အင်း ဆုအဖို့ အနာဂတ်ကောင်းသွားတာပေါ့ . . . ကိုဇော်မောင်လည်း တကယ်ဆုကို ပိုင်ဆိုင်ပြီး

သားဖြစ်သွားတာပေ့ါကွာ . . .

ကားချ

ခန်းစဉ် (၄)

တိုက်အတွင်းခန်း
ဒေါ်ဝတ်ရည်၊ ဦးဘသာ၊ ဒေါ်ခင်ခင်ညွန့်
ရယ်ရင်း ပေါ်လာ . . .

ဒေါ်ဝတ်ရည် အဟင်း ဟင်း . . . မိန်းကလေးဘက်စပြီး ပြောရတာဆိုတော့ အဟင်းဟင်း ရှက်စရာတောင်ကောင်းနေပါပြီ . . .

ခင်ခင်ညွန့် အဟက်ဟက် အဟက်ဟက် ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မဝတ်ရည်ရယ် . . . အဟက်ဟက်ဆွေမျိုးလိုနေလာတဲ့ မိတ်ဆွေတွေပဲ ဥစ္စာ . . . ရင်းရင်းနှီးနှီးပေ့ါ ဟုတ်ဘူးလား ကိုဘသာ . . .

ဦးဘသာ အဟားဟားဟား . . . သိပ်ဟုတ်တာပေ့ါ . . . မခင်ခင်ညွန့်ရယ် . . . ကျုပ်တို့လူကြီးချင်းကတော့ တစ်ဦးသဘော တစ်ဦးသိထားပြီးသားဆိုပေမယ့် ကလေးချင်းကလည်း နီးစပ်ဖို့လည်း လိုသေးသကိုးဗျ . . . ဟုတ်ဘူးလား မဝတ်ရည်. . .

ဒေါ်ဝတ်ရည် အဟင်းဟင်း . . . သမီးက သူ့အဖေမရှိကတည်းက အလိုလိုက်ထားရတာဆိုတော့ နည်းနည်းဆိုးချင်နွဲ့ချင်တာကလွဲရင် အဟင်းဟင်း . . .

ဒေါ်ခင်ခင်ညွန့် အို . . . သားကလည်း ညီလိုပါပဲ၊ သူ့အဖေမရှိရင်ဆိုးမှာ သေချာတယ် . . .

ဦးဘသာ အလို . . . မင်းသား ဆိုးမဆိုးသိရအောင် ငါက သေပေးရဦးမှာလား . . .

ဒေါ်ခင်ခင်ညွန့် စကားအဖြစ်ပြောတာပါ . . . တော်ကလည်း အယူသီးလိုက်တာ . . . ဟော သားနဲ့သမီး

(ဆုနှင့်ဇော်မောင်ဝင်လာ
ဆုဝင်သွား၊ ဇော်မောင်ကျန်နေ)

ဒေါ်ဝတ်ရည် ဘယ်နှယ့်လဲ ကိုဇော် မင့်ညီမ ဂျစ်ကန်ကန်လုပ်သေးလား . . .

ဇော်မောင် မလုပ်ပါဘူးအန်တီ . . . ပြေပြေလည်လည်ပါပဲ . . . ဪ . . . ဖေဖေမေမေ ဘုရားဝင်ဦးမယ်ဆို သွားကြရအောင် . . .

ဦးဘသာ ဟုတ်သားပဲ . . . သားရေးသမီးရေးဆိုတော့ ဘုရားမေ့ တရားမေ့ဘဲဗျို့ . . . ကိုင်း သွားဦးမယ် မဝတ်ရည်. . . လာ ငါ့မိန်းမ
(ဒေါ်ဝတ်ရည်အား မှား၍လက်ဆွဲခေါ်)

BURMESE CLASSIC .com

ဒေါ်ဝတ်ရည် မှားနေပြီ . . . မှားနေပြီ . . .

ဦးဘသာ ဟာ ကန်တော့ဗျို့ . . . ကန်တော့ . . . ကန်တော့

ကားချ

ခန်းစဉ် (၅)

တက္ကသိုလ်ကျောင်းနောက်ခံ
စောညိမ်းအား သူငယ်ချင်းများ မျက်မှန်ချွတ်၍ စောညိမ်းနောက်မှ လိုက်၍လု

စောညိမ်း ပေ့ကောင်တွေပေးကွာ . . . ငါ မျက်လုံးမကောင်းတာသိရက်သားနဲ့ . . .

အောင်စိုး မပေးဘူးကွာ . . . ရအောင်လု . . . မင်းဟာမင်း ရအောင်ကြိုးစားဟာ . . .

(မမြင်မကန်းလိုက်လုနေစဉ် တစ်ဖက်မှ ဆုနှင့် သူဇာဝင်လာ . . . စောညိမ်း အောင်စိုးလက်မှ အတင်းလုရင်း မျက်မှန်လွတ်ကျ ဆု တက်နင်းမိမည်. . . )

အောင်စိုး ဟာ . . . သွားပဟေ့

စောညိမ်း ဟော ပြီးရောကွာ . . .

သူဇာ နှစ်မြော၊စရာကောင်းလိုက်တာ . . . နင့်ဖိနပ်လေးတော့ ပျက်စီးပါပြီ . . .

စောညိမ်း ကျွန်တော့် မျက်မှန်ကိုက ခင်ဗျားလမ်းမှာ ဝင်ရှုပ်တဲ့အတွက် ဘိနပ်ကို တောင်းပန်ပါတယ်ခင်ဗျာ . . .

ဆု (မျက်မှန်ကိုင်းကျိုးအား ကောက်ယူရင်း) ဆု . . . ဆု အစားဝယ်ပေးပါမယ်ရှင် . . .

စောညိမ်း ဆုတဲ့လား . . . နာမည်သိခွင့်ရတာနဲ့တင် မျက်မှန် အစားဝယ်ပေးလိုက်သလိုပါပဲခင်ဗျာ . . . ဒီအချိန် ကစပြီး ကျွန်တော်ကို သူငယ်ချင်းတစ်ယောက် လို ခင်မင်ခွင့်ပြုပါ . . .

ဆု သူငယ်ချင်းတစ်ယောက်အဆင့်ထက် မပိုပါဘူးဆို တဲ့ ကတိပေးရင်တော့ ခင်နိုင်ပါတယ် . . .

စောညိမ်း ကျွန်တော့်ကိုယ်စောင့်နတ်ကရှုပေါပေါရယ်ဗျ. . . ခုတစ်မျိုး တော်ကြာတစ်မျိုးဆိုတော့ . . .

သူဇာ တွေ့လား ကိုယ်ဟာကိုယ်ဖောက်ပြန်ချင်တော့ . . . ကိုယ်စောင့်နတ်ကိုအပြစ်ရှာနေတာ၊ လာပါဆု ရယ် . . . ညီလိုလူမျိုးက အခွင့်ပေးလေ ကမ်းတက် လေ အစားထဲက . . .

ဆု (မျက်မှန်ကိုင်းကျိုးကို ကောက်ယူရင်း) ခင်တာ မင်တာနောက်ထားပြီး လျော်စရာရှိတာတော့ အလျော်ပေးရမှာပဲ၊ ပါဝါတိုင်းပြီး ကျွန်မဝယ်ခဲ့မယ် နော် . . . သူဇာနှင့်ဆု ဝင်၍ သွားမည် . . .

အောင်စိုး — တို့ကျောင်းမှာ ဆုဟာ ဧကရီစာရင်းဝင်ကွ . . . မင်းတော့ ခွေးဝဲစား ကတ္တီပါ ဘိနပ်ပြတ်တွေ့သလို ဖြစ်နေပြီ ထင်တယ် . . .

စောညိမ်း — မင်း ဥပမာကြီးကလည်း ဘယ်ဘက်မှ မသက်သာပါလား . . . မိန်ကလေးတွေကို ပေ့ါပေ့ါတန်တန် သဘောထားပြီး စခဲ့နောက်ခဲ့တဲ့ငါတောင် ရင်ခုန် တုန်တုန်ဖြစ်သွားပြီ . . .

အောင်စိုး — မင်း ကြီးစားကြည့်လေ . . . မင်းလိုလူမျိုး အားကိုးစရာ စကားပုံတစ်ခုရှိပြီးသားဥစ္စာ . . . အချစ်မှာ မျက်စိမရှိတဲ့ . . .

စောညိမ်း — အချစ်မှာ မျက်စိမရှိတာမဟုတ်ဘူးကွ . . . အချစ်မှာ မျက်မှန်မရှိတာကွ . . .

ကားချ

ခန်းစဉ် (၆)

ဖိုးထောင်၊ သူဇာ

သူဇာပြုံး၍ခေါင်းညိတ်ရင်း

သူဇာ — မြစ်ကို မမြင်ဘူးတော့ မူးကိုတောင်ပင်လယ်မှတ်နေမှာပေါ့၊ ဆုက ငါတို့လို စပ်ဖြီးဖြီးနဲ့မဟုတ်ဘူးနော် . . . မင်နဲ့မောင်းနဲ့ ခပ်တည်တည်နောက်တာ . . . နင့်လူကိုယ့်စရိတ်ကိုယ်စားပြီး ရှုံးသွားဦးမယ် . . .

ဖိုးထောင် အဲဒါကတော့ သူကံနဲ့ သူ့ဝဋ်ကြွေးပေါ့ဟာ . . . လောလောဆယ်တော့ ညီကောင် အိန္ဒြေရနေတာ အမှန်ပဲ . . . ဟိုနေ့ကလည်း နင်တို့ အဆောင် အောက်ကနေ ကြိုးသန်းခေါင်သီချင်းတွေ အော်ဆိုနေတယ်ဆို . . .

သူဇာ ဟဲ . . . ညါလည်း ဆုရှဲလက်ချက်လေ. . . မနက် ကျောင်းမှာဆုံတော့ နင်တို့ညက စီဒီအိုကေကို တော်တော်အရသာတွေ့ရဲ့လားဆိုပြီး ရယ်လိုက် တာသိလား . . .

ဖိုးထောင် နင်တို့က ညကျမှပါ . . . ငါနဲ့အောင်စိုးက တစ်နေ့ လုံး သူအော်ဟာစ်ပြီး အသံကျင်တဲ့ဒဏ်ကိုခံလိုက် ရတာ . . . ဆုက သူ့မိတ်ဆွေမှန်ရင် သီချင်းလေးငါး ပုဒ်တော့ အမျိုးသမီးဆောင်မှာဆိုးဘူးတဲ့သူချည်း ပဲ ပြောလို့တဲ့ . . .

သူဇာ မျက်မှန်ကလည်း သေသေချာချာ ပါဝါမြင့်တာ ငါနဲ့ရွေးဝယ်ခဲ့တာ . . . ကျောင်းထဲမှာ ညီမျက်မှန် လေးနဲ့အမြဲမြင်ချင်ပါတယ်လို့တောင်ချွန်လိုက်သေး တယ် . . .

ဖိုးထောင် စောညိမ်းကို ရှူးရင်ရှူး မရှူးရင်ကန်းအောင်များ လုပ်နေကြတာလား . . . ဟာ ဟာ ဒါထက် ဒီကနေ့ နှစ်ယောက်စလုံးမမြင်ပါလား . . .

သူဇာ အင်း မဟုတ်မှလွဲရော ရုပ်သေးဆရာကြီး -ဆု- ရဲ့ စမ်းသပ်ကြိုးဆွဲမှု စီမံချက်ကို တစ်နေရာရာမှာ အကောင်အထည်ဖေါ်နေပြီထင်တာပါပဲဟာ . . .

မီးမှောင်

ခန်းစဉ် (၇)

(မီးပြန်လင်းလာ၊ ပန်းခြံရှုခင်း၊ ခုံတန်းရှည်တစ်ခု ရှိနေမည်၊ ဆုနှင့်စောညိမ်း၊ ဆုထိုင်လျက်စကား ပြောမည်. . . )

ဆု ကိုစောညိမ်း . . . ဟိုနေ့က သီချင်းဆိုတာ လေးပုဒ် မပြည့်ဘူးဆို . . .

စောညိမ်း ဟာ ကျော်တောင်ကျော်သွားသေးတယ် . . . လေးပုဒ်ပြည့်တာတောင် သူတို့က မအိပ်သေးလို့ အားနာတာနဲ့ တွံတေးစိုးအောင် တစ်ပုဒ်အဆစ် ထည့်ပေးလိုက်တယ် . . .

ဆု (ရယ်ချင်စိတ်ကို မြိုသိပ်ဟန်နှင့် အဲလို အပိုတွေ လျှောက်လုပ်တဲ့လူဆိုရင်လည်း ကျွန်မ သိပ်မုန်း တာ . . .

စောညိမ်း နောင်မဖြစ်စေရပါဘူး ဆု . . . ကျွန်တော်ဆင်ခြင် ပါ့မယ် . . . ညါထက် ကျွန်တော် ဆုဘေးနားမှထိုင် လို့ရမလားဟင် . . . ရပ်နေရတာ . . . နာရီဝက် လောက်ရှိသွားပြီဆုရဲ့ . . .

| | |
|---|---|
| ဆု | ထိုင်လို့ရပါတယ် . . . ကပ်တော့ သိပ်မကပ်နဲ့ပေါ့ . . . ကိုစောညိမ်း မျက်မှန် ကြည့်လို့ကောင်းရဲ့လား . . . |
| စောညိမ်း | ပါဝါများတယ် ကိစ္စမရှိပါဘူး . . . ပါဝါများတော့ ဆု မျက်နှာကို ပိုပြီး ပြည့်ပြည့်ဝဝ မြင်ရတာပေါ့ . . . |
| ဆု | မျက်လုံးများပိုပြီး အားနည်းသွားမလားလို့ . . . |
| စောညိမ်း | မျက်လုံးအားနည်းတာထက် သံယောဇဉ်အားနည်းသွားမှာ ကျွန်တော်စိုးရိမ်တာပါ . . . |
| ဆု | သွယ်ဝိုက်ပြီး ရည်းစားစကားပြောလိုက်တာလား . . . |
| စောညိမ်း | ကျွန်တော် ပြောတဲ့စကားထဲမှ အချစ်ဆိုတာ မပါပါလား ဆု . . . |
| ဆု | သံယောဇဉ်ဆိုတာပါနေတယ်လေ . . . |
| စောညိမ်း | သံယောဇဉ်ဆိုတာ အိမ်မွေးတိရိစ္ဆာန်လေးတွေ အပေါ်မှာထားတဲ့ ခင်မင်မှုမျိုးကို ပြောတာပါ . . . |
| ဆု | ကိုစောညိမ်းက လူပဲ . . . လူလူချင်း သံယောဇဉ်ရှိတယ်ဆိုတာ ချွတ်ယွင်းချက်နဲ့ အပြစ်ကင်းနေမှလေ . . . |

စောညိမ်း ကျွန်တော့်မှာ ဘာချွတ်ယွင်းချက်ရှိလည်းဆု . . . ကျွန်တော်ပြုပြင်နိုင်ပါတယ် . . .

ဆု ကိုယ်ဟာကိုယ်ရှာကြည့်ပါလား . . . ဆုက အဆိုး မြင်သမားမှမဟုတ်တာ . . . ဟာ (နာရီကြည့်) အချိန်တောင်နီးနေပြီ . . .

စောညိမ်း ဘာအချိန်နီးနေတာလဲဟင် . . .

(ဆု စဉ်းစားဟန် နောက်အတွင်းမှ စကားပြော ပေးမည်၊)

(နွယ်နွယ်၏အသံ
မနက် (၉) နာရီဆို ရွှေလက်သီးဆိုတဲ့ လက်ဝှေ့ သမားကြီး အဲဒီပန်းခြံမှာလာပြီး လေ့ကျင့်ခန်း လုပ်နေကျပဲ . . . စိတ်ကလည်း မြန်လိုက်တာ ပြီးခဲ့ တဲ့ သုံးရက်ကတင် သူ့ပြိုင်ဘက် စိန်ဒူးပုံ့ကို မေးရိုး ကျိုးအောင် ဆော်ထားတာဟဲ့ . . . လက်ရှိ ချန်ပီယံ ပိုင်ရှင်လေ . . .)

စောညိမ်း ဘယ် . . . ဘယ်သူနဲ့များချိန်းထားလို့လဲ . . .

ဆု ဆုကို လိုက်နှောင့်ယှက်နေတဲ့ လူတစ်ယောက်ပါ ဘယ်လိုမှ ပြောလို့မရဘူး . . . ကိုစောညိမ်း သူ့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမ မပေး နိုင်ဘူးလား . . .

စောညိမ်း — ဗျာ . . . ဩော် . . . ဟဲဟဲ . . . ရပါတယ်ဆု . . . ဆု အန္တရာယ်မှန်သမျှရှင်းအောင် ကျွန်တော့်တာဝန်ထားပါ . . .

ဆု — ရက်ရက်စက်စက်မလုပ်လိုက်ပါနဲ့နော်၊ ဆု . . . ဆု ခပ်ဝေးဝေးက ရှောင်ပြီးကြည့်နေမယ် . . . ဟောဟိုမှာ သူ . . . သူပဲ ကိုစောညိမ်း . . .

ဆု ပြောပြော ဝင်ဝင် ဝင်သွား . . . စောညိမ်း ကြည့်နေ ရွှေလက်သီးဝင်လာ ကျန်းမာရေးလေ့ကျင့်ခန်းများလုပ် . . . စောညိမ်း ရှေ့မှသွားရပ်ရင်း လက်ကိုဆွဲထား . . .

ရွှေလက်သီး — ဘာကိစ္စလဲဗျ . . .

စောညိမ်း — ဆု လေ . . . ဆုအကြောင်းပြောချင်လို့ပါ . . .

ရွှေလက်သီး — ကျွန်တော်ကလည်း အဲဒီဆုကို စိတ်ကုန်နေပါပြီဗျာ . . .

စောညိမ်း — ဗျာ . . . ဘယ်လို

ရွှေလက်သီး — ဟုတ်တယ်ဗျာ . . . ဆုအတွက် ကြိုးပမ်းရ ယှဉ်ပြိုင်ရ၊ အနစ်နာခံရ နောက်ဆုံးကျတော့ ဆုကို ပိုင်ချင်တာတစ်ခုအတွက်နဲ့ သူတစ်ပါးကို နစ်နာအောင် ရက်စက်ရသလို ဖြစ်နေတော့ ဆုကို နားလည်စွာ စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ . . .

စောညိမ်း (ဝမ်းသာတုန်ရီစွာ) အကိုကြီး တကယ် . . . တကယ်လားဟင် . . .

ရွှေလက်သီး ကျွန်တော့်စကားကို နှစ်မျိုးမပြောတတ်ပါဘူးဗျာ . . .

စောညိမ်း ဝမ်းသာလိုက်တာဗျာ (ရွှေလက်သီးကို ဖက်နမ်းပြီး ဝင်သွား၊ ရွှေလက်သီးတပည့်ဝင်လာ)

တပည့် ဆရာ . . . ဟိုလူက ဘာတွေလာပြောသွားတာလဲ . . . (စောညိမ်းဝင်သွားရာသို့လိုက်ကြည့်ရင်း)

ရွှေလက်သီး ဂျာနယ်သတင်းထောက်နဲ့တူပါရဲ့ကွာ . . . ငါ့ချန်ပီယံဆုကိစ္စလာပြီး အင်တာဗျူးနေတာ ဟိုနေ့က စိန်ညွှန့်ပျံကို မေးရိုးကျိုးအောင်ထိုးပြီး သူ့ရဲ့ လေဖြတ်နေတဲ့ဇနီးကို ငါ့ဆုကြေးတွေလှူလိုက်တာတောင် ထည့်မပြောလိုက်ရဘူး ဆု . . . ဆု စကားတစ်လုံးတည်းနဲ့ လူတွေကို အတော်ဒုက္ခပေးတဲ့ ဆုပါပဲကွာ . . .

ကားချ

ခန်းစဉ် (၈)

ဒေါ်ဝတ်ရည်တိုက်
ဇော်မောင်၊ ဒေါ်ဝတ်ရည်

ဒေါ်ဝတ်ရည် ခက်တယ် ငါ့တူ . . . သိပ်ခက်တယ် ဒီကိစ္စမျိုးက ကလေးများ မုန့်ပူဆာသလို လူကြီးတွေကို တဂျီဂျီ လုပ်လို့ရတာမျိုးမဟုတ်ဘူး . . . လူကြီးက အခွင့် ပေးပြီးသားပဲ၊ ကိုယ့်ဟာကိုယ်လည်းကြိုးစားဦး ယောက္ခမလောင်းက ညီစကားတွေ ဖွင့်ပြောနေရမှ တော့ မနိုပ်ပါဘူးကွယ် . . .

ဇော်မောင် အန်တီမသိပါဘူးဗျာ . . . ကျွန်တော်ကြားတဲ့ သတင်းက စိုးရိမ်စရာကောင်းလို့ အသိပေးရတာ ပါ . . .

ဒေါ်ဝတ်ရည် ကျောင်းသူ ကျောင်းသားသူငယ်ချင်းတွေတော့ ရှိမှာပေါ့ကွယ် . . . ညီလောက်ထိစိုးရိမ်မနေပါနဲ့ မောင်ဇော်မောင်ကလွဲရင် ဘယ်သူ့ကိုမှ သမီး မစဉ်းစားပါဘူး . . .

ဇော်မောင် အန်တီ တာဝန်ယူသလား . . .

ဒေါ်ဝတ်ရည် ဟ . . . တာဝန်ယူရအောင် မင်းနဲ့ငါ လက်ထပ်မှာ မှ မဟုတ်တာဘဲ ငါ့တူရာ . . . လက်သည်ချည်း လည်း အားမကိုးပါနဲ့ဟ ညှစ်အားလေးလည်း ပေးဦး . . .

ဇော်မောင် ဒ့ါထက် . . . အန်တီတို့ တိုက်ရဲ့ခြံပေါင်ထားတဲ့ အတိုးတွေ ညီလ မပေးနိုင်သေးဘူးနော် . . . အတိုး အရင်းပေါင်းလိုက်တော့မယ် . . .

ဒေါ်ဝတ်ရည် မောင်ဇော်မောင် . . . ညီကိစ္စ ဆုကို အသိမပေး လိုက်ပါနဲ့ကွယ် . . . အန်တီတို့က ဟန်မပျက်လုပ် နေရပေမယ့် . . .

ဇော်မောင် (လက်ကာပြရင်း) ဒါတွေ ခေါင်းထဲမထားပါနဲ့ . . . ဟဲဟဲ ကျွန်တော်တို့ကိစ္စလေး အဆင်ပြေအောင် သာ . . . ကဲပါ ကျွန်တော်လည်း သွားစရာရှိသေး လို့ ခွင့်ပြုပါဦး . . .

(ဝင်သွားမည်)

ဒေါ်ဝတ်ရည် တောက် . . . သမီးကိုလိုချင်တာ . . . မအေ အောင်သွယ်ခိုင်းရတယ်လို့ ရိုးရိုးတောင်မဟုတ် ဘူး . . . အကြွေးနဲ့ ခြိမ်းခြောက်သွားသေးတယ် . . . မင်းလို့ သတ္တိမျိုး ငါ့သမီးက အားမကိုး လောက်ဘူးဟေ့ . . . ငါ့သမီးအကြောင်း ငါသိ တယ်. . . သူ့ကိုခင်တဲ့လူမှန်သမျှသူနဲ့ပတ်သတ်တဲ့ အထိမ်းအမှတ်တွေအမြဲရှိစေချင်တဲ့မိန်းကလေး မောင်ဇော်မောင်ရေ . . .

မီးမှောင်

ခန်းစဉ် (၉)

မိုးပြန်လင်းလာ၊ သီချင်းနှင့်
ဆုနှင့်စောညိမ်း အရုပ်ထိုးသည့်ဆိုင်ရှေ့တွင်၊
အရုပ်ထိုးနေဟန် . . . ပြီးလျှင် စောညိမ်းသွေးများ
ကိုသုတ်ပြီး ဆုကိုပြမည်-ဆု- ဆိုသော စာလုံး ဖြစ်နေ ဆု
အံ့သြဝမ်းသာဟန် . . . လက်ကိုယူကြည့် . . . နံဘေးမှ
သူငယ်ချင်းများ ဝိုင်း၍ လက်ခုပ်တီးကြမည် . . .
ဆုနှင့်စောညိမ်း လျှောက်လည်လည်ကြဟန် . . .
စောညိမ်း ဆုအား လက်မှ စာလုံးပြရင်း ရယ်စရာ
ပြောဟန် . . . ဆု အားပါးတရ ရယ်လိုက်ဟန်
သီချင်းဆုံးလျှင်

ကားချ

ခန်းစဉ် (၁၀)

တက္ကသိုလ်ရှုခင်း
အချစ်ရဲ့အထိမ်းအမှတ်ဟာ ကြေကွဲခြင်းတံဆိပ်
တစ်ခုဖြစ်လာလိမ့်မယ်လို့ မထင်မိခဲ့ရိုးအမှန်ပါ . . .
ဆုရယ် ပျော်စရာကောင်းတဲ့ ဖန်တီးမှုတွေကိုသာ
ဖန်တီးနေချင်တဲ့ ကျွန်တော်ဟာ ကျွန်တော့်ဖန်တီး
မှုကြောင့် ပျော်စရာတွေ အကျည်းတန်ခဲ့ရပြီ
မှတ်မှတ်ရရ ကျွန်တော်တို့တတွေ အတန်းလိုက်

စုပေါင်းသွေးလှူပွဲကျင်းပတဲ့နေ့လေ . . . မိုးမိုး၊ သူဇာ တို့ဝင်လာမည် . . .

မိုးမိုး (စူအောင့်လျက်) ဟောညီ ကောင်စုတ်ကြောင့် ကောင်စုတ် တစ်ခုမဟုတ်တစ်ခုတော့ ရှုပ်ကိုရှုပ် လိုက်ရမှ . . .

သူဇာ ရှုပ်တယ်တော့ ဟုတ်ပါ့မလားဟယ် . . . သူ့အစီ အစဉ်ကလည်း တစ်ဖက်သားအန္တရာယ်ကင်း အောင်လို့နေမှာပါ . . .

မိုးမိုး ညီလိုသာ တစ်ကြိမ်သွေးလှူတိုင်းတစ်ခါ သွေးစစ် နေရရင် သွေးအလှူခံမယ့်သူအရင် ငါတို့က ရောဂါ ကုန်မှာ သေချာတယ် . . .

သူဇာ ရောဂါတွေကလည်း အမျိုးမျိုးပေါ်နေတာ မဟုတ် လား စောညိမ်းက ညီအကြိမ်ပါနဲ့ဆို ဆယ်ငါးကြိမ် ပြီးပြီတဲ့ အကြိမ်တိုင်းမှာလည်း သွေးအမြဲစစ်တာ တဲ့ နိုမိုဆို ကုသိုလ်ယူတာ ဝေဒနာ လက်ဆင့် ကမ်းသလိုဖြစ်မှာပေါ့တဲ့ . . .

မိုးမိုး သူက စကားတတ်တိုင်း လျှောက်ပြောနေတာပါ ဟာ . . .

(အောင်စိုးဝင်လာမည် . . .)

| | |
|---|---|
| မိုးမိုး | ဟဲ့ . . . အောင်စိုး ငါတို့သွေးစစ်တဲ့ ကဒ်တွေရပြီလား . . . |
| အောင်စိုး | (ကဒ်များပေးရင်း) နင်တို့က ဘာမှသံသယရှိစရာ မတွေ့ပါဘူး . . . |
| သူဇာ | ဟဲ့ . . . တို့မှာ မတွေ့ဘူးဆိုတော့ ဘယ်သူမှာတွေ့နေလို့လဲ . . . |
| အောင်စိုး | စောညိမ်း . . . |
| မိုးမိုး၊သူဇာ | (ပြိုင်တူ) ဘာ . . . ဘာတွေ့တာလဲဟင် . . . |
| အောင်စိုး | **HIV** ပိုး . . . |

မီးမှောင်

ခန်းစဉ် (၁၁)

ရှုခင်းတစ်နေရာ
ဆုနှင့်စောညိမ်း

| | |
|---|---|
| စောညိမ်း | **HIV** ပိုး . . . **HIV** ပိုး . . . ကျွန်တော့်သွေးထဲမှာ တွေ့နေပြီတဲ့ . . . ဟား ဟား ဟားဟား . . . ကျွန်တော်ခေတ်မီသွားပြီဆု . . . အပ်(ပ်)တူညိတ် ဖြစ်သွားပြီ . . . |
| ဆု | (အံ့သြစွာကြည့်ရင်း) ကိုစောညိမ်း မ. . . မ ကြောက်ဘူးလားဟင် . . . |

စောညိမ်း ကြောက်လိုက်ရင် သူတို့ကို စော်ကားခွင့်ပေးလိုက်သလို ဖြစ်မှာပေါ့ . . . ကျွန်တော် ညီရောဂါနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ အများကြီး ဖတ်ဖူးတယ် . . . (၁၀)နှစ်မှ ရောဂါလက္ခဏာပြတာဆိုတော့ အခုလို ကြိုသိထားတော့ (၁၀) နှစ်လုံးလုံး ကျွန်တော် ညီရောဂါပိုးတွေကို ကြိုတင်ပြီး ဆော်ထားနိုင်တာပေါ့ဗျာ . . . နောက်ပြီး လုပ်သင့်တဲ့ တာဝန်မှန်သမျှကိုလည်း ကျေကျေပွန်ပွန် ဆောင်ရွက်နိုင်တာပေါ့ . . .

ဆု ကိုစောညိမ်းက ညီလိုဆိုတော့လဲ သတ္တိကောင်းသားပဲ . . .

စောညိမ်း ကျွန်တော်ကတော့ သတ္တိဆိုတာ ခံနိုင်ရည်ကို ခေါ်တာလို့ထင်တယ် . . . အဲညီခံနိုင်ရည်ဆိုတာလည်း စိတ်ဓါတ်မှာအခြေခံတယ်လို့ ယုံကြည်တယ်၊ ဘုရားရှင်က လောကကို စိတ်ကဦးဆောင်တယ်လို့ ဟောတော်မူတာပါ. . . ကိုယ်ကဦးဆောင်တယ်လို့ မဟောပါဘူး . . . စိတ်ရှည်မှ အသက်ရှည်တာဆုရဲ့ . . .

ဆု ကိုစောညိမ်း အရင်သွေးစစ်ခဲ့တုန်းက . . .

စောညိမ်း ဘာရောဂါမှ မရှိပါဘူးဗျာ . . . အခုမှ ပိုးတွေတာဆိုတော့ အနီးစပ်ဆုံးကူးစက်နိုင်တာဆိုလို့ ဒါ

တစ်ခုပဲရှိတာပေါ့ ( "ဆု" စာလုံးကိုပြမည်)

ဆု (ကိုင်ကြည့်ပြီး) စိတ်မကောင်းလိုက်တာ ဆု ကြောင့် ဒီလိုဖြစ်ရတာ . . .

စောညိမ်း စိတ်မကောင်းမဖြစ်ပါနဲ့ဆုရယ် . . . အသက်နဲ့ရင်းပြီး ချစ်ရတဲ့အထိမ်းအမှတ်ပေါ့၊ဆု ကျွန်တော်ကို လေဝေဒနာကြောင့်များ . . .

ဆု ကရုဏာတောင်တစ်မှတ်တိုးသွားပါတယ်ရှင် . . .

စောညိမ်း ဟင်း (သက်ပြင်းချ) ကျွန်တော်ကို စွန့်ခွာသွားတော့မှာလားလို့ ပူလိုက်ရတာ . . .

ဆု အော် ကိုစောညိမ်းရယ် ကျွန်မ ညီလောက် မနိမ့်ကျပါဘူး . . . လူကျင့်ဝတ်သိက္ခာထိခိုက်စေမယ့် ရောဂါဆိုရင်တစ်မျိုးပေါ့ . . . နောက်ပြီး ကိုစောညိမ်းမသိသေးတဲ့ မိန်းမတွေအကြောင်းထဲမှာ မိန်းမဆိုတာ အားနွဲ့တတ်တဲ့အမျိုးဆိုပေမယ့် ရဲရင့်ခိုင်မာ တဲ့ အင်အားပိုင်ရှင်တွေဆိုတာ ကျန်နေသေးတယ် ပြီးတော့ . . .

စောညိမ်း ကျေးဇူးတင်ပါတယ်ဗျာ . . . အဲညီရဲရင့်ခြင်းတွေ၊ ခိုင်မာတဲ့အင်အားတွေကို ကျွန်တော့်ဘဝအတွက် သီးသန့်ကူညီဖြည့်ဆည်းပေးပါနော်. . . အားကိုးပါရစေ ဆုရယ် . . . (ဦးညွှတ်ပြရင်းဝင်သွားမည်)

ဆု — ကိုစောညိမ်း . . . ကိုစောညိမ်း ဆုဆိုတဲ့ ကျွန်မ အတွက် အသက်ကို လောင်းကြေးထပ်ပြီး သက်သေပြရဲတဲ့ရှင့်ကို အဲညီထက်ပိုပြီး ဝမ်းသာစေမယ့် စကားလေးပြောဖို့ကျန်သွားတယ် . . . အဲဒါကတော့ အားနွဲ့တဲ့မိန်းမတွေဟာ အချစ်နဲ့ ပတ်သက်လာရင် သေမင်းကိုတောင် နားရင်းရိုက်ရဲတဲ့သူတွေပါရှင် . . .

ကားချ

ခန်းစဉ် (၁၂)

ဒေါ်ဝတ်ရည်၏တိုက်

ဒေါ်ဝတ်ရည်၊ ဇော်မောင်၊ ဒေါ်ခင်ခင်ညွန့်၊ ဆု

ဒေါ်ဝတ်ရည် — ငယ်ငယ်ကတည်းက အပေါင်းအသင်းဖြစ်လာခဲ့ကြတာ . . . ကျွန်မတို့ မျက်နှာအပျက်မခံပါဘူး . . . ဒါပေမယ့် သမီးကအချုပ်အချယ် သိပ်မခံတတ်တော့ . . .

ဇော်မောင် — ချုပ်ချယ်တာနဲ့ စည်းကမ်းသတ်မှတ်တာ တခြားစီပါ၊ ကျွန်တော်က ဘဝတစ်လျှောက်လုံး လက်တွဲသွားရမယ့်လူဆိုတော့ . . .

ဒေါ်ခင်ခင်ညွန့် — ပွင့်ပွင့်လင်းလင်းပြောလိုက်ပါသားရယ် . . . ရောဂါသည်တစ်ယောက်ကို အရောတဝင်မဆက်ဆံစေချင်ဘူးလို့ . . .

ဆုဝင်လာ (မျက်နှာခပ်တင်းတင်းနှင့်)

ဆု ရပါတယ်ရှင် ဝေဒနာသည်တစ်ယောက်ကို အရောဝင်တာမကြည့်ချင်ရင် ကျွန်မတို့ ခင်မင်မှုကို ရပ်ဆိုင်းလိုက်ပေ့ါ . . .

ဇော်မောင် မေမေကလည်း သိပ်စကားပြောအရင်လိုတာပဲ ဒီ. . . ဒီလိုပါဆု . . .

ဆု (မဲ့ပြုံးပြုံး၍) ဒါဟာ . . . တရားရုံးမဟုတ်တဲ့အတွက် လျှောက်လဲချက်ပေးဖို့မလိုပါဘူး ကိုဇော် . . .

ဇော်မောင် (ပြုံးရင်း) ကိုဇော်က ဆု လူမှုဝန်ထမ်းသူနာပြုဖြစ်နေတာ မသိလို့ပါ . . .

ဆု လူ့ကျန်းမာရေးချွတ်ယွင်းတာ . . . ပြုစုကုညီဖို့ စေတနာရှိပေမယ့် စိတ်ဓါတ်သေးသိမ်ချွတ်ယွင်းတာကျတော့ ပြုစုနည်းနဲ့ စေတနာမရှိသေးဘူးရှင့် . . .

ဒေါ်ခင်ခင်ညွန့် ခေါင်းအေးအေးထားပြီး စဉ်းစားပါဦး သမီးရယ် . . . ဟဲဟဲ တစ်ဖက်မှာ ဂုဏ်သိက္ခာတို့ရှိနေသေးတာမဟုတ်လား . . . ကဲ မဝတ်ရည် ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး . . .

ဇော်မောင် ဆု ကိုဇော်သွားဦးမယ် . . .

(သွားအမိနှုတ်ဦးဝင်သွား . . .)

ဒေါ်ဝတ်ရည် မခင်ညွန့်ပြောတာ စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့နဲ့သမီး . . . သမီးကို ရောဂါကူးမှာ စိုးလို့ . . .

ဆု ဒါ ကူးစက်လွယ်တဲ့ရောဂါမဟုတ်ဘူးမေမေ . . . ဝေဒနာတို့ ကျက်စားတဲ့ ခန္ဓာကိုယ်ကြီးမို့ ဝေဒနက္ခန္ဓာလို့ ဟောတော်မူခဲ့သေးတာပဲ . . . သမီးတစ်ခု သတိထားလိုက်မိတယ် . . .

ဒေါ်ဝတ်ရည် ဘာများတုန်း သမီး . . .

ဆု ကိုစောညိမ်းရောဂါ သမီးကိုမကူးခင် . . . ညော်ခင်ခင်ညွန့်ရဲ့ သေးသိမ်ကျဉ်းမြောင်းတဲ့ အောက်တန်းစား စိတ်ဓါတ်ဟာ ကိုဇော်မောင်ကို ကူးစက်နေပြီဆိုတာပါပဲ . . .

ကားချ

ခန်းစဉ် (၁၃)

ရှုခင်းတစ်ခု
ဇော်မောင်၊ စောညိမ်း

ဇော်မောင် အခုလို တကူးတကလာပြီးခေါ်တာ လိုက်လာတဲ့

အတွက် ကျေးဇူးတင်ပါတယ် ကိုစောညိမ်း . . .
ဒုက္ခရောက်တယ်လို့ မအောက်မေ့ပါနဲ့နော် . . .

စောညိမ်း ကျွန်တော် နားလည်တတ်ပါတယ် ကို . . .

ဇော်မောင် ဇော်မောင်ပါ . . . စီးကရက်သောက်ပါ ကိုစောညိမ်း . . .

စောညိမ်း ကျွန်တော် ဆေးလိပ်ဖြတ်ထားပါတယ် . . .

ဇော်မောင် ဆုရဲ့အမိန့်ကို နာခံတဲ့သဘောပေါ့ . . .

စောညိမ်း အကြံပေးတာကို လက်ခံတာပါ . . .

ဇော်မောင် လူတော် လူလိမ္မာအဖြစ် ဆုရဲ့အထင်ကြီးမှုကို တော့ရမှာပေါ့နော် . . .

စောညိမ်း မိန်းကလေးတွေက အခက်သားဗျ . . . သူတို့ကို အတင်းပိုင်ဆိုင်ချင်တဲ့ယောကျ်ားမျိုးဆိုရင် သိပ် အထင်မကြီးတတ်ကြဘူး . . . ခပ်မှန်မှန် ခပ်ကင်း ကင်းနေလို့ကတော့ နိဗ္ဗာနပစ္စယောပဲဗျို့ . . . လူတော်ဖို့ထက် စိတ်တော်တာကို ပိုနှစ်သက်တဲ့ သဘောထင်ပါရဲ့ဗျာ . . .

ဇော်မောင် ဩော် ကိုစောညိမ်းသိအောင်ပြောထားရဦးမယ် . . . ဆုနဲ့ကျွန်တော်က လူကြီးချင်း ဟဲဟဲ သဘော တူပြီးသားလေ . . .

စောညိမ်း — မိမိဘဝကို မိမိဖန်တီးပိုင်ခွင့်ကျတော့ အရွယ်ရောက်တဲ့ မိန်းကလေးတိုင်း ပိုင်ဆိုင်တာ၊ ကိုဇော်မောင် ကာယကံရှင် အဆုံးအဖြတ်လေ . . .

ဇော်မောင် — ဆု. . . ဆုဟာ ဘယ်ဘက်ကို အလေးသာနေတယ် ထင်သလဲ . . .

စောညိမ်း — ကျွန်တော် ငါးစိမ်းသည်မှ မဟုတ်တာ ဘယ်သိပ့်ါမလဲ . . . နောက်ပြီး သံယောဇဉ်ဆိုတာ အချိန်အဆနဲ့ တိုင်းထွာလို့မရစကောင်းဘူးလေ . . .

ဇော်မောင် — တော်စမ်းပါဗျာ . . . ခင်ဗျားစကားတတ်တိုင်း . . . လျှောက်ပြောမနေစမ်းပါနဲ့ဦး . . . ညီမှာ ဆုက ခင်ဗျားစိတ်ချမ်းသာအောင် သက်သက်ဟန်ဆောင်နေတာဗျ . . .

စောညိမ်း — အဲဒီအခွင့်အရေးမျိုးရတာကိုက ကျွန်တော်အဖို့ ကံထူးလှပါပြီ . . . ကဲ ကျွန်တော်ဘုရားသွားဖို့ စီစဉ်ထားလို့ ခွင့်ပြုပါဦး . . .

(စောညိမ်းဝင်သွား)

ဇော်မောင် — (မကျေမချမ်းနှင့်) တောက် . . . ရလိုက်ပါလိမ့်မယ် ကုသိုလ်ကြီး . . .

ကားချ

ခန်းစဉ် (၁၄)

မောင်စိုး၊ သူဇာ၊ ဖိုးထောင်၊ နွယ်နွယ်

နွယ်နွယ် ဟဲ့ အဲလိုဆိုတော့လည်း ငါတို့ ဇာတ်လိုက်ကြီးက ဘယ်ဆိုးလို့လဲ . . .

ဖိုးထောင် ဟိုလူလည်း တောက်တခေါက်ခေါက်နဲ့ ကျန်နေရစ်ခဲ့ရောတဲ့၊ ညီကောင်က လူမိုက်မဟုတ်ပေမယ့် သတ္တိတော့မနည်းဘူးဟ . . .

သူဇာ ရောဂါပိုးတွေ့တယ် **AIDS** ရောဂါဖြစ်နေတယ်ဆိုတာတောင် အရယ်အပြုံးမပျက်တဲ့ ကိုစောညိမ်းပဲဟာ . . .

အောင်စိုး အဲဒါ ရောဂါကလည်း ဆုအတွက် အရှုပ်စာလုံးထိုးရာက ကူးစက်ခံရတာဆိုတော့ သူက စိတ်မညစ်တဲ့အပြင် ဝမ်းတောင်ဝမ်းသာနေသေးသဗျ . . .

သူဇာ ဆုကလည်း အခုမှ ကိုယ်ဖေါ်တဲ့ဆေး ကိုယ်ပြန်စားနေရတာလေ . . . သူ့ကိုရင်းပြီး ဟိုတစ်ဖက်သား ညက္ခဖြစ်ရရှာဆိုပြီး ကိုစောညိမ်း စိတ်ချမ်းသာအောင် အရာရာ လိုက်လျောနေရတော့တာပေါ့ဟဲ့ . . .

နွယ်နွယ် ဇာတ်က ဇာတ်အေးကြီးဖြစ်နေတာက ခက်တယ်

. . . ချစ်မှာလား မုန်းမှာလား ဘာမှမပြတ်သားဘူး
. . . ကြည့်ရတဲ့ ပရိသတ်က ပျင်းလှပြီ . . .

ဖိုးထောင် မပုပါနဲ့ဟာ ပရိသတ်အလိုမဆိုတဲ့ သိပြီးသားမို့ညီနေ့ပဲ စောညိမ်းက အပြတ်မေးတော့မယ်လို့ ငါတို့ကိုပြောသွားပါပြီ . . . ကျန်တဲ့အပိုင်းကတော့ ငွေရောင်ပိတ်ကားပေါ်မှာ စောင့်ကြည့်ကြရုံပေ့ါ . . . မီးမှောင်

ခန်းစဉ် (၁၅)

ပန်းခြံရှုခင်း
ဆုနှင့်စောညိမ်း

ဆု စာမေးပွဲကြီးနီးလာပြီနော် ကိုစောညိမ်း . . . စာတော့ကျက်ဖြစ်ရဲ့လား . . .

စောညိမ်း ကျက်ပေမယ့် စာတွေက စိတ်ထဲမှာ သိပ်နေရာမယူနိုင်ဘူးဗျာ . . . ဆုအတွက် တွေးရ ပူပန်ရတဲ့ အချိန်ကများနေတယ် . . .

ဆု ဒါဆိုလည်း မတွေးနဲ့လေ . . . စာကို ဖြောင့်ဖြောင့်ကျက်ပေ့ါ . . .

စောညိမ်း ဖြောင့်ဖြောင့်စာကျက်လို့ရအောင် ပြတ်သားတဲ့ အဖြေပေးလိုက်ပါလား ဆုရယ် . . .

ဆု ဒါတော့ သိပ်မလွယ်သေးဘူး . . .

စောညိမ်း ကျွန်တော့်မှာရှိတဲ့ ချွတ်ယွင်းချက်တွေ ဆုကျေနပ်သည်အထိ ပြုပြင်ပေးခဲ့ပြီးပြီလေ . . . ဘာ မနှစ်သက်စရာကျန်သေးလဲ . . . ကျန်ရင်လည်း ကျွန်တော် ထပ်ပြင်ဦးမှာပါ . . .

ဆု ဆု သူများကို အပြစ်ရှာတဲ့အလုပ်ကို စက်ဆုပ် တယ် . . .

စောညိမ်း ပြောပါဗျာ . . . လူဆိုတာ ကိုယ့်ကိုယ်ကို အပြစ်မြင်ဖို့ အင်မတန်ခဲယဉ်းပါတယ် . . . ပတ်ဝန်းကျင်ကပြောမှ ပြုပြင်လို့ရတာမျိုးပါ . . .

ဆု တချို့ချွတ်ယွင်းချက်တွေက ပြင်ချင်တိုင်းပြင်လို့ မရနိုင်တော့ဘူး . . .

စောညိမ်း ဗျာ . . . ဒါ . . . ဒါဆို ကျွန်တော့်မှာ ရောဂါရှိနေလို့ပေါ့ . . . ဟုတ်လား . . .

ဆု ငိုင်တွေတွေဖြစ်နေမည် . . .

စောညိမ်း ပြောစမ်းပါဆု ကျွန်တော့်ချွတ်ယွင်းချက်ဟာ အဲညီရောဂါလား . . . ဟင် . . .
(ဆု၏လက်မောင်းနှစ်ဖက်ကို ဆွဲယူရင်း) ပြောလေ ပြောစမ်းပါ ဆု . . . ပြောပါ . . .

ဆု ဒါ ဘာလုပ်တာလဲ . . . ကျွန်မကိုလွှတ်ပါ . . . အဲဒီ လို အနိုင်ကျင့်တာမျိုး ကျွန်မ မနှစ်သက်ဘူးနော် . . .

စောညိမ်း မလွှတ်နိုင်ဘူးကျွန်တော်သိချင်တာမသိရသရွေ့ လွှတ်ဘူးဗျာ . . .

ဆု အဲဒါမလွှတ်နဲ့ဦး (ရှန်းထွက်၍စောညိမ်းကို ပါးရိုက်မည်) ဟုတ်တယ် . . . ရှင့်မှာ အဲဒီဝေဒနာ ရှိလို့ ကျွန်မ လုံးဝမချစ်နိုင်ဘူးလေ ရှင်းပြီလား . . .

စောညိမ်း ခင်ဗျား . . . သိပ်ကြောက်စရာကောင်းတဲ့မိန်းမပဲ ဗျ . . . ကိုယ်မချစ်နိုင်တဲ့လူတစ်ယောက်ကို ဘာပြု လို့ မျှော်လင့်ချက်တွေပေးပြီး အချိန်တွေအများ ကြီး မျှားခေါ်လာခဲ့ရတာလဲ . . . ကိုယ့်ရင်ခုန်သံ အာသာပြေပြီဆိုမှ လုံးဝပြန်ပြင်လို့မရတော့တဲ့ လူ တစ်ယောက်ရဲ့အားနည်းချက်တွေကို ခလုပ် တစ်ခုနှိပ်ပြီး သောကတွေ၊ မျက်ရည်တွေကို လို အပ်သလို ညှစ်ထုတ်နင်းခြွေရတာလဲ . . . ခင်ဗျား သိပ်ရက်စက်တယ်ဗျာ . . .

(စောညိမ်း ဝင်သွား၊ ဆုကျန်နေ)

အတွင်းမှစောညိမ်း၏စကားသံများကိုကြားနေ ပြီးလျှင် မိမိ၏လက်ဖဝါးကို ဖြန့်ကြည့်၊ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်၍ငိုလိုက်စဉ်

ကားချ

ခန်းစဉ် (၁၆)

အောင်စိုး၊ သူဇာ၊ နွယ်နွယ်၊ ဖိုးထောင် စာဖတ်နေကြဟန်
အတွင်းမှ စောညိမ်းအသံဖြင့်
စောညိမ်းအသံ
ခဏလို ဘယ်သူ့ကိုမှမတိုင်ပင်ဘဲ ထွက်ပြေးသွားတဲ့ငါ့ကို စိတ်မဆိုးကြပါနဲ့ကွာ . . . ငါ အဝေးရောက်ကပဲ ဖြေတော့မယ် . . . သူငယ်ချင်းတို့အားလုံးကို ညီစာလေးတစ်စောင်နဲ့ နှုတ်ဆက်ခဲ့ရတာ အားမရပါဘူး . . . ဝေဒနာဆိုးကြောင့် အဖြစ်ဆိုးရတဲ့ ငါ့အကြောင်းကို မင်းတို့ စာနာနားလည်နိုင်ပါလိမ့်မယ် . . . အရှက်နဲ့လူလုပ်တာလို့ ကြွေးကြော်သူတွေစာရင်းထဲမှာ ငါလည်းပါတယ်လေကွာ . . . မျှော်လင့်ချက်တွေ ရင်ခုန်သံတွေ အကုန်ပြိုကျ ပျက်စီးသွားခဲ့ရတဲ့ ငါ့အဖြစ်မျိုးမကြုံရအောင် ငါ့ကို နမူနာယူရစ်ကြပါ . . . ငါတို့ ဆယ်စုနှစ်တစ်ခုအတွင်းထိတော့ ခွဲခွာနေကြဦးစို့ . . . ဟင်း . . . မင်းတို့ ညီစာကိုဖတ်နေကြတဲ့အချိန်မှာ ရင်ခုန်သံကစားပွဲကို စမ်းသပ်တီထွင်ခဲ့တဲ့ သူ့ဆီကိုလည်း ငါအရှုံးပေးသဝဏ်လွှာတစ်စောင်နဲ့ နှုတ်ဆက်ခဲ့ပြီးသားပါ . . .

မီးမှောင်

ခန်းစဉ် (၁၇)

မီးပြန်လင်းလာ

ဆု စာဖတ်နေ၊ စာရွက်မှာ ဟောင်းနွမ်းနေပြီ

ဆုမှာလည်း မျက်မှန်နှင့်အရွယ်ကြီးလာသည့်ပုံရှိရမည် . . .

စောညိမ်းအသံနှင့် ပထမဆုံးအခန်းမှ စာကိုဖတ်မည် . . .

ဆု ပြောသလိုပြောရရင် (မှ . . . သည်) စောညိမ်းအထိ

ဆရာမဝတ်စုံနှင့် သူဇာဝင်လာ . . . ခြေသံကြားသည်နှင့် -ဆု- စာရွက်ကလေးကို ကပျာကယာသိမ်းလိုက်မည် . . .

သူဇာ ဩော် . . ငါ့သူငယ်ချင်းမှာလည်း ညီဝင်္နကမကျွတ်နိုင်သေးပါလား . . . သုံးနှစ်ဆိုတာ သေတဲ့သူကို တောင် မေ့လို့ရတဲ့ ကာလပါဟာ . . .

ဆု သေတဲ့သူဆိုရင်တော့ ဟုတ်တာပေါ့ သူဇာရယ် . . . ဒါက ပျောက်သောသူကွ . . .

သူဇာ ဩော် ရှာရင်တွေ့ဦးမယ်ဆိုတော့ . . . ဝဋ်ဆိုတာ တစ်ပတ်လည်စမြဲဆိုတာ တယ်မှန်ပါလား . . .

ဆု ဟိုသီချင်းလိုပေါ့ကွာ . . . ကြာရှည်ခွဲနေသော်လည်း ကမ္ဘာမြေထဲမှာ အတူရှိနေသ၍ . . . . . .

သူဇာ　　ပြန်လည်ဆုံဆည်းကြမယ်အချစ်ရယ် . . . အခု တော့ နင်က ချစ်သူအဖြစ်သတ်မှတ်လိုက်ပြီပေါ့ . . .

ဆု　　ငါ . . . ငါ သူ့ကို သိပ်ရက်စက်ခဲ့မိတယ် . . . သူ့ရဲ့ အဆိုးဆုံး အားနည်းချက်ကို မှ ဆွဲထုတ်စော်ကား မိသလို ဖြစ်ခဲ့တယ်ဟာ . . .

သူဇာ　　အဲညီအတွက် သံယောဇဉ်တွေ ပြန်အလျှော်ပေး တော့မယ်ပေါ့ သနားလိုက်တာနော် . . . ကျွတ် ကျွတ် ကျွတ် . . . နင်ကသာ အခုလို စိတ် မကောင်းနေတာ သူကတော့ . . . နင့်ကို သတိမှ ရနိုင်ပါ့မလား . . .

ဆု　　သူ . . . သူငါ့ကို မေ့လို့မရဘူးလေ . . . သူ့လက်မှာ ငါ့နာမည်ရှိနေတယ် . . .

သူဇာ　　နင့်ကို သံယောဇဉ်ကြီးလွန်းလို့ ရောဂါအကူးခံပြီး သူ စွန့်စားရှာတာလေ . . . အင်းလေ ဘွဲ့ယူတာ တောင် အဝေးရောက်နဲ့ယူပြီး ဇာတ်မြှုပ်ပုန်း ကွယ်သွားတဲ့ ကိုစောညိမ်းတစ်ယောက် အခု လောက်ဆို **AIDS** နဲ့ အချစ်ဝေဒနာ ပေါင်းစပ်ဖိ စီးမှုကြောင့် အိပ်ယာထဲမှာ ဗုန်းဗုန်းလဲနေရှာရော့ သလား သူငယ်ချင်းရယ် . . .

ခန်းစဉ် (၁၈)

သုသာန်ရှုခင်း၊ အုတ်ဂူငယ်တစ်လုံးရှိမည် . . . လေတိုက်သံများပေး . . . ခဏအကြာ အုတ်ဂူနောက်ကွယ်မှ စောညိမ်းအော်ရင်းပေါ်လာ . . . လက်တွင်း၌ ဂေါ်ပြားတစ်ခုပါမည် . . . အတွင်းမှ စောညိမ်း၏လူများ ဝင်လာ၊ အုတ်ဂူကို ဝိုင်းဖျက် (တီးလုံးနှင့်) ပြီးလျှင် အားကစားလှုပ်ရှားမှုများ ပျော်ရွှင်စွာလုပ်ပြီးလျှင် အားလုံးထိုင် . . . စောညိမ်းစကားပြော . . .

စောညိမ်း — အခြေခိုင်တဲ့ အဆောက်အအုံကို မုန်းတိုင်းဖြိုလို့မရသလို . . . ကိုယ်ခံအားပြည့်ဝအောင်ကြိုးစားလှုပ်ရှားနေတဲ့ ကျွန်တော်တို့ကိုလည်း ရောဂါဟာ စော်ကားလို့မရဘူးဆိုတာ လက်တွေ့သိကြပြီမဟုတ်လား . . . ရောဂါဖြစ်ရင် ဆေးဝါးဦးအောင်ကြိုးစားမယ်ဗျာ . . . ပျော်ပျော်နေမယ်ဗျာ . . . အခုလို ကျန်းမာရေး လေ့ကျင့်ခန်းများများ လုပ်မယ်ဗျာ . . . တစ်နေ့တာရဲ့အချိန်ကို တန်ဘိုးရှိရှိ အသုံးချပစ်မယ် . . . ညီသုရာန်ဟောင်းမြေကွက်ကို ဝယ်ပြီး စိုက်ခင်းအသစ်တွေ တိုးချဲ့စိုက်ကြမယ်ဗျာ . . . တောင်တွေး မြောက်တွေးနဲ့ ငေးငိုင်ပြီး ဝေဒနာကြိုးကိုင်တာ ခေါင်းငုံ့မခံစတမ်း . . . ကျွန်တော်တို့ခုခံကြမယ် . . .

လူတစ်ဦး ဆရာလေးရဲ့စိတ်ဓါတ်ကိုတော့ ကျွန်တော်တို့ ချီးကျူးအံ့သြမိပါတယ်ခင်ဗျာ . . . ကိုယ်ငွေအကုန်ခံပြီး ရောဂါရှင်တွေကိုရှာဖွေတယ် . . . လေကောင်းလေသန့်ရတဲ့ ညီနေရာမှာ ခြံဝယ်ပြီး ကိုယ့်စရိတ်နဲ့ကိုယ်ကျွေးမွေးဆေးကုပေးပြီး ပြုစုနေတဲ့ ရည်ရွယ်ချက်က . . .

စောညိမ်း ချည့်နဲ့တဲ့မြန်မာ၊ ယိုင်ငဲ့တဲ့မြန်မာ မဖြစ်စေချင်လို့ပေ့ါဗျာ . . . ကျွန်တော်တို့လို ဝေဒနာရှင်တွေ ခုလို စုပေါင်းပြီး ရရှိပိုင်ဆိုင်တဲ့အချိန်ကို သန်စွမ်းမှုနဲ့ ဂုဏ်ယူနေတာ ဘယ်လောက်ကျက်သရေရှိသလဲ၊ ကုန်ကျစရိတ်အတွက် စိုက်ခင်းတွေ၊ စုပေါင်းစိုက်ပျိုးမွေးမြူရေးခြံတွေ စုပေါင်းဆောင်ရွက်ကြတဲ့ ဝင်ငွေလည်းရှိနေပြီသားမဟုတ်လား . . . ကဲ အားလုံးလေ့ကျင့်ခန်းကြောင့် ဆာနေကြလောက်ပြီ ထမင်းသွားစားနှင့်ကြ . . . ဖျားတဲ့ပုဂ္ဂိုလ်တွေ ဝမ်းသွားတဲ့သူတွေက ဆရာဆီမှာ လိုအပ်တဲ့ ကုသမှုခံကြဗျာ . . .

လူ အင်း . . . ဆရာလေးလို ပုဂ္ဂိုလ်မျိုးတွေ ကျွန်တော်တို့နိုင်ငံမှာ တကယ်လိုအပ်တယ်ဆရာလေး . . . ဆေးဝါးထက် လူမှုအကြင်နာတရားက ပိုပြီး အသက်ရှည်စေတယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါပြီဆရာလေး . . .

အားလုံးနှုတ်ဆက် (ပြုံးရွှင်စွာ) ဝင်သွားကြမည် . . .

စောညိမ်း ခင်ဗျားတို့ ပြုံးရွှင်လှုပ်ရှားနေသ၍ ကျွန်တော် အသက်ရှည်နေဦးမှာပါ . . . ကိုယ်ကြိုးစားပြီး ထု ထောင်ခဲ့တဲ့ ညီလုပ်ရပ်အတွက် ဘာတုန့်ပြန်မျှော် ကိုးမှုမှ ကျွန်တော်မမက်မောပါဘူးဗျာ. . . အင်းလေ . . . လက်မှ -ဆု- စာလုံးကို ကြည့်ရင်း ကျွန်တော် မက်မော မျှော်လင့်တဲ့အရာကလည်း ဝေးခဲ့ပါပြီ လေ . . .

(အတွင်းမှဘယ်လောက်ဝေးဝေး လာချင်ရင်အနီး ကလေးပါ ကိုစောညိမ်း)အသံနှင့် ဆုဝင်လာ . . . စောညိမ်း အံ့သြသွား . . .

စောညိမ်း ဆု . . . ကျွန်တော့်ဆီ ကျွန်တော်ဆီကို လိုက်လာ တယ် . . . ဘာကိစ္စနဲ့ . . .

ဆု (ပြုံးပြီး) ဝရမ်းပြေးလာဖမ်းတာလေ . . . သူများကို ရင်မောမှုတွေနဲ့ နှိပ်စက်ပြီး ရှောင်ပုန်းသွားတဲ့ ဝရမ်းပြေးကြီး . . . အခု ဘယ်ထပ်ပြေးဦးမလဲ . . .

စောညိမ်း ရှက်ပြေး . . . ကြောက်ပြေး . . . ရှုံးပြေးပြေးခဲ့ရတာ ပါ ဆုရယ် . . . ညတ္ထက် ကျွန်တော်ညီမှာရှိမယ်မှန်း ဆု ဘယ်လိုလုပ်ပြီး . . .

ဆု ပန်းကို ပုန်းကွယ်လို့ရပေမယ့် ပန်းရနံ့ကိုဝှက်ထား လို့မှမရတာ . . . ကိုစောညိမ်းရဲ့ စေတနာအသီး အပွင့်တွေက ကိုစောညိမ်းသတင်းကို အလိုလို ဖြန့်ချိပြီးသားလေ . . . ခေတ်ပညာတတ်ဘွဲ့ရ ဝေဒနာရှင်တစ်ယောက် . . . ဘဝတူ **AIDS** ဝေဒနာရှင်တွေကို ရှာဖွေခေါ်ယူ ပြုစု ပျိုးထောင် နေတယ် . . . မိဘအမွေအနှစ်တွေ ရောင်းချထုခွဲ ပြီး အဲဒီလူမှုကိစ္စတွေမှာ အသုံးပြုနေတယ် . . . ကဲ ဒါဘယ်သူဖြစ်နိုင်သလဲ . . . ဘာလဲ ဆုလိုက်လာ လို့ အနှောင့်အယှက်ဖြစ်သွားသလား . . .

စောညိမ်း မဖြစ်ပါဘူး . . . ဆုက ကျွန်တော်နဲ့အတူရှိနေတာ ဥစ္စာ ညီမှာလေ . . .

(လက်ကိုပြ)

ဆု ကိုစောညိမ်းကလည်း ဆုနဲ့အတူရှိနေတာပါပဲ . . . ညီမှာလေ (မျက်မှန်ကိုင်းကျိုးလေးပြ)

စောညိမ်း ဆု (အံ့ဩစွာ) ဆု အမှတ်တရ သိမ်းထားတယ် . . .

ဆု (ပြုံး၍ ခေါင်းညိတ်)

| | |
|---|---|
| စောညိမ်း | ဒါဆို ဆု အစကတည်းက ကျွန်တော့်ကို တန်ဖိုးထားခဲ့တာပေါ့နော် . . . (ဆုပြုံး၍ ခေါင်းညိတ်) ဒါဖြင့် ဆု ကျွန်တော့်ကို ချစ်ပါတယ်နော် . . . |
| ဆု | ကိုစောညိမ်းရယ် ဆင်တစ်ကောင်းလုံးတွေနေမှ ဘာပြုလို့ ဆင်ခြေရာ ထပ်ရှာနေချင်ရတာလဲ . . . အဲဒီ မေးခွန်းအတွက် ဆု ဖြေဖို့လိုသေးလား . . . |
| စောညိမ်း | (ရင်ကိုဖိကာ) ရင်ခုန်သံတွေကို လောင်းကြေးထပ်ရတဲ့ နှလုံးသား ကစားပွဲတစ်ခုပျော်ရွှင်စွာပြီးသွားပြီပေါ့ . . . ကစားပွဲပြီးဆုံးကြောင်း -ဂိမ်းအိုဗာ- ဆိုတဲ့ စာတန်းပြလို့ရပြီပေါ့နော် . . . |
| ဆု | သဘောအတိုင်းပါပဲတဲ့ရှင် (စောညိမ်းမျက်နှာညှိုးသွား) ဟင် ဒါက ဘယ်လိုဖြစ်ရတာလဲ . . . သူနဲ့အတူနေပြီး သူ့လုပ်ငန်းတွေကို ကူညီပါ့မယ်ဆိုကာမှ . . . |
| စောညိမ်း | ကိုယ့်မှာက . . . ဝေဒနာကြီးနဲ့ပါဆုရယ် . . . တော်ကြာ ဆုကိုများကူးသွားရင် . . . |
| ဆု | မိန်းကလေးတွေဟာအချစ်အတွက်ဆိုရင် သေမင်းကိုလည်း နားရင်းရိုက်ရဲပါတယ်ရှင် မောင်ရယ် . . . |

စောညိမ်း — (အားပါးတရ) ငါကွ (ဟုအော်မည်) သီချင်းဝင်လာမည် . . .

နှစ်ဦးသား ပျော်ရွှင်စွာ ဖက်ရင်း . . . စောညိမ်း လက်တစ်ဖက်မှ ဆိုင်းဘုတ်တစ်ခုကို ကောက်၍ထောင်ပြလိုက် . . . ၎င်းဆိုင်းဘုတ်မှာ **"Game Over "** ဖြစ်မည်၊

## ကားချမည်။

ဆရာနှင့်

သူ့ဆရာများ - - -

ချစ်စရာ

ဆရာနှင့် သူ၏ဆရာများ

ပါဝင်သောဇာတ်ကောင်များ

ဒါရိုက်တာ
ဇာတ်ဆရာ
မင်းသား
မင်းသမီး
လူရွှင်တော်
တစ်ယောက်

လေးစားအပ်တဲ့ အနုပညာချစ်သူများခင်ဗျား

စင်တင်ဖျော်ဖြေမယ့် တစ်ခန်းရပ်ပြဇာတ်က

" **ဆရာနှင့်သူ့ဆရာများ** " ဖြစ်ပါတယ် . . .

လူဟာ ဘဝမှာ တာဝန်သုံးရပ်ကို မဖြစ်မနေ ထမ်းဆောင်ရစမြဲပါ . . .

သမိုင်းပေးတာဝန်

ဘဝပေးတာဝန်နဲ့ အခြေအနေပေးတာဝန်များပါ

ကိုယ်စီကိုယ်ငှ . . . အသိနဲ့စိတ် စေတနာအပြည့်နဲ့ကူညီထမ်းရွက်ရမယ့်တစ်မျိုးသားလုံးကျန်းမာရေး . . . **HIV/AIDS** ရောဂါနှစ်သိမ့်ကူညီရေးဆိုတဲ့ . . . အခြေအနေပေးတာဝန်ကို အနုပညာစွမ်းအားနဲ့အသိပညာပေးရာမှာတွေ့ကြုံရတဲ့ အခက်အခဲကလေးတစ်ချို့ကို ဟာသကဲပြီး . . . ဖျော်ဖြေလိုက်ရပါတယ် . . . ခင်ဗျား . . .

အခန်း (၁)

လူတစ်စု ဝိုင်း၍ထိုင်နေကြ . . .
ဇာတ်ဆရာ၊ မင်းသား၊ မင်းသမီး၊ လူရွှင်တော်များဖြစ်မည်၊ ဒါရိုက်တာ ရပ်၍စကားပြောမည်၊

ဒါရိုက်တာ အခုလို . . . ကျွန်တော်တို့ စီစဉ်ထားတဲ့ **AIDS** ခုခံအားကျဆင်းတဲ့ ရောဂါနှစ်သိမ့်ဆွေးနွေး ပညာပေး ပြဇာတ်ကလေးကို လူကြီးမင်းတို့ရဲ့ အဲ . . . အဲ . . . ဘာဇာတ်အဖွဲ့ပါလိမ့် . . .

ဇာတ်ဆရာ သမိုင်းသိမ့်သိမ့်တုန် . . . ယဉ်ကျေးမှုသဘင်ပါ ခင်ဗျာ . . .

ဒါရိုက်တာ နာမည်နဲ့တင် ကြက်သီးထလောက်ပါပေရဲ့ ခင်ဗျာ . . .

မင်းသား အလုပ်လုပ်ပြလိုက်ရင် . . . အာစရိဆလံတင်သွား ရပါစေ့မယ် . . . ကျွန်တော်တို့အဖွဲ့ရဲ့စည်းလုံးမှု နဲ့ဝီရိယမျိုးက ရှာမှရှားပါ . . . အခုလဲ ပြဇာတ် တိုက်ဖို့စီစဉ်နေတာ ဆရာရောက်လာလို့ အစီ အစဉ်ပြောင်းလိုက်ရတာ . . .

မင်းသမီး သမီးကိုလည်း အားမနာနဲ့နော် ခိုင်းစရာရှိတာ ခိုင်း . . . ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတာ ဒါမျိုး ဆရာရဲ့ . . .

လူရွှင်တော် ဘယ်နေ့များမှ . . . ညီတာဝန် ပေးမှာလဲလို့ မျှော်လင့်နေရတာဆရာရ . . . ဟီးဟီး . . . ဆရာ ကွမ်းတစ်ယာလောက် ဟီး ဟီး . . . ဒါရိုက်တာ ကွမ်းထုတ်ကိုထုတ်ပေး . . .

မင်းသမီး ကန်တော့ဆရာ . . . သမီးကိုလည်းမျှပါဦး . . . အဟင်းဟင်း . . .

ဇာတ်ဆရာ နင်တို့ကလည်း ဧည့်သည်ကို အားနာစရာ . . . အဲလိုဘာလပ်ဆန်တာ ငါမကြိုက်ပါဘူး . . . ကျွန်တဲ့ တစ်ယာ ညီပေးလိုက် . . . ပြီးရင် ကျွန်တော်ဝယ် ပေးမယ်ဆရာ . . . သိလား . . .

ဒါရိုက်တာ ရပါတယ်ဗျာ၊ မဝယ်ပါနဲ့ . . . ကဲ . . . ကျွန်တော်တို့ လုပ်ငန်း စလိုက်ကြရအောင် . . . ကျွန်တော့် ဇာတ်လမ်းက

မင်းသား ဖိုက်ကွက်တွေပါသလားဆရာ . . . ကျွန်တော်က ဖိုက်တာနာမည်ရမို့လို့ပါ . . .

မင်းသမီး ဟုတ်တယ်ဆရာ . . . အဲလိုအဖိုက်ကောင်းလို့ မနှစ်က တစ်ယောက်လျှော်လိုက်ရပြီလေ . . . ဟင်း ဟင်း . . .

မင်းသား နင်နော် . . . ငါမပြောချင်လို့ ဟင်း . . .

ဇာတ်ဆရာ ကျွန်တော်တို့က နယ်ပွဲများတော့ . . . တော ကြိုက်ဇာတ်လမ်းလေး လုပ်ပေးနော်ဆရာ . . .

လူရွှင်တော် တောပေမယ့် အထင်မသေးနဲ့ဗျ ဗွီဒီယိုနဲ့စီဒီနဲ့ မျက်စေ့ရေနားရေဝပြီးသားတွေ . . .

ဒါရိုက်တာ ဟုတ် . . . ဟုတ်ကဲ့ . . . ပါပါတယ် . . . အမယ်စုံစုံ လေးပေါ့ဗျာ . . . ညီလိုဗျ . . . အေအိုင်ညီအကစ်ခေါ် တဲ့ . . . ခုခံအားကျဆင်းတဲ့ရောဂါဟာ . . .

မင်းသမီး မဖြစ်အောင် ဆင်ခြင်ရမယ် . . . အိမ်ထောင်ဘက်အပေါ် သစ္စာရှိရမယ် ဖြစ်လာရင် . . . ဝေဒနာရှင်ကိုဝိုင်းဝန်းကူညီ နှစ်သိမ့်ပေးရမယ် အိမ်ထောင် ဦးစီး . . . အမျိုးသားတွေမှာ ပိုပြီးတာဝန်ရှိတယ် . . . အမျိုးသားထုကြီးက အင်တိုက်အားတိုက် ဦးဆောင်ပြီး ညီတာဝန်ကို ဆောင်ရွက်ရမယ် . . . ဒါဆိုရင် ဒီရောဂါဟာ မြန်မာဆိုတဲ့ အသံကြားရုံနဲ့ တုန်လှုပ်လွင့်စဉ်သွားရမယ် . . .

ဒါရိုက်တာ တော်လိုက်တာခင်ဗျာ . . . ညီအချက်အလက်တွေ ဘယ်လိုများ . . .

မင်းသမီး ဟိုဘက်ဇာတ်မှာတိုက်နေတာလေဆရာရဲ့ ဟီဟီ . . . ကျွန်မတို့လည်းတစ်ချိန်ခိုင်းချင်ခိုင်းမှာဘဲဆိုတဲ့ အသိနဲ့ . . . ကူးပြီးကျက်ထားတာ . . .

ဒါရိုက်တာ ဒီဝေဒနာဟာ . . .

လူရွှင်တော် အဝတ်အစားက မကူးစက်ဘူး . . . ဝေဒနာရှင်နဲ့ အတူနေ ပြုစုရုံနဲ့ မကူးစက်ဘူး . . . ဆေးထိုးအပ် မသန့်ရှင်းတာသုံးရင် ကူးနိုင်တယ် . . . မင်ကြောင် ထိုးတဲ့စုတ်တွေက ကူးနိုင်တယ် . . . မူးယစ်ဆေးဝါး

သုံးတဲ့အပ်တွေက ကူးနိုင်တယ် ... လိင်မှုကိစ္စ မဆင်ခြင်ရင်ကူးနိုင်တယ် ...

ဒါရိုက်တာ — သမိုင်းသိမ့်သိမ့်တုန် ဆိုတဲ့အမည်နဲ့လိုက်အောင် ကိုတိုးတက်နေပါလားဗျာ ...

ဇာတ်ဆရာ — ဒါ အကင်းပဲ ရှိသေးတယ်အာစရိ ... ကျွန်တော် က လုပ်ငန်းတစ်ခုကို အခြေခံကျကျ တိတိကျကျ ဆောင်ရွက်စေချင်တော့ ... လိုအပ်တဲ့အချက် အလက်တွေကို ကြိုပြီးလေ့လာခိုင်းထားရတာ ဟဲ ဟဲ ...

လူရွှင်တော် — ခင်ဗျားဖြင့် ... တွတ်ပီ ကာတွန်းတောင်မဖတ်ဘဲ နဲ့ ... ကြီးကျယ်မနေစမ်းပါနဲ့ ... ကဲ ဆရာ ဇာတ်လမ်းလေးစရအောင် ...

ဒါရိုက်တာ — ကျွန်တော့်ဇာတ်လမ်းထဲမှာ မင်းသမီးလေးက **AIDS** ဝေဒနာသည်လေး ...

မင်းသမီး — ဟယ် နိမိတ်မရှိလိုက်တာ ... သမီးသရုပ်မဆောင် ချင်ဘူး ... ယိမ်းသမ မိချိုကိုခိုင်း ...

မင်းသား — ဒါဇာတ်လမ်းသဘောဟ ...

မင်းသမီး — ညီပြွှ်ရောဂါသည်ဆိုငါလုပ်ရဲပါတယ် ... တော်ကြာ ပညတ်သွားရာခါတ်သက်ပါနေမှဖြင့် ...

ဇာတ်ဆရာ — နင် ငါ့ဆီမှာ ငွေယူပြီး စာချုပ်တုန်းက ဘာလုပ်ရ လုပ်ရ မငြင်းဘူးဆို . . .

မင်းသမီး — ရှင့်ငွေကရော အကုန်ပေးသေးလို့လား . . . တစ်မူး ပေး တစ်မတ်ပေးနဲ့ မယားငယ်ပေးပေးနေတာ . . . နှစ်သောင်းကျန်သေးတယ် . . .

လူရွှင်တော် — ဟုတ်တယ်ဗျ ကျုပ်လည်း အဲညီလို ပေးတာပဲ . . . ကျုပ်ကအဖေါ်မရှိသေးလို့ မပြောဘဲအောင့်ထား တာ . . . ဆရာ စဉ်းစားကြည့်ပါ . . . ဘယ်သူ တရား လွန်သလဲဆိုတာ . . .

ဇာတ်ဆရာ — ပွဲစရန်ရတော့ . . . မင်းတို့ကို ငါပေးမယ်ပြောသား ဘဲ . . .

မင်းသား — ဟိုပွဲက ကျုပ်ယူသုံးပြီးသားနော် . . . မပြောမရှိနဲ့ . . .

ဇာတ်ဆရာ — ဗိုလ်တကာ့ဘုရင်တွေချည့်ပါပဲကွာ . . .

ဒါရိုက်တာ — ဟဲ ဟဲ . . . ကျွန်တော့် ဇာတ်လမ်းကလေး . . . ဟိုဥစ္စာ . . . ဟဲ ဟဲ . . .

မင်းသမီး — ဆရာ့ကိုအားနာလို့ . . . သမီးသရုပ်ဆောင်ပေးပ့ါ မယ် . . . မင်းသမီးဇာတ်ဝင်ခန်းမှာသုံးဖို့ . . . ညရင်းဘက် . . . တော့ဝယ်ပေးနော် . . . ဝတ်စုံ သုံးစုံလည်း ချုပ်ပေးရမှာ . . .

ဒါရိုက်တာ ကျွန်တော်တင်ပြပေးပါ့မယ်. . . ရနိုင်ပါတယ်. . .

မင်းသား ကျွန်တော့်ကိုလည်း ပစ်မထားနဲ့ဦးလေ . . .

လူရွှင်တော် အာစရိ ကျုပ်လည်း ချန်မထားနဲ့ဗျ . . .

ဇာတ်ဆရာ ကျွန်တော့်အတွက်ရောလုပ်ပါ . . .

လူရွှင်တော် ခင်ဗျားကသရုပ်ဆောင်မို့လို့လား . . .

ဇာတ်ဆရာ အဖေခန်းကဖြစ်ဖြစ် ထည့်ပေးဗျာ . . .

ဒါရိုက်တာ အားလုံးအဆင်ပြေအောင် စီစဉ်ကြတာပေါ့ . . . ဇာတ်ထုတ်ကလေးသာ . . .

မင်းသား လွယ်ပါတယ် . . . ကျွန်တော်တို့က ပြောပြီးတိုက်နေကျပါ . . .

ဒါရိုက်တာ သရုပ်ဆောင်တာလေးတွေ . . . တိကျစေချင်လို့. . .

မင်းသမီး မပူပါနဲ့ဆရာရယ် . . . လုပ်စားလာတာ အံ့ခွနေပါပြီ ငိုဆိုငို ရီဆိုရီ ကြိုက်တာခိုင်း . . . လိုအပ်တဲ့ပစ္စည်းတွေသာ ဖြည့်ဆီးပေး . . .

ဇာတ်ဆရာ နင်ကလည်း . . . အလုပ်ကနောက် အတောင်းကအရင်ဖြစ်နေပြီ . . .

မင်းသား တန်ဆာပြောင်မှ ရန်အောင်တာဗျ . . . လူတွေချည်းရပ်ပြောနေလို့ ဘယ်သူကစိတ်ဝင်စားမှာ

လည်း . . . ဟုတ်ဖူးလား . . . ဆရာ . . .

ဒါရိုက်တာ — ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . .

မင်းသမီး — ဇာတ်ညွှန်းကို သမီးဖတ်ပြီးပါပြီ . . . ဝေဒနာသည် ကောင်မလေးက သူ့ရည်းစားကို စိတ်နာအောင် လုပ်ပြီး အဆက်ဖြတ် . . . နောက် တစ်ယောက်ထဲ ကြေကွဲပြီး ကျန်နေတဲ့အခန်း ကြည့်ဆရာ . . . ကျွန်မလုပ်ပြမယ် . . .

ဇာတ်ဆရာကို လက်ဆွဲ၍ခေါ် ဇာတ်ဆရာ ကယောင်ကတန်းနှင့်ပါသွား . . .

မင်းသမီး — နင်က ငါ့ကိုချစ်တယ် ဟုတ်လား . . . ဟား ဟား ဟားဟား သိပ်ရိုဖို့ကောင်းတာပဲ . . . ဟော့ကောင် ကလေကဝ . . . အောက်တန်းစား နင်နားလည် ထားဖို့က နင့်လိုလမ်းပေါ်ကအကောင်ကို ငါ့ နှလုံးသား အပျင်းဖြေဖို့အသုံးချတာဟ့ . . . နင်က ငါ့နှလုံးသားနဲ့မတန်ဘူး . . . နင်နဲ့တန်တာ ဒါဘဲ . . . ထွီ . . . ထွီ . . . ထွီ

ဒါရိုက်တာ — ဟိုး ဟိုး တံတွေးနဲ့မထွေးရဘူးဗျ . . . တံတွေးက လည်း ရောဂါရနိုင်တယ် . . . ဇာတ်ညွှန်းထဲမှာ လည်း မပါဘူး . . .

မင်းသမီး — ဆောရီးဆရာ ကျွန်မ မူ(ထ်) ဝင်သွားလို့ပါ ဟီ ဟီ . . .

မင်းသား — ငွေရေးကြေးရေး မကျေနပ်ချက်ကို ဇာတ်ဝင် သရုပ်ဆောင်ခန်းနဲ့ လက်စားချေတဲ့သဘောပေါ့ ဗျာ . . . ကဲ ဇာတ်ရဲ့ ဦးတည်ချက်ကလေးက (အဖွဲ့ကညီခွင်မျိုးစောင့်နေတာ)

ဒါရိုက်တာ — အိမ်ထောင်ဦးစီး အမျိုးသားများနဲ့ကျန်တဲ့လူငယ် အမျိုးသားတွေ ဦးဆောင်ပြီး . . . ဝေဒနာရှင် အဲ အဲ **AIDS** ဝေဒနာရှင်တွေကို ပြုစုမယ် နှစ်သိမ့် ဆွေးနွေးမယ် . . . အဓိကတာဝန်ကို အကျေပွန်ဆုံး ထမ်းဆောင်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ဇာတ်ကွက်နဲ့ပုံဖော်ထားတာပါ . . .

လူရွှင်တော် — ကျွန်တော်တို့အတွက် စိတ်သာချ . . . အပီလုပ်ပြ လိုက်မယ် . . . ဒါနဲ့ ဟိုနေ့က ပိုက်ဆံအိတ်နဲ့ ဘောလ်ပင်တွေ ဟိုဘက်ဇာတ်မှာ လက်ဆောင် ဝေတယ်ဆို . . .

ဒါရိုက်တာ — ဟုတ်ပါတယ် . . .

လူရွှင်တော် — ဒါကြောင့် သဘင်သည်တွေ အပြောအဆိုခံရ တာ . . . ဘာပြုလို့ပေးသလောက် နင်းကန်ယူရ မှာလည်း . . . ကျွန်တော်တို့ကတော့ ပိုက်ဆံအိတ် ဆိုရင်ကိုတော်ပါပြီ . . . ဒါတောင် အားနာလို့ . . .

ဒါရိုက်တာ — ကျွန်တော့်ဇာတ်လမ်းလေးက . . . သိပ်ချမ်းသာ တဲ့ မိသားစုက မိန်းကလေးတစ်ယောက်ဟာ . . .

မင်းသမီး — သိပ်ချမ်းသာတယ်ဆိုရင် . . . သုံးစုံထဲနဲ့တော့ မရတော့ဘူး . . . ပါတိတ်နှစ်စုံထပ်ဖြည့်ရတော့မှာ . . . အားနာစရာကောင်းလိုက်တာ . . . ဇာတ်လမ်းက တောင်းတာနော် . . . သမီး တောင်းတာ မဟုတ်ဘူး . . .

လူရွှင်တော် — ကျွန်တော်က သူဌေးသမီးရဲ့အစ်ကိုမဟုတ်လား . . . ဟဲ ဟဲ လူချမ်းသာမောင်နှစ်မဆိုတော့ ဟဲ ဟဲ . . .
အကျီ ဘောင်းဘီများကိုပြ . . .

ဒါရိုက်တာ — ခင်ဗျားက ပန်းရန်ဆရာဗျ . . .

လူရွှင်တော် — (ရှုံ့မဲ့သွား) ဟာ . . . ပြဿနာပါပဲ . . . ဇာတ်လမ်းကသိပ်မဟုတ်ချင်တော့ဘူး . . . ပရိသတ်စိတ်မဝင်စားလောက်ဖူးထင်ပါတယ် . . .

ဒါရိုက်တာ — ပန်းရန်ဆရာက မြေကွက်ရှင်းရင်း ရွှေအိုးတူးမိသွားပြီး ချမ်းသာသွားတာလေ . . .

လူရွှင်တော် — (ပျော်သွား) ဒါဆို သေချာပေါက် စိတ်ဝင်စားပြီး ကျုပ်လည်းအဝတ်ကောင်းအစားကောင်းတွေနဲ့ သမလို့ရပြီပေါ့ . . .

ဒါရိုက်တာ — ညါပေမယ့် အဲညီရွှေတွေက လူသတ်ပြီး မြှုပ်ထားတဲ့ ရွှေတွေဖြစ်နေတယ် ရဲကချက်ချင်းသိမ်းသွားရော

လူရွှင်တော်　　ဟင် . . .

ဒါရိုက်တာ　　အဲဒီမှာ စိတ္တဇဖြစ်ပြီး ပန်းရန်ဆရာရှူးသွားတဲ့ အခန်း . . .

လူရွှင်တော်　　တော်ပါသေးရဲ့ အဖမ်းခံရတယ်ဆိုရင် အကျ-ကောင်းမရတဲ့ အပြင် အကျီ လုံချည်အဖြူနဲ့ ထွက်ပြီးကျောက်သယ်နေရဦးမှာ . . .

ဒါရိုက်တာ　　(ရယ်ရင်း) ရယ်စရာပြောတာပါဗျာ . . . ခင်ဗျားက အင်ဂျင်နီယာလေးပါ . . .

လူရွှင်တော်　　အင်ဂျင်နီယာလည်း မြေတူးရင်း ရွှေအိုးတွေ့တာ ပဲလား . . .

မင်းသား　　မင်းလုပ်နေတာနဲ့ လိုရင်းကိုမရောက်တော့ဘူး . . . ကဲ အာစရိ . . . ဇာတ်ညွှန်းနဲ့နုတ်(ထ်)စာရွက်တွေ ကျွန်တော်တို့ကိုပေးပြီး . . .

ဇာတ်ဆရာ　　ဆရာတို့က ကျွန်တော်တို့ ဒီလိုကပြပေးတဲ့ အတွက် ဘယ်လိုတုန့်ပြန်ပြီး အခွင့်အရေးပေး မယ်ဆိုတာ . . . ဂစ်ဘင်တိတ်ပေ့ါခင်ဗျာ . . . မနှစ် ကဝယ်ပေးတဲ့ ကိုယ်ပွားမီးကတော့ ကျွမ်းသွား လို့ . . .

မင်းသား　　မဟုတ်ဘူးဆရာ . . . သူအမြွတ်နဲ့ရောင်းစား ပစ်တာ . . .

ဇာတ်ဆရာ — အော် . . . မင်းက ညီလိုဖေါ်ကြေးလား ညီမယ် စတိတ်ရှိုးအတွက် ဝယ်ပေးတဲ့ **AIDS** တီရှပ်နဲ့ ဘောင်းဘီခုနှစ်စုံလည်း မင်းဖဲပေါင်ရိုက်ပစ်တာ မဟုတ်လား နှစ်ညလားကပြီး အဲညါလုံးဝ မကတော့ဘူး . . .

လူရွှင်တော် — ညီလိုတော့ မပြောနဲ့ တီးလုံးတိုက်ရင် အဖွဲ့သား တွေကိုကျွေးဖို့ တစ်ရက် စရိတ်လေးထောင် သုံးရက်စာ တစ်သောင်းနှစ်ထောင်လည်း ကျုပ် တို့ကို တရှောင်းဆယ်စီပေးပြီး ပိုတာခင်ဗျားဝိုက် တာမဟုတ်လား . . .

မင်းသမီး — အံမယ် နင်လည်း ပညာပေးပြက်လုံးပျက်မယ် ဆိုပြီး တောင်ရှည်တွေ ဝယ်ခိုင်းတာကျတော့ရော ပြက်လုံးကျ သံပုရာသီးစားဖူးလားက ကို မတက်ဘူး . . .

လူရွှင်တော် — နင်က နင့်လင်ထိလို့ နာတယ်ပေါ့ ဟုတ်လား . . .

ဒါရိုက်တာ — နေ . . . နေကြပါဦးဗျာ . . . ညီညီညွတ်ညွတ် . . .

မင်းသမီး — ဒါသာ ငါ့လင်ဆိုရင် နင့်လိုကောင် ညီအဖွဲ့မှာ မပါဘူးမှတ် . . .

လူရွှင်တော် — လိုက်ချင်လွန်းလို့ . . . လိုက်ချင်လွန်းလို့ . . .

ဇာတ်ဆရာ မင်းနေရာတကာ အတို့အထောင်လုပ်နေတာ ဇာတ်ယောင်းမ . . . (လူရွှင်တော်အား ရိုက်မည်ပြု . . . ဒါရိုက်တာဝင်ဆွဲမည်)

ဒါရိုက်တာ ကျွန်တော်ပြောတာ ခဏလေးနားထောင်ကြပါဗျာ . . . ညီ AIDS ရောဂါဟာ ကမ္ဘာနဲ့အဝှမ်းဖြစ်ပွားနေတဲ့ရောဂါမို့ စုပေါင်းကာကွယ်ရမယ် . . . နှစ်သိမ့်ကူညီရမယ် . . . အားလုံးမှာ တာဝန်ကိုယ်စီရှိသင့်တယ် . . . ဆိုတဲ့အသိ အတွေးဝင်လာ မြင်လာအောင် စာပေ ရုပ်ရှင် သဘင် ဂီတ ပညာရှင်များရဲ့စွမ်းအားနဲ့ ပူးပေါင်းတင်ပြကြတာပါ . . . ပညာရှင်နဲ့ လုပ်ငန်းရှင်များရဲ့ လုပ်ငန်းခွင်နဲ့ အရည်အသွေးကို စေတနာတုန့်ပြန်ပေးတဲ့ လက်ဆောင်ပံ့ပိုးကူညီတဲ့ငွေတွေကြောင့် လုပ်ကိုင်တယ်ဆိုတာထက် တို့မိသားစု တို့ဇာတ်အဖွဲ့တို့ကိုကြည့်နေတဲ့ပရိသတ် အားလုံး ညီ HIV ပိုးမကူးစက်အောင် AIDS ရောဂါမဖြစ်ပွားအောင် ဖြစ်ပွားနေရင်လည်း ဝေဒနာရှင်တွေကို ဒီလိုကူညီပြုစုနိုင်အောင် အသိနဲ့ပညာပေးရမှာပါလားဆိုတဲ့ ကိုယ်တိုင်ခံစားသိမြင်တဲ့ စေတနာကို ဦးစားပေးဆောင် ရွက်စေချင်ပါတယ် . . . ခင်ဗျားတို့လိုအပ်တာတွေကိုလည်းအတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီမှာပါ . . .

ဇာတ်ဆရာ — ရှင်းရှင်းပြောမယ်ဗျာ . . . မနှစ်ကလို . . . တီးလုံး တိုက်စရိတ်နဲ့ ပွဲပိုးကြေး လက်ဆောင်မရရင် ကျုပ်မကနိုင်ဘူး . . .

မင်းသား — အဲဒါတွေအားလုံးကို အဖွဲ့သားတွေရှေ့မှာပေးပါ . . .

လူရွှင်တော် — အချိုးကျမရရင်တော့ ကျုပ်ကလည်း ငြိမ်ခံမနေ ဘူး . . .

မင်းသမီး — ကိုယ်လိုလူချည်းမှတ်ပါ . . .

ဇာတ်ဆရာ — နင်တို့က ငါ့စားပေါက်ကို ပိတ်တာလား . . . ဟုတ်လား . . .

လူရွှင်တော် — ခင်ဗျားက အားလုံးစားပေါက်တွေကို ခင်ဗျား ပါးစပ်တစ်ခုထဲမှာ စုထားချင်တာ သိရဲ့လား . . .

မင်းသား — ညောင်မြစ်တူးရင် ပုတ်သင်ဥ ပေါ်သွားမယ်နော . . .

မင်းသမီး — ပါးရိုက်ရင် နားကိုက်မှာပဲ . . .

ဇာတ်ဆရာ — လူပါးဝလို့ . . . နင်တို့က . . . (တုတ်ကို ဆွဲကြ တစ်ဖက်နှင့်တစ်ဖက်ရိုက်မည်ပြုစဉ် လူတစ် ယောက် ပြေးဝင်လာ အားလုံး ဝိုင်းကြည့်)

လူ — ဒါရိုက်တာ . . . ဒါရိုက်တာရှာလိုက်ရတာဗျာ. . .

ဒါရိုက်တာ — ခင်ဗျားတို့ပဲ သမိုင်းသိမ့်သိမ့်တုန်ဇာတ်ကို သွား

နှင့် အလုပ်လုပ်နှင့်ဆို . . .

လူ ခင်ဗျား နားကြားလွဲတာ . . . ပြဇာတ်တိုက်ရမယ့် အဖွဲ့က . . . သမိုင်းနိမိတ်ပုံဇာတ်ဗျ . . . နာမည်တူ နေတာ . . . လာ . . . ဟိုမှာအားလုံးစောင့်နေပြီ . . .

ဒါရိုက်တာ သီသီကလေး လိုတော့တယ်ဗျာ . . . ဟဲ ဟဲ အခုလို ကျွန်တော့်ကို ဝိုင်းပြီး ပညာပေးကြတာ ကျေးဇူးတင်ပါတယ် . . . ခွင့်ပြုကြပါဦး . . .

ဇာတ်ဆရာ မရဘူး . . . မလိုချင်ဘူး . . . ညီအခွင့်အရေးတွေ အဆုံးရှုံးမခံနိုင်ဘူး . . . ကျုပ်အဖွဲ့ကိုတိုက်ပေးရမယ် . . . ခုတိုက်ပေးရမယ် . . . ဆရာ မသွားရဘူး . . . ဟော့ . . . အားလုံးဝိုင်းပြီးဆွဲထားကြ . . . မလွတ်စေနဲ့ . . .

ဒါရိုက်တာအား အလယ်မှာထား၍ တစ်ဖက်စီ ဝိုင်းဆွဲနေချိန်တွင် . . . ရွှေမန်းတင်မောင် "ရွှဲကုန်သည်" မှ လောဘ ဒေါသများနဲ့ရယ် စီးပွားရှာစားမှားလိမ့်မယ် . . . အပိုဒ်ဖွင့် . . . သီချင်းဆုံးလျှင် ဒါရိုက်တာရုန်း၍ ဝင်သွား

အားလုံးလဲကျ ရုပ်သေကျန်ရစ် . . .

## ကားချမည်။။

⚀ ⚀ ⚀ ⚀ ⚀

မချစ်ရဘူး

မမုန်းရဘူး

**ချစ်စရာ**

# မချစ်ရဘူး မမုန်းရဘူး

## ပါဝင်သောဇာတ်ကောင်များ

လွင်မောင်
တိုးတိုး
ဦးဘညင်
ဒေါ်အုန်းသွင်
ဒေဝ
တကာညွှန့်
မိစိန်
လှလှ
မခင်မြ
ဆရာဝန်
စတယ်လာ

ခန်းစဉ် (၁)

မိန်းမငယ်တစ်ဦး ခလေးကိုပွေ့လျက် ပြေးဝင်လာ . . .

မောပန်းနေဟန်နှင့် . . ဟိုသည်ကြည့် . . . နောက်မှ အမျိုးသားတစ်ဦးမောကြီးပန်းကြီးပြေးလိုက်လာ. . .

လွင်မောင် — တိုးတိုး တိုးတိုး ဘာပြုလို့ ညီလိုမိုက်မိုက်မဲမဲ ကြံစည်ရတာလဲ ကံကောင်းလို့ပေါ့ . . . ကိုလွင်နဲ့ ပြန်လိုက်ခဲ့နော် . . .

တိုးတိုး — (ကလေးကိုတင်းကြပ်စွာပွေ့ထားရင်း) ဟင့်အင်း . . . ဟင့်အင်း . . . တိုး ကိုလွင်တို့ပတ်ဝန်းကျင်ကို ကြောက်တယ် . . . အဲညီပတ်ဝန်းကျင်ရဲ့ ပြစ်တင်ကဲ့ရဲ့သံတွေကို ရွံတယ် မုန်းတယ် (မောနေမည်)

လွင်မောင် — ကိုကိုအားလုံး တာဝန်ယူတယ် . . . တိုးတိုးဖြစ်စေချင်တာအားလုံး ဖြစ်ရပါစေမယ် . . . ကိုကိုနဲ့ပြန်လိုက်ခဲ့ပါ လာ . . .

တိုးတိုး — ကိုလွင် ရှေ့မတိုးခဲ့နဲ့နော် . . . တိုးတိုး တစ်ခုခု လုပ်ပစ်လိုက်မှာသိလား . . .

လွင်မောင် — ဟင်း (သက်ပြင်းချ) ကိုလွင် ဘာမှမဆုံးဖြတ်တတ်တော့ဘူး တိုးတိုးရယ် . . .

တိုးတိုး — အဲဒီနေရာက လှည့်ပြန်သွားတာဟာ အကောင်းဆုံး အဆုံးအဖြတ်ပါ ကိုလွင် . . . ရင်သွေးကို အထိ ခိုက်အစော်ကားခံရတဲ့ မိခင်ဆိုတာ ဒဏ်ရာရထားတဲ့ ကျားမတစ်ကောင်လိုပါပဲ . . . ကိုလွင်တို့ရဲ့ ပကာသန လှောင်ချိုင့်ထဲကို တိုးတိုး ဘယ်တော့မှ ပြန်မဝင်တော့ပါဘူး . . .

လွင်မောင် — ကိုလွင်လည်း ဖခင်ပါ တိုးတိုး . . . ကိုယ့်အတွက် လည်းနားလည်ပေးပါဦး . . .

တိုးတိုး — နားလည်လွန်းလို့ ဒီလိုစီစဉ်ရတာပေါ့ . . . ကျွန်မတို့သားအမိနဲ့ဝေးမှ ရှင်တို့မိသားစု အေးချမ်းမယ် သာယာမယ် သိက္ခာတက်မယ် မဟုတ်လား . . .

လွင်မောင် — ကိုလွင့်ကို တစ်ခုလောက် ရှင်းပြခွင့်ပြုစေချင်တယ် . . .

တိုးတိုး — ဒါ တရားရုံးမဟုတ်ဘူး ကိုလွင် . . . ထုချေလွှာတင်လို့လည်း အလကားပဲ ပြန်သာ ပြန်ပါ ကိုလွင်ရယ် . . . တိုးတိုးထိုက်နဲ့ တိုးတိုးကံပဲရှိပါစေတော့ . . .

(အဝေးမှကားတစ်စီးမောင်းလာသံ) သဲ့သဲ့ပေး. . .

လွင်မောင် — မရဘူး (ခပ်တင်းတင်း) အခုပြန်လိုက်ခဲ့ တိုးတိုး မကျေနပ်ရင် မနက်ကျမှရှင်း . . . လာ . . .

(ကားသံကျယ်လာမည်)

တိုးတိုး မလိုက်ဘူး မလိုက်ဘူး . . . အို . . .
ကားသံအနီးသို့ရောက်လာဟန် တိုးတိုးအံကြိတ်၍ ကလေးကိုပွေ့ကာ ကားရှေ့တည့်တည့်ထင်၍ ရပ်မည် စပေ့ါများဝိုင်း၍ထိုးထား . . .

လွင်မောင် (ထိတ်လန့်စွာအော်လိုက်) တိုး တိုး . . .
ရုပ်သေဖြစ်၊ မီးတဖြည်းဖြည်းမှောင် . . .
လေလွင့်ခြင်းလမ်းမများသီချင်းဝင်မည် . . .

ခန်းစဉ် (၂)

အငြိမ့်စင်တစ်ခု၏ **Stage Show**

လေလွင့်ခြင်းလမ်းမများ ဆိုအပြီးတွင် ဝင်သွားမည် . . .
အတွင်းမှကြေညာပေးမည် . . .

အတွင်း . . . ဆက်လက်သီဆိုမယ့်တာဝန်ကျသူက . . . ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်မင်းသမီးချော မြတ်မျိုးနွယ် ဖြစ်ပါတယ် . . . ဆက်လက်ရှုစားတော်မူကြပါခင်ဗျာ . . .
တိုးတိုး ထွက်လာမည် ဦးညွှတ်၍နှုတ်ဆက်ရင်း . . .

တိုးတိုး ချစ်တဲ့မိဘများရဲ့ ဆန္ဒကွက်လပ်ကိုဖြည့်ရင်း . . . ကျွန်မချစ်တဲ့ မောင်အတွက် သံယောဇဉ် လက်ဆောင်ကလေးပါ . . . -မောင်- တဲ့ . . . -မောင်- သီချင်းဆိုရင်း တစ်ပိုင်အဆုံးတွင် အတွင်းမှ ဆက်ဆိုပေး လွင်မောင်၊ တိုးတိုး **Love S:** ပြီးလျှင် မီးမှောင်မည် . . .

ခန်းစဉ် (၃)

ပန်းခြံရှုခင်း မီးပြန်လင်း

လွင်မောင်စာဖတ် . . . တိုးတိုးအသံနှင့် . . .

မြတ်မျိုးနွယ်လို့ခေါ်တဲ့ တိုးတိုးကို ချစ်သူဘဝမှာ စိတ်တိုင်းကျ မလေ့လာဘဲ အတင်းလက်ထပ်ခွင့် တောင်းလာတဲ့ ကိုလွင့်ဆန္ဒကို စဉ်းစားလို့မရ အောင်ဖြစ်မိတယ် . . . တိုးတိုး တို့ အမတော် အငြိမ့်မင်းသမီးအတော်များများဟာ အိမ်ထောင် ရေးကံမလှရှာကြဘူး နှစ်ဖက် ချွတ်ယွင်းချက်တွေ ကြောင့်လည်း ဖြစ်မှာပေါ့ . . .
ကိုလွင် ခေါင်းအေးအေးစဉ်းစားပါနော် ပတ်ဝန်း ကျင် မိသားစု အသိုင်းအဝိုင်း အဖုအထစ်တွေ ဟာ တစ်သက်လုံးဖြတ်သန်းရမယ့် အိမ်ထောင် ရေးခရီးမှာ ပုန်းကွယ်နေရာက ဘွားကနဲ ပေါ်လာ တတ်ကြတယ် . . .

အဲဒီ အဟာန့်အတားတွေကို ကျော်လွှားဖို့ စဉ်းစားပြီးရင် . . .
ကိုလွင့်ဘဝရဲ့ ခရီးသွားဖေါ်အဖြစ် တိုးတိုး အဆင့်သင့်ပါ . . .

ဒေဝ — သူ့ဘက်ကတော့ရှင်းနေပြီပဲ မင်းဘက်ကစွန့်စားရဲဖို့လိုတော့တာ

လွင်မောင် — ကိုကြီးဒေဝရယ် . . . ဆန့်ကျင်ဘက် ဖိုသတ္တဝါတွေအလယ်မှာရင်မောစရာကောင်းတဲ့သူတို့ဘဝကို ကယ်တင် . . .

ဒေဝ — ကြီးကျယ်မနေပါနဲ့ကွာ ကယ်တင်ရအောင် သူတို့က ညှက္ခသည်တွေမှ မဟုတ်တာ လိုချင် တာကို စေတနာယောင်ဆောင်မနေပါနဲ့ . . .

လွင်မောင် — မေမေနဲ့ဖေဖေ့ကို ဖွင့်ပြောပြီး . . .

ဒေဝ — ဟောဗျာ . . . မင်းကလက်ထပ်ခွင့်တောင်းပြီး မင်းကပြန်မူနေဦးမယ် . . . ကြုံဖူးပေါင်ကွာ . . . ဟော့ကောင်လွင်မောင် . . . ရှေ့လထဲဆို ငါနယ်ဆေးရုံကို ပရိုမိုးရှင်းနဲ့ ပြောင်းရတော့မှာ . . . မင်းတို့ ငါကူညီနိုင်တုန်း အမြန်ဆုံးစီစဉ်ကြ . . . ရည်းစားဖြစ်ဖို့လည်း ဟောညီ ဒေဝ ဖန်တီးပေးခဲ့ပြီး လင်မယားဖြစ်ဖို့လည်း ငါ့တာဝန်ထား . . . ဒေဝကွ နာမည်ကိုက အနက်ပြန်ရင် နတ်မင်းလို့

အဓိပ္ပါယ်ရပြီးသား . . . အခုတော့ ဖူးစားရေးနတ်ကြီးပေ့ါ . . . မင်းတို့နှလုံးသားတွေကို ငါ့အချစ်မြားနဲ့ပစ်လိုက်မယ် လာလေ့ . . .

မြားနှင့်ပစ်ဟန်ပြုစဉ် . . .

(မီးမှောင်)

ခန်းစဉ် (၄)

တိုက် မီးပြန်လင်းလာ

ဦးဘဒင်၊ ဒေါ်အုံးသွင်

ဒေါ်အုံးသွင် (အလန့်တကြား) အမလေး . . . အမလေးတော် ဘယ်လိုဖူးစာရေးနတ် အစုတ်ပလုတ်က ကျုပ်သားလေးကို ဒုက္ခဖြစ်အောင် လုပ်လိုက်ပါလိမ့် ကျုပ်လုံးဝ သဘောမတူနိုင်ဘူး . . . အဆင့်အတန်းလည်းမဟုတ်ဘူး မျိုးရိုးအစဉ်အလာလည်း မရှိဘူး ကျုပ်သားလေးကို ဖြားယောင်းပြီး . . . စည်းစိမ်စားရအောင်ကြံတာ . . . ဒီလိုအလှာတွေဟာ ညီလိုအကျင့်မျိုးရှိတာယ်ဆိုတာ လွှင်မောင် ရယ် မသိလေချင်းကွယ် . . .

ဦးဘဒင် တစ်ခွန်းချင်းဖြည်းဖြည်းပြောပါလား . . . မအုံးသွင် ဒီနေရာမှာ မင်းနဲ့ငါ နှစ်ယောက်တည်းရှိတာ မင်း

ပြောတာ ငါလုမပြောပါဘူး . . .

ဒေါ်အုံးသွင် ခွေး . . . လူစင်စစ်က ခွေးဖြစ်အောင် လုပ်ပြနေတာ

ဦးဘဒင် မျက်လှည့်လား . . . လင်းဒတွေရှားလို့ ခွေးနဲ့ အစားထိုးတာနဲ့တူပါတယ်ကွယ် . . .

ဒေါ်အုံးသွင် လက်တစ်လုံးကြား လှည့်စားလို့ကတော့ ရှုံးရောက်ပြီသာမှတ် . . .

ဦးဘဒင် သူတို့ပညာနဲ့ သူတို့လုပ်စားနေတာပါကွာ . . . မင်းက မျက်လှည့်ဆရာတွေကို ရဲမတိုင်ချင်ပါနဲ့ . . .

ဒေါ်အုံးသွင် ဘာတွေလာပြောနေတာလည်း (အော်လိုက် မည်) . . .

ဦးဘဒင် အခုထိတော့ မင်းစကားတွေကို ငါဆန့်ကျင်တာ တစ်ခွန်းမှ မပါသေးပါဘူး . . . မင်းမျက်လှည့်ဆရာ တွေကို မကျေနပ်တဲ့အကြောင်း . . . လူက လင်းည မဖြစ်ဘဲ ခွေးဖြစ်တာ အစဉ်အလာ မဟုတ်တဲ့ အကြောင်း . . .

ဒေါ်အုံးသွင် ကိုဘဒင် . . . ရှင်ဟာကြီးလေ ကြောင်လေပါလား . . . ကျုပ်ပြောနေတာ ဟိုအငြိမ့်သမကိစ္စတော့ . . . ကျုပ်သားကို အပိုင်ကြံနေတာကိုပြောတာ . . .

ဦးဘဒင် လူငယ်တို့သဘာဝချစ်တာပဲကွာ . . .

ဒေါ်အုံးသွင် လူကြီးတို့သဘာဝအရ သဘောမတူနိုင်ဘူး . . .

ဦးဘဒင် လူငယ်တို့ သဘာဝ ထွက်ပြေးကြမှာပဲ . . .

ဒေါ်အုံးသွင် လူကြီးတို့သဘာဝအရ လိုက်ရှာပြီး အတင်းခွဲပစ်မယ် . . .
ဒေဝဝင်လာမည် . . . တိုးတိုးပါလာမည် . . .

ဒေဝ လူငယ်တို့ သဘာဝအရ ကိုယ်ဝန် ရှိနေပါပြီ ဒေါ်ဒေါ် . . .

ဒေါ်အုံးသွင် ဟင် . . . မြန် . . . မြန်လှချည်လား . . .

ဦးဘဒင် ဒါကတော့ လူကလင်းဒ မဖြစ်တော့ဘူး . . . လူက လူဖြစ်တော့မှာကွ ဟဲ ဟဲ . . . လူငယ်တို့ သဘာဝ (ဒေါ်အုံးသွင် လှည့်မျက်စောင်းထိုး ဦးဘဒင် ကုပ်သွား . . .)

ဒေါ်အုံးသွင် ညည်း . . . ညည်း ရွှေစရာ လင်ရှားသလား . . . ဟင်

တိုးတိုး အို . . . (ခေါင်းငုံသွားမည်)

ဒေါ်အုံးသွင် ငါ လုံးဝ သဘောမတူနိုင်ဘူး . . . ငွေဘယ်လောက် လျော်ရမလဲပြော . . .

ဒေဝ ဒေါ်ဒေါ် . . . ငွေနဲ့အနိုင်ကျင့်တဲ့ခေတ် ကုန်သွားပါပြီ အကောင်းဆုံးနဲ့အဖြစ်နိုင်ဆုံးကိုသာ စီစဉ်ပါ

ခင်ဗျာ . . .

ဦးဘဒင် ဟုတ်ပါတယ် မအုံးသွင် သားသမီးချင်း စာနာပါကွာ . . . ဒါထက် ကလေးမ မိဘများက . . .

တိုးတိုး သမီးမှာ မိဘတွေ မရှိကြတော့ပါဘူး . . .

ဒေဝ ကျွန်တော်က သူ့အုပ်ထိန်းသူပါ ခင်ဗျာ . . . ဒေါက်တာဒေဝလို့ခေါ်ပါတယ် . . . မင်္ဂလာပွဲကို ဘယ်လိုစီစဉ်ကြမလည်း . . .

ဒေါ်အုံးသွင် အို ဘယ်သူကပေးစားမယ်ပြောလို့လည်း . . .

ဒေဝ စဉ်းစားပါဦးဒေါ်ဒေါ် လူမှုရေးကိစ္စကနေ ဉပဒေကိစ္စဖြစ်သွားရင်စိတ်မကောင်းစရာတွေဖြစ်ကုန်မှာ စိုးလို့ပါ . . . ရော့ ဒါကျွန်တော့လိပ်စာနဲ့ဖုန်းနံပါတ် ခွင့်ပြုပါဦး . . . လာ တိုးတိုး . . . နှစ်ဦးဝင်သွားကြမည် . . .

ဒေါ်အုံးသွင် ရှေ့ကိုဆက်တိုးရမလား . . . နောက်ဆုတ်ခိုင်းရမလား . . .

ဦးဘဒင် မင်းကောင်းသလို စီစဉ်ပေါ့ကွာ . . . ငါကတော့ မဆန့်ကျင်ပါဘူး . . .

ဒေါ်အုံးသွင် မင်္ဂလာအခမ်းအနားအဖြစ် လုံးဝကျုပ်တာဝန်မယူဘူး . . . နေရေးထိုင်ရေးက အိမ်မှာနေလို့

ရတယ် သဘင်သည်လို စည်းကမ်းမဲ့နေရင်တော့ ချက်ခြင်းဆင်း လူရှုပ်ရင်လည်းဆင်း . . . ကျုပ်ကို ကျုပ် အပေါင်းအသင်းတွေ အထင်သေးမခံနိုင်ဘူး အိမ်မှုကိစ္စ အကုန်လုပ်ရမယ် အဝတ်လျှော်ရမယ် ထမင်းချက်ရမယ် ဒီတာဝန်တွေမှ မယူချင်ရင် ဆင်းသွား . . . ဒါဘဲ . . .

ဦးဘဒင် — ငါ့သားနှလုံးသားနဲ့ရင်းပြီး . . . ကျွန် တစ်ယောက် အချောင်ရသွားတာပါလား . . . မအုံးသွင် . . .

(ကားပိတ်)

ခန်းစဉ် (၅)

အငြိမ့်ဆရာ၏အိမ်
ယိမ်းသမနှစ်ဦးစကားပြောနေမည်
လှလှသတင်းစာဖတ်ပြနေ . . .

လှလှ — ကျွန်တော် မောင်လွင်မောင်နှင့်ကျွန်မ မတိုးတိုး တို့သည် . . . ယနေ့မှစ၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် တရားရုံး လက်ထပ် ပြီးပါကြောင်း (သတင်းစာကိုပိတ်ပြီးသက်ပြင်းချ) မမတိုး . . မမတိုး ချမ်းသာချင်လို့ ချမ်းသာတဲ့လင် ရွေးမိကာမှ မင်္ဂလာတောင် မဆောင်နိုင်လောက် အောင် ဆင်းရဲသွားရှာတော့တာပါလား . . .

မိစိန် သူ့ယောက္ခမကြီး လုံးလုံးသဘောမတူဘူးတဲ့ ကိုလွင်မောင်က တစ်ဦးတည်းသော သားမို့ မတတ်သာလို့ အလျှော့ပေးလိုက်ရတာတဲ့ . . . မမတိုးကိုလည်း မျက်နှာသာမပေးဘူးတဲ့ . . .

လှလှ အမှီခိုရှာတတ်တဲ့ ငါတို့မိန်းကလေးတွေအတွက် ကိုယ်မှီရမယ့်အရာဟာ အုတ်တံတိုင်းလား . . . ကျူထရံလားဆိုတာ ကြိုတင်လေ့လာထားဖို့ တော့လိုတယ်နော် အမှီလွဲသွားရင် . . .

မိစိန် မမတိုးအတွက်တော့ အမှီလွဲလို့ တစ်ချီတည်းနဲ့ အီသွားရတာပေါ့နော် . . .

လှလှ အငြိမ့်မင်းသမီးများ ရည်းစားထားတဲ့ လူဆိုတာ တစ်မျိုးဟာ . . .

မိစိန် မီးရောင်အောက်ကလည်း ထွက်ခွာခဲ့ပါပြီ လူပျက်တွေနဲ့လည်းဝေးခဲ့ပါပြီ မောင် သဘောကြည်လင်ပေမယ့် မောင့်အမေအမြင်ကကျဉ်းမြောင်းနေတုန်းလားရှင်လို့ မမတိုးကိုယ်စားအယူခံဝင်ပေးလိုက်ချင်တယ် . . .

လှလှ စိတ်ကူးနဲ့လက်တွေ့ဘဝ တစ်ထပ်ထည်းကျနိုင်ဖို့ဆိုတာ သိပ်ခဲယဉ်းပါလားသူငယ်ချင်းရယ် . . .

မိစိန် ဆုတောင်းပေးရုံက လွဲပြီး တို့လည်း ဘာမှ

တတ်နိုင်တော့မှာ မဟုတ်ဘူး . . .

လှလှ ဟဲ့ ဘာဆုတွေများ ကြီးကြီးကျယ်ကျယ်တောင်း ပေးဦးမှာလည်း . . .

မိစိန် ပွဲကြည့်တွေရဲ့အချစ် ကြင်နာမြတ်နိုးမှုတွေ တနင့်တပိုးရခဲ့တဲ့ မမတို့ အတွက်ကြီးလွန်းတဲ့ ယောက္ခမရဲ့အညိုး အမုန်းစက်ကွင်းက မြန်မြန်လွတ်ကင်းရှာပါစေဘုရား . . .
လက်အုပ်ချီဆုတောင်းရင်း

(မီးမှောင်)

ခန်းစဉ် (၆)

တိုက်၊ ဉယျာဉ် မှန်ချပ်
သီချင်းနောက်ခံနှင့်တိုးတိုး အိမ်မှုကိစ္စများလုပ်နေဟန်များ၊အဝတ်လျှော်ဟန်၊ တံမြက်စီးလှည်းဟန် ညော်အုံးသွင်သားဖြစ်သူအား ငွေပေးူ အရောင်းအဝယ်ခိုင်းဟန်၊ ကိုယ်ဝန်တဖြည်းဖြည်းရင့်လာဟန်၊ ပင်ပန်းနွမ်းနယ်စွာ အလုပ်လုပ်နေဟန်များ သီချင်းဆုံးလျှင် . . .
တိုးတိုး ရင်ဘတ်ကိုဖိ၍ လဲကျသွား

(ကားပိတ်)

ခန်းစဉ် (၇)

ဆေးခန်း
ဒေဝ၊ လွင်မောင်၊ တိုးတိုး
တိုးတိုးအနားယူနေဟန် . . .

ဒေဝ ပင်ပန်းလွန်းအားကြီးပြီး . . . မူးလဲသွားတာပါ . . . ကိုယ်ဝန်တောင်ထိခိုက်သွားနိုင်တယ်ကွ၊ မင်းအမေကိုလည်း ညာညာတာတာခိုင်းဖို့ပြောဦး . . .

လွင်မောင် ကျွန်တော်ကလည်း နယ်ဆင်းပြီး ကုန်စုနေရတဲ့အချိန်ကများတယ်လေမေမေကတော့အိမ်ထောင့်တာဝန်ကို တချိန်မှာ ကောင်းကောင်း ဦးစီးတတ်အောင်လို့လို့ ပြောတာပဲ . . .

ဒေဝ ငါ **E.C.G** လည်း ရိုက်ပေးထားတယ် . . . နည်းနည်း သံသယရှိသလိုဖြစ်နေလို့ပေါ့ကွာ ရောဂါရှိတော့လည်း ကြိုတင်ကာကွယ်ကုသနိုင်တာပေါ့ . . .
နာ့စ်မဝင်လာ၍ **E.C.G** မှတ်တမ်းစာရွက်များပေး ဒေဝဖတ် . . .

ဒေဝ ထင်တဲ့အတိုင်းပါပဲကွာ . . . မိတိုးမှာ နှလုံးရောဂါရှိနေတယ် . . .

လွင်မောင် ဗျာ . . .

ဒေဝ သိပ်တော့ မစိုးရိမ်နဲ့ပေါ့ကွာ . . . အဲဒီရောဂါဟာ ဒီရင်သွေးကို ပထမဆုံး သားဦးနဲ့နောက်ဆုံးသား ထွေးအဖြစ် ဒီတစ်ကြိမ်ပဲ မွေးခွင့်ပြုတော့မှာ . . .

လွင်မောင် ဗျာ . . .

ဒေဝ နောက်တစ်ကြိမ်မွေးဖို့စွန့်စားမယ်ဆိုရင် မင့်မိန်းမ အသက်ကိုလောင်းကြေးထပ်ရလိမ့်မယ် . . .

လွင်မောင် ဗျာ . . .

ဒေဝ ဒီလောက်လည်း ဗျာများမနေပါနဲ့ကွာ တစ်ဦး တည်းသောရင်သွေးနဲ့မိသားစုဘဝ သာယာ အောင်နေကြသူတွေအများကြီးပါ . . . ဒီအချိန်က စပြီး မိတိုးကိုစိတ်ချမ်းသာအောင် အတတ်နိုင်ဆုံး ပြုစုပေတော့ . . . မင်းသမီးလေး မင်းသမီးလေး အခုမှ တကယ့်မင်းသမီးလေးလို သက်တောင့် သက်သာနေရတော့မှာပါလား . . . မင့်မားသား လည်း သနားသွားလောက်ပါပြီကွာ ဟဲ ဟဲ . . .

ဒေါ်အုံးသွင်ဝင်လာ . . .

ဒေါ်အုံးသွင် သားရေ သူကျန်းမာတဲ့အထိ အနားယူပြီးရင် အရောင်းအဝယ် ကျွမ်းကျင်အောင် သားကုန် ဝယ်တဲ့ခရီးတွေကို တစ်ပါတည်းခေါ်သွားနော် . . . တချို့နယ်ပွဲရုံတွေကို သူ့ပဲလွှတ်ပြီး ကုန်စုခိုင်း

. . . နေ့ခင်းအားရင် ညှိုင်မှာဈေးနှုန်းတွေ သွားစုံစမ်းပေ့စေ . . . မောင်ဒေဝရေ လက်ကြောမတင်းခဲ့တဲ့ သဘင်သည်ဘဝကို အလုပ်တန်ဘိုး နားလည်အောင်ဒီ လိုခိုင်းမှတော်ရှုကျတာကွဲ့ . . .

ဒေဝ — ဗျာ . . .

(ကားပိတ်)

ခန်းစဉ် (၈)

ဥပုရ်ဇရပ်

ဦးဘဒင် ပုတီးစိတ်ရင်း . . . ဘုရားတကာညွန့်နှင့် စကားပြော . . .

တကာညွန့် — ဥဂ္ဂါသေန လုလင်ဟာ မင်းသမီးကိုစွဲလန်းပြီး သူဌေးစည်းစိမ်ကိုစွန့် မင်းသမီးထမီဖါကိုထမ်းပြီး ပွဲကရာနောက် တကောက်ကောက်လိုက်ခဲ့ရှာ တာကိုး ကျောင်းတကာဦးဘဒင်ရဲ့ . . .

ဦးဘဒင် — အမိန့်ရှိပါဦး ဘုရားတကာညွန့်ခင်ဗျာ . . .

တကာညွန့် — ဇနပဒကလျာဏီဆိုတဲ့ မင်းသမီးလေးကလည်း တယ်လှဆိုကိုး . . .

ဦးဘဒင် — နန္ဒာလှိုင်တို့ ထက်ထက်တို့လိုမျိုး နေမှာပေါ့

ဘုရားတကာညွန့်ရယ် . . .

တကာညွန့် — တဏှာများ တယ်ကြောက်စရာကောင်းကိုးဗျာ ညီလိုနဲ့ ကလေးတစ်ယောက်ရတဲ့အချိန် မယားက လေလွင့်သူရဲ့သား . . . ထမီသေတ္တာထမ်းသူရဲ့ သား အိပ်ပါတော့လားလို့ ကလေးချော့တော့မှ ရှက်ပြီး ညီပညာကိုသင်ပြီး အတောင် (၆၀) ရှိတဲ့ ဝါးလုံးတိုင်ထိပ်မှာ . . . သောတာပန်သတဲ့ဗျ . . .

ဦးဘဒင် — ကျွန်တော့်သားလေးလည်း ညီလိုပဲနေမှာပေါ့လေ . . . အင်း သာဓု သာဓု သာဓုပါဘုရားတကာညွန့် ရယ် . . . ဘုရားတကာရဲ့ဟောပြောချက်ကောင်းပုံ ကတော့ မနေ့ညက အာဆင်နယ်အသင်း ကစား သွားသလိုပါပဲ . . .

တကာညွန့် — မန်ချက်စတာကပိုပြီး အကွက်စေ့တယ်ဗျ . . . မန်ချက်နဲ့ နိုင်းစမ်းပါခင်ဗျာ အာဆင်နယ်က ဖိုးသာဝ နွားသိုးပါ အရေးဆို ရှောပြီ . . .

ဦးဘဒင် — ခင်ဗျာ့မန်ယူက အကြံအဖန်သမားတွေဗျ . . . ဘောလုံးကိုအားကစားလိုလေ့ကျင့်ပြီး စီးပွားရေး လို ကန်စားနေတဲ့ ဉာဏ်သမားတွေ . . .

တကာညွန့် — ဟာ . . . အာဆင်နယ်လောက်စုတ်ပဲ့တဲ့ အသင်း ရောရှိသလား . . . ရှေ့တန်းက ကစားတဲ့ကောင် အယုတ်မာဆုံး . . . အလကားလူလိမ်တွေ . . .

ဦးဘဒင် — သူများကိုကဲ့ရဲ့မနေပါနဲ့ မင်းလည်းတချိန်တုန်းက ဖိုးတွမ်တီးငည္ဆန့်ဆိုပြီး နာမည်တစ်လုံးနဲ့ ဖဲလိမ် ရိုက်နေတာမဟုတ်လား . . .

တကာညွန့် — အံမယ် ညီလိုကြေးလား မင်းလဲအရက်ပုန်းရောင်း ပြီး ကြီးပွားလာတာမဟုတ်ဘူးလား . . . ထွိ . . . ငည္ဆန့်က ကိုယ့်ကိုရှုံ့နဲ့ပက်ရင် သူများကို မစင်နဲ့ ငုံထွေးရဲတယ်သိလား . . .

ဦးဘဒင် — သိပ်ရတာပေါ့ . . . သူယှဉ် ကိုယ်ယှဉ်ရုံရှာဲဟေ့ . . . လိမ်လို့ကောင်းအောင် ပုတီးကိုင်တာက အခု ချချင်ရင်လည်းရတယ် . . . နာမည်ကိုက ဘည်င်တဲ့ တို့ကတော့ တို့ကတော့ . . . ဘုရားကျောင်းထဲ လည်းချရဲတယ် . . .

တကာညွန့် — အိုကေ . . . ကမ်းမင်
အဖိုးကြီးနှစ်ဦး ပုတီးများဘေးချ ပိတ်ဖြူလုံချည် ခါးတောင်းကြိုက်ကူ နပမ်းသတ်မည်၊ ထိုစဉ် အတွင်းမှ
-အမျှယူတော်မူကြပါခင်ဗျား- အော်

နှစ်ဦးပြိုင် — သာဓု သာဓု သာဓု ပါဘုရား . . .

(ကားချ)

ခန်းစဉ် (၉)

လမ်းမှန်ချပ်ပြေးနေမည်

မိုးသံလေသံနှင့် ကားစက်သံပေးထား **(Mix)**
အတွင်းမှ လွင်မောင် . . . တိုးတိုး စကားပြောပေး

တိုးတိုး (ညည်းနေမည်) အား . . . ကျွတ်ကျွတ် . . .

လွင်မောင် ဗိုက်က တအားနာနေတာလား . . .

တိုးတိုး အား . . . နာတယ် ကိုလွင် . . . ဒီထက်ပိုပြီး မြန်မြန် မောင်းလို့မရတော့ဘူးလား . . .

လွင်မောင် မိုးရေတွေနဲ့ လမ်းကချော်နေတယ်တိုးရဲ့ . . . အန္တရာယ်တအားများတယ် . . .

တိုးတိုး အသက်ရှူကြပ်ပြီးမောတယ် ကိုလွင်. . . အား . . .

လွင်မောင် ရှေ့မှာတော့ . . . ကားစခန်း လမ်းဆုံရွာကို ရောက်တော့မယ် . . . ခဏလေးကြိတ်မှိတ် နေလိုက်နော် . . . အဲဒီမှာ ကျေးလက်ဆေးခန်းရှိတယ် . . .

တိုးတိုး အား . . . မြန်မြန်မောင်းပါ ကိုလွင်ရယ် . . .

(မီးမှောင်)

ခန်းစဉ် (၁၀)

ကျေးလက်ဆေးခန်း
တီးလုံးတစ်ပုဒ်နှင့်

ဆရာမ(သားဖွား)နှင့် အကူမိန်းကလေး စိတ်ညစ်စွာ ခေါင်းကုပ်၍ စဉ်းစားနေဟန်၊ အပြင်မှ တိုးတိုးကိုတွဲ၍ လွင်မောင်ဝင်လာ . . . ဆရာမကို ဗိုက်နာနေကြောင်းပြောဟန်နှင့်မွေးရန်ပြင်ဆင် တိုးတိုးကို အတွင်းသို့ခေါ်သွား. . ခဏအကြာ . . . လွင်မောင်ကို အကူမိန်းကလေးခေါ်သွား မကြာခင်အတွင်းမှ လွင်မောင် တိုးတိုးကိုတွဲ၍ ဝင်လာ . . . အကူမိန်းကလေး ကလေးပွေ့လျက် ဝင်လာ . . . တစ်ဖက်သို့အတူဝင်သွားကြမည် . . . ဆရာမ သူတို့ဝင်သွားရာသို့ ကြည့်နေရင်း သက်ပြင်းချ . . . ကလေးငိုသံပေးထားမည် . . .

(ကားပိတ်)

ခန်းစဉ် (၁၁)

တိုက်ခန်း
ဦးဘဒင်၊ ဒေါ်အုံးသွင်၊ လှလှ၊ မိစိန် . . .

ဦးဘဒင် — ငါတော့ တယ်ဘဝင်မကျပါဘူး . . . မအုံးသွင် . . . မင့်ဉစ္စာ ဒီလောက်ထိလည်း အစွဲအလန်း မကြီး သင့်ပါဘူးကွာ . . .

ဒေါ်အုံးသွင် — အလိုတော် ဘယ့်နှယ့် ကျုပ်ကိုချည်းအပြစ်တင် နေတာလည်း . . .

ဦးဘဒင် — ဟုတ်တယ်လေကွာ . . . မရခင်က သဘောမတူ ယူပြီးတော့ မတရားခိုင်း အခု ကလေးလည်း ရရော . . .

ဒေါ်အုံးသွင် — အပြစ်တင်ပါ ကိုဘဒင် မကောင်းတဲ့အပြုအမူ ရက်စက်တဲ့လုပ်ငန်းဟူသမျှ ကျုပ်ကမြစ်ဖျားခံ တယ်လို့ ပြောလိုက်စမ်းပါ . . .

ဦးဘဒင် — စာနာမှုတော့ထားဦးမှပေါ့ မိခင်နဲ့ရင်သွေးကွ ရင်ငွေ့နဲ့ထွေးချင်မှာပေါ့ အခုတော့ တခြားစီ ခွဲနေရမယ်လို့ . . .

ဒေါ်အုံးသွင် — ကလေးမှာ ရောဂါရှိနေရင် မအေကို ကူးမှစိုးလို့ တော်ရေ၊ အဲဒါတော့်သားရဲ့အစီအစဉ် . . . ကျုပ် အမိန့်မဟုတ်ဘူး . . . တော့်မြေးက မွေးရာပါ

အနာဖုတွေ ပျောက်သေးတာမဟုတ်ဘူး ဓါတ်ရောင်ခြည်ကင်ရဦးမယ်ဆိုလား . . .

(လှလှ . . . မိစိန် အထုပ်ကိုယ်စီနှင့်ဝင်လာ)

လှလှ — မမတိုးရှိပါသလား ကြီးကြီး . . .

ဒေါ်အုံးသွင် — (ခပ်ငေါ့ငေါ့ဖြင့်) ရှိပ့ါတော်ရှိပ့ါ အခန်းထဲမှာ အနားယူတော်မူနေထင်ပ့ါ . . .

မိစိန် — မမအတွက် ငါးရံခြောက်ဖုတ်နဲ့ ဒန့်ဒလွန်ရွက်ဟင်းချိုလာပို့တာပါ . . .

ဒေါ်အုံးသွင် — အဲဒါတွေ ကျွေးဖို့မလိုပါဘူးအေ . . . သူ့လင်ကသူ့ကလေးကို သူ့နို့တိုက်ခွင့်မှ မပြုတာဘဲ . . .

လှလှ — ရှင် . . . ဘာပြုလို့လည်း ကြီးကြီး . . .

ဒေါ်အုံးသွင် — အလှပျက်မှာစိုးလို့နေမှာပေ့ါ . . . ကောင်းပါတယ် နို့မစို့ရတော့ သဘင်သည်သွေး ငှ့ါမြေးလေး ခန္ဓာကိုယ်ထဲမှာ နည်းသွားတာပေ့ါ . . .

မိစိန် — သဘင်သည်သွေးနည်းသွားတော့ စာနာမှုညာတာမှုတွေ ခေါင်းပါးသွားတာပေ့ါ ကြီးကြီးရဲ့ (မဲ့ရွဲ့ပြောမည်) . . .

ဒေါ်အုံးသွင် — ဘာပြောတယ်အေ့ . . .

| | |
|---|---|
| မိစိန် | မေတ္တာနဲ့ ဝမ်းစာရှာရတဲ့ သဘင်သည်ဘဝဆိုတာ အားလုံးအပေါ် စာနာမှု အနစ်နာခံ ခွင့်လွှတ်မှုတွေနဲ့ ပြည့်စုံရပါတယ်ရှင့် တစ်ဖို့ထည်းထားတဲ့ အတ္တသမားတွေဆို သဘင်သည်ဖြစ်ခွင့်မရှိပါဘူး |
| ဒေါ်အုံးသွင် | ကြီးကြီးကျယ်ကျယ် ငါကြားဖူးတာဖြင့် ဈေးသည်အစဇာတ်သမအလယ် ပခြုပ်သည်အဆုံးတဲ့ . . . |
| လှလှ | အားလုံး စော်ကားအနိုင်ကျင့်သမျှ သည်းခံဆက်ဆံရတဲ့အလွှာတွေကို ပြောပါကြီးကြီး အဲလောက်အထိ သဘောထား မြင့်မြတ်ရတဲ့ဘဝပါ . . . |
| ဦးဘဒင် | တရုတ်သိုင်းကား ထဲက လူကြမ်းကြီး လိုနှစ်ယောက် တစ်ယာက် ဖိုက်တာခံနေရပါပကောလား ဟေ့ . . . |
| ဒေါ်အုံးသွင် | လမ်းပေါ်ကစကားတွေ ကျုပ်နားမဝင်ဘူး . . . ကျုပ်တို့ကဘုံဖျားမှာနေတာ . . . |
| လှလှ | ဘုံဖျားမှာနေပြီး ခြုံကြားက စိတ်နေသဘောထားကို ဖွင့်ပြတဲ့အတွက် ကျေးဇူးတင်ပါတယ် သွားပါဦးမယ်ရှင့် . . .<br>ပစ္စည်းများထား၍ ဝင်သွားကြ . . . |
| ဒေါ်အုံးသွင် | ထွီ . . . သိပ်အောက်တန်းကျတဲ့ကောင်မတွေ . . |

ဦးဘဒင် အိမ်လာတဲ့ ဧည့်သည်ကို ချိုးချိုးနှိမ်နှိမ်ဆက်ဆံတာဟာ အထက်တန်းစားထုံးစံကိုး . . .

ဒေါ်အုံးသွင် ဟောညီ ပစ္စည်းတွေကို မိတိုးကိုမတိုက်နဲ့ သူ့အတွက်မလိုဘူး . . . ကျုပ်အကုန်သောက်ပစ်မယ် ထွီ . . . (ဝင်သွားမည်)

ဦးဘဒင် ဟာ ဒီ ဒန့်ဒလွန်ဟင်းချိုကို မင်းသောက်ပြီး နို့ရှင်ကုန်ရင် ဘယ်သူ့သွားတိုက်မှာလဲကွ . . . ဘုရားဘုရား ငါတော့ကြီးတောင့်ကြီးမားကျမှ ငယ်မူပြန်ရမယ့်ကိန်းပါလား . . .

(ကားပိတ်)

ခန်းစဉ် (၁၂)

ပန်းခြံအတွင်း
တိုးတိုးဆွယ်တာထိုးနေ

အတွင်းမှကလေးငိုသံပေး . . . တိုးတိုးနားစွင့် . . . အံကြိတ်၍ မျက်ရည်ကျ လှလှ နှင့် မိစိန်တို့ အသံများကို ကြားယောင် . . .

လှလှ (အတွင်းမှပြော) တကယ်ဆို မအေနဲ့သားသမီးပဲ မမရယ် . . . မွေးခွင့်တော့ပေးပြီး ထွေးပိုက်ယုယခွင့်

ကိုတားမြစ်တယ်ဆိုတော့ ဘယ်တရားပွဲမလည်း . . .

မိစိန် ငွေ၊ ဂုဏ်၊ စည်းစိမ် ထောင်ချောက်ထဲက ထွက်ခဲ့ပါ မမတိုးရယ် မီးရောင်အောက်မှာ ထမင်းရှာစားကြရအောင်ပါ . . .

လှလှ ပထမတော့ မမတိုးဘဝကို အားကျတယ် အခုတော့ မမတိုးဘဝကို သနားတယ် . . .

ဒေါ်အုံးသွင် ညည်းနှလုံးရောဂါက နောက်ကလေးမွေးခွင့် မပြုတော့ဘူး . . . ညါကြောင့် ငါ့မြေးကို ကျန်းမာရေးဂရုစိုက်ရမယ် . . . တစ်ဦးတည်းသောသားရဲ့ တစ်ယောက်တည်းသောမြေး အေ့ . . . ကလေးငိုသံဆူလာမည် . . .

မိစိန် ဘာပဲဖြစ်ဖြစ် အနီးကပ်အတူရှိနေတော့ စောင့်ရှောက်နိုင်တာပေါ့ . . . ပြန်လာခဲ့ပါ မမရယ် . . .

ကလေးငိုသံဆူ . . . တိုးတိုးဟိုညီကြည့်ဝင်သွား . . .

(မီးမှောင်)

ခန်းစဉ် (၁၃)

တိုက်အတွင်းခန်း
ကလေးငိုသံရှိနေမည် . . . တိုးတိုးဝင်လာ
ကလေး ကိုငုံ့ကြည့်ကောက်ယူလိုက်စဉ် . . .
လွင်မောင် ပြေးဝင်လာ . . . ဆွဲ၍လုယူမည် . . .

လွင်မောင် ဘာလုပ်တာလဲ တိုးတိုး . . . မင်းဘာလုပ်တာလည်း . . .

တိုးတိုး ဒီလောက်ထိ မရက်စက်ကြပါနဲ့တော့ . . . တိုးတိုးမခံစားနိုင်တော့ဘူး . . . မမြင်ချင်ရင် တိုးတိုးတို့ သားအမိထွက်သွားပေးပါ့မယ် . . .

လွင်မောင် ကလေးကိုကြည့်ပါဆို မခင်မြ . . . မခင်မြ ဒုက္ခပါပဲကွာ . . .

ခင်မြ (ပြေးဝင်လာ) အနှီးတွေလျှော်နေလို့ပါ အကိုလေး

လွင်မောင် တိုးတိုး ကိုလွင် ပြောတာနားထောင်စမ်း . . . ကလေးက ဝမ်းခဏခဏ သွားနေလို့ မအေ့နို့တိုက်ခွင့်မပြုတာ . . . အဖျားလည်း နည်းနည်းရှိနေလို့အတူနေခွင့်မရသေးတာတစ်ချိန်မင်းဆန္ဒအကုန်ပြည့်ရမှာပေါ့ . . .

တိုးတိုး အနေဝေးပြီး သွေးစိမ်းသွားတော့ . . . ပုံသွင်းရတာလွယ်အောင်လို့ လုပ်နေကြတာမဟုတ်လား

ကိုလွင် . . . သဘင်သည်မရဲ့ ရင်သွေးအဖြစ် ကလေးရဲ့ အနာဂါတ်ကို မကြေညာရဲလို့ . . .

လွင်မောင် အို မင်းထင်ချင်သလိုထင်ကွာ . . . ကိုလွင် ဘာမှ ဆင်ခြေမပေးတော့ဘူး . . .

တိုးတိုး ဘယ်ပေးပါ့မလည်း . . . ကိုယ့်ဘက်ကမှုမမှန်နေ တာကိုး . . . ကိုယ့်အတ္တအတွက် လူဆိုတဲ့ ယဉ်ကျေးမှု စီးကြောင်းကိုကျော်ပြီး ထင်တိုင်းကြဲ နေကြတာကိုး . . . ငွေနဲ့ဖျားယောင်းလိုက်တော့ အကြင်နာလမ်းပြောင်းသွားရတာပေါ့ ကိုလွင်. . .

လွင်မောင် (ရည်နေရင်း) မင်းပြောချင်ရာပြောနိုင်တယ် ဒါပေ မယ့် ဒီကလေးကို မင်းရင်ခွင်ထဲမှာ ကြီးပြင်းခွင့် မပြုနိုင်သေးတာကိုတော့ ခွင့်လွှတ်ပါ . . . မခင်မြ ကလေးကို ဆေးခန်းပို့ဖို့ ပြင်ထား သွား . . . နားနားနေနေ နေပါတိုးတိုးရယ် . . . ကိုယ့်မှာလည်း ဝေဒနာတစ်ဖက်နဲ့ မကြာခင်အရာရာ အေးချမ်း သွားမှာပါ . . .
လွင်မောင် ဝင်သွားမည် . . .

တိုးတိုး မကြာခင် အရာရာ အေးချမ်းသွားမယ်တဲ့ . . . ကျွန်မရင်ထဲက နာကြင်မှုတွေဟာ သေလုမတတ် ကြီးမားနေပါပြီ . . . ဒါပေမယ့် သားလေးရဲ့ ဇာ ကြောင့် ရှင်ပြောတဲ့ အေးချမ်းချိန်ထိ စောင့်ကြည့်

ရှင်သန်နေဦးမှာပါ . . .

(ကားပိတ်)

ခန်းစဉ် (၁၄)

ဆေးခန်း

ဆရာဝန်၊ လွင်မောင် ၊ မခင်မြ နှင့် ကလေး

ဆရာဝန် မကြာ မကြာ ဖျားတယ် . . . မီးလောင်ဖုလို အနာလေးတွေပေါက်တယ် . . . ပြီးတော့ ချောင်းလည်းဆိုးတယ် . . .

လွင်မောင် ဟုတ်ပါတယ်ဆရာ . . . အဲဒီအတွက် ဆရာ့ကို . . .

ဆရာဝန် ကျွန်တော့်ဘက်ကလည်း အတတ်နိုင်ဆုံး ကုသပေးခဲ့တာ မြင်တဲ့အတိုင်းပဲလေ ဝေဒနာကလည်း ဆေးအာနိသင်ရှိတုန်း သက်သာပြီး ဆေးရှိန်ပြယ်သွားတာနဲ့ ပြန်ပေါ်လာပြန်ရော . . .

လွင်မောင် ဟုတ်ကဲ့ . . .

ဆရာဝန် ကျွန်တော့်စိတ်ထဲမှာ သံသယရှိလာတာကြောင့် ကလေးရဲ့သွေးကို စစ်ကြည့်လိုက်တော့ ကလေးကိုယ်ထဲမှာ **HIV** ပိုးတွေ့နေရတယ် . . .

လွင်မောင် ဗျာ **H** . . . **I** . . . **V** . . . ပိုး . . . ဟုတ်လား . . .

ဆရာဝန် သူ့အတွက် မိဘဆီကရတဲ့ အမွေအနှစ်က အကျည်းတန်လှတယ်ဗျာ . . . ဖေဖေ မေမေလို့ ပီပီသသ မခေါ်နိုင်ခင်မှာ အဖေ အမေကြောင့် သူ လောကကို အချိန်စောပြီး စွန့်ခွာရတော့မယ် . . .

လွင်မောင် မဟုတ်ဘူး ဆရာ . . . မဟုတ်ဘူး . . .

ဆရာဝန် မိဘတွေအနေနဲ့လည်း သွေးစစ်ကြည့်စေချင်တယ် . . . အင်းလေ တစ်စုံတစ်ဦးဘက်က သစ္စာမဲ့ အဆင်ခြင်မဲ့တဲ့ ပြစ်ဒဏ် ကလေးက စုခံရရှာတာပါ . . .

လွင်မောင် ကျွန်တော် . . . ကျွန်တော် ရှင်းပါရစေဦး ဆရာ . . .

ဆရာဝန် (ခေါင်းရမ်း) အားလုံးနောက်ကျသွားပြီဗျာ . . . ဆေးဝါးမပေါ်သေးတဲ့ရောဂါအတွက် အကောင်းဆုံး ကုသမှုဟာ ကူညီနှစ်သိမ့်မှုပါပဲ . . .

လွင်မောင် မဟုတ်ဘူးဆရာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . . ခေါင်းရမ်းရင်း အော်နေရင်း . . .

(မီးမှောင်)

ခန်းစဉ် (၁၅)

တိုက်ခန်း
မီးပြန်လင်းလာ
တိုးတိုးခေါင်းရမ်း၍အော် ဦးဘဒင်၊ ဒေါ်အုံးသွင်၊ လွင်မောင်၊ မခင်မြ၊ ကလေး

တိုးတိုး — မဟုတ်ဘူး . . . မဟုတ်ဘူး . . . လုံးဝမဟုတ်ရပါဘူး ရှင် . . . ဘုရားပေးပေး ကျမ်းပေးပေး တိုးတိုး ကျိန်ရဲပါတယ် . . .

ဒေါ်အုံးသွင် — အင်း ကိုယ့်ကိုယ်ကိုယ်တော့ သိကြမှာပေါ့လေ . . . မေမေ အတန်တန်တားခဲ့တဲ့ စေတနာကို သားနားလည်ပြီမဟုတ်လား . . .

တိုးတိုး — မေမေကြီးရယ် ကျွန်မဘဝမှာ . . . ချစ်သူနဲ့ချစ်လင် ဟာကိုလွင်တစ်ဦးတည်းပါ . . . ဘယ်သူ့ကိုမှ . . .

ဒေါ်အုံးသွင် — ညည်းပြောပုံက ငါ့သားကပဲ ပွေနေ ရှုပ်နေသလိုလို . . .

ဦးဘဒင် — မင်းဘက်ကများ ပါလာလေရော့လားကွာ . . .

ဒေါ်အုံးသွင် — သိက္ခာနဲ့ ဂုဏ်နဲ့နေခဲ့သမျှ အခုမှအရှက်ကွဲရတော့မှာ၊ ကျုပ်တို့ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ကြမလည်း ကိုဘဒင် . . .

ဦးဘဒင် ခါတိုင်းလိုပဲ ရင်ဆိုင်ကြတာပေါ့ကွာ . . . တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့နေတဲ့နေရာဂါ ငါတို့ဆီ အလည်လာတယ်လို့အောက်မေ့ရမှာပေါ့ ဒါရှက်စရာ မဟုတ်ပါဘူး ခန္ဓာကိုယ်ရှိရင် ရောဂါရှိစမြဲပါ . . .

လွင်မောင် ကျွန်တော် . . . ရှင်းပြပါရစေ . . .

ဒေါ်အုံးသွင် (လက်ကာပြ) ဘာမှ ပြောမနေနဲ့ သား ဘယ်သူ့ကိုမှလည်း အပြစ်တင်မနေကြနဲ့ လောလောဆယ်တော့ သူတို့နဲ့ကျွန်မတို့ခွဲပြီး . . .

ဦးဘဒင် ဘာပြုလို့ခွဲရမှာလည်း အတူနေရုံနဲ့ ကူးတဲ့ရောဂါမဟုတ်ဘူးကွ . . . မကူးစက်အောင်ပြုစုနည်းတွေတစ်ပုံကြီး . . .

ဒေါ်အုံးသွင် အိုတော် . . . နေလို့မဖြစ် . . .

ဦးဘဒင် မအုံးသွင် ငါ မင်းစရိုက်တွေ လက်မခံနိုင်တော့ဘူး . . . ကြီးတောင့်ကြီးမားကျမှ ရန်မဖြစ်ချင်လို့လျှော့ထားတာကွ . . . သမီး ဒီတိုက်ထဲက ဘယ်မှမသွားနဲ့ ဒါဖေဖေ့ငွေနဲ့ဆောက်ထားတာဘယ်သူ့မျက်နှာမှကြည့်နေစရာမလိုဘူး . . . မအုံးသွင်မင်း ကူးစက်မှာကြောက်ရင် တစ်ခြားကိုသွားနေနိုင်တယ် . . . မင်းကိုငါဘေးမဲ့ပေးတယ် . . .

ဒေါ်အုံးသွင် အမလေး . . . တော် ဘယ်တုန်းကများ ကျုပ်ကို

ဒီလိုပြောဖူးလို့တုန်း . . .

ဦးဘဒင် အခုပြောတယ် . . . ဒီအချိုးဆက်ချိုးရင် နောက်လည်းပြောဦးမယ် . . . လူမှုဆက်ဆံရေးညံ့တာ ငါခွင့်လွှတ်လို့ရပေမယ့် စိတ်ဓါတ်ဆက်ဆံရေးနိမ့်ကျတာ ငါခွင့်မလွှတ်ဘူး . . .

တိုးတိုး သမီးတို့သားအမိ ထွက်သွားပါ့မယ် မေမေ . . . ရန်မဖြစ်ကြပါနဲ့တော့ . . .

ဒေါ်အုံးသွင် သာစု . . . သာစု . . . သာ

ဦးဘဒင် မသွားရဘူး . . . သဘင်သည်ကို ငွေနဲ့အနိုင်ကျင့်တဲ့သူတွေလို့ ဖေဖေအပြောမခံနိုင်ဘူး . . .

ဒေါ်အုံးသွင် တော်က . . . ဒီရောဂါကို မကြောက်ဘူးပေါ့ . . .

ဦးဘဒင် မကြောက်ဘူးကွာ ပေးစမ်း (ကလေးကိုယူ၍ပွေ့) ငါလိုမကြောက်တဲ့သူတွေအများကြီးပေါ်လာအောင် ဆောင်ရွက်ဦးမယ် . . .

ဒေါ်အုံးသွင် (ခေါင်းကုပ်) လူတွေသိကုန်ရင် အရှက်ကွဲတော့မှာပဲ . . .

ဦးဘဒင် လူတွေသိအောင် မလုပ်တာမှ . . . တာဝန်မဲ့သူအဖြစ်ရှက်စရာကောင်းတာကွ . . . စောင့်ကြည့်မအုံးသွင် . . . ငါ့မြေးနဲ့ငါ လူပုံအလည်မှာ သိက္ခာ

ဆည်ပြမယ် (ကလေးကိုမြှောက်၍ချီရင်း) ဟောဒါ **AIDS** ရောဂါရှိနေတဲ့ . . . ကျွန်တော့်မြေးလေးပါ ခင်ဗျား . . .

အော်လိုက်စဉ် စပေ့ါကွက် ဦးဘဒင်အားထိုးပေး

(မီးမှောင်)

ခန်းစဉ် (၁၆)

လူအများနှင့်ဦးဘဒင် ကလေးချီလျက်

လူအများဝိုင်း၍ နားထောင်နေကြမည် . . .

ဦးဘဒင် . . . သူဟာ လူမပြည့်သေးပါဘူး ဒါပေမယ့် ကမ္ဘာနဲ့ရင်ဘောင်တန်းနိုင်တဲ့ ခေတ်မီဝေဒနာတစ်ခုကို ပိုင်ဆိုင်နေပါပြီ . . . သူ့ကို အကြောင်းပြုပြီး မိသားစုချင်းစိတ်ဝမ်းကွဲမခံနိုင်ပါဘူး . . . ပတ်ဝန်းကျင် ကွဲ့ရဲ့မှုဒဏ်ကို အန်တုနေဆဲပါ အဲဒီ ကွဲ့ရဲ့တတ်တဲ့ ပတ်ဝန်းကျင်ကရော . . . ဒီရောဂါမျိုး ကင်းစင်ကြပါရဲ့လား ခင်ဗျား . . .

အားလုံးဝိုင်း၍ လက်ခုတ်တီး . . .

ဦးဘဒင် အရှက်ကို နေရာပေးမှားနေကြတဲ့ ကျွန်တော်တို့ လူမျိုးရဲ့ မြိုသိပ်မှုတွေကြောင့် ထပ်ဆင့်ဆုံးရှုံးမှုတွေ မဖြစ်ပေါ်ပါစေနဲ့တော့ ဒီရောဂါဖြစ်တိုင်း ဟိုဉစ္စာ

လို့လက်ညှိုးထိုး အရှက်ခွဲချင်တဲ့ ပုဂ္ဂိုလ်များ ခင်ဗျား . . . ဟောဒီ . . . လသားကျုပ်မြေးလေး ဟာ ဟိုဥစ္စာကို ဘာမှန်းမသိသေးခင်က **AIDS** ဖြစ်နေပါပြီ . . . ခင်ဗျားတို့ ဘယ်ဥစ္စာကို ထပ်ပြီး တရားခံရှာကြဦးမှာလည်းခင်ဗျား . . .

. . . လက်ခုပ်သံများ . . .

ဦးဘဒင် အပြစ်တွေ့ရင် လွှဲချခေါင်းရှောင်တဲ့အကျင့်ကို ပြုပြင်ပြီး . . . ဝိုင်းဝန်းပြုပြင်စောင့်ရှောက်ကာကွယ် တဲ့အကျင့်ကို နေရာပေးကြစမ်းပါ ဒီ**AIDS** ရောဂါ ဘယ်လမ်းကလာတယ်ဆိုတာ လေ့လာပါ . . . ဆင်ခြင်ပါ . . . သူ့လာရာကို ရှောင်ကြဉ်နိုင်ရင် ကျွန်တော်တို့သားရာဘဝခရီး ရှည်ပါလိမ့်မယ် . . . ကျွန်တော့်လို မြေးပေါင်းများစွာရဲ့ အဖိုးများ . . . သားပေါင်းများစွာရဲ့အဖေများ ခင်ဗျား . . . တစ်ဦး ချင်းတာဝန်ပေ့ါမှုကြောင့် . . . ခေါင်းတိမ်းမှုကြောင့် တစ်မျိုးလုံးညှက္ခဖြစ်မယ့်အန္တရာယ်ကို အိမ်ဦးခန်း ကအခုထပြီး ကာကွယ်ဖို့ ဖိတ်ခေါ်ပါရစေခင်ဗျား . . .

သီချင်းဝင်မည် **HIV/AIDS**

ကျန်းမာရေး၊ ပညာပေး ဟောပြောဟန်၊ စာရွက် စာတမ်းများ ဝေငှဟန်များ . . . အားလုံး ဦးဘဒင်

ကိုဝိုင်း၍ ကျေးဇူးတင်ဟန်များ . . .
သီချင်းဆုံးလျှင် . . .

(ကားပိတ်)

ခန်းစဉ် (၁၇)

တိုက်အတွင်းခန်း
မခင်မြ၊ တိုးတိုး အနီးစာဖတ်နေမည် ကလေးကို အနားတွင်သိပ်ထား

မခင်မြ (စာအုပ်ကိုင်ရင်း) ဤသို့ဖြင့် ကိသာဂေါတမီသည် သားသေကိုရင်ခွင်ပိုက်ရင်း . . . တစ်အိမ်တက်ဆင်းဖြင့် မသေဘူးသောအိမ်မှမုန့်ညှင်းဆီကိုအရှာထွက်ရလေတော့သည်. . . တဲ့. . . သနားစရာဘဲနော် မမလေး . . .

တိုးတိုး အင်းပေါ့ မခင်မြရယ် ဘယ်မိခင်မဆို စွန့်လွှတ်ဆုံးရှုံးရမယ့် ရင်သွေးကို သူတို့အသက်ထက်ပိုပြီး နှမြောတတ်ကြတာပေါ့ . . . ဒါ့ကြောင့် ဘုရားသခင်က သူမရှိတဲ့နောက်မှာ လောကသားတို့ ကိုယ်စား ကိုးကွယ်ဖို့ မိခင်များကို ဖန်ဆင်းတော်မူခဲ့တယ်လို့ အဆိုရှိတာပေါ့ မခင်မြရယ် . . .

မခင်မြ ကျွန်မ မမလေးကို သနားတယ် မမလေးအဖြစ်က

မြစ်ကိုပိုင်ပြီးရေယူခွင့်မရတဲ့အဖြစ်မျိုး . . . ဘဘကြီးသာမရှိရင် မမလေးဒုက္ခပဲ . . .

တိုးတိုး ကံဘဲပေါ့ကွယ် . . . သားလေးအခြေအနေရော ဘယ်လိုတုန်း . . .

မခင်မြ သိပ်ပြီးထူးမလာပါဘူး . . . ဒီရောဂါအကြောင်း မမလေးလည်း သိသားနဲ့ အနာသိပြီး ဆေးမှ မရှိသေးတာဘဲ . . . ကြိုတင်ပြီးတရားနဲ့ဖြေထားတာအကောင်းဆုံးပါ မမလေးရယ် . . . ကဲ ကျွန်မ အဖျားတိုင်းပြီး ခဏလှဲဦးမယ် မမလေးလည်း နာဦး . . .

မခင်မြဝင်သွား အတွင်းမှ ဒေါ်အုံးသွင် စကားသံများပေးထား . . .

ဒေါ်အုံးသွင် (အတွင်းမှ) မင်းသမီးငြိမ်လှ မျောက်လောက်တော့ဆော့သေးတာပဲ . . . ငါ့သားနဲ့မတွေ့ခင် ဘယ်နှစ်ရင်ခွင် စုံခဲ့ပြီလည်းမှ မသိတာ . . . ညင်းကြောင့် တို့မိသားစု လက်ညှိုးထိုးခံရတာ. . . ထွီ . . .

တိုးတိုးသက်ပြင်းချ . . .

မခင်မြ သူတို့လင်မယားနှစ်ယောက်စလုံး သွေးစစ်ထားတာပဲ အန်တီရယ် အဖြေပေါ်လာတော့မှာပါ . . .

တိုးတိုး အံကြိတ်၍ခေါင်းရမ်း . . .

ဒေါ်အုံးသွင် — အဖြေပေါ်တော့လည်း ရောဂါက ပေါင်းကူးပြီး သားဖြစ်နေပြီအေ ငါ့သားလေး ရေတိမ်မနစ်ရှာပါစေနဲ့ဘုရား ဘုရား . . .
တိုးတိုး ဆုံးဖြတ်ချက်ချပြီး ဟန်တိတ်တိတ် ထူ အတွင်းဝင် ကလေးကိုပွေ့လျက် ပြန်ထွက်လာပြီး . . . တိုက်အပြင်ဘက်သို့ထွက်သွား . . .

မခင်မြ — ဟင် . . . ကလေး . . . ကလေး မရှိတော့ဘူးအန်တီ မမလေးလည်း မရှိတော့ဘူး . . . ဒုက္ခပါပဲ (ပြောရင်းဝင်လာ တစ်ဖက်မှ ဒေါ်အုံးသွင်ဝင်လာ)

ဒေါ်အုံးသွင် — အပေါ်ထပ်မှာ သူတို့သားအဖ စာရင်းတွက်နေတယ် သွား . . . သွားခေါ်ပြီး လိုက်ကြပစေ . . . သွား . . . သွား . . .

(မီးမှောင်)

ခန်းစဉ် (၁၈)

ပထမဆုံးအခန်းရှုပ်သေပြန်ပေါ်
ဆူညံသောကားစက်သံ၊ အော်သံများပေး . . . ကားဘရိတ်အုပ်သံပေးအတွင်းမှ ဒေဝ ထွက်လာမည် . . .

ညေဒဝ — ငါမင်းတို့ကို လုံးဝကြေကွဲခွင့်မပြုနိုင်ဘူးကွာ . . .

တိုးတိုး အကိုကြီး . . .

လွင်မောင် ကိုကြီးဒေဝ . . . ဘယ်လို

ဒေဝ မင်းသမီးလေး ဒုက္ခရောက်တိုင်း ထထ ကယ်ရတဲ့ ကိုကြီးနေတ်ပွေ့ပါကွာ ငါကုတင်၅၀၀ ဆေးရုံအုပ်ကြီး အဖြစ် ပရိုမိုးရှင်းနဲ့ ပြောင်းလာတာ ၂ ရက်ပဲ ရှိသေးတယ် . . . မင်းတို့သတင်းတွေလည်း ငါ အားလုံးကြားပါတယ် . . . စစ္စတာ ဆင်းခဲ့ပါဦး ကျွန်တော့်ညီနဲ့ညီမကို မိတ်ဆက်ပေးပါရစေ . . . ဒါ ငါ့ဆေးရုံက သူနာပြုချုပ် နော်စတယ်လာတဲ့ ဆရာမဝင်လာ . . . လွင်မောင် တိုးတိုးအံ့ဩ . .

လွင်မောင် ဆရာမ . . . ဟို . . . ဟို . . .

စတယ်လာ ဟုတ်ပါတယ် . . . ရှင့်ဇနီးကို မိုးကြီးလေကြီးထဲမှာ မွေးဖွားပေးလိုက်တဲ့ ကားလမ်းဆုံ ကျေးလက် ဆေးပေးခန်းက ဆရာမပါ . . . ရှင်ကျွန်မမှာတဲ့ အတိုင်း ဆောင်ရွက်ပါတယ်နော် . . .

လွင်မောင် အဲလိုနေမိလို့ . . . ကျွန်တော့်အချစ်ဆုံးဇနီးက အမုန်းကြီးမုန်းတာခံနေရပြီ ဆရာမ . . .

စတယ်လာ အခိုက်အတန့်တော့ ဒီလိုပဲပေါ့ . . . မုန်းတိုင်းစဲရင် လောကကြီး ကြည်လင်သွားမှာပါ ကလေး အခြေ အနေကရော . . .

| | |
|---|---|
| တိုးတိုး | သား အခြေအနေက ထူးမလာဘူးဆရာမ . . . ကယ်ပါရှင် . . . |
| စတယ်လာ | ကယ်လို့မှမရနိုင်တာဘဲ သူ့လမ်းသူသွားရှာပါစေတော့ . . . |
| တိုးတိုး | ကျွန်မသားလေး တစ်စုံတစ်ခုများ ဖြစ်သွားရင်. . . |
| စတယ်လာ | (ပြုံး) ရှင့်သားလေးက တစ်စုံတစ်ခုဖြစ်ပြီးခဲ့ပါပြီ. . . |
| တိုးတိုး | ရှင် . . . |
| စတယ်လာ | ရှင် သူ့ကိုမွေးတဲ့နေ့မှာဘဲ သူသေသွားခဲ့ပါပြီ . . . |
| တိုးတိုး | ဘယ်လို ဘယ်လိုပြောလိုက်တယ် ဆရာမ . . . |
| စတယ်လာ | အင်း . . . အဲဒီနေ့က ရှင်တို့ မရောက်လာခင် တစ်နာရီလောက်စောပြီးမိန်းကလေးတစ်ယောက် မီးဖွားပေးခဲ့ရတယ် . . . သူ့ကိုမွေးပြီးလို့ ကျွန်မတို့အနားယူနေခိုက်မှာ သူ ကလေးကို ထားပြီး တိတ်တိတ်ထွက်ပြေးသွားတယ် . . . ဟောဒီ စာတစ်စောင် ကလေးခေါင်းအုံးအောက်မှာ ရေးထားခဲ့တယ် (စာထုတ်ပြ) |
| | စာအတွင်းမှဖတ် |
| | ဆရာမရှင့် . . . ကျွန်မဟာ လမ်းပေါ်မှာ စီးပွားရှာရတဲ့ ခန္ဓာကိုယ်ဈေးသည်မပါ . . . ဖြစ်လာတဲ့ |

ရင်သွေးမို့မွေးခဲ့ရပေမယ့် ကျွန်မစီးပွားရေးက သူ့ဘဝကို လုပ်ပေးနိုင်မှာမဟုတ်ပါဘူး နောက်ပြီး ကျွန်မကျန်းမာရေးကလည်း လောကကို ကြာကြာ နေခွင့်ရမှာမဟုတ်လို့ ထားခဲ့ရပါတယ်ရှင့် . . .

ကျွန်မကိုခွင့်လွှတ်ပါ

စတယ်လာ အဲဒီကိစ္စခေါင်းခြောက်နေတုန်း ရှင်တို့ရောက်လာပြီး အရေးပေါ်မွေးခဲ့ရပြန်ရော . . . ကံနည်းတဲ့ရှင့်ကလေးက သေသွားတယ်လေ . . . ကလေးကို စွဲလန်းပြီး နှလုံးရောဂါဒဏ် နေရတဲ့ ရှင့်ကို လောလောဆယ်ဖွင့်ပြောလိုက်ရင် အန္တရာယ်များလို့ ကလေးချင်းလဲပေးခဲ့တယ်လေ . . .

တိုးတိုး ရှင် . . .

စတယ်လာ သူကံကောင်းရင်လည်း ဆက်ပြီး မွေးဖို့ပါ . . . ဒါပေမယ့် သူ့အမေ ကျွန်မဆီလာပြီး မီးဖွားစဉ်က **AIDS** ရောဂါရဲ့ လက္ခဏာရယ် သူ့ . . စာအရပြည့်တန်ဆာဖြစ်တယ်ဆိုတာရယ်တွေးပြီး ကလေးကို ရှင်နဲ့ကင်းကင်းထားဖို့မှာလိုက်ရတယ် . . . နို့တိုက်ရင်လည်း ကလေးဆီက **HIV** ပိုးဟာ ရှင့်ဆီကို ကူးနိုင်တယ် . . . မျက်ရည်ကလည်း ကူးနိုင်တယ် . . . သွေးကလည်း ကူးနိုင်တယ်လေ . . .

လွင်မောင် ကျွန်တော် အဲဒီအတွက် လူကြမ်းလုံးလုံး အဖြစ်ခံခဲ့ရပါတယ် . . . ကျွန်တော့် မေတ္တာတရားဟာ အမုန်းများစွာနဲ့ ရင်းနှီးခဲ့ရတာပါ . . .

ဒေဝ ကိုင်း ဇာတ်တော်ပေါင်းလို့ အကြောင်းသိကြပြီထင်ပါတယ် . . . တစ်ခုခုသွားစားရအောင် . . . ငါ ကားထဲက စောင့်မယ် . . . လာ ဆရာမ (ဝင်သွားကြမည်)

တိုးတိုး ကိုလွင့်ကို တိုး . . . တောင်းပန်ပါတယ် . . .

လွင်မောင် စေတနာနဲ့ညာခဲ့မိတဲ့အတွက် ကိုလွင်လည်း တိုးကိုတောင်းပန်ပါတယ် . . . ကိုလွင်တို့သူ့ကို ဆက်ပြီးမွေးကြတာပေါ့ . . . လောကထဲက ထွက်ခွာမသွားခင်အထိလေ . . .

တိုးတိုး အပြစ်ကျူးလွန်သူတစ်ဦးက ပြစ်ဒဏ် ခံရသူကတစ်ယောက် ကံတရားရဲ့ ခြိမ်းခြောက်မှုဟာ အသိရခက်လှတယ်နော် . . .

လွင်မောင် အဲညီကံတရားထက် အသိခက်တာ ချစ်ခြင်းမေတ္တာပါ . . .

ဒေါ်အုံးသွင် ချစ်ခြင်းမေတ္တာထက် အသိခက်တာ စေတနာပါသမီးရယ် . . .

တိုးတိုး ရှင် . . . မေမေ

ဒေါ်အုံးသွင် အနုပညာလောကထဲကို ပြန်သွားမှာစိုးလို့ ဘဝအတွက် လိုအပ်တဲ့ ဗဟုသုတတွေ အတွေ့အကြုံတွေကို အညှာတာမဲ့လေဟာန်နဲ့ ညွှန်ကြားသင်ပြခဲ့တဲ့မေမေရဲ့ စေတနာဟာ ပိုအသတ်ရမခက်ဘူးလား . . . ရော့ ဒါ သားတို့သမီးတို့ ရောင်းဝယ်ခဲ့တဲ့အမြတ်အစွန်း ချက်လက်မှတ် . . . အော် သမီးသူငယ်ချင်း မိန်းကလေးတွေကိုလည်း တောင်းပန်ကြောင်းပြောပေးပါကွယ် . . . သမီးစိတ်လည်သွားမှာစိုးလွန်းလို့ပါ . . .

တိုးတိုး မေမေ့ကို သမီးကန်တော့ပါတယ် . . .
ထိုင်၍ကန်တော့ . . . ဒေါ်အုံးသွင်ပြုံး၍ကြည့်နေရင်း . . .

ဒေါ်အုံးသွင် မောင်ဒေဝတို့နဲ့ လိုက်သွားပြီးရင် တိုက်ကို ပြန်လာကြနော် . . .
နှစ်ဦးခေါင်းညိတ်၍ဝင်သွား . . . ဦးဘဒင်ဝင်လာ. . .

ဒေါ်အုံးသွင် ကျုပ်ပျော်တယ် ကိုဘဒင် . . . သမီး ကျုပ်အပေါ်နားလည်တတ်သွားတာ ကျုပ်ပျော်တယ် . . . တစ်ဦးတည်းသောသားကို မှန်လိုကြည့်နေခဲ့ရတဲ့ ကျုပ်ဘဝမှာ တစ်ဦးတည်းသော ချွေးမလေးကိုပါဆက်ပြီး ချစ်ရတော့မယ် . . .

ဦးဘဒင် — အသက် ၄၀ ကျော်မှ မင်း -လူ- စာရင်းဝင်တယ် ဆိုရမှာပေါ့ကွာ . . .

ဒေါ်အုံးသွင် — ပြောပါရှင် ဒီကနေ့တော့ ဘယ်သူပြောပြော ကျွန်မ ခွင့်လွှတ်ပါတယ် . . . အို . . . ကိုဘဒင်ရယ် ကျေပ် ဝမ်းသာတယ် . . . ပီတိဖြစ်တယ် သိလား . . . ဒေါ်အုံးသွင် မျက်ရည်ကျ၍ ဦးဘဒင်ပုခုန်းကိုမှီ

ဦးဘဒင် — **HIV** ပိုးဟာ မျက်ရည်ကတစ်ဆင့် ကူးနိုင်တယ် ဆိုရင် ကျွန်တော်မောင်ဘဒင်အတွက် ကယ်တင်ရှင် ရှာပေးကြပါတော့ခင်ဗျား . . .
ဒေါ်အုံးသွင် နှုတ်ခမ်းဆူ၍ဦးဘဒင်၏ ရင်ဘတ်ကို ထု
ဦးဘဒင် ဟားတိုက်၍ ရယ်နေရင်း . . .

## ကားချမည်။။

လေးစားအပ်တဲ့အနုပညာချစ်သူများခင်ဗျား

စင်တင်ဖျော်ဖြေမယ့်ပြဇာတ်ကို

အမည်ပေးထားပါတယ်...

လူတို့ရင်ထဲကို မခေါ်ဘဲဝင် . မနှင်ဘဲ

ပြန်ထွက်သွားတတ်တဲ့ အချစ်အကြောင်းကလေးပါဘဲ ..

ရင်ခုန်သံကို ကိုးကွယ်သူတိုင်း ..

မေတ္တာရပ်မှာ ခိုနားသူတိုင်း

အချစ်ရဲ့မိတ်ကောင်းဆွေကောင်း

အချစ်ရဲ့ရဲဘော်ရဲဘက်များအဖြစ်

စာနာစွာ ခံစားကြည့်ကြပါစို့လား

ကျေးဇူးတင်ပါသည်။

# တောင်ခို နှင်းပွင့်

## ပြယ်လွင့်စေ

နှင်းထူ မြူခြားတဲ့
ဟောဒီ သံသယ ကာလကြီးကို
ငါတို့ -- ဘယ်လို -- ဖြတ်ကျော်ကြမလဲ

ဖိုးလမင်းလည်း သူ့အဆင်းနဲ့အလင်းနဲ့ … တဲ့ နေမင်းရဲ့ လက်ဆောင်ကို တဆင့်ကိုယ်စားမျှဝေထားရတဲ့ …

ငွေလမင်းဟာ ကိုယ်ပိုင်အလင်းမဟုတ်ပေမယ့် လောကကို အေးမြစေတာ အမှန် …

အဖိုးအဖွား အမွေအနှစ် … အမျိုးသား အသရေစစ် အနုပညာအလင်းကို ထပ်ဆင့်ဝေငှ လက်ဆောင်ပေးရသူ ကျွန်တော်တို့ရဲ့ အနုပညာအလင်းဟာလည်း … လောကကို အေးမြစေမှာပါ …

ထပ်ဆင့်ပံ့ဖွဲ့ ကြိုးပမ်းခဲ့သမျှ အလင်းသစ် အလှအပတွေကို လောက အတွက် အပြုံးမပျက် ပေးဆက်နေမှာ ကျွန်တော်တို့ ယုံကြည်မှုပါ …

ဘယ်လောက်ထုထည်ကြီးမားတဲ့ အမှောင်ဖြစ်ပါစေ အလင်းသစ် ရောင်ချည် တစ်စဟာ ဘယ်တော့မှ နောက်ဆုတ်အရှုံးပေးရိုး ထုံးစံမရှိဘူး မဟုတ်လား …

ကျွန်တော်တို့အလင်းသစ် အနုပညာအင်အားစုဟာလည်း …

# ဆောင်းခိုးနှင်းပွင့်ပြယ်လွင့်စေ

## ပါဝင်သောဇာတ်ကောင်များ

ဘဇော်
မိုးစွေ
မောင်ကြီး
လူ ၁
လူ ၂
အဖွားအို
ဇော်နိုင်
မမ
တိုးနီ
မြအေးမေ
ပြည့်မောင်
ရွှေ့နေ
ညိုထွန်း
ညိုမောင်

ခန်းစဉ် (၁)

၁၉၅၈ ဝန်းကျင်ဟု စာတန်းထိုးပါ

မိုးသံလေသံများပေးမည် . . .
မမိုးစွေ အဝတ်အစား ဖရိုဖရဲနှင့်မောကြီးပန်းကြီး ပြေးဝင်လာ ရှေ့အလယ်အရောက် လဲကျ . . . ဘဇော်ရယ်ရင်း နောက်မှ တစ်လှမ်းခြင်း ဝင်လိုက်လာ . . .

ဘဇော် — ဟား ဟား ဟား ဟား မိုးရေတွေထဲလျှောက်ပြေးမှတော့ ချော်လဲရောပေ့ါ မိုးစွေရယ် ထ ထ ငါ ဒီလိုတွဲထူပေးဖို့ စောင့်လိုက်ရတာ အကြာကြီး ဟား ဟား ဟား ဟား . . .

မိုးစွေ — နင် ငါ့ကို မထိနဲ့ ငါ့ကိုမစော်ကားနဲ့ . . .

ဘဇော် — မကြောက်ပါနဲ့ ငါ နင့်ကိုအပျော်ကြံမှာပါဟ ဟား ဟား . . .

မိုးစွေ — နင်နော် ဒါ ဒါ ဥပဒေမဲ့ တိုင်းပြည်မဟုတ်ဘူး နားလည်လား . . .

မိုးစွေ နင့်ကို ငါမချစ်ဘူး (အော်မည်) မချစ်ဘူး . . . မချစ်ဘူး . . .

ဘဇော် (ပြန်၍အော်မည်) နင့်ကို ငါချစ်တယ် . . . ချစ်တယ် . . . ဒါပေမယ့် ငါယူမယ့်ဇနီးစာရင်းထဲမှာ နင်မပါဘူး ဟား ဟား ဟား . . .

ဆွဲရင်း ရုန်းကန်ရင်း အတွင်းသို့ပါသွားမည် . . . ခဏအကြာ အေးဆေးစွာ ပြန်၍ထွက်လာ ရင်ဆိုင်မှ မောင်ကြီးခါးကိုင်ရင်း ပြေးဝင်လာမည် ဘဇော် မထိတရိကြည့်ရင်း . . .

ဘဇော် မင်္ဂလာအခန်းအနားက အခုဘဲ ကျင်းပပြီးသွားတာ မောင်ကြီးရ ညှော့မခံနိုင်တာတော့ ငါအားနာပါတယ်ကွာ . . .

မောင်ကြီး ခွေး ခွေးလိုကောင် သူများ သားပျို သမီးပျိုတွေကိုဖျက်ဆီးတဲ့ကောင် မင်းကို သတ်ရမှ အေးမယ်ကွ . . .

ဘဇော် မင်း နှမလေး အစောကြီး မုဆိုးမ ဖြစ်သွားလိမ့်မယ် . . .

မောင်ကြီး ပိုက်ဆံရှိ သားသမီးဆိုပြီး လူတကာကို လိုက်စော်ကားနေတဲ့ကောင် အဲဒါ ပိုက်ဆံရှိဦးကွာ . . . ခါးနှင့် ပြေးခုတ်၊ ဘဇော်ကုတ်အကျႌတွင်း လက်နှိုက်၍ သေနတ်နှင့်ပစ် မောင်ကြီးလဲကျ

သွား . . .

ဘဇော် ပိုက်ဆံတင်မကဘူး လက်နက်လည်းရှိတယ် ပြဿနာကိုရှောင်နိုင်တဲ့ အရှိန်အဝါလည်း ရှိတယ် ကွ ဟား ဟား ဟား . . .

သေနတ်တစ်ချက်ဖေါက်၍ဝင်သွား . . . တဲအတွင်းမှ မိုးစွေယိုင်နဲ့စွာ ဝင်လာမည် ငိုနေရင်း . . . အကို၏အလောင်းပေါ်သို့ လဲကျသွားမည် . . .

(ကားချ)

ခန်းစဉ် (၂)

မင်္ဂလာဆောင်အခမ်းအနားတစ်ခု
ဝိုင်းဝန်းလုပ်ကိုင်နေကြသူများ . . .

လူ ၁ နို့ဆီပုံးတွေသယ်ပြီးရင် . . . ငါးခြောက်အိတ်တွေ မီးဖိုချောင်ဘက်ပို့လိုက်ဦးဟေ့ မျက်နှာကြီးမင်္ဂလာ ဆောင်ဆိုတော့ . . . ကျွေးလို့မွေးလို့ လောက်မှာ မဟုတ်ဘူး . . .

လူ ၂ ကိုကိုကြီးကတော့ မိန်းမရ သိပ်ကံကောင်းတာပဲ . . . ဟိုဘက်က မမြမေဆိုတာ တကယ့်မြေရှင် ကုန်စုံဆိုင်ပိုင်ရှင်ရဲ့သမီး အင်း ကိုကိုကြီးရဲ့ မင်္ဂလာဦးညကိုတွေးပြီး ဟီး ဟီး . . .

လူ ၁ — ကိုကိုကြီးက မင်္ဂလာဦးညတွေ များနေပြီဟ၊ ပျင်းပျင်းရှိတိုင်း မင်္ဂလာဆောင်တမ်းလောက် ကစားနေတဲ့ဥစ္စာ တပင်မလဲခင်ကိုတပင်ထူတာ မဟုတ်ဘူး တခင်းလုံးထူနေတာကွ . . .

လူ ၂ — အထူခံတဲ့ မျက်နှာငယ်ပင်တွေမှိုပါကွာ . . . ဆူးညို မယ့်အဆိပ်ပင်မျိုး မထူမိခဲ့လို့ . . .
ဆူညံစွာ အော်ဟစ်ရုန်းကန်ရင်းဝင်လာ . . .
မိုးစွေ နှင့် လူတစ်ဦး . . .

လူ၁ — ဘာကိစ္စတုန်း မိုးစွေ
ဆွဲထုတ်ရန်ဟန်ပြင်၍ ရှေ့တိုးလာမည် . . .

မိုးစွေ — ငါ့ကို ဆွဲထုတ်ဖို့မကြိုးစားနဲ့နော် မင်္ဂလာအခမ်း အနားကနေ ပြဿနာအခမ်းအနားဖြစ်သွားမယ် နင်တို့ အရှင်သခင်ကိုခေါ်ပေး . . .

လူ ၂ — ဒါမျိုးကျတော့ ဆူးအပြည့်နဲ့လက်ပန်ပင်ဟော့ . . . ကိုင်း သူတွေ့ချင်တဲ့သတိုးသား နှစ်ပါတ်ရစ်ကို သွားခေါ်ပေးကြစမ်းဟေ့ . . .

ခဏအကြာ — ဘဇော်ပြုံး၍ဝင်လာမည် . . . တပည့် များကိုမေးငေါ့၍ထွက်သွားခိုင်းမမိုးစွေနှင့် နှစ်ယောက်တည်းကျန်နေမှ . . .

ဘဇော် — မင်းလာလိမ့်မယ်ဆိုတာ ငါမျှော်လင့်ပြီးသားပါ . . . ဒီအချိန်မျိုးဟာ အင်မတန် နှောင့်ယှက်ဖို့

သိပ်ကောင်းတာပေ့ါ . . . ငါကိုယ်ချင်းစာတတ်ပါတယ် . . . နင့်ဘက်က ဘဝရော သိက္ခာပါ ဆုံးရှုံးခဲ့ရတာမဟုတ်လာ (မိုးစွေနှုတ်ခမ်းကိုက်၍တွေဝေနေမည်) ပျော်စရာတွေ ချမ်းမြေ့ကြည်နူးမှုတွေ အပြည့်နဲ့ သတိုးသမီးနေရာမှာ ကိုယ်ပဲရှိနေချင်တာသဘာဝပါ . . . ငါနားလည်တတ်ပါတယ် . . . ကဲ နင်ဘာဖြစ်ချင်သလဲ နင်ဖြစ်ချင်တာကို ပြောလေ . . .

မိုးစွေ ငါ့ မှာ ကိုယ် ဝန် ရှိ နေပြီ (တစ်လုံးချင်းပြော) . . .

ဘဇော် အဲဒီတော့ . . . အခုလက်ထပ်ပွဲကို နင်နဲ့အစားထိုးပေးရမှာလား . . .

မိုးစွေ ဟင့်အင်း ငါနင့်ကို မယူဘူး ဒါပေမယ့် ဒီကလေးကို ငါမွေးဖြစ်အောင်မွေးမယ် . . . အဲဒါကို နင်သိအောင် လာပြောတာ . . .

ဘဇော် နေဖို့ . . . စားဖို့ . . .

မိုးစွေ မလိုဘူး . . . ငါ့အမှားကို ငါခြေဖျက်မယ် . . . ဒါကို နင်သိအောင် လာပြောတာ ငါသွားမယ် . . . မမိုးစွေဝင်သွား . . . ဘဇော် ကျန်နေ ယှဲ့ယှဲ့ပြုံးရင်း

ဘဇော် နင့်ရင်ထဲမှာ မုန်တိုင်းကို လက်သပ်မွေးဖို့ ကြိုးစားနေတယ်ဆိုတာ ငါသိတယ် ဘဇော်က အဲဒီ

မုန်တိုင်းကို လေပြည်လေညင်းဘဝမှာတင် နိုင်ဂုံးချုပ်ပေးရမှာပေါ့ . . . မိုးစွေရယ် . . . ဟား ဟား ဟား ဟား . . .

(ကားချ)

ခန်းစဉ် (၃)

တဲတစ်လုံးအတွင်း
မိုးစွေအိပ်နေစဉ် အဖွားအို မီးခွက်နှင့်ဝင်လာမည်

အဖွားအို — မိုးစွေ မိုးစွေ သမီး ထ ထ အရေးကြီးတယ် သမီး ထစမ်း . . .

မိုးစွေ — ဘာလဲဟင် အဖွား . . . ဘာပြုလို့လည်း . . .

အဖွား — ရော့ ညည်းအထုပ်ယူ (အထုပ်ပေး) ပြေးပေးတော့ . . .

မိုးစွေ — ဘာပြုလို့ပြေးရမှာလည်းအဖွား . . . ပြောပါဦး . . .

အဖွား — ဘဇော်က သူ့တပည့်တွေကို အရက်တိုက်ပြီး ငါ့မြေးကိုသတ်ဖို့ ငွေရော လက်နက်တွေပါ ထုတ်ပေးနေသတဲ့ . . .

မိုးစွေ — အဖွား ဘယ်လိုလုပ်ပြီး . . .

အဖွား — အဲဒီမှာ ထမင်းချက်လုပ်နေတာ ငါ့တူမလေး . . .

သူပြေးလာပြီးပြောသွားတာ. . . သူတို့သောက်တုန်း စားတုန်းဆိုတော့ ပြေးရင်လွတ်နိုင်ပါသေးတယ် ကွယ် . . . ငွေများရင် တရားနိုင်တဲ့ခေတ် ငါ့မြေးရဲ့ မယှဉ်နိုင်သေးရင် ရှောင်နေတာ အန္တရာယ်ကင်း ပါတယ်ကွယ် . . .

မိုးစွေ — မယှဉ်နိုင်သေးရင် ရှောင်နေတာ အကောင်းဆုံး တဲ့လား . . .

အပြင်မှာဆူညံသံများပေး. . . မိုးစွေထ၍ထွက်ပြေး

(မီးမှောင်)

ခန်းစဉ် (၄)

သီချင်းနှင့်

နိုင်ဇော်၊ မြအေးမေ **Love S:** ပြမည် (မှောင်)

မိုးစွေ ရှေ့မှပြေး . . . နောက်မှ လူမိုက်များ လိုက်မည် (မှောင်)

ကိုပြည့်မောင် စက်လှေနှင့်တပည့်လက်ညှိုးထိုး ပြရာ သေနတ်နှင့်ချိန်စဉ် (မှောင်)

မိုးစွေမြစ်ကမ်းရောက်၊ လှေတစ်စင်းတွေ့ လှော်၍ ပြေး (မှောင်)

လူမိုက်များ လှေရှိရာသို့သေနတ်နှင့်ချိန်စဉ်

(မှောင်)

ကိုပြည့်မောင် စက်လှေ မီးထတောက်၍သွား

(ကားချ)

ခန်းစဉ် (၅)

ရာသီပြောင်း ပြကွက်များ
နောက်ခံစကား . . .

လောကနိယာမအတိုင်း ပြောင်းလဲရွေ့လျား တတ်တဲ့ အရာတွေထဲမှာ ရာသီသုံးပါးလည်း ပါဝင်တာပေါ့ . . . လူ့ကံကြမ္မာတွေလည်း ပါတာပေါ့ . . .

သစ်ရွက်တွေအခါခါကြွေ . . . မိုးရေစက်တွေ အကြိမ်ကြိမ်ပြိုဆင်း . . .

ငွေနှင်းပွင့်တို့ တဖွဲဖွဲဝေ . . . ခဲ့ပေါ့ခေတ်တွေလည်း ပြောင်းကုန်ပြီလေ အဲဒီ အပြောင်းအလဲတွေထဲ မှာ . . . ဘဇော်ကနေ ကိုဘဇော်ဖြစ်လာတယ် . . . ဒီမြို့ကလေးရဲ့ တစ်ခုတည်းသောအားထားရာ ဇော် မိသားစုရောင်းဝယ်ရေးနဲ့အပြိုင် ပြည့်စုံ ကြွယ်ဝ ရောင်းဝယ်ရေးပေါ်လာတယ် (အပြများ ရှိမည်) . . .

နဂိုကတည်းက မောက်မာမှု စော်ကားမှုတွေနဲ့ အနိုင်ကျင့်ခဲ့တဲ့ တစ်ဖက်စီးနင်းဆက်ဆံရေး ကြောင့် ပြည့်စုံကြွယ်ဝ ရောင်းဝယ်ရေးဟာ ဇော် မိသားစုရဲ့ ဖေါက်သည်တွေ အများကြီးကို ဆွဲထုတ်သိမ်းပိုက်နိုင်ခဲ့တယ် . . . (အပြများရှိမည်) မိဘလုပ်စာနဲ့ အရှိန်အဝါကို မှီခိုရမ်းကားခဲ့တဲ့ ကိုဘဇော်ဟာ . . . ရောင်းဝယ်ရေးနယ်မှာ လုံးဝ သားကောင်ဖြစ်သွားတယ် . . . ငွေကို အလွယ်သုံး လာတဲ့အကျင့်ကြောင့် ချွတ်ခြုံကျသွားတဲ့ စီးပွား ရေးကို ဖြေရှင်းဖို့ ခြံနဲ့အိမ်မြေကို ပြည့်စုံငွေစုငွေ ချေးအသင်းကို အရောင်းစာချုပ်နဲ့ အပေါင်ထား လိုက်ရပြန်ရော . . . စီးပွားကျတဲ့စိတ်နဲ့ . . . ဇနီး သည် မမြမေ ကွယ်လွန်သွားရှာတယ် . . . မြို့က တော့ ဝဋ်ကျွတ်တယ်လို့ပြောနေကြရဲ့ . . .

ကျန်ရစ်တဲ့ ရင်သွေးနဲ့လောကကြီးကို ရင်ဆိုင်ပြီး ရုန်းကန်စပြုလာရတဲ့ ကိုဘဇော်ရဲ့ အနာဂါတ်ကို စာနာစွာ ငေးမြှော်ကြည့်ရရင် . . .
အပြများနှင့် . . .

(မီးမှောင်)

ခန်းစဉ် (၆)

ကျောင်းရှုခင်း၊ ဆေးတက္ကသိုလ် ဖြစ်မည်
နိုင်ဇော်၊ မြအေးမေ နှင့် သူငယ်ချင်းများ
တိုးနီ ၊ မမ

နိုင်ဇော် — ကိုင်း အခုလို ငါ့ကို ပြုစုကျွေးမွေးကြတဲ့အတွက် လင်ကောင်း သားကောင်းနဲ့ရပြီး အလုပ်အကိုင် ကောင်းနဲ့ လခကောင်းကောင်းရပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် . . .

မမ — တော်စမ်းပါနိုင်ဇော်ရာ . . . ငါတို့က ရှေ့နှစ်ဆို ဘွဲ့ ယူတော့မှာ နင်ကကျောင်းစောင့် အဖြစ် ကျန်နေရစ်မှာမို့သနားလို့ကျွေးမွေးနေတာဟဲ့ . .

နိုင်ဇော် — ဟုတ်ပါတယ် . . . ကျောင်းအုပ်ကြီးအဖြစ်နဲ့ ငါက ကျောင်းကိုစောင့်နေရစ်မှာပါ . . . နင်တို့သာဘွဲ့ အရင် လင်ရပြီး အလုပ်မရှိ အကိုင်မရှိနဲ့ ဒူးနဲ့ မျက်ရည်သုတ်နေရမှာ သနားလိုက်ပါသေးတယ် . . .

တိုးနီ — ဒါကြောင့် နင်တို့ကို ငါမပြောဘူးလား ဇော်နိုင်က စကားကြွယ်တယ်လို့ နင်တို့သူ့ကို နိုင်အောင် မပြောနိုင်ပါဘူးလို့ အခုဘယ့်နှယ့်ရှိစ . . . ဟဲဟဲ ဟဲ . . .

မမ — အံမယ် ငါတို့ကိုသာ မနိုင်နိုင်အောင် လုပြီးပြော နေတာ . . . မြအေးမေရှေ့ကျတော့ ကြောင်ရှေ့ ရောက်နေတဲ့ ကြွက်ကလေးအတိုင်း ငြိမ်လို့ ကုပ်လို့
(မြအေးမေ ဝင်လာရင်း . . .)

မြအေးမေ — ဟေ့ နင်တို့ ဘာ ငှါအတင်းတွေ ပြောနေကြတာ လဲ . . . ပြောစမ်း

မမ — ကြောင်ရှေ့က ကြွက်တစ်ကောင် အကြောင်း ပြောနေတာပါဟာ . . .

နိုင်ဇော် — ငှါကို တစ်ကောင်ကြွက်လို့ ပြောနေကြတာပါဟာ ပြောကြပါစေ ပြောနိုင်ကြပါစေ (ငိုမဲ့မဲ့ဟန်နှင့် ပြောမည်)

တိုးနီ — သနားပါတယ်ဟာ ငှါသူငယ်ချင်းက မျက်နှာငယ် လေးပါ ကျွတ် ကျွတ် ကျွတ် . . .

မြအေးမေ — နိုင်ဇော်ရယ် နင် ဒီပေါတောတော အကျင့်ကို မဖျောက်နိုင်တော့ဘူးလား . . . မကြာခင် ဆရာဝန် ဖြစ်တော့မှာ . . . ဒီလိုသာပေါနေရင် . . .

နိုင်ဇော် — ရှားတာမှမဟုတ်ဘဲ ပေါတာဉစ္စာ မင်္ဂလာရှိပါ တယ်ဟာ . . . ဂုဏ်ယူစမ်းပါ . . .

မမ — သွားပြောမနေနဲ့ မြအေးမေရေ ဒီကောင့်ရောဂါက ကုရာနတ္ထိ ဖြစ်နေပြီ . . .

နိုင်ဇော် — အချစ်ဆိုတဲ့ ဆေးလေးအချိန်မီသောက်ရရင်တော့ ဒီတောင်ကိုကျော်နိုင်ကောင်းပါရဲ့ ကလေးတို့ ရယ် . . . အချစ်ကို ဒရစ်(ပ်)သွင်းပေးကြပါကွယ် . . .

မြအေးမေ — ကဲပါ အတည်ပေါက်ပြောစမ်းပါ . . . နင် ငါတို့ကို ဒီခေါ်တာ ဘာအစီအစဉ်ရှိလို့လည်း . . .

နိုင်ဇော် — နေ့လယ်ပိုင်း အတန်းအားတယ်ဟာ ငါတို့ရုပ်ရှင် သွားကြည့်ရအောင်လို့ . . .

မြအေးမေ — ကားကောင်းလို့လား . . . နင်အတည်ပြောနော်. . .

နိုင်ဇော် — အချစ်ဇာတ်လမ်းဟ. . . သနားစရာလေး. . . သိပ် ချစ်ကြတဲ့ချစ်သူနှစ်ဦးကို နှစ်ဖက်မိဘတွေက သဘောမတူဘူးဆိုပြီး ခွဲပစ်လိုက်တော့ . . . ကောင်လေးနဲ့ကောင်မလေးလွမ်းဆွေးပြီး ဇာတ် သိမ်းခန်းကျ ဂေါ်ဇီလာကြီးက ပင်လယ်ထဲ ဆင်း သေသွားရော . . .

ကားချ

ခန်းစဉ် (၇)

တိုက်၊ ကိုဘဇော် နှင့် ဦးပြည့်မောင် ရွှေနေ

ဘဇော် ဗျာ . . . ဘယ်လိုဗျ . . . ဘယ်လို . . . ကျုပ်တော့ ရေထဲသာ ဆင်းသေချင်တော့တာပဲ . . .

ပြည့်မောင် (ပြုံးရင်း) ဒီလောက်လဲ စိတ်ဓါတ်ကျစရာမလို သေးပါဘူး ဦးဘဇော် . . .

ရွှေနေ ဥပဒေအကြောင်းပြောရတာ လူမှုရေးကို လျစ်လျူရှုထားရတာခင်ဗျ . . . စာချုပ်ပါ အချက်အလက်တွေအရ ဦးဘဇော်ပေါင်ထားတဲ့ ခြံနဲ့တိုက်ကို အတိုးမဆပ်နိုင်တာလည်း သတ်မှတ်ရက်ထက်ကျော်နေပြီ အတိုးအရင်းပေါင်း ငွေကလည်း များနေတော့ သဘောတူလက်မှတ်ထိုးထားတဲ့ အတိုင်း . . .

ဦးဘဇော် ကျုပ် ညီတိုက်က ဆင်းပေးရမယ်ဆိုပါတော့ . . . ဟင်း . . . (သက်ပြင်းချ) ရပါတယ် . . .

ပြည့်မောင် ကျွန်တော်တို့က ပစ်ပစ်ခါခါ မလုပ်ပါဘူး ဦးဘဇော် . . . ဦးဘဇော်အတွက် နေစရာအိမ်တစ်လုံး အသင့်စီစဉ်ထားပြီးသားပါ . . . နောက်ပြီး . . . ခင်ဗျားရင်သွေးရဲ့ ပညာသင်စရိတ်ကိုလည်း

ဒီလကစပြီး ပြည့်စုံကြွယ်ဝဘဏ်လုပ်ငန်းက တာဝန်ယူသွားမှာပါ . . .

ဦးဘဇော် — ကျွန်တော်ဒီလိုဖြစ်နေတာ . . . ကလေးများ သိသွားရင်တော့ . . .

ပြည့်မောင် — လုံးဝအိခြွေမပျက်စေရပါဘူး ဦးဘဇော် . . . ကျွန်တော်တို့ဘက်က အကောင်းဆုံးအကျိုး ဆောင်သွားမှာပါ . . .

ရွှေနေ — ရော့ ဟောဒီ အိမ်မြေအရောင်းစာချုပ်ကို လက်မှတ်ထိုးလိုက်ပါဦးခင်ဗျ . . .
ဘဇော်စာချုပ်ကို လက်မှတ်ထိုး . . .

ဦးပြည့်မောင် — ကဲ ကျွန်တော်တို့ကို ခွင့်ပြုပါဦး . . . ဩော် သုံးရက် အတွင်းတော့ ရွှေ့ပေးပါနော် . . . ဒီတိုက်ကို ပြန် မွမ်းမံပြီး ကျွန်တော်တို့ ဘဏ်ခွဲလုပ်ချင်လို့ပါ . . .
ရွှေနေနှင့်ကိုပြည့်မောင် ဝင်သွားမည် . . .

ဦးဘဇော် — (အရက်ငှဲ့သောက်ရင်း) ဒါဟာ ရှေးဝိပါတ်လား ကာလပိပါတ်လား ဝေခွဲလို့မရပေမယ့် နောက်ပိုး တက်ရှုံမကဘူး . . . ကုတ်ကိုပါ ခွစီးနေပါပကော လား . . .

(မီးမှောင်)

ခန်းစဉ် (ဂ)

မြအေးမေနှင့်မမ၊ ရွှေ့နေ

မြအေးမေ (စာဖတ်မည်) ဘဝဆိုတာ အပြောင်းအလဲရှိမှ တိုးတက်တာသမီး . . .
ဖေဖေတို့တိုက်ကို ပြည့်စုံကြွယ်ဝဘဏ်ခွဲအဖြစ် ဖွင့်ဖို့သဘောတူလိုက်တယ် . . . ဖေဖေ့ကိုလည်း ဘဏ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်ထားလိုက်တယ် . . . သမီးအတွက် ဖေဖေငါးလစာ ပို့ပေးလိုက်တယ် . . . သမီးကျန်းမာ အောင်မြင်ပါစေ . . .

ဖေဖေ ဘဇော်

မမ နင်သိပ်ကံကောင်းတာပဲဟယ် . . . နင်တို့စီပွားရေး မကောင်းဘူးဆိုတာ ညာတာပေ့ါ ဟုတ်လား . . .

မြအေးမေ ငါ မညာပါဘူးဟာ ဖေဖေ ဘာလို့ အခုလို ပြောင်းလဲတိုးတက်သွားသလဲဆိုတာ စဉ်းစားလို့ မရဘူး . . . အရင်တုန်းက ပြည့်စုံကြွယ်ဝနဲ့ ငါတို့က စီးပွားပြိုင်တွေ . . .

ရွှေ့နေ အပြိုင်အဆိုင်ခေတ်က ကုန်သွားပြီဗျ ပူးပေါင်းစည်းလုံးတဲ့စနစ်က တွင်ကျယ်လာပြီလေ . . .

မမ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်ရဲ့သမီးဆိုတော့ ငွေကတော့မပူရတော့ဘူးပေါ့ . . .

ရှေ့နေ ကိုင်းကျွန်တော့်ကို သွားခွင့်ပြုပါဦး လိုတာရှိရင် အဲဒီဖုန်းနံပါတ်အတိုင်းဆက်ပါ . . . ခင်ဗျားအဖေကတော့ မြန်မာပြည်က ဘဏ်ခွဲအားလုံးကို လှည့်ပြီး စစ်ဆေးရမှာဆိုတော့ အိမ်မှာသိပ်နေရမှာမဟုတ်ဘူး . . . လိုတာ ကျွန်တော်က တာဝန်ယူပါတယ် . . .

(ရှေ့နေဝင်သွားမည်)

မမ နင့်ကုသိုလ်ကံမျိုး ငါရချင်လိုက်တာ မြအေးမေရယ် တကယ်ပဲ . . .

မြအေးမေ တစ်ခုခုတော့လွဲနေပြီမမ နင်မသိတာ . . . တစ်ခုခု တော့လွဲနေပြီ . . .

မမ ဘာလွဲလို့လဲဟယ် သူ့အစီအစဉ်နဲ့သူ စနစ်ကျနေတဲ့ဥစ္စာ . . .

မြအေးမေ (တွေတွေငေးငေးနှင့်) အဲဒီ အစီအစဉ် စနစ်တကျဖြစ်နေတာကိုက လွဲနေပြီ ပြီးတော့ အဖေက ဘယ်တော့မှ လက်နှိပ်စက်နဲ့စာမပို့ဖူးဘူး . . . အဖေက လက်နှိပ်စက်မှ မရိုက်တတ်တာ မမရယ်

(ကားချ)

ခန်းစဉ် (၉)

ဥယျာဉ်ရှုခင်း
နိုင်ဇော် နှင့် တိုးနီ . . .

တိုးနီ — မင်းဥစ္စာကသေချာရဲ့လား နိုင်ဇော်ရာ . . . မရောမရာနဲ့စောင့်ရတဲ့အလုပ်လောက် ငါစိတ်ကုန်တာမရှိဘူး . . .

နိုင်ဇော် — သေချာပါတယ်ကွာ . . . ငါလစဉ် စောင့်နေကျအလုပ်ပါ . . . မင်း ပျင်းရင်ပြန်တော့ . . .

တိုးနီ — မပြန်ပါဘူး ဆရာရယ် . . . အေးအတူပူအမျှစောင့်ပါ့မယ်ခင်ဗျာ . . .
(ကားသံကြားမည်) ကားရပ်၍ လူတစ်ဦးဝင်လာမည် . . .

လူ — မောင်နိုင်ဇော် ဆောရီးဘဲကွာ ကားက လမ်းမှာဖေါက်သွားလို့ဟ . . .
(ငွေများထုတ်ပေးရင်း) ရှေ့လဆန်းထဲမှာ မမဆင်းလာမယ်လို့မိုးကုတ်ကဖုန်းလှမ်းဆက်တယ်ကွသူလာမှ မင်းကိုမှာစရာရှိတာထပ်မှာမယ်တဲ့ . . .

နိုင်ဇော် — ရပါတယ် . . . အဲဒီအချိန်ဆို ကျွန်တော်လည်းစာမေးပွဲဖြေပြီးလောက်ပါပြီ ခင်ဗျားကိုဆက်သွယ်ချင်ရင် အရင်လိပ်စာအတိုင်းဘဲ မဟုတ်လား . . .

လူ — ဒါပေါ့ . . . ငါနေရာပြောင်းရင် ထပ်ဆက်သွယ်မယ် . . . ကိုင်း သွားမယ် . . .
ဝင်သွား . . .

တိုးနီ — မင့်ကုသိုလ်ကလဲ တစ်မျိုးကောင်းတာပဲ အချိန်တန်ရင် နေဖို့ စားဖို့ ဝတ်ဖို့ စီစဉ်ပေးမယ့်လူနဲ့ အားကျပါဘိတော့ကွာ ဟီး ဟီး . . .

နိုင်ဇော် — မင်းက ဒါကို အားကျနေတာကိုး . . . ဒီလိုနေနိုင်ဖို့ ငါ့ဘက်ကဘာတွေပေးဆပ်စွန့်လွှတ်ရတယ်ဆိုတာ မင်းမှမသိသေးတာကိုး . . .

တိုးနီ — ဘာတွေများ စွန့်လွှတ်ထားရလို့လဲကွာ . . .

နိုင်ဇော် — (ငိုင်တွေစွာနှင့်) အမေ, ရယ် . . . အမေ လို့ ခေါ်ပိုင်ခွင့်ရယ် ပေါ့ကွာ . . . ငါ့ကိုမွေးပြီးတာနဲ့ ကလေးထိန်းလက်ထဲအပ်ပြီး စီးပွားရေးနယ်ထဲ ဝင်သွားခဲ့တာ ရင်သွေးအတွက် မိခင်နို့ရည်သည် အကောင်းဆုံးဆိုတဲ့စကားဟာ ငါ့အဖို့တော့ ပဟေဠိတစ်ပုဒ်လိုပါပဲ . . . ရင်သွေးကို ငွေနဲ့မွေးပြီး ကြီးပြင်းခဲ့ရတဲ့ငါဟာ ဖန်ပြွန်ထဲက ကလေးတစ်ယောက်နဲ့ဘာထူးသေးလဲ သူငယ်ချင်းရာ . . .
တိုးနီကိုဖက်၍ ပုခုန်းပေါ်ခေါင်းမှီလိုက် . . . တိုးနီ အလိုက်သင့်ပြန်၍ဖက်ရင်း ကောင်းကင်မေမေ သီချင်းဝင်လာမည် . . .
(မီးမှောင်)

ခန်းစဉ် (၁၀)

ကောင်းကင်မေမေသီချင်းနှင့်အပြများရှိနေမည်. . .
ကိုပြည့်မောင်ကို မမိုးစွေ ကယ်ဆယ်ဟန် (မှောင်)
ဆေးရုံဆရာဝန် နှင့် မမိုးစွေ စကားပြောဟန်
(မှောင်)
ကိုပြည့်မောင်နှင့် မမိုးစွေကိုယ်ဝန်နှင့်လမ်း
လျှောက်လေ့ကျင့် (မှောင်)
ကိုပြည့်မောင် ကလေးကိုချီ၍ ချော့နေဟန်(မှောင်)
မမိုးစွေမိန်းကလေးတစ်ဦးကိုငွေပေး၍ကလေးကို
ခေါ်သွားခိုင်း (မှောင်)
သီချင်းဆုံးလျှင်
(ကားချ)
မီးမှောင်လျှင်လည်းရသည်

ခန်းစဉ် (၁၁)

တိုက်ခန်း (ခန်းနားထည်ဝါစွာရှိမည်)
မမိုးစွေ ပေါ်လာမည် . . .
တပည့်နံဘေးရပ်နေ . . .

| | |
|---|---|
| မမိုးစွေ | သူတို့ချင်း အဆင်ပြေနေတာအမှန်ပဲနော် . . . ညိုထွန်း . . . |
| ညိုထွန်း | အမှန်ပါဘဲ မမ . . . သူငယ်ချင်းအဆင့်ကိုတောင် ကျော်သွားပါပြီ . . . |
| မမိုးစွေ | (စဉ်းစားရင်း) သိပ်ကောင်းတဲ့အကွက်ပဲ . . . အင်းလေ ဒီလိုဖြစ်လာဖို့ ရင်းနှီးပြုစုခဲ့ရတဲ့အချိန်တွေ အခြေအနေတွေလည်း နည်းမှမနည်းတော့တာပဲ . . . ကံဆိုတာ မျက်နှာများတဲ့ မိန်းကလေးတစ်ယောက်လိုပါပဲ . . . တစ်ဖက်တည်းကို ဘယ်တော့မှ ရပ်တည်မနေတတ်ပါဘူး . . . |
| ညိုထွန်း | ရှေ့လဆိုရင် သူတို့ကျောင်းပြီးလို့ ဘွဲ့ယူကြတော့မယ်မမ . . . ကျွန်တော်တို့ ဘာဆက်လုပ်ရမလည်း . . . |
| မမိုးစွေ | တို့ဆက်လုပ်ဖို့ မလိုတော့ပါဘူး . . . သူတို့ဟာ သူတို့ဆက်လုပ်သွားမှာပါ . . . |

ညိုထွန်း ခင်ဗျာ . . . ဘယ်လိုမမ . . .

မမိုးစွေ သာမန် နယ်ရှုပ်ကလေးတစ်ရုပ်ဟာ စစ်တုရင်ကစားပွဲကို အဆုံးအဖြတ်ပေးနိုင်တယ်ဆိုတဲ့ စကားလိုပေါ့ညိုထွန်း . . . ကစားပွဲရဲ့အလယ်ရောက်နေမှတော့ သူ့တာဝန်သူထမ်းသွားပါလိမ့်မယ် . . . ဒါ့ထက် အကိုကြီးရော ကျန်းမာရေးကောင်းရဲ့လား . . .

ညိုထွန်း ရာသီဥတုအေးလာရင် နည်းနည်းမောတာကလွဲလို့ ကျန်တာဘာမှမရှိပါဘူးမမ ကဲ ကျွန်တော်သွားမယ် လိုအပ်ရင် ဖုန်းဆက်လိုက်ပါ မမ . . .

မမိုးစွေ (ဖုန်ခွက်ကိုင်ရင်း) ခိုက်ကြုံဝိပါက်, သံသာစက်ဍ္ဍ, ကြိုက်လတ်တုံမူ, တုန့်မယူလို တဲ့ အနန္တသူရိယ အမတ်ကြီးကတော့ ခွင့်လွှတ်ခြင်း အလင်္ကာကို ကဗျာသီခဲ့တယ်လေ ဒါပေမယ့် ပုထုစဉ်မာနဆိုတာအရာရာကို ကျော်လွှားရဲတဲ့အရာဆိုတော့ သံသရာမှ ကံကြမ္မာအလှည့်ပေးချိန်ရောက်တုန်း . . . အရှုံးကြွေးလေးတော့ ဆပ်ခွင့်ပြုပါဦး အနန္တသူရိယ ရယ် . . .

(ကားချ)

ခန်းစဉ် (၁၂)

အိမ်ခန်း

ကိုဘဇော် အရက်သောက်နေမည် တပည့်ဝင်လာ . . .

တပည့် — နည်းနည်းလျှော့ဖို့တော့ ကောင်းပြီဆရာ . . . ဆရာ့ ဥစ္စာ ကိုယ့်ကိုယ်ကို ယဉ်ကျေးစွာ သတ်နေသလိုဖြစ်နေပြီ . . .

ဘဇော် — သေပါစေတော့အုန်းဖေရာ . . . သေသွားတာကမှ ငါ့အတွက် သိက္ခာရှိပါလိမ့်မယ် (သောက်မည်) ကျူးလွန်တဲ့ပြစ်မှုအတွက် ကျခံရတဲ့ပြစ်ဒဏ်ကို ငါခံရဲပါတယ် . . . ဒါပေမယ့် . . . မဆိုင်တဲ့အပြစ်မဲ့ သူတွေပါ အဆိပ်သင့်ရတာတော့ ရင်နာဖို့ ကောင်းပါတယ်ကွာ . . .

တပည့် — ဆိုးမွေဆိုတာ ဒါမျိုးပေါ့ဆရာရယ် . . .

ဘဇော် — အုန်းဖေ ငါကောင်းစားတုန်းက မင်းအတူရှိနေခဲ့တယ်နော် . . . အခု ငါ နိမ့်ကျချိန်မှာလည်း မင်းတစ်ယောက်ပဲ ငါ့နားမှာကျန်နေရစ်ခဲ့တယ် . . . ကျေးဇူးတင်တယ်ကွာ . . . ငါနဲ့လောကဓံ နပမ်းသတ်ပွဲမှာ မင်းကဒိုင်လူကြီးပေါ့ . . . ဟား ဟား ဟား (သောက်) ဘဇော် ယောက်ျားပါ အုန်းဖေရ . . . အတက်အကျဒဏ်ကို အန်တုခုခံရဲပါတယ် . . .

တပည့် ကဲ ဆရာ ထမင်းစားကြရင်ကောင်းမယ် . . .

ဘဇော် ရတယ် အုန်းဖေ သိပ်ရတယ် ငါ ထမင်းလွတ်တာထက် . . . သံယောဇဉ်လက်လွတ်ရတာ ပိုဆိုးပါတယ်ကွ . . . ငှါ့သမီးဘွဲ့ရရင် (သောက်) ဘွဲ့ယူပြီးပြန်လာရင် ငါဘာနဲ့ ဘယ်လိုကြိုဆိုရမှာလည်း (တဖြည်းဖြည်းအာလေးလာ) ဂုဏ်တွေ အရှိန်အဝါတွေနဲ့ ရောဂါကုမယ့် ငှါ့သမီးဆရာဝန်မကြီးဟာ သူ့အဖေရဲ့ ဆေးမမီနိုင်တော့တဲ့ လူမှုဝေဒနာဆိုးကြီးကို မကုနိုင်ခင် သိက္ခာတွေ အရှက်တရားတွေ စတေးရရှာတော့မယ် အုန်းဖေ . . . ရာ . . .
ဇက်ကျိုးကျသွား . . . အုန်းဖေပွေ့ထူစဉ် . . .

(ကားချ)

ခန်းစဉ် (၁၃)

လမ်းတစ်နေရာ . . . ကားသံပေး . . . မမိုးစွေဝင်လာမည် . . .

ညိုထွန်း မမ ဒီမှာ ခဏနေခဲ့ဦး . . . ဒါကျွန်တော်နဲ့နိုင်ဇော်တွေ့နေကျနေရာ . . . သူ့ကို ကျွန်တော်သွားရှာလိုက်ဦးမယ် . . .

(ညိုထွန်းဝင်သွားမည် . . . မမိုးစွေရပ်စောင့်နေရင်း ခဏအကြာ မူး၍လဲသွားမည်ပြုစဉ် . . . မြအေးမေ ပြေးဝင်လာ၍ ထိန်းပေးရင်း . . . )

မြအေးမေ အန်တီ အန်တီ . . . ဘယ်လိုဖြစ်သွားတာလည်း . . . မှီထား . . . ကျွန်မကိုမှီထား . . .

မိုးစွေ အား ကျွတ် . . . ကျွတ် . . . သ . . . သမီးရယ် အန်တီ . . . အန်တီ့ကို ဆေးခန်း . . . တစ်ခုလောက် ပို့ . . . ပို့ပေးပါကွယ် . . . အား . . .

မြအေးမေကို မှီရင်းမှိန်းနေမည် . . .

ညိုထွန်း (ပြေးဝင်လာ) မမ . . . မမ . . . လာ ကလေးမ ကားပေါ်တွဲတင်ရအောင် . . . လာ လာ . . . တွဲ၍ဝင်သွား . . .

(မီးမှောင်)

ခန်းစဉ် (၁၄)

တိုက်ခန်း

ကိုပြည့်မောင် ဖုန်းဆက်နေမည် . . .

ပြည့်မောင် ဘာကွ . . . ဘယ်လိုညိုထွန်း . . . ငါလုံးဝ နားမရှင်း ဘူး . . . ပြန်ပြောစမ်းပါဦး . . .

ညိုမောင် (အတွင်းမှပြောမည်)ဟုတ်ပါတယ်ဆရာ. . . မမကြီး ရှော့ဖြစ်ပြီးမူးလဲသွားလို့ အဲညါအထူးကုဆေးရုံတင် ထားရတယ် . . . အရေးပေါ်သွေးလိုတာက အောဘီ အမျိုးအစားဖြစ်နေတာ ကံကောင်းချင်တော့ သူ့ကို ကူညီတဲ့ဆရာဝန်မလေးကလည်း အောဘီ အမျိုးအစားမို့ သူကပဲ လှူသွားပါတယ် . . . အခုတော့ သက်သာသွားပါပြီ . . . တကယ်လို့ အဲညီအချိန်က အဲညီသွေးသာ မသွင်းနိုင်ရင် အသက်ကိုလုရတဲ့ထိ စိုးရိမ်စရာကောင်းသတဲ့. . .

ပြည့်မောင် အလုပ်တွေကို ဖိမလုပ်နဲ့တော့လို့မှာထားရက်နဲ့ ကွာ . . . မင်းတို့မမက လောဘကြီးလွန်းတယ် . . . ကံကောင်းပေလို့သာပေ့ါ. . . အဲဒီဆရာဝန်မ လေးလိပ်စာကိုရော . . .

ညိုထွန်း အလုပ်သင်အဆင့်ပဲရှိသေးတာတဲ့ . . . ဘွဲ့မယူရ သေးဘူးတဲ့ဆရာ . . . (အတွင်း)

ပြည့်မောင် သူ့နာမည်လေးမှ မေးမထားကြဘူးလားကွာ . . .

ညိုမောင် မေးထားတယ်ဆရာ . . . သူ့နာမည်က (အတွင်း) အပြင်မှ လူတစ်ဦးဝင်လာ

လူ ဆရာကြီး,ဦးဘဇော်က ခဏတွေ့ပါရစေတဲ့ခင်ဗျ

ကိုပြည့်မောင် ခေါင်းညိတ်ပြ လူအတွင်းဝင်သွား ခဏအကြာ

ကိုဘဇော်ဝင်လာ . . .

ပြည့်မောင် — ဆို . . . ဦးဘဇော် . . . ကျွန်တော်တို့ဘာကူညီရမလည်းခင်ဗျ . . .

ဘဇော် — (ရှက်ရွံ့စွာ) ကျ . . . ကျွန်တော် . . . အရေးကြီးလွန်းလို့ တောင်းပန်ပါစေခင်ဗျာ . . . ရှေ့လဆန်းကျရင် . . . ကျွန်တော့်သမီး . . . သမီးဘွဲ့ယူပြီးပြန်လာ . . . ပြန်လာတော့မှာပါ . . .

ပြည့်မောင် — ဟုတ်ကဲ့ခင်ဗျ . . . အဲဒီအတွက် . . .

ဘဇော် — သမီးက စားလှမ်းရေးလိုက်ပါတယ် . . . သူ့ဘဝအတွက် ဂုဏ်ယူစရာအခမ်းအနားနဲ့ ဧည့်ခံပွဲကိုသူမွေးဖွားရာ ဟို . . . ဟိုညင်း

ပြည့်မောင် — (ဘဇော်ကိုလက်ကာပြပြီး) ဟော့ မောင်ကျော်ခဏလာစမ်း (မောင်ကျော်ဝင်လာ) ဒီနေ့ညနေဘဏ်ပိတ်ချိန်ကစပြီး . . . ဘဏ်ခွဲက ပစ္စည်းမှန်သမျှ အကုန် ဒီတိုက်ကို ခဏပြောင်းပေးလိုက် . . . အဆောက်အဦးပြုပြင်စရာရှိလို့ ဘဏ်သုံးရက်ပိတ်တယ် ကြေညာလိုက် . . . (မောင်ကျော် ခေါင်းညိတ်၍ဝင်သွား)ကဲ ဒီလိုဖြစ်ချင်တာ မဟုတ်လားဦးဘဇော် . . . ကျေနပ်ရဲ့လား . . .

ဘဇော် ကျွန်တော် ကျေးဇူးတင်လွန်းလို့ . . . ဘာပြောရမှန်းတောင်မသိတော့ပါဘူးခင်ဗျာ. . . တမင်အရွဲ့တိုက်ပြီးလိုက်လျောလွန်းနေသလားအောက်မေ့ရတဲ့အထိ. . . မြင့်မြတ်လွန်းလိုက်တာ. . . ဦးပြည့်မောင်ရယ် . . . ဧည့်ခံပွဲပြီးတာနဲ့ ချက်ခြင်း . . .

ပြည့်မောင် စိတ်တိုင်းကျနေပါခင်ဗျာ ယာယီဘဏ်ခွဲအဖြစ်ကျွန်တော့်တိုက်မှာပြောင်းထားပေးပါ့မယ် . . . သမီးလေးပီတိဟာ အရှက် ဖြစ်မသွားဖို့ဘဲလိုပါတယ် . . .

ဘဇော် (ထိုင်၍ကန်တော့မည်ပြု) သာဓုပါဗျာ . . . ကျေးဇူးကြီးလှပါတယ်ခင်ဗျာ . . .

ပြည့်မောင် ဟာ . . . မလုပ်ပါနဲ့ ဦးဘဇော် . . . မလုပ်ပါနဲ့ကွဲအိမ်ပြန်ပြီး စီစဉ်စရာရှိတာ စီစဉ်ပါ . . .

ဘဇော် (ပျော်ရွှင်စွာ) အခုမှ ကျွန်တော်ကျေးဇူးရှင်အစစ်နဲ့တွေ့တော့တာပါပဲ ခွင့်ပြုပါဦးခင်ဗျာ . . .

ဘဇော်ဝင်သွား. . . ကိုပြည့်မောင်ပြုံး၍ခေါင်းညိတ်ရင်းကျန်နေ . . .

(ကားချ)

ခန်းစဉ် (၁၅)

ဉယျာဉ် မြအေးမေ တိုးနီ မမ နိုင်ဇော်

တိုးနီ ကောင်းဗျာ . . . သိပ်ကောင်း ပညာရော ကြင်ရာ ပါစုံလို့ ရွှေဘုံပြန်လှပြီပေါ့ . . .

နိုင်ဇော် မင်းကလဲကွာ . . . အခုမှ ဖွင့်ပြောရဦးမှာပါ . . .

မမ ဖွင့်မပြောလည်းသဘောတူပြီးသားပါ နိုင်ဇော်ရာ

မြအေးမေ ဖေဖေက အရင်စိတ်ဓါတ်မျိုးဆိုရင် မလွယ်ဘူးဟ . . . ခုမှစိတ်လျှော့သွားတာ . . . ငယ်တုန်းကတော့ . . .

တိုးနီ အတိတ်ကို ချေးခြောက်ရေနူးမနေနဲ့ဟေ့ . . . မိဖ ချမ်းသာဖူးတာ ကိုယ်နဲ့မဆိုင် ကိုယ်ပိုင် အိုး,အိမ် သာဂုဏ်ယူစရာ . . .

မြအေးမေ အိမ်ရောက်ရင် နင်တို့ပျော်မှာပါ . . . တို့မြို့လေး က ငယ်ပေမယ့် လှတယ် အေးချမ်းတယ် . . .

နိုင်ဇော် မြို့ငယ်တော့ လူဦးရေနည်းတယ် . . . ဆေးခန်းဖွင့် လို့တော့ ဟန်မကျသေးဘူး . . .

မမ ကိုယ့်ချစ်သူနဲ့ ကြည်ဖြူစွာ ထမင်းရည် အတူ လျက်ကြပေတော့ . . .

တိုးနီ ဟေ့ကောင်လေကိုနိုင်တယ် . . . အစာကြေတယ်

လျက်သာလျက်ဒါနဲ့ဟိုကျမင်းတို့ကအတူတူနေမှာ ငါနဲ့မမနဲ့က ဘယ်လိုနေရမှာလည်းဟင် . . .

မမ ဟဲ့ နင့်အတွက် ခွေးကတက်တစ်နေရာတော့ ရှိမှာပါ အားမငယ်ပါနဲ့ . . .

တိုးနီ နင့် ပြာပုံနဲ့နီးရင်တော်ပါပြီ . . .

နိုင်ဇော် စကားနိုင်လုမနေကြနဲ့ဟေ့ . . . ရထားလက်မှတ် သွားဖြတ်ရဦးမှာ နောက်ကျနေမယ် လာကွာ . . . သွားစို့ . . .

အားလုံးဝင်သွားကြမည် . . .

(ကားချ)

ခန်းစဉ် (၁၆)

ဘဇော်၏ မူလတိုက်အတွင်း . . .
ညှော့ခံပွဲ . . . မိတ်ဆွေများနှင့် . . . သွားလာနှုတ်ဆက်ဟန် . . . အားလုံးပြီးသော် . . . မြအေးမေ၊ နိုင်ဇော်၊ တိုးနီ၊ မမ တို့ကျန်နေ . . . ဘဇော်ထူရပ်ပြီး

ဘဇော် ညှော့ခံပွဲလည်း အောင်မြင်သွားပါပြီ . . . သမီးလည်းဂုဏ်ယူပြီးပါပြီ . . . ဘွဲ့နဲ့အိမ်ထောင်ကို တစ်ပြိုင်တည်းရအောင် ရှာဖွေခဲ့တဲ့သမီးရဲ့ချစ်သူ

မောင်ရင်လေးကို ဦးစကားပြောပါရစေ . . .

နိုင်ဇော် — ဟုတ်ကဲ့ ပြောပါခင်ဗျ . . .

ဘဇော် — အဓိကအကျဆုံး စကားက စပြောရရင် . . . မြအေးမေဟာ ဦးဆီကအမွေ လုံးဝမရနိုင်ဘူးဆိုတာပါပဲ . . .

မြအေးမေ — ရှင် . . . ဘာပြုလို့တုန်း ဖေဖေ . . .

ဘဇော် — ညည်းဟာ ငါ့သမီး မဟုတ်လို့ပါ မြအေးမေ၊ ငါလုံးဝ ပြန်မဖတ်တော့ဘူးဆိုပြီး ပိတ်ထားခဲ့တဲ့ ဒိုင်ယာရီဟောင်းကို ပြန်ဖတ်ပြရရင် . . .

(မီးမှောင်)

ခန်းစဉ် (၁၇)

သတို့သမီး မမြမေ ငိုနေ ဘဇော်ဝင်လာ
စကားနှင့်သရုပ်ဆောင်များ . . .

(နောက်ခံစကား) — ငါ့ရဲ့မင်္ဂလာဦးညဟာ ကြိတ်ပြီးအရှက်ကွဲခဲ့ရတဲ့ ညပေါ့ . . .
မြမေမှာ ကိုယ်ဝန်ပါလာတယ်တဲ့ . . . ငါနဲ့မတန်ပါဘူးတဲ့ . . . ဒါတွေကို ငါဖွင့်ပြောလိုက်ရင်အရှက်ကွဲပြီး ဒုက္ခရောက်တာကလွဲလို့ ဘာမှမရှိနိုင်တဲ့ အတူတူ ငါဟန်မပျက်နေပြီး . . . နားလည်စွာ

တနေရာစီခွဲနေခဲ့ကြတယ် . . . နောက်ပြီး ငါ တကယ်ချစ်လို့ကြံစည်ခဲ့တဲ့မိုးစွေဆိုတဲ့မိန်းကလေး ကိုငါစာနာမိခဲ့ရတယ် . . . သူရော ဘဝရေစီးမှာ ဘယ်လိုမြောပါနေရှာမလဲ . . . ငါသူ့ကိုသတိရချိန် မှာ မျက်နှာလိုအားရ လုပ်ချင်ကြတဲ့ ငါ့တပည့် တွေက ငါ့သိက္ခာအတွက် မိုးစွေကို ခြောက်လှန့် မောင်းထုတ်ပစ်လိုက်ကြပြီလေ . . .

မချစ်ခင်သူနဲ့ အတူတွဲ၊ ချစ်သူကိုရှင်ခွဲ ခွဲခဲ့ ရတဲ့ ဘဝဆုံးမစာကို ငါစပြီး ဖတ်ခဲ့ရတာပေါ့ကွာ၊ . . . မြအေးမေ ကိုမွေးပြီး သိပ်မကြာခင်မှာ မြမေ ကွယ်လွန်သွားရော . . . ငါလည်း ငါ့ရှေ့နေကိုခေါ် ပြီး . . . ငါပိုင်ပစ္စည်းတစ်ဝက်နဲ့မြေအားလုံးကို ရောင်း အစိုးရဘဏ်အပ်ပြီး . . . ငါသေသွားရင် မိုးစွေကိုတွေ့အောင်ရှာ အဲဒီငွေတွေကို ပေးလိုက် ပါလို့သေတမ်းစာရေးပြီးအပ်ခဲ့တယ် . . . ပြုန်းကနဲ စီးပွားကျသွားတော့ လူတွေက ငါ့မဆင်ချင်မှု ကြောင့်လို့ ထင်ခဲ့ကြတယ် . . . မြအေးမေကိုတော့ ပညာစုံအောင် သင်ပေးပြီး ဘွဲ့ရချိန်မှာ အားလုံး ဖွင့်ပြောမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားခဲ့တယ် . . . စီးပွားရေးအပြိုင်ပေါ် လာချိန်မှာ ငါစိတ်ဓါတ်ကျနေ ပါပြီကွာ . . . ဘယ်သူဘာလုပ်လုပ် ငါလည်စင်း ခံတော့မယ်လို့ ဆုံးဖြတ်ထားပြီးသားပါ သေသွား

တဲ့အချိန်ထိ မြမေကို ငါမစော်ကားခဲ့ပါဘူး . . . စော်ကားခဲ့မိတဲ့ မိုးစွေကိုလည်း တစ်ရက်မှ မမေ့နိုင်ခဲ့ပါဘူး . . . ၂နှစ်နေလို့မှ မိုးစွေကိုရှာမတွေ့ရင် လူမှုဝန်ထမ်းဌာနတွေကို အဲဒီငွေတွေလှူဖို့လည်း ငါမှာပြီးသားပါ . . .

(မီးမှောင်)

ခန်းစဉ် (၁၈)

အခန်း (၁၆) ပြန်ပေါ် . . . အားလုံးစိတ်မကောင်းစွာကြည့်နေကြမည်. . . မြအေးမေငိုနေမည်. . . ဘဇော်မျက်ရည်များကျရင်း . . .

ဘဇော် — အမှားလေးတစ်ခု ကျူးလွန်မိလိုက်တာ အမှားကြွေးတွေဆပ်လို့မကုန်အောင်ဖြစ်ခဲ့ရတယ် . . . အမုန်းတွေ နားကျည်းမှုတွေ နှင်းလိုထူ မြူလိုခြားခဲ့တဲ့ သံသယကာလကြီးကို ငါညရွှတ်တိုက်ပြီး တိုးဖြတ်ရုန်းကန်ခဲ့ရတယ်ကွာ . . . ငါ သူတော်ကောင်းမဟုတ်ပေမယ့် သူယုတ်မာမဖြစ်အောင်ကြိုးစားခဲ့တာပါ . . .
ပြောရင်း မောနေ . . .

မြအေးမေ — (ငိုရင်း) ဖေဖေဟာ ဘာပဲပြောပြော သမီးရဲ့ဖေဖေ ပါ . . . သမီးဖေဖေနဲ့ပဲ အတူနေမယ်

သမီး ပညာဟာ ဖေဖေ့ကိုကန်တော့ဖို့ပါ . . . ဖေဖေ ဘယ်ကိုမှ မသွားရဘူး . . . ဒီတိုက်မှာပဲ . . .

ဘဇော် ဒီတိုက်ကြီးက . . . ရောင်းပြီးသွားပြီ . . . သမီး

မြအေးမေ ရှင် . . .

ဘဇော် သမီးရှက်မှာစိုးလို့ . . . ဖေဖေ ဟန်လုပ်ပြီးပြန်နေနေတာ . . . ဖေဖေက ဟိုဘက်လမ်းထဲမှာ အိမ်တစ်လုံး . . . အင်း ပြည့်စုံကြွယ်ဝရဲ့ မြင့်မြတ်တဲ့ စေတနာကြောင့် . . .
အတွင်းမှ "စေတနာမဟုတ်ဘူး ဘဇော် အညိုး . . . အညိုး . . . " ပြောရင်း မိုးစွေဝင်လာမည်. . .

မိုးစွေ ငါ့ဘဝကို ညက္ခရောက်အောင်လုပ်ရက်လေချင်း ဆိုတဲ့အညိုးနဲ့ ကံသာတဲ့အချိန်မှာ ငါစနစ်တကျ အကွက်ဆင်ပြီး နင့်ဘဝကို ဖျက်ပစ်ခဲ့တာ . . . နင် ပြောနေတာတွေ အားလုံးငါကြားနေရတယ် . . . ရင်သွေးတစ်ယောက်လုံးကိုတောင် အမေလို့ အခေါ်မခံသည်အထိ နင့်ကိုငါစိတ်နာခဲ့တယ်. . . အခု . . . အခု နင် . . . နင်ပြောတာတွေ နားထောင်လိုက်ရတော့ ငါဟာ ငါ့နှလုံးသားကို လက်စားချေနေမိပါပကောလို့ သိလိုက်ရတယ် . . .

ဘဇော် မိုးစွေ . . . ငါ့ရှေ့နေဆီမှာ ငါ . . . ငါ နင်တို့အတွက် . . .

မိုးစွေ (ခေါင်းရမ်း) လူမှုဝန်ထမ်းဌာန တွေကိုသာ လှူလိုက်ပါ . . . အကိုကြီး ဦးပြည့်မောင်ရဲ့ နှမ တစ်ယောက်လိုစောင့်ရှောက်မှုကြောင့် ငါပြည့်စုံ ကြွယ်ဝခဲ့ပါပြီ . . . သားနဲ့သမီး ညီတိုက်မှာ မင်းတို့ နေကြ . . . ငါ့သမီးရဲ့ သွေးကျေးဇူးကရှိနေတယ် မဟုတ်လား . . . သူ့စည်းစိမ်ချမ်းသာမှန်သမျှ အမေ ဝယ်ထားတာ . . . နိုင်ဇော် ဒါ သားရဲ့ ဖေဖေ . . .

ဘဇော် နိုင်ဇော်တဲ့လား. . . ဘဇော်. . . နိုင်ဇော်. . . အင်း . . . အင်း (ပြုံးနေ) . . .

မိုးစွေ အောင်မာ နင်ကများ အတွေးပေါက်နေသေး တယ် . . . နင့်ကိုငါ စိတ်မကူးဘူးဟဲ့ . . .

နိုင်ဇော် စိတ်မကူးဘဲနဲ့ ကျွန်တော်တို့သားအဖ နာမည် တူနေသေးတယ်နော် . . .

ဘဇော် ကိုင်း ဖေဖေ တာဝန်ကြေပါပြီ . . . စိတ်မကူးတဲ့ မိသားစုစာရင်းထဲမှာ ဖေဖေနေလို့လည်း လူပို ပါပဲ . . . ဖေဖေ့အိမ်ကို ပြန်ပါရစေတော့ . . . ထ၍ဝင်သွား အားလုံးကြောင်နေကြစဉ် (မိုးခြိမ်း သံပေးမည်)

မိုးစွေ ဘဇော် . . . (လိုက်၍ဝင်ပြေး) . . .
(မီးမှောင်)

ခန်းစဉ် (၁၉)

ပထမဆုံးအဖွင့်ခန်း အပြင်အဆင်အတိုင်းရှိမည် မိုးသံလေသံများပေးထားမည် . . . ဘဇော် မောပန်းစွာပြေးလာရင်း . . . လဲကျမည် . . . နောက်မှ မမိုးစွေမီလာမည် . . .

မိုးစွေ နင်က မိုးရေတွေထဲ လျှောက်ပြေးတာကိုး . . . ချော်လဲရောပေ့ါ . . . ဘဇော်ရယ် . . . ထ . . . ထ ငါ ဒီလိုတွဲထူဖို့ စောင့်လိုက်ရတာ အကြာမှ အကြာကြီး . . .

ဘဇော် မမိုးစွေ ပြိုင်တူကြည့်ရင်း ပြုံးလိုက်ကြမည် . . .

ဘဇော် နင် အဲဒီစကားတွေကို မမေ့ဘူးနော် . . .

မိုးစွေ ဘဝတစ်ခုလုံးနဲ့ရင်းရတာဟဲ့ . . . ဘယ်လိုလုပ်ပြီး မေ့နိုင်ပါ့မလည်း ဘဇော် အင်း . . . သံသယတွေသာ အချိန်မီ မရှင်းလင်းခဲ့ရင် . . . ငါတို့အနာဂါတ်တွေဟာ လှပလာနိုင်စရာ အကြောင်းမရှိတော့ဘူး . . .

ဘဇော် နင် ရှိနေမှန်းသိရင် ငါကလေးတွေကို ရှင်းမပြပါဘူး . . . နင်စိတ်တိုင်းကျ လက်တုန့်ပြန်သွားတာကို ငါခံလိုက်မှာပါ . . . ဒါမှ နင်ကျေနပ်မှာ မဟုတ်လား

မိုးစွေရယ် . . . ဝေးသွားမှ နင့်ကိုငါချစ်မှန်း ကောင်း ကောင်းသိရတာပါ . . .

မိုးစွေ — တော်ပါ . . . အနိုင်ကျင့်တုန်းက ကျင့်ခဲ့ပြီး . . . အသက်လေးဆယ်ကျော်မှ ရည်းစားစကား လာပြောမနေပါနဲ့ . . .

ဘဇော် — ကြီးမှဝက်သက်ပေါက်ရတာ ပျော်စရာတစ်မျိုးဟ . . . နင် ငါ့ကို မချစ်ဘူးလား . . .

မိုးစွေ — အရွယ်တွေလည်း ရင့်ကုန်ပါပြီ ဘဇော်ရယ် . . .

ဘဇော် — အချစ်ဆိုတာ အရာရာကို နုပျိုစေပါတယ် . . . မိုးစွေ ငါ ကာလများစွာငတ်မွတ်ခဲ့ရတဲ့ အကြင်နာ တွေ မေတ္တာတွေ မိုးလိုစွေပေးပါလားဟာ . . .

မိုးစွေ — (ခေါင်းငုံ့ရင်းသက်ပြင်းချ၍) ဟင်း. . . ပြဿနာပဲ. . .

ဘဇော် — ပြဿနာတွေရှင်းသွားပြီလေ . . . ငါလေ ဘဝရဲ့ နောက်ဆုံးအချိန်ထိ ငါ့အမှားတွေကို တောင်းပန် တဲ့အနေနဲ့ နင့်ဘဝကို စောင့်ရှောက်သွားပါရစေ . . .

မိုးစွေ — ငါ့ဘဝကို ငါစောင့်ရှောက်ခဲ့ရတာ ကြာခဲ့ပါပြီ . . .

ဘဇော် — မလိုအပ်တော့ဘူးဆိုရင်လည်း . . . ငါ့ကုသိုလ်နဲ့ ငါရှိပါစေတော့ (ဝင်မည်ပြု)

**မိုးစွေ** နင် ဘယ်ကိုသွားမလို့လည်း . . . ချော်လဲနေဦးမယ် . . .

**ဘဇော်** နင်က . . . ငါ့ကို စိတ်မကူးဘူး မဟုတ်လား . . .

**မိုးစွေ** အဲ . . . ဟို ခုနတုန်းက ကလေးတွေရှေ့မှာမို့ ပြောရတာဟဲ့ . . .

ပြောရင်း ဘဇော်၏ လက်ကိုလှမ်းဆွဲလိုက်စဉ် . . .
နောက်တွင် ပုန်းနေသော တိုးနီအသံဖြင့် . . .

**တိုးနီ** အခုလည်း ကလေးတွေရှေ့မှာပါ ခင်ဗျာ . . .

အော်ရင်း လေးဦးသား အကွယ်များမှ ထွက်လာမည် . . .
မမိုးစွေ ရှက်စနိုးဟန်ဖြင့် ဘဇော်၏ရင်ခွင်ထဲ ခေါင်းထိုးဝင်လိုက် . . .
မြအေးမေ ရှက်စနိုးဟန်ဖြင့် နိုင်ဇော်၏ရင်ခွင်ထဲ ခေါင်းထိုးဝင်လိုက် . . .
တိုးနီ ရှက်စနိုးဟန်ဖြင့် မမရင်ခွင်ထဲ ဝင်မည်အပြု မမပါးကိုရိုက် အားလုံးရယ်မောရင်း . . .
ရုပ်သေဖြစ်သွားမည် . . .

## ကားချမည်။။

# ပင်လယ်ကိုပဲ

# သက်သေပြုမယ်

**ချစ်စရာ**

# ပင်လယ်ကိုပဲ သက်သေပြုမယ်

## ပါဝင်သောဇာတ်ကောင်များ

ဦးဘဒင်
လူ ၁
လူ ၂
သူဇာ
အမောင်

ခန်းစဉ် (၁)

ပင်လယ်ပြင်ကို ငေးကြည့်နေသည့်
မိန်းကလေးတစ်ဦး . . . လူများ ဖြတ်သွားနေကြ
မည် . . . နောက်မှ စကားပြောပေးမည် . . .

. . . ပင်လယ်ရယ် နင့်ကို ငါမမုန်းပါဘူး . . .
နင်ဟာ ငါတို့ကို . . . အဖိုးတန်ပုလဲ ရတနာတွေ
ရယ် . . . စားဖို့ သောက်ဖို့ပြီးတော့ ရောင်းဝယ်
ဖေါက်ကားဖို့ ငါးမျိုးစုံတွေ အမြဲပေးနေတာ
မဟုတ်လား . . . အဲဒီ ကျေးဇူးတွေအတွက် . . .
ငါ နင့်ကို သံယောဇဉ်ရှိတယ် . . . ဘယ်လောက်
သံယောဇဉ်ရှိသလဲဆိုရင် နင့်ရင်ခွင်မှာ . . . စီးပွား
ရှာရင်း . . . ငါ့အဖေ ပြန်မလာတဲ့အထိ . . .
ရက်စက်ခဲ့တာကိုတောင် ငါမမုန်းဘူး . . . အို . . .
မဟုတ်ဘူး . . . မဟုတ်ဘူး . . . ငါ့အဖေကို ငါတို့
မိသားစုနဲ့ ခွဲပစ်ခဲ့တာ နင်မဟုတ်ဘူး ပင်လယ်
. . . အဲဒီ ရက်စက်မှုပိုင်ရှင် . . . ပိုက်သူဌေး
. . . ကိုဘဒင် . . . ဟုတ်တာပေါ့ တို့တစ်ရွာလုံးကို
. . . ပိုက်ဆံနဲ့ နဖါးကြိုးတပ်ပြီး . . . သူချမ်းသာဖို့
အကြင်နာ ကင်းစွာ . . . ခိုင်းနေတဲ့ . . .
ပိုက်သူဌေး . . . ကိုဘဒင် . . . အဲဒီနေ့ကို . . .
ငါမမေ့ဘူး . . . ပင်လယ် . . .

(မီးမှောင်မည်)

ခန်းစဉ် (၂)

မီးပြန်လင်းလာ . . .

ခြံဝင်းတစ်ခုအတွင်း ကိုဘဒင်နှင့်တံငါလေ့သမားများ . . .

ဦးဘဒင် ခင်ဗျားတို့အားလုံး ကျုပ်ပြောတာ နားလည်ပြီမဟုတ်လား . . . ထပ်ပြောမယ် အခုရက်ပိုင်း မြို့မှာငါးဈေးတွေ တက်နေတယ် . . . အဲဒီတော့ . . . ကျုပ်နဲ့ပွဲစားနဲ့တိုင်ပင်ပြီး . . . ကုန်သည်ဆီကို ငါးတွေမပြတ်ပို့ဖို့ ကတိပေးခဲ့ပြီ . . . အဲဒီအတွက် . . . ခါတိုင်းထက်ပိုပြီး . . . ငါးဖမ်းထွက်ကြရမယ် . . .

လူ ၁ စဉ်းစဉ်းစားစားလုပ်ပါသူဌေးရယ် . . . အခုလို မိုးရာသီကြီး . . . ပင်လယ်ကိုထွက်ရမယ်ဆိုတော့ . . .

လူ ၂ မုန်တိုင်းကလည်း အမြဲတိုက်နေတာ . . . ကျုပ်တို့ ကိုမုန်တိုင်းနဲ့ရင်ဆိုင်ပြီး ဒုက္ခရောက်အောင် လုပ်သလိုဖြစ်နေပြီ သူဌေး . . .

ဦးဘဒင် အို . . . တစ်သက်လုံး ခင်ဗျားတို့ ငါး ပုဇွန် ဖမ်း လာခဲ့ကြတာ . . . ဒါကျမှ ကြောက်နေရသလား . . . မလိုက်နိုင်ရင် ပိုက်ပြန်သိမ်းမယ် . . .

ကြိုတင် ယူထားတဲ့ငွေကို အတိုးနဲ့ ပြန်ပေးရမယ် . . . ရတယ် . . . မလိုက်နဲ့ . . .

လူ ၁ ရာသီဥတုငြိမ်တဲ့ အချိန်ကိုစောင့်ပြီး . . .

ဦးဘဒင် ရာသီဥတုငြိမ်ပေမယ့် စီးပွားရေးက မငြိမ်ဘူး . . . ကျုပ်ပြောသလို မလုပ်နိုင်ရင် . . . ပိုက်တွေပြန်ပေး . . . ပင်လယ်ထွက်မယ့်သူ စာရင်းလာပေး

ကိုဘဒင်ဝင်သွားမည်၊

လူ ၁ အများဒုက္ခကိုမကြည့်ဘဲ . . . သူ့စီးပွားရေး တစ်ခုတည်းကိုကြည့်နေတာပဲကွာ

လူ ၂ ဘယ်တုန်းကများ . . . ဒီလူဆင်းရဲသားတွေကို ငဲ့ညှာသနားခဲ့ဘူးလို့လဲ . . . အေးလေ . . . ကိုယ်က သူ့ငွေယူထားပြီး ပြန်မဆပ်နိုင်သေးတော့ . . . သူခိုင်းတာလုပ်ရတော့မှာပဲပေါ့။

လူ ၁ ငါ . . . အခုတလော ဖျားဖျားနေတယ်. . . မောလည်း မောတယ်. . . ပင်လယ်ကို ထွက်မှ ထွက်နိုင်ပါ့မလားမသိဘူး. . .

လူ ၂ မပူပါနဲ့ကွာ . . . ငါတို့ဆိုင်းပြီးကူညီမှာပေါ့ . . . မင်းနေမကောင်းတော့ လှေပေါ်မှာ . . . နားနေပေါ့ . . .

လူ ၁ ပင်လယ် . . . ပင်လယ် ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်းဝေးသလို ဘဒင်နဲ့ အကြြင်နာတရားကလည်း

အလှမ်းဝေးလှချည့်လား ...

(ကားချ)

ခန်းစဉ် (၃)

တံငါလှေသမားများ ... ပင်လယ်ထွက်ကြဟန် ... မိသားစုများ လိုက်ပို့နှုတ်ဆက်ဟန် ... (တီးလုံးနှင့်သရုပ်ဆောင်ဟန်များ)

ခန်းစဉ် (၄)

အတွင်းမှ "ရွာကလှေတွေ ... ပြန်လာပြီဟေ့-" အော်မည်၊

မိသားစုများ ဝမ်းသာအားရ ကြိုဆိုမည်၊

သူဇာနှင့်မိခင် ... ဖခင်ကိုရှာ ... မတွေ့ဘဲဖြစ်နေ ၊ အားငယ်ဝမ်းနည်းသွား ... လူ ၂ ဝင်လာ၊

မိခင် ကိုရင် ... ကိုရင် ... ကျုပ် ... ကျုပ်ယောကျ်ား ... ကျုပ်ယောကျ်ားရော ...

လူ ၂ (ညှိုးငယ်စွာ) မနေ့က ... တို့လှေတွေ မုန်တိုင်းမိတယ် ... အဲဒီမုန်းတိုင်းထဲမှာ သူ့လှေ ... သူ့လှေ ...

မိခင် နေမကောင်းလို့ . . . ဒီတစ်ခေါက်လိုက်မသွားပါနဲ့ လို့ ကျုပ်ပြောလိုက်တာ . . . ပိုက်အသိမ်းခံရမှာ ကြောက်ပြီး အတင်းလိုက်သွားလို့ . . . အခုတော့ . . .

သူဇာ အမေ . . . အဖေ . . . အဖေရော . . .

မိခင် ပင်လယ်ထဲမှာ နေရစ်ခဲ့ပြီ . . . တဲ့

သူဇာ အဖေပင်လယ်ထဲမှာ . . . နေ ရစ် ခဲ့ ပြီ . . . မီးမှောင် . . . ကျန်လူများအားလုံးဝင်သွား . . . သူဇာတစ်ယောက်တည်းကျန်နေမည်၊ ဖခင်၏ စကားသံများ . . . ကြားနေဟန် . . . အတွင်းမှ . . . ပြောပေးမည်၊

ဖခင် ဒီတစ်ခေါက်ပြန်လာရင် . . . သမီး ကျောင်းစရိတ် . . . လွယ်အိတ်နဲ့ . . . စာအုပ်ဖိုးတွေ . . . အဖေပေး နိုင်မှာသမီးရဲ့ . . .

ဖခင် သူ့ဆီကယူရတဲ့ ကြိုသုံးငွေကလည်း . . . သူ့အတိုး ပြန်ဆပ်နေရတာနဲ့ . . . မကာမိပါဘူးသမီးရယ် . . . သူနဲ့မကင်းနိုင်သေးသမျှ ဒီလိုပဲအစော်ကားခံ . . . နေရဦးမှာ . . .

ဖခင် ပင်လယ်ထဲရောက်ရင် အဖေ့ရောဂါပျောက်သွား မှာပါသမီးရဲ့ . . . အဖေတို့မိသားစု . . . စားရေး

နေရေးမုန်တိုင်းကို ပင်လယ်က မုန်တိုင်းက ကြောက်သွားမှာပါ . . . ဟား ဟား ဟား . . .

သူဇာ ပထမအခန်းမှ စကားဆက်ဝင်မည် . . .

အဲသလိုပြောခဲ့တဲ့ အဖေ့စကားကြောင့်များ . . . နင် . . . ငါ့အဖေကိုကလဲ့စားချေလိုက်တာလား . . . ပင်လယ် . . . ဘာပဲဖြစ်ဖြစ် . . . ပြန်မလာနိုင်ရှာတော့တဲ့ ငါ့အဖေကို ပြန်လာလိမ့်ဦးမယ်ဆိုတဲ့ အသိနဲ့ ခုအချိန်ထိ မျှော်လင့်နေတုန်းပါ . . . ငါကြိုဆိုနေတုန်းပါ . . .

အမောင်ဝင်လာမည် . . .

အမောင် သူဇာ . . . ဟေ့ သူဇာ . . . ရှာလိုက်ရတာဟာ . . . ကမ်းခြေတစ်ခုလုံးကို နှံ့နေတာပဲ . . . နောက်မှ နင်လာနေကျ ဒီနေရာကို သတိရပြီး လိုက်လာရတာ ရော့ . . . နင်စားဖို့ . . . (မုန့်ကျွေး) စားလေဟာ . . . ဒါ ငါတို့အဖေ စက်လှေဝင်လာလို့ မြို့က ပါလာတာ . . . ရော့ . . .

သူဇာ (ငေးကြည့်ရင်း) နင်တို့အဖေ စက်လှေ မြို့က ပြန်လာပြီလား . . .

အမောင် အေးပေါ့ . . . ဒါများအဆန်းလုပ်လို့ . . . တစ်လကို (၂) ခေါက်လောက်သွားနေကျဥစ္စာ . . . နင်ဘာမှာချင်လို့လည်း . . . ရော့ . . .

(မုန့်ကျွေး . . . သူဇာ ယူ၍စားမည်)

သူဇာ　　ပင်လယ်ထဲမှာ ငါ့အဖေကိုတွေ့ရင် . . . ပြန်ခေါ်ခဲ့ပေးပါလို့ . . .

အမောင်　　ဟင်း (သက်ပြင်းချ) ဘာပြုလို့ ဒါတွေ တွေးနေတာလည်း သူဇာရယ် မဖြစ်နိုင်တော့တဲ့ကိစ္စတစ်ခုကို မျှော်လင့်နေတာဟာ . . . ကိုယ့်ကိုယ်ကိုယ်နှိပ်စက်နေတာနဲ့ မတူဘူးလား . . .

သူဇာ　　နင့်အဖေ . . . သိပ်ရက်စက်တယ်ဟာ . . .

အမောင်　　ငါနင့်ကို မရက်စက်ဘို့ပဲလိုတာပါ . . . ဒီမှာ သူဇာ . . . နင်နဲ့ငါဟာ ကျောင်းနေဖက် သူငယ်ချင်းတွေ . . . ပြီးတော့ . . . ချစ်သူတွေပါ . . . အဖေမှားခဲ့တဲ့အမှားကို ငါပြန်ပြီးအကြွေးဆပ်မှာပေါ့ . . . အခုတော့ . . . မုန့်စား . . . ပြီးရင် အကျ-စလှလှလေးပေးမယ် . . . ကျေနပ်တော့နော် . . . လာပါ . . . အုန်းခြံထဲမှာ သွားထိုင်ရအောင် . . . ငါပြောစရာစကားတွေ အများကြီးရှိတယ် . . .
(အမောင်ဝင်သွား)

သူဇာ　　အမောင်ရယ် နင်နဲ့ နင့်အဖေကျတော့လည်း . . . စေတနာခြင်းက . . . ပင်လယ်ရဲ့ ကမ်းနှစ်ဖက်လို . . . အလှမ်းကွာလှချည်လား . . .
(ကားချ)

ခန်းစဉ် (၅)

အိမ်ခန်းတစ်ခုအတွင်း

ရောဂါလာပြသူများ နှင့် ဆရာသံဒုတ်၊ တပည့် (ဟာသ)

တပည့် ဘာဖြစ်တာလည်း . . . ဘာရောဂါလည်း . . . လူနာ နံပါတ်တစ် . . . လာ . . .

လူကြီး (ထော့နင်း၊ထော့နင်းဝင်လာရင်း) ခြေထောက်ကို ကျောက်ချွန်စူးမိလို့ ဆရာ . . .

တပည့် ခြေထောက်ကျောက်စူးလို့တဲ့ဆရာ . . .

သံဒုတ် (သွေးစမ်း၊ မျက်လုံးဖြဲ) မေးခိုင်ရောဂါပိုး ဝင်နိုင်တယ် . . . (မျက်စဉ်းခပ်)

လူကြီး ကျောက်စူးတာနဲ့ မျက်စဉ်းနဲ့ဘာဆိုင်လို့လည်းဗျ . . .

သံဒုတ် ညီမျက်လုံးကမမြင်လို့ ညီကျောက်ကစူးတာပေ့ါဗျာ . . . ပြီးရင် ဆေးလာထိုး (သံညှတ်နှင့်လူကြီးဝင်သွားကြ . . . ကိုယ်ဝန်ဆောင်မိန်းမဝင်လာ)

တပည့် ဘာဖြစ်တာလည်း . . .

မိန်းမ ဗိုက်နာနေလို့. . . မွေးများ မွေးမလား မသိဘူး. . .

တပည့် (မျက်စဉ်းခပ်) . . .

မိန်းမ ဗိုက်ကြီးတာနဲ့ မျက်စဉ်းနဲ့ဘာဆိုင်လို့လည်း . . .

တပည့် ဒီမျက်လုံးက မမြင်လို့ ဒီကျောက်ချွန်စူးတာပေါ့ဗျာ . . .

မိန်းမ အို . . . မခပ်ချင်ပါဘူး . . . အဓိပ္ပါယ်မရှိ . . .

သံဒုတ်ပြန်ဝင်လာ . . .

သံဒုတ် ခင်ဗျားတို့က ကျုပ်လောက်သိလို့လား . . . တစ်ချောင်းကိုင်ဆရာသံဒုတ်တဲ့ "အပ်တစ်ချောင်းနဲ့လူပေါင်းများစွာကယ်နေတာ" သွား ဆေးထိုးရအောင်စောင့်နေ . . .

မိန်းမဝင်သွား . . . ဘဒင်ဝင်လာ . . .

သံဒုတ် သူ့ဌေးပါလား . . . ဘာဖြစ်လာပြန်ပြီလည်း . . . ထုံးစံအတိုင်း . . . ဆလိုင်းချိတ်ပေးရဦးမှာလား . . . ဟီးဟီး . . . ဒီတစ်ခေါက်အတော်ကဲလာပုံရတယ် . . .

ဘဒင် နည်းနည်းဖျားချင်လို့ကွ . . .

သံဒုတ် ဒါဆို သောက်ဆေးသောက်ထားနှင့် . . . ပြီးမှ အိမ်ကိုကျွန်တော်ဆေးလာထိုးပေးမယ် . . . ရော့ (ဆေးပေး၊ ဘဒင် ဆေးယူ၍ဝင်သွား)

| | |
|---|---|
| တပည့် | ဆရာကတော့ . . . တကယ်ပိုင်ပါပေတယ်ဗျာ. . . |
| သံဒိုတ် | တချောင်းကိုင်ဆရာသံဒိုတ်ပါဆိုမှ . . . အပ်တစ်ချောင်းရှိရင် ပိုက်ဆံရှိတာပဲပေါ့ကွ . . . သူဌေးဆိုရင် . . . အိမ်တစ်ခေါက်သွားရုံနဲ့ တစ်ထောင်နှစ် ထောင် သေချာနေပြီ၊ ဆရာက မိတ်ဆွေဖေါက်သည်တွေ ရှိပါတယ်ကွ . . . |
| တပည့် | ဩော် . . . ဒါ့ထက် . . . ဆရာ့ကို မြောက်ဖက်ရွာက လူနာကြည့်ဖို့ပင့်ထားတယ် . . . |
| သံဒိုတ် | အေး . . . မင်းနဲ့ငါနဲ့ သွားကြည့်ကြတာပေါ့ . . . ငါတို့လက်သုံးဆေးဝါးဖြစ်တဲ့ . . . ဘာမီတွန်၊ ပါရစီတမော၊ ပင်နယ်စလင်နဲ့ ဆလိုင်းပုလင်းတွေ ယူခဲ့ . . . |
| တပည့် | ဆလိုင်းပုလင်းကတော့ ဆရာ့လက်စွဲပဲနော် . . . |
| သံဒိုတ် | ဟ . . . ဆလိုင်းပုလင်းက ငွေရတာကွ၊ နှာစေးလည်းချိတ်၊ ချောင်းဆိုးလည်းချိတ် ကိုင်း သွားကြစို့ . . . |
| တပည့် | ဟာ . . . ခုမှ သတိရတယ် . . . မြောက်ရွာဆိုတော့ . . . ကျွန်တော်တို့ သချိုင်းကုန်းကို ဖြတ်သွားရမှာ . . . သူရဲကြောက်တယ် . . . မလိုက်ရဲဘူးဆရာ . . . |

သံဒုတ်　　(ရယ်မည်) မကြောက်ပါနဲ့တပည့်ရာ . . . အဲဒီသူရဲ တွေက ဆရာကုထားတဲ့ လူနာတွေပါကွ . . .

(ကားချ)

ခန်းစဉ် (၆)

ကမ်းခြေ ရှုခင်း မှန်ချပ်များ နှင့် (သီချင်းပါမည်)

အမောင် . . . သူဇာတို့ . . ချစ်တင်းနှိုးနှောဟန် . . လက်တွဲ ပြေးလွှားဟန် . . . ကျီစယ် . . . နောက်ပြောင်ဟန်များ . . .

သီချင်းဆုံးလျှင်

(ကားချ)

ခန်းစဉ် (၇)

တိုက်ခန်း

ဘဒင်၊ အမောင်

ဘဒင်　　ငါ မင်းကို သတိပေးခဲ့တာများပြီ . . . မင်းလုံးဝ နားမထောင်ဘူး . . . ဒီမုဆိုးမရဲ့သမီးနဲ့ ငါ့သဘော တူမယ်လို့ မင်းထင်နေသလား အမောင် . . .

အမောင် — အဖေကလည်းဗျာ . . . ဒါ ကျွန်တော်တို့ လူငယ် တွေရဲ့ကိစ္စပါ . . .

ဘဒင် — ဘာ လူငယ်တွေကိစ္စလည်း . . . လူကြီးတွေရဲ့ကိစ္စ ကွ . . . ဒင်းအဖေဟာ ငါ့ကြောင့် ပင်လယ်မှာ သေရတယ် . . . ငါချမ်းသာတာ ဒင်းအဖေကြောင့် ဆိုပြီး မလိမ့်တပတ်နဲ့ငါ့စည်းစိမ်ကို သိမ်းဖို့ကြံ နေတာ . . . မင်းသိရဲ့လား . . .
(ပြောပြီး . . . ဘဒင်ချောင်းဆိုးနေမည်)

အမောင် — ဒါ အဖေ့ဘက်က အယူအဆပါ . . . သူ့ဇာက အဲဒီ လောက်စိတ်ဓါတ်မနိမ့်ဘူး . . . အဖေ . . . နောက်ပြီး . . . သူတို့မှာက သိပ်ဆင်းရဲရှာတော့ . . .

ဘဒင် — တော်စမ်း . . . မင်းက သူတို့ရှေ့နေလာမလုပ်နဲ့ . . . အေး သူနဲ့မင်းနဲ့ယူလို့ကတော့ ငါ့ဆီက တစ်ပြားမှ မရဘူးသာမှတ် . . . ဘဒင်ကွ သူများ သွေးကိုပဲစုတ်မယ် . . . ကိုယ့်သွေးတစ်စက် အပါ မခံဘူး . . . မုဆိုးမသမီးကိုများ မင်းမို့ . . .

အမောင် — ကျွန်တော်လည်း မုဆိုးဖိုရဲ့သားပဲဥစ္စာ . . . မနစ် နာပါဘူး အဖေ . . .

ဘဒင် — သိပ်စကားတွေ တတ်နေတာကိုး (ချောင်းဆိုး) မဖြစ်ဘူး. . . မဖြစ်ဘူး. . . မင်းကို. . . မြို့ကျောင်း ပြောင်းပို့မှဖြစ်မှာ . . .

(သံဒုတ်နှင့်တပည့်ဝင်လာ . . .)

သံဒုတ် — သူဌေး ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ . . .

ဘဒင် — ငါဖျားချင်သလိုလိုဖြစ်နေလို့ကွ . . .

တပည့် — ဆလိုင်းချိတ်မှာပဲမဟုတ်လား ဆရာ . . .

သံဒုတ် — ဆေးထိုးမယ် ပြီးမှ . . . ဆလိုင်းချိတ်မယ်. . . လာ သူဌေး . . .
(ဝင်သွားကြမည် . . . အမောင်စာဖတ်ရင်း ကျန်နေ . . . ခဏအကြာ ပြန်၍ဝင်လာ သံဒုတ်နှင့်တပည့် . . .)

သံဒုတ် — မင့်ဖါးသားကတော့ မြို့တစ်ခေါက် ဆလိုင်းတစ်ပုလင်းပဲ. . . ငါ့တပည့်ကိုထားခဲ့မယ် . . . မင်းပုလင်း ကုန်ရင် ဖြုတ်ပြီး ပြန်ခဲ့တော့ . . . အမောင်ရေ ခြံဝ တော့ပို့ပါဦးကွာ . . .
အမောင်ထလိုက်မည် မူးသွားဟန် . . . ပြန်၍ထိုင် . . .

တပည့် — ဆလိုင်း . . . ဆရာ . . . ဆလိုင်း . . . ဆလိုင်း . . . ရှိတယ် . . .

သံဒုတ် — (သွေးစမ်း) အားနည်းနေတာပါကွာ . . . အားဆေး ထိုးရင်လည်းရပါတယ် . . . ကဲ အမောင်လာပေ့ . . . ငါမပြန်ခင် ဖြစ်လို့ပေ့ါကွာ . . . ဆေးထိုးလိုက်။

(အမောင်၊ သံဒုတ် ဝင်သွား)

တပည့် ဒါမှ ငါ့ဆရာ တစ်ချောင်းကိုင်ဆရာသံဒုတ်ကွ ငါ့ဆရာက အပ်တစ်ချောင်းကိုင်တာမဟုတ်ဘူး . . . အသက်တစ်ချောင်းကိုင်တာဟေ့ . . .

(ကားချ)

ခန်းစဉ် (၈)

ရွာလည် ကွက်လပ်တစ်ခု

ကျန်းမာရေးဝန်ထမ်းများ

ဝန်ထမ်း ကျွန်တော်တို့ . . . ဒီဆွေးနွေးပွဲလေးလုပ်ဖို့ . . . ဟောဒီ ပင်လယ်ကြီးကို ဖြတ်သန်းခဲ့ရပါတယ် . . . မုန်တိုင်းတွေ . . . လှိုင်းတွေကို ရင်ဆိုင်အန်တုခဲ့ရပါတယ်. . . ကျောက်ဆောင်တွေ. . . ဝဲဂယက်တွေကိုကျော်လွှားခဲ့ရပါတယ် . . . အဲသလို ဘာပြုလို့ကျွန်တော်တို့အသက်ကိုရင်း ဒီကျေးရွာလေးဆီရောက်အောင်လာပြီး . . . ဒီစကားပြောရသလည်းဆိုတော့ . . . အသက်တွေအများကြီး ရှင်သန်စေချင်လို့ပါပဲ . . . အားလုံးကြားပြီး . . . သိပြီး ဖြစ်ပါလိမ့်မယ် . . . **AIDS** လို့ခေါ်တဲ့ ခုခံအားကျဆင်းမှုရောဂါဆိုတာ . . . ကမ္ဘာနဲ့အဝှမ်းနိုင်ငံတွေနဲ့အမျှ ဖြစ်ပွားနေတဲ့ရောဂါပါ . . .

ရှာသား ၁ — အဲဒီရောဂါဟာ ပင်လယ်ကို ကျော်ပြီး ကျုပ်တို့ရွာကိုရောက်လာနိုင်သလား . . .

ဝန်ထမ်း — လူသာ မဆင်ခြင်ဘူးဆိုရင် . . . သမုဒ္ဒရာကိုလည်း ကျော်နိုင်ပါတယ် . . . လူဆင်ခြင်မယ်ဆိုရင် . . . ချောင်းကလေး အိုင်ငယ်လေးတွေကိုတောင် မကျော်နိုင်ပါဘူး . . .

ရှာသား ၁ — ဘာကို ဆင်ခြင်ရမှာလည်း . . .

ဝန်ထမ်း — အင်မတန်ကူးစက်လွယ်တဲ့ . . . လူလူချင်း သွေးသားဖလှယ်တဲ့ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ ၊မသန့်ရှင်းတဲ့ဆေးထိုးအပ်တွေ ဆေးမင်ကြောင်ထိုးတဲ့ကိစ္စတွေကို ရှောင်ရပါမယ် ညီ **HIV** (အိပ်ချ်အိုင်ဗွီ) ပိုး ဟာ သွေး . . . သွေးချင်းပေါင်းစပ်ကူးစက်တဲ့ ပိုးပါခင်ဗျ . . . ဒါတွေကို ရှောင်ရင် ဒီပိုးမွှား လုံးဝမကပ်နိုင်ပါဘူး . . .

ရှာသား ၁ — ဒီရောဂါရလာရင်ရော . . . ဆေးမရှိဘူးဆိုတာ ဟုတ်သလား . . .

ဝန်ထမ်း — ဆေးမရှိသေးပေမယ့် အသက်ရှည်အောင်နေခွင့်ရတဲ့နည်းတွေရှိပါတယ် . . . အဲဒါကတော့ ဝေဒနာရှင်ကို . . . စွန့်ပစ်မထားဘဲ . . . ဝိုင်းဝန်းကူညီရပါမယ် . . . စုပေါင်းပြုစုရပါမယ် . . . အားပေးနှစ်သိမ့်ရပါမယ် . . . ဒါဆိုရင် ဝေဒနာသည်ဟာ စိတ်

ခါတ်တက်ကြွပြီး . . . ဘဝနဲ့ရောဂါကို ရင်ဆိုင်နိုင်မှာ မုချပါပဲ . . . သူလည်း လူသားတစ်ဦးပါ . . . လူတွေနဲ့အတူနေ အတူစား အတူပျော်ချင်ရှာမှာပေါ့ . . သူ့ဆန္ဒကိုဝိုင်းဝန်းကူညီကြရင် . . ခွန်အား မဖြစ်စေဘူးလား . . .

ရွာသား ၁ သူ့ကို အဲဒီလို အတူနေရင် ကိုယ့်ကိုပါ ကူးသွားရင် ဘယ်လိုလုပ်မလည်း . . .

ဝန်ထမ်း အတူနေ၊ အတူစားရုံနဲ့ လုံးဝမကူးပါဘူးခင်ဗျာ . . . ကဲ ကျွန်တော်တို့အသက်ကို ပဓာနမထားဘဲ ခင်ဗျားတို့ အသက်တွေ ရှင်သန်ဖွံ့ဖြိုးဖို့ ဆိုးဝါးတဲ့ **AIDS** အေအိုင်ဒီအက်စ်ရောဂါနဲ့ ပတ်သက်ပြီး သိသင့်သိအပ်တဲ့ အချက်အလက်တွေကို ဟောဒီကြည်ပြားပေါ်မှာ ဖတ်ကြည့်ပြီး မရှင်းတာကို မေးနိုင်ပါတယ် . . . လိုက်ပြီးဝေငှပေးပါမယ် . . .

သီချင်းဝင်မည် . . .

သီးချင်းအတွင်း . . . လှုပ်ရှားဟန်များ၊ မေးမြန်းဟန်များ . . .

သီချင်းဆုံးလျှင် . . .

(ကားချ)

ခန်းစဉ် (၉)

ပင်လယ်ကမ်းခြေ
အမောင် . . . သူဇာ . . .

| | |
|---|---|
| သူဇာ | ဒါ . . . ဒါဆို . . . နင်မြို့ကိုသွားရတော့မှာပေါ့ . . . ဟုတ်လား အမောင် . . . |
| အမောင် | အင်းပေါ့ . . . ကျောင်းပိတ်ရက်တော့ . . . ငါပြန်လာမှာပါဟာ . . . |
| သူဇာ | အရင်တုန်းက . . . ပင်လယ်ကိုကြည့်ပြီး တစ်ယောက်စာပဲ လွမ်းရတာ အဖေ့အတွက်လေ . . . အခုတော့ နင့်အတွက်ပါ ပိုလွမ်းရတော့မှာ . . . |
| အမောင် | နင်ကလည်းဟာ . . . ငါက ပြန်လာမယ့်သူပါဟ၊ |
| သူဇာ | အေးလေ . . . ငါ့ကုသိုလ်ကံကိုက မျှော်လင့်ဖို့ သက်သက် ဖြစ်လာသလားမှမသိတာ . . . စာကြီးစားပေါ့ဟယ် . . . ငါ နင့်ကို ဘာမှ လက်ဆောင်ပေးစရာမရှိဘူး . . . နင် တစ်သက်လုံး သုံးမကုန်တဲ့ လက်ဆောင် တစ်ခုပဲ ငါပေးလိုက်ပါ့မယ် . . . "အမောင် . . . နင့်ကို ငါချစ်တယ်" |
| အမောင် | ဝမ်းသာလိုက်တာ . . . ငါပျော်လိုက်တာ . . . သူဇာရယ် . . . ငါ့ပညာရေး စာမေးပွဲမဖြေခင်မှာ . . . ဘဝ |

စာမေးပွဲအောင်ပြီလို့ ငါနားလည်လိုက်ပါ့မယ် . . . ရော့ . . . ငှါလက်စွပ် . . . နင် ယူထား . . .

သူဇာ ဟင့်အင်း. . . ငါ. . . ငါမယူချင်ပါဘူး. . . နင်မြို့မှာ ဂုဏ်ငယ်နေလိမ့်မယ် . . .

အမောင် နင်ပြောလိုက်တဲ့ " ချစ်တယ် " ဆိုတဲ့စကားနဲ့တင် ငါဂုဏ်ရှိနေပါပြီ . . . ယူပါ (လက်စွပ်ကိုဝတ်ပေးမည်) . . .

သူဇာ နင်ဟာ . . . ငှါအပေါ်မှာ ဘာကိုမှ မနှမြောဘူးနော် . . . သိပ်ရက်ရောတာပဲ . . .

အမောင် နင့်အတွက်ဆိုရင် ဒါတွေက အသေးအဖွဲပါ . . . လိုအပ်ရင်. . . အသွေး . . . အသား . . . အသက်ထိ ငါပေးရဲပါတယ် . . . ကဲ ငါသွားမယ် . . .

(အမောင် ဝင်သွား . . . )

သူဇာ ပင်လယ်ရယ် . . . နောက်ဆုံးကျတော့ နင်နဲ့ငါပဲ ကျန်ခဲ့တာပါပဲလား . . . ဟယ် . . .

(ကားချ)

ခန်းစဉ် (၁၀)

တီးလုံးနှင့် . . . တိုက်ခန်း
အမောင် စာကျက်ဟန်များ . . .
သူငယ်ချင်းများနှင့်လည်ပတ်ဟန်များ . . .
စုပေါင်း၍ စာကျက် . . . မေး/ ဖြေ ဟန်များ. . .

(မီးမှောင်)

ခန်းစဉ် (၁၁)

ပင်လယ်ကမ်းခြေ . . .
သူဇာ . . . ငါးဖမ်းပိုက်များ ပြုပြင်ဟန် . . .
မိခင်နှင့်အတူ ကူညီလုပ်ကိုင်ဟန် . . .
ဘဒင် ဝင်လာ၍ စကားပြောရင်း . . . သူဇာကို
ကြည့် . . . မိခင်နှင့်စကားပြောရင်း . . . ငွေများ
ပေးဟန် . . . မိခင် မဝံ့မရဲနှင့်ယူဟန် . . .
ပြီးလျှင် . . .

(ကားချ)

ခန်းစဉ် (၁၂)

တိုက်ခန်း
အမောင် . . . ဒေါသဖြစ်နေမည် . . . သူငယ်ချင်း တစ်ဦးနှင့် . . .

အမောင် ဘာပြောတယ် . . . မင်း . . . မင်းငါ့ကို နောက်နေတာမဟုတ်ပါဘူးနော် . . .

သူငယ်ချင်း တကယ်ပြောတာပါကွာ . . . ဒီစကားဟာ တစ်ရွာလုံးကပြောတဲ့စကားပါ. . . သူဇာဟာ. . . တနေကုန် မင်းတို့အိမ်မှာနေတယ် . . . မင့်အဖေနဲ့ ရယ်လား မောလားနေတယ် . . . ညအိပ်ချိန်ကျမှ အိမ်ပြန် တယ် . . . ဒီတော့ ပတ်ဝန်းကျင်က ဘာပြော မလည်းဆိုတာ မင်းစဉ်းစားပေါ့ . . .

အမောင် တကယ်ဆို အဖေကလည်း ဆင်ခြင်သင့်တာပေါ့ . . . သူဇာ . . . သူဇာ သိပ်ဆိုးတဲ့မိန်းကလေးပါလား . . . ပင်လယ်ကိုကြည့်ပြီး (၂) ယောက်စာ အလွမ်းတွေကို အဖေတစ်ယောက်ထဲနဲ့ ချေဖျက်ဖြစ်နေပြီ ထင်ပါရဲ့ကွာ . . . တောက် . . .

သူငယ်ချင်း ငွေပေါ့ကွာ . . . ငွေ ဆိုတာ အရာရာကို တည်ဆောက်နိုင်သလို. . . ဖျက်ဆီးပစ်နိုင်တာမျိုးကွ. . . မင်းသိအောင် ငါလာပြောတာ . . . ငါ စက်လှေ အမီ ပြန်ရမှာ သွားမယ်ကွာ . . .

အမောင် . . . ဘဒင်၏စကား ပြန်၍ကြားမည် . . .

ဘဒင် (**BG**) ဘာ လူငယ်တွေကိစ္စလည်း လူကြီးတွေရဲ့ ကိစ္စကွ . . . ဒင်းအဖေဟာ ငါ့ကြောင့် ပင်လယ်မှာ သေရတယ် . . . ငါချမ်းသာတာ ဒင်းအဖေကြောင့် ဆိုပြီး ငါ့စည်းစိမ်ကို သိမ်းဖို့ကြံနေတာ . . .

ဘဒင် (**BG**) ဘဒင်ကွ . . . သူများသွေးကိုပဲ စုတ်မယ် . . . ကိုယ့်သွေးတစ်စက် အပါမခံနိုင်ဘူး . . .

သူငယ်ချင်း ငွေဆိုတာ အရာရာကို တည်ဆောက်နိုင်သလို ဖျက်ဆီးပစ်နိုင်တာမျိုးကွ . . .
အမောင်တောက်ခေါက်၍ . . . ဝင်သွား

(ကားချ)

ခန်းစဉ် (၁၃)

ပင်လယ်

သူဇာ (**BG**) . . . လူ့ဘဝဆိုတာ နင်နဲ့သိပ်တူတယ် . . . ပင်လယ် . . . အခုကြည်လင်ပေမယ့် တော်ကြာ မုန်တိုင်းထန်ချင်ထန်တတ်တယ်. . . ရေပြင်ပြာရာ ကနေ စိမ်းချင်စိမ်းသွားတတ်တယ် . . . မထင်မှတ်ဘဲ မိုးရွာချင်ရွာတယ် . . . လူ့ဘဝရော ဘာထူးသလည်း . . . ဒီလိုပဲ အပြောင်းအလဲတွေနဲ့ပေါ့ . . .

အဲဒီ မထင်မှတ်တဲ့ အပြောင်းအလဲကို . . . အခု ငါကိုယ်တိုင်ကြုံခဲ့ရပြီလေ . . . ငါ့အိမ်မှာအားပြတ်ပြီးမူးသွားခဲ့တဲ့နေ့ပေါ့ . . .

(သံဒုတ်တို့ပြေးဝင်လာ . . .)

သံဒုတ် တချောင်းကိုင်ဆရာသံဒုတ်ရှိတယ် . . .

တပည့် ဆလိုင်းရှိတယ် . . . ဘာမီတွန်ရှိတယ် . . .

မိခင် အို . . . ကျွန်မသမီးက မြို့ဆေးရုံကိုပဲ သွားမယ်တဲ့ ဘယ်သူ့အကူအညီမှ မလိုဘူး . . . ဟဲ့ ဖိုးခွေး နှင့်အမကို တွဲစမ်း . . . စက်လှေဆိပ်ကိုခေါ်ခဲ့ . . . သွား . . .

သံဒုတ် သူ့ဌေးကတော်လောင်းဆိုတော့ ပိုကောင်းတဲ့ ဆရာဝန်ဆီသွားမှာပေါ့ . . . သွားကြ . . . သွားကြ . . . အရေးကြုံမှ ငါ့ဆီမလာကြနဲ့ ဟင်း နှင်တို့ အကြောင်း မသိဘူး မှတ်နေလို့လား . . .

တပည့် ဆရာကလည်း ယောက်ျားတန်မယ့် အတင်းပြော နေပြန်ပြီ . . .

သံဒုတ် အတင်းလို့ မပြောရဘူး . . . စပ်မိစပ်ရာလို့ ပြောရ တယ်ကွ . . .

(ကားချ)

ခန်းစဉ် (၁၄)

ဆေးရုံ . . .
အမောင်၊ မိခင် ၊ ဆရာဝန်
အမောင်ခေါင်းကုတ်၊ လမ်းလျှောက် ၊ မိခင်ပုတီးစိပ်၊ ခဏအကြာ ဆရာဝန်လာ . . .

ဆရာဝန် — သူ့မှာ အရေးပေါ် သွေးလိုနေတယ်ဗျာ . . . သွေးဘဏ်မှာလည်း (**AB**) အောဘီသွေးကုန်နေတယ် . . . အလှူရှင်တစ်ယောက်လောက်ရရင် သိပ်ကောင်းမှာပဲ . . .

အမောင် — ကျွန်တော့်သွေးလည်း အောဘီ အမျိုးအစားပါ ဆရာ . . .

မိခင် — ဒါဆိုရင် . . . မင်းနှမအသက်ကို ကယ်ပါဦး သားရယ် . . .

အမောင် — (ခေါင်းရမ်း) ကျွန်တော်လုံးဝ မလှူနိုင်ပါဘူး . . .

မိခင် — ဘာဖြစ်လို့လည်း သားရယ် . . . အမေ . . . အမေ . . . တောင်းပန်ပါတယ် . . .

အမောင် — ကျွန်တော်လှူဖို့ရာ ဆန္ဒမရှိလို့ပါ . . . သူ့ရောဂါကိုကိုယ်ချင်းစာပါတယ် . . . ဒါပေမယ့် . . . မလှူဘို့ဆုံးဖြတ်ထားလို့ပါ . . . တခြားရှာကြည့်ပါဦး . . .

(အမောင်ဝင်သွား . . . )

ဆရာဝန် တော်တော် စေတနာနည်းတဲ့သူပဲ . . . ရပါတယ် . . . အဒေါ့်သမီး ကံကောင်းရင် အလှူရှင် တစ်ယောက်ယောက်တော့ ပေါ်လာမှာပါ . . .

မိခင် ဘာတွေများ ဒီလောက်စိတ်နာသွားတာလည်း သားရယ် . . . ဘယ်တုန်းကမှ သမီးအပေါ် မနှမြော ခဲ့တဲ့သားဟာ . . . သမီးအသက်ကယ်ဖို့ သွေးတစ် စက်ကျမှ . . . ဘာပြုလို့ တွန့်တိုသွားခဲ့တာပါလိမ့် . . .

(ကားချ)

ခန်းစဉ် (၁၅)

သူဇာ့အိမ်ခန်း
သူငယ်ချင်းတစ်ဦး ၊ သူဇာ

သူငယ်ချင်း ကံကောင်းလို့ နင် အလှူရှင်နဲ့တွေ့ရတာနော် . . .

သူဇာ အမောင့်သွေးကိုများ မျှော်လင့်နေရရင် ငါ မြေကြီး ထဲရောက်နေပြီ . . . ရက်စက်လိုက်တာ . . . ငါတစ် သက်လုံးသူ့ကို စိတ်နာတယ် . . .

သူငယ်ချင်း နင် . . . သူ့အဖေကို ပြုစုနေတာကိုများ . . .

သူဇာ တော်ပါဟယ် . . . အဲဒါ ကိုယ့်စေတနာနဲ့ကိုယ်ပါ . . . လူမှာ ကိုယ်ကျင့်တရားဆိုတာ လက်တွေ့ပြလို့ရတာမဟုတ်ဘူး . . . အချိန်က သက်သေပေးမှရတာ . . . ငါသိက္ခာလုံခြုံဖို့ အရေးကြီးပါတယ် . . .

မိခင် (ဝင်လာပြီး) သူဇာ . . . သူဇာ . . . ညည်း ဦးလေးဘဒင် ဆုံးသွားပြီ . . .

သူဇာ ရှင် . . . ဦးလေးဘဒင် ဆုံးသွားပြီ . . . ဟုတ်လား . . .

မိခင် သုံးရက်လောက် အသဲအသန်ဖြစ်နေတာတဲ့ . . . သူ့သားကို မှာထားတာလည်း မနေ့ညနေက ရောက်လာသတဲ့ . . . အသက်မီရုံလေးရောက်လာတာတဲ့ . . .

သူဇာ အဲဒါ ကျွန်မ ဘာလုပ်ရမလည်း . . . ကျွန်မဆောင်ရွက်သင့်တာ ဆောင်ရွက်ပြီးပြီပဲ . . .

မိခင် သမီးဆောင်ရွက်သင့်တာ ပြီးပေမယ့် . . . ဘဒင်က သူဆောင်ရွက်စရာကို ဆက်လုပ်သွားလို့ ရွာလူကြီးတွေက . . . အမြန်ဆုံးလာခဲ့ပါတဲ့ . . . လာပါ သမီး . . . ဘာပဲဖြစ်ဖြစ် . . . ရွာဆွေရွာမျိုးဆိုတဲ့ . . . သံယောဇဉ်လေးရှိပါသေးတယ် . . .

မိခင်ဆွဲ၍ခေါ်သွား . . . သူဇာ မလိုက်ချင်လိုက်ချင်
နှင့်ပါသွားမည် . . .

(ကားချ)

ခန်းစဉ် (၁၆)

တိုက်အတွင်း
လူကြီးများနှင့် အမောင် (သူဇာ၊ မိခင်)
ဝင်လာမည် . . .

လူကြီး ကိုဘဒင်ဟာ သူ , မကွယ်လွန်မီ သူ့ကိုပြုစုတဲ့
မသူဇာအပေါ် တော်တော်ကျေးဇူးတင်ခဲ့တယ် . . .
သူသေခါနီးညမှာ ကျုပ်တို့ရွာလူကြီးတွေကိုခေါ်
ပြီး သူရေးခဲ့တဲ့ စာချုပ်တွေကို အသိအမှတ်ပြုပေး
ဖို့မှာခဲ့ပါတယ် . . . သက်ဆိုင်သူ (၂) ဦးလုံး သိ
အောင် ဖတ်ပြမယ် နားထောင်ပါ . . .
စာရွက်ကိုထုတ်၍ဖတ် . . .
ဤစာချုပ်နှင့် ကျွန်တော်၏ တင်ပြချက်များကို
သက်ဆိုင်ရာအကြီးအကဲတို့ အသိအမှတ်ပြုခြင်း
ခံယူ၍ . . . ရေးသားပေးအပ်ခဲ့သည် . . .
ကျွန်တော် ဘဒင့် လူသိမခံဝံ့သော ရောဂါတစ်ခု
ဖြစ်ခဲ့သည် . . . ၄င်းမှာအေအိုင်ဒီအက်စ်ရောဂါ
ဖြစ်သည် . . . မိန်းမကိစ္စနှင့် မသန့်ရှင်းသော

ဆေးထိုးအပ်ကို အမြဲသုံးနေသော ကျွန်တော့်အဖို့ ဤရောဂါရသည်မှာမဆန်း . . . ဆန်းသည်မှာ သူဇာ ဆိုသောမိန်းကလေးဖြစ်သည် . . . မကြာခဏဖျားခြင်း . . . ချောင်းဆိုး ဝမ်းသွားခြင်းတို့ကို ပြုစုရန် တစ်ရွာလုံးလှည့်၍ အကူအညီတောင်းသော်လည်း အတိတ်မှ ရက်စက်မှုများကြောင့် နည်းအမျိုးမျိုးဖြင့် ငြင်းပယ်ကြ၏ . . . ယခုသူဇာသည် မိမိဖခင်သေဆုံးခဲ့ခြင်းကိုပင် ဂရုမထားဘဲ . . . ကျွန်တော့်အား ဖခင်ရင်းသဖွယ် ပြုစုခြင်း၊ အားပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ရာ ကျွန်တော့်၏နောက်ဆုံးအချိန့် လင်းလက်လမ်းပြသသည့် ကြယ်တစ်ပွင့်ပမာ ဖြစ်ခဲ့သည် . . . ဤ စေတနာနှင့် ကျေးဇူးတရားကြောင့် . . . ကျွန်တော့်သမီးမသူဇာအား . . . ကျွန်တော်ပိုင်ပစ္စည်းတစ်ဝက်ကို အမွေပေးခဲ့ပါကြောင်း . . . လူကြီးစုံရာရှေ့တွင် ကတိပြုလက်မှတ်ရေးထိုးပါသည် . . .

ဘဒင်

လူကြီး — ကဲ . . . ရှေ့ ငါ့တူမက စာချုပ်ပါ အမွေပစ္စည်းများကို လက်ခံရရှိကြောင်း လက်မှတ်ထိုး . . .
စာရွက်ပေးမည် . . . သူဇာ ယူလိုက် . . .

သူဇာ — သမီး အဖေဟာ ပင်လယ်မှာ ပျောက်ဆုံးသွားခဲ့တာပါ . . . အဖေ့ကိုပြန်မလာနိုင်အောင်လုပ်ခဲ့တဲ့

BURMESE CLASSIC .com

ဦးဘဒင်ရဲ့ခရီးကို အတတ်နိုင်ဆုံး ညင်သာ အောင်ကြာရှည်အောင် ပြုစုနှစ်သိမ့်ပြီး . . . အဖေ့ အတွက်ကုသိုလ်ယူ . . . ကျေးဇူးဆပ်တာ သက် သက်ပါ . . . ဖအေ့အသက်အတွက် ပြုစုရင်း . . . ဝေဒနာရလာတဲ့ ကျွန်မအသက်ကိုတော့ . . . ကယ်တင်ဖို့ ဥပေက္ခာပြုသူ ပြုခဲ့ပါတယ် . . . ဒါကိုလည်း ကျွန်မအပြစ်မယူပါဘူးရှင် . . . ဝဋ်ကြွေးလို့ပဲ နားလည်လိုက်ပါမယ် . . . ဒီအမွေအားလုံးအမောင်နဲ့သက်ဆိုင်တာမို့ . . .

(စာချုပ်ကို ဆွဲဆုတ်၍ . . . သားအမိ နှစ်ယောက်ထွက်သွား . . .

အားလုံးငေး၍ ကျန်နေမည် . . . )

(ကားချ)

ခန်းစဉ် (၁၇)

ပင်လယ်ကမ်းခြေ

သူဇာ . . . စာတစ်စောင်ကို ဖြည်းဖြည်းထုတ်၍ဖတ်မည် . . .

အမောင် **(BG)** . . . သူဇာ . . .

နင် ဒီစာကို ဖတ်နေချိန်မှာ ငါဟာလည်း . . . နင့်ဘဝ နင့်နှလုံးသားထဲကထွက်ခွာသွားတဲ့တတိယ

BURMESE CLASSIC .com

ခရီးသည်ဖြစ်နေလောက်ပါပြီ . . နင် ငါ့ကို သိပ်မုန်းသွားပြီနော် . . . အမြဲတမ်း နင့်အပေါ် . . . ရက်ရောခဲ့တဲ့ ငါဟာ နင့်အသက်အတွက် အရေးကြီးတဲ့ သွေးတစ်စက်ကျမှ နှမြောခဲ့တာကိုး . . . လှူဖို့ ငြင်းခဲ့တာကိုး . . . အဲလိုငြင်းခဲ့တာ နင် အသက်ရှည်စေချင်လို့ပါ . . . နင်သိအောင် ပြောရရင် မသန့်ရှင်းတဲ့ ဆေးထိုးအပ်တစ်ချောင်းကြောင့် အဖွေ့ရောဂါကို ငါအမွေဆက်ခံခဲ့ရပြီ . . . သွေးလှူ ဖို့ သွေးစစ်ကြည့်တော့ . . . ငါ့မှာ **AIDS** ရောဂါရှိနေပြီ . . . ငါ့သွေးထဲမှာ အိပ်ချ်အိုင်ဗွီပိုးတွေနေပြီ . . . တဲ့ . . . ငါ လှူရက်ပါ့မလား သူဇာရယ် . . . ဒီဒါနနဲ့နင့်ကို ဒုက္ခပေးရက်ပါ့မလား . . .

တို့နှစ်ယောက်ချစ်ပြီး လက်ထပ်ခွင့်မရတဲ့အဖြစ်ကို ဂုဏ်ယူလိုက်ပါ . . . သူဇာ . . . ငါ့အဖေ ထားရစ် ခဲ့တဲ့ အမွေတစ်ဝက်ကို ယူသွားတယ် . . . အဲဒါ တစ်ပြည်လုံးမှာရှိတဲ့ ငါ့လို အေအိုင်ဒီအက်စ် ဝေဒနာသည်တွေကို ကူညီစောင့်ရှောက်မယ့် လုပ်ငန်းတွေလုပ်ဖို့ . . . ကျန်တဲ့တစ်ဝက်ကတော့ အမြဲတမ်း ရက်ရောနေကျ နင့်ဖို့ . . . ငါလေ နင့်ရဲ့

ချစ်တယ်ဆိုတဲ့အဖြေကို . . . လူမှုတာဝန်တွေ ထမ်းရင်း အပန်းဖြေအဖြစ် . . . သိမ်းဆည်းသွားမှာပါ . . .

ဒါပါပဲ သူဇာ

ငါ နှုတ်ဆက်ခဲ့ပါတယ် . . .

အမောင်

သူဇာ (ငိုရှိုက်ရင်း) ပင်လယ်ရယ် နောက်ဆုံးကျတော့ နင်နဲ့ငါပဲ ကျန်ခဲ့တာပါလား . . .

သီချင်းဝင်မည် . . . သူဇာငေးမျှော်ရင်း . . .

## ကားချမည်။။